
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

"အဖေ ..."

" ... "

"အဖေ ..."

" ... "

အမောတကြီး ခေါ်သံနှင့်အတူ အိမ်လေးပေါ် အပြေးတစ်ပိုင်း တက်သွားတဲ့သူက အမုန်းမိုးဆိုတဲ့ ရှစ်နှစ်သားအရွယ် ကောင်လေးရယ်ပါ။

အမုန်းမိုးရဲ့ ပါးပြင်လေးနှစ်ဖက်ဆီမှာလည်း မျက်ရည်စီးကြောင်းကြီးတွေနှင့်။

တစ်လမ်းလုံး ငိုလာတာလေ။

ကျောင်းကနေ အိမ်အပြန် ရွာထိပ်ပိုင်းအိမ်က ဒေါ်ကြီးတင်သောင်းရဲ့ အသိပေး စကားလေးတွေကြားပြီး မယုံတဝက်၊



www.burmeseclassic.com

www.burmeseclassic.com



ယုံတစ်ဝက်နဲ့ အဖေ့ဆီကိုပြေးပြီး မေးမလို့ ပြေးသွားမိတာ။

အမေ အိမ်ကနေထွက်သွားပြီဟု ဒေါ်ကြီးတင်သောင်းက ပြောလိုက်တာ မဟုတ်လား။ အမုန်းမိုး ကျောင်းသွားနေတုန်း အဖေနဲ့အမေ အကြီးအကျယ်စကားများကြသည်ဟု ဒေါ်ကြီးတင်သောင်းက ပြောပြသည်။ ဒေါသကြီး၍ ထစ်ခနဲဆို လက်ပါတတ်တဲ့ အဖေ့အကျင့်ကြောင့် မခံနိုင်ဘဲ အိမ်ကနေ အထုပ်ဆွဲဆင်းသွားသည်ဟု ပြော၏။

အမုန်းမိုး လန့်သွားရပြီ။

သွေးပျက်မတတ် တုန်လှုပ်ချောက်ခြားသွားရပြီ။

အမေ ...

ဘယ်ကို ထွက်သွားတာလဲ။

အမုန်းမိုးကို တစ်ယောက်တည်းထားပြီး အမေထွက်သွားတယ်ဆိုတာ လုံးဝကို မယုံကြည်နိုင်စရာပါ။

ကြားကြားချင်း အမုန်းမိုး အသံလေးထွက်ကာပင် အော်ငိုမိသည်။ အမေ ဘာကြောင့် အခုလို လုပ်သွားရသလဲဆိုတာ မစဉ်းစားနိုင်။ သူ့ခြေလှမ်းတွေက မိသားစုသုံးဦးနေထိုင်သော အိမ်ခြံဝိုင်းလေးဆီသို့သာ ဦးတည်နေတော့သည်။

အဖေ့ကိုသာ အသံကုန် ဟစ်ကာ ခေါ်မိ၏။

"အဖေ ..."





အိမ်လေးပေါ်တက်လိုက်တော့ ထုံးစံအတိုင်း ဘုရားစင်ရှေ့ စားပွဲတစ်လုံးနဲ့ အရက်ထိုင်သောက်နေတဲ့အဖေ။

အမုန်းမိုးခေါ်တာကို မထူးပေမယ့် အိမ်ပေါ်ပြေးတက်လာတဲ့ သူ့ကိုတော့ အရက်ခိုးတို့နဲ့ ရီဝေနေသော မျက်ဝန်းအစုံနှင့်ခေါင်းထောင်ကြည့်သည်။

"အဖေ ... အမေရော ... အမေရောဟင် ..."

ပြေးလာရသည့် အရှိန်ကြောင့် လူက အသက်မရှူနိုင်လောက်အောင် ဟောဟဲဆိုက်နေသည့်ကြားက ဗလုံးဗထွေး မေးမိသည်။

အဖေက မဖြေ။

သူကြိုက်သော အရက်ကိုသောက်မြဲတိုင်းသာ သောက်နေခဲ့၏။ အမုန်းမိုး စိတ်မရှည်နိုင်ပါ။ သူ့ရင်တစ်ခုလုံး အမေဘယ်ကို ထွက်သွားသလဲဆိုတဲ့ သိချင်စိတ်တွေနှင့်သာ ပြည့်နှက်နေသည်။

"အဖေ ..."

"ဘာလဲကွာ ... စိတ်ညစ်နေရတဲ့အထဲ မင်းက တဂျီဂျီနဲ့"

"အမေ အိမ်ကနေ ဆင်းသွားတယ်ဆိုအဖေ ..."

"အေး ... ထွက်သွားတာတော့ တွေ့တာပဲ ..."

အဖေ့ဖြေပုံက သွေးအေးအေးပဲ။ သောက်ထားတာ အရှိန်တော်တော်လေးရနေပုံပင်။ စကားသံတွေ လုံးထွေးနေ၏။ ခေါင်း

www.burmeseclassic.com



ကလည်း စိုက်ကျချင်နေသည်။ သိပ်မကြာခင် အဖေ လှဲချကာ အိပ်တော့မည်။

ဒါကို ...

အမုန်းမိုးသိနေတဲ့အတွက် အဖေ့ကို အိပ်မပျော်ခင် သိချင်သမျှ မေးနေမိခြင်း ဖြစ်၏။

"အဖေ ..."

"ပြော ..."

"အမေ ... အမေက ဘယ်ကိုထွက်သွားတာလဲ"

"မသိဘူးလေ ... မင်းအမေက ပြောမှမသွားတာ၊ သွားလဲကောင်းတာပဲ ... မျက်စိရှုပ် နားငြီးသက်သာတယ် ... လင်ယောကျ်ားအပေါ် ချစ်ခြင်းမေတ္တာဝေးလို့ အားနာစိတ်လေးနဲ့တောင် အကောင်းမမြင်ပေးတတ်တဲ့ မိန်းမ ... သွား ... ထွက်သွားတာပဲ ကောင်းတယ် ..."

ဒေါသတွေ ပေါက်ကွဲနေတဲ့အရှိန်နှင့် အဖေက ပြောချင်ရာတွေ လျှောက်ပြောနေသည်။

ဟင့်အင်း ...

အမုန်းမိုး အဲဒီစကားတွေ နားမထောင်ချင်ဘူး။

အမုန်းမိုး သိချင်တာက တစ်ခုတည်း။

အဲဒါ ...





အမေ ဘယ်ကိုထွက်သွားတာလဲဆိုတဲ့ အချက်ပဲလေ။

"အဖေ ..."

"ဘာလဲကွ ..."

"အမေ ဘယ်ကိုသွားမယ်ထင်လဲဟင် ..."

"မသိဘူး ... အင်း ... သူ့အမျိုးတွေရှိတဲ့ဆီ သွားချင်သွားမှာပေါ့ ..."

အမျိုးတွေတဲ့။

အမေ မပြောဖူးပါဘူး။

တစ်ဦးတည်းသော သမီးဖြစ်တဲ့အမေက အဖိုးနဲ့အဖွား ဆုံးသွားပြီးကတည်းက ရွာမှာ ဒီအတိုင်းပင်ဆက်နေခဲ့သည်။ အမုန်းမိုးတို့တွေ ဘယ်အမျိုးအဆွေအိမ်ကိုမှ သွားမလည်ဘူးခဲ့ပါ။ အမေကပဲ ဆွေခန်းမျိုးခန်း ပြတ်နေတာလားမသိ။ အမျိုးတွေရှိသေးတယ်လို့ တစ်ခါမျှကို မကြားဘူးတာပါ။

"အဖေ ..."

"ဟင် ..."

"အမေ့အမျိုးတွေက ဘယ်မှာရှိလို့လဲ ..."

"ရန်ကုန်မှာ ..."

"ရန်ကုန် ..."

အမုန်းမိုး သံယောင်လိုက်ကာ အဖေ့နောက်ကနေ ရှေ့ဘ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"အမုန်းမိုး ... "

"ဗျာ ... "

"အဖေ့ကို ချစ်လား ... "

"ဗျာ ... "

"ဟော့ကောင် ... ငါ့ကိုချစ်လားလို့မေးတာ"

"ဟုတ် ... ဟုတ်ကဲ့"

အမုန်းမိုး တစ်ယောက် အဖေစိတ်ချမ်းသာအောင် ခပ်မြန်မြန်ပဲ ဖြေလိုက်မိသည်။

"မင်းအမေကိုရော ... "

"ချစ်တာပေါ့ အဖေရဲ့ ... "

"မင်းအမေနဲ့ငါနဲ့ မင်းဘယ်သူ့ကို ပိုချစ်လဲ ... "

အမေ့ကိုဟု အမုန်းမိုး ဖြေလိုက်ချင်ပါသည်။

သို့ပေမယ့် ...

အမုန်းမိုး ထိုအဖြေကို မပေးရဲပါ။

အဖေ့ရဲ့ဒေါသကို အမုန်းမိုး ကောင်းကောင်းသိပါသည်။ စိတ်မထင်လျှင် တွေ့ရာဆွဲပြီး ရိုက်နှက်ဆုံးမတတ်တဲ့ အကျင့်ကြောင့် အဖေ့ကို သေလောက်အောင်ပင် အမုန်းမိုး ကြောက်သည်။

"ဟော့ကောင် ... ဖြေလေကွာ"





"ဟို ... ဟို ... အဖေ ... အဖေ့ကို"

"ဟား ... ဟား ... ဟား"

စကားအဆုံး ကွဲမတတ် အသံကျယ်ကြီးနဲ့ သဘောတွေကျကာ အော်ရယ်လိုက်တဲ့ အဖေ့ကြောင့် အစကတည်းကမှ ရှိန်သည့် စိတ်နှင့်အနောက်ဘက်ကလေးသို့ ခြေတစ်လှမ်းစာလောက် ဆုတ်လိုက်မိသည်။

"ညာတယ်ကွာ ... မင်းညာတယ် ... မင်းလား ... ငါ့ကို မင်းအမေထက်ပိုချစ်မှာ ... မင်းက မအေချစ်ကောင်ပါကွာ ... အမုန်းမိုး ... "

အမုန်းမိုး နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ပိတ်ကာ ငြိမ်သက်နေမိသည်။

သူ ...

သိချင်တာကို သိရပြီးပြီလေ။

အမေက ရန်ကုန်မှာတဲ့။

အမျိုးတွေလည်း ရှိနေသေးသည်။

"အမုန်းမိုး ... "

"ဗျာ ... "

"လာစမ်း ... ဒီနားကို"

အဖေက လှမ်းခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ...

မသွားမိပါ။

ရှေ့တိုးဖို့ နေနေသာသာ အဖေ့ကိုကြောက်ရွံ့သည့်စိတ်နှင့် အနောက်ဘက်ဆီသာ ထပ်ဆုတ်လိုက်မိသေးသည်။

"ဟော့ကောင် ... လာလေကွာ ... ဒီနားကို မင်းကို ... ဖအေခေါ်နေတာကွ ... ပထွေးခေါ်နေတာမဟုတ်ဘူး၊ မင်းရဲ့အဖေ အရင်း ခေါ်နေတာ ... "

အမုန်းမိုး ခေါင်းလေးကိုသာ ခါယမ်းပြမိသည်။

"ဟော့ကောင် ... လာဦးလို့ဆို ... "

"ဟင့်အင်း ... "

"အေး ... မလာလဲနေကွာ ... မင်းကို အကောင်းနဲ့မုန့်ဖိုး ပေးမလို့ခေါ်တာ ... မအေမရှိလို့ အားမငယ်အောင်နေလို့ ပြော မလို့ ... မင်းက စိမ်းတော့လည်း ငါကစိမ်းရမှာပဲပေ့ါ ... နေ ... နေ၊ မင်းဘာသာ စိတ်ချမ်းသာသလိုနေ ... ငါတော့ ရေချိန်တောင် ကျော်သွားပြီ ... လှဲတော့မယ်"

ပြောပြောဆိုဆိုနှင့် ခေါင်းရင်းဘက်က ခေါင်းအုံးပေါ် တုန်း ခနဲ လှဲချလိုက်တဲ့အဖေ။

အမုန်းမိုး။

အိမ်လေးပေါ် ပြေးတက်ကာ အိပ်ခန်းလေးဆီ သွားမိသည်။



BURMESE CLASSIC .com



လွယ်အိတ်ထဲမှ စာအုပ်များခါထုတ်ကာ အဝတ်အစားသုံးစုံစာ လောက် ထိုးသိပ်ထည့်လိုက်၏။ ထရံကြားလေးတွင် တုတ်ကလေး နှင့်ထိုးကာ ကပ်ထားသော အမေ့ဓာတ်ပုံကိုဆွဲယူကာ အိတ်ထဲ ထည့်ပြီး အပြင်သို့ ပြန်ထွက်ခဲ့လိုက်သည်။

သူ ...

ဆုံးဖြတ်ပြီးပြီလေ။

အမေ့ကို လိုက်ရှာမလို့။

ချစ်တယ် ...

အမေ့ကို အရမ်းချစ်တယ်။

အမေနဲ့ပဲ အတူတူနေချင်တယ်။

အမေ ...

အဖေနဲ့ ရန်ဖြစ်ကာ စိတ်ဆိုးပြီး အမုန်းမိုးကိုပါ ထားရစ်ခဲ့ သည်။

အမေ မသိဘူးလား ... ။

အမေ မရှိဘဲ အမုန်းမိုးတစ်ယောက်တည်း မနေတတ်ဘူးဆို တာ အမေ မေ့နေပြီလား။ အဖေဆိုတာ အမုန်းမိုးနဲ့လက်ပွန်းတတီး နေခဲ့တဲ့သူ မဟုတ်ပါ။ အလုပ်ကိုအကြောင်းပြပြီး လနဲ့ချီ အဝေးမှာ နေနေတတ်ခဲ့တဲ့သူ။ ငယ်ငယ်ကဆိုလျှင် အဖေအိမ်ကို ပြန်မလာ တတ်လွန်းလို့ ဖအေမှန်းတောင် မသိဘူးတဲ့။ အိမ်ပေါ်တက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



နှင်ချတတ်သည်ဟု အဖေက စိတ်ကောင်းလေးဝင်နေချိန်တွင် ရယ်ရွှင်စရာ စကားအဖြစ် ပြောပြတတ်သည်။ အဖေကို အဲဒီလောက်တောင် အမုန်းမိုး စိမ်း၏။

အမုန်းမိုး နေ့စဉ်နဲ့အမြဲ ခိုဝင်ခဲ့ရတာ အမေ့ရင်ခွင်တစ်ခုတည်းပါ။ အမုန်းမိုး အမေ့ကို အရမ်းချစ်သလို အမေကလည်း အမုန်းမိုးကို အရမ်းချစ်သည်။ ရရာအလုပ်ကို မငြီးမငြူ လုပ်ကိုင်ပြီး သားအမိနှစ်ယောက်ရဲ့ ဝမ်းစာရေး ငြိမ်းရအောင် အမေလုပ်ကိုင်၏။ လူတန်းစေ့ အ၁တ်အစားကိုဆင်သည်။

ကျောင်းနေတဲ့အရွယ်ရောက်တော့ အမေပို၍ အလုပ်တွေလုပ်ခဲ့ရသည်။ အဖေက ငွေတော့ရှာပေးပါရဲ့။ သူပေးတာနဲ့ ပြန်ယူတာ ပိုများသေးသည်ဟု အမေက ငြီးငြူနေတတ်သည်။ တကယ်လဲ ဟုတ်တာပဲလေ။ အဖေက အသောက်အစားတင်မက လောင်းကစားကလည်း ဝါသနာပါသေးတာဆိုတော့ ရှာလို့ကိုပဲ မလောက်ငှနိုင်ဘူး ဖြစ်နေတာပေါ့။

အမေနဲ့အဖေတို့ တွေ့လိုက်တာနှင့်ရန်ချည်းပဲ ဖြစ်နေတတ်သည်။ တစ်ခါတစ်ခါ ပါးစပ်ကပြောတတ်ပေမယ့် လက်ပါသည်ကများတတ်သည့်အဖေ့အကျင့်ကြောင့် အမေ မကြာခဏဆိုသလို ထိုးကြိတ်ရိုက်နှက်ခံ ဒဏ်ရာများရတတ်သည်။

အမေ ... ။





ခုတော့ ...

ဒီဒဏ်တွေနဲ့ဝေးရာကို ထွက်ပြေးသွားပြီပေါ့လေ။

အမုန်းမိုး ...

အမေ့ကို အပြစ်မတင်ပါဘူး။

ကိုယ်ချင်းစာနာစိတ်တွေနဲ့ပဲ ခွင့်လွှတ်နေမိသည်။

အမုန်းမိုး ဝမ်းနည်းခံစားနေရတာက တစ်ခုတည်း။

အဲဒါ ...

အမုန်းမိုးကိုထားခဲ့ရက်ခြင်းပဲ ဖြစ်သည်။

အဖေနဲ့အမုန်းမိုး မနေချင်ဘူးဆိုတာ အမေ မသိတာလဲ မဟုတ်ပါဘဲနှင့် ထားရစ်ခဲ့ရက်သည်။

အမုန်းမိုး ဝမ်းအနည်းဆုံးပါပဲ။

အမေ ...

အမုန်းမိုး သိပ်ချစ်ရတဲ့အမေ ... ။

အမေ့ကို မတွေ့တွေ့အောင်ရှာမယ်။

အမုန်းမိုးတစ်ယောက် ဆုံးဖြတ်ချက်ကို ခိုင်မာစွာချလိုက်မိသည်။

အိမ်အပြင်သို့ ပြန်ထွက်လာခဲ့လိုက်၏။

အရက်ရှိန်နဲ့ အဖေက အိပ်မောကျနေပြီ။

အမုန်းမိုး အဖွားအနားသို့ တိုးကပ်သွားမိသည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အဖေ အင်္ကျီအိတ်ကပ်ထဲသို့ သူ့လက်နှင့်အသာလျှိုပြီး နှိုက်လိုက်၏။ တစ်ထောင်တန်ငွေစက္ကူတွေရော နှစ်ရာတန်၊ တစ်ရာတန် အကြွေတွေပါ သူ့လက်ထဲ ပါလာသည်။

အမုန်းမိုး ...

ပိုက်ဆံတွေအားလုံး လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်သည်။

ပြီးနောက် ...

နေရာလေးကနေ ထရပ်လိုက်၏။

အဖေ့မျက်နှာဆီ တစ်ချက်စိုက်ကြည့်လိုက်မိသေးသည်။

နောက်ဆုံး နှုတ်ဆက်တဲ့အကြည့်လေးနှင့်ပါ။

အဖေကတော့ လုံးဝမသိ။

အမုန်းမိုး။

လွယ်အိတ်လေးကို ရင်မှာတင်းနေအောင်ပိုက်ကာ အိမ်လေးပေါ်ကနေ ဆင်းလာခဲ့လိုက်တော့သည်။

## အခန်း ( ၂ )

ရန်ကုန်တဲ့ ... ။

အမုန်းမိုး တစ်ခါမှုရောက်ဖူးခြင်းမရှိသည့် နယ်မြေစိမ်းတစ်ခုပါပဲ။ ဘယ်လိုသွားရမယ်။ ဘာကားတွေစီးရမယ်ဆိုတာလဲ အမုန်းမိုး မသိပါ။ ရွာကနေ ခြေလျင်လျှောက်ကာ ကတ္တရာလမ်းမကြီးကို တွေ့တော့မှ အသက်ကလေးကို ဝအောင်ရှူနိုင်သည်။

ဒီလမ်းထိပ်ကနေ ကားကိုတားစီးလျှင်ရသည် မဟုတ်ပါလား။

သို့သော် ...

ရွာက တစ်ယောက်ယောက်ထွက်လာလျှင် အမုန်းမိုးကိုမြင်ပြီး စစ်လား၊ ဆေးလား၊ မေးလား၊ မြန်းလားလုပ်မှာစိုးရိမ်မိသည်။ အဖေ့ဆီကို ပြန်ပို့ခံရမှာကြောက်လို့ပါ။ အမုန်းမိုး သွားချင်တာ အမေ့ဆီကိုပဲလေ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ...

နေရာလေးမှာကြာကြာရပ်မနေရဲဘဲ လမ်းမှာဖြတ်မောင်း လာသော ဆိုင်ကိုယ်တစ်စီးကိုတားကာ အကြွဲလိုက်စီးခြင်းလို့ပ အကူအညီ တောင်းမိသည်။ ဆိုင်ကယ်မောင်းလာသော ဦးလေးကြီး က သဘောထားကောင်းစွာပင် ခေါ်တင်ကာမို့ ရွာထိပ်ကနေ အဆင်ပြေစွာပင် သူထွက်လာနိုင်ခဲ့ပါသည်။

နှစ်ရွာမြောက်ရောက်တော့ ဦးလေးကြီးက ဆင်းခိုင်း၏ သူက ဒီရွာသားတဲ့လေ။ အမုန်းမိုးကို ကားစီးနိုင်မယ့်နေရာ ညွှန်ပြ ပြီး ဆိုင်ကယ်ကို ရွာလမ်းအတိုင်း ကွေ့ဝင်သွားတော့၏။

အမုန်းမိုးတစ်ယောက် သူလိုပဲကားတားစီးရန် စောင့်နေကြ သော လူတွေရှိရာ နေရာလေးဆီသို့ လျှောက်သွားလိုက်သည်။ ကားစီးရန် စောင့်နေကြသော လင်မယားဖြစ်ဟန်တူသည့် စုံတွဲ တစ်တွဲနှင့် တစ်ဦးတည်း သီးသန့်ခွဲထိုင်နေသော လူကြီးတစ် ယောက်။

အမုန်းမိုး ... ။

အရိပ်အခြေကို အကဲခတ်ကာ ထိုတစ်ယောက်တည်း သီး သန့်ခွဲထိုင်နေတဲ့ လူကြီးရဲ့အနား တိုးကပ်သွားလိုက်သည်။

“ဘကြီး ...”

သူ့ခေါ်သံကြောင့် ထိုလူကြီးကထိုင်လျက်ကနေ မော့ကြည့်





သည်။

အမုန်းမိုးတစ်ယောက် ထိုလူကြီးအနီးတွင် လွယ်အိတ်လေး ချပြီး ငုတ်တုတ်လေး ထိုင်လိုက်၏။

“ဘကြီး ...”

“ပြော ... ကောင်လေး”

“ဟို ... ဟိုလေ ... ကျွန်တော် ရန်ကုန်သွားချင်လို့ အဲဒါ ဘာကားတွေ စီးရသလဲမေးချင်လို့ပါ ...”

“ဟေ ...”

“ရန်ကုန်မြို့ကိုလေ ... ဘကြီးသိလား”

“ဟ ... သိတာပေါ့”

“ဟာဗျာ ... ဝမ်းသာလိုက်တာ၊ ကျွန်တော် ရန်ကုန်ကိုသွား ချင်လို့ အဲဒါ ... ဘာကားစီးပြီး ဘယ်လိုသွားရတယ်ဆိုတာ မသိလို့ ပါ ဘကြီး၊ ပြောပါဦးဗျာ ... ဒီကနေ ဘာကားစီးရမလဲ ...”

“နေစမ်းပါဦး ... မင်းက ရန်ကုန်ကိုတစ်ယောက်တည်း သွားမလို့ ဟုတ်လားကောင်လေး ...”

“ဟုတ် ... ဟုတ်ကဲ့”

“လူကြီးမိဘတွေလည်း အဖော်မပါဘူး ... မင်းအရွယ်လေး နဲ့ တစ်ယောက်တည်းခရီးသွားလို့ ဖြစ်မလား ...”

“ရန်ကုန်မှာ ကျွန်တော့်အမေရှိတယ်တဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



ဟင် … ။

ကောင်လေးရဲ့စကားကြောင့် ဦးဘရွှေတစ်ယောက် မျက်လုံးကြီးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်အထိ အံ့အားသင့်သွား‌သည်။

"မင်းဘယ်ရွာကလဲ ကောင်လေး … "

ဦးဘရွှေအမေးကို ကောင်လေးကမဖြေ။

ထားလိုက်တော့ … ကောင်လေးက မသိစေချင်ဘူးထင်ရဲ့လေ။ ဦးဘရွှေ စိုးရိမ်တာက ဒီအရွယ်လေးနဲ့ တစ်ယောက်တည်းခရီးသွားတာကိုပဲ။ ကောင်လေးရဲ့မျက်နှာလေးကို ကြည့်တော့ စိတ်အားထက်သန်နေတဲ့ အရိပ်အယောင်လေးတွေ တွေ့ရသည်။

"ကောင်လေး … "

"ဗျာ … "

"ရန်ကုန်မှာ မင်းအမေရှိတယ်လို့ ဘယ်သူကပြောတာလဲ"

အဖေပြောတာဟု အမုန်းမိုး မပြောချင်ပါ။

တော်ကြာနေ …

အုပ်ထိန်းသူ အဖေတစ်ယောက်လုံးရှိနေပါလျက် အိမ်ဖြေလုပ်သည်ထင်ကာ ပြန်ပို့နေမှာ စိုးမိသည်။

"ရွာကလူကြီးတွေက ပြောတာပဲ ဘကြီး … "

"ဟ … သူများတွေပါးစပ်ထဲ တွေ့ကရာလျှောက်ပြောတာ





နဲ့တင် မင်းက မင်းအမေကို ရန်ကုန်အထိ လိုက်ရှာမလို့ပေါ့လေ"

"ဟုတ်ကဲ့ … "

"ဟာ … ဒုက္ခပါပဲ … "

အဘကြီးက အမုန်းမိုးကိုကြည့်ပြီး စိတ်ရှုတ်ထွေးသွားဟန်ရှိကာ ခေါင်းတွေပင် တဗျင်းဗျင်းမြည်အောင် ကုတ်နေတော့သည်။

"ကျွန်တော့်ကို အမေက ပြစ်သွားပြီလို့ပြောကြတယ်၊ အဲဒီစကားကို ကျွန်တော် လက်မခံနိုင်ဘူးဘကြီး … အမေ ကျွန်တော့်ကို အရမ်းချစ်တာ ကျွန်တော်သိတယ်၊ သူ့ဘဝမှာ ကျွန်တော်တစ်ယောက်တည်းပဲရှိတယ်တဲ့ … ကျွန်တော့်ကြောင့် သူအသက်ရှင်သန်နေတာလေးက အဓိပ္ပာယ်ရှိနေတာတဲ့လေ … အမေ … ကျွန်တော့်ကို အလိုမရှိဘူးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး ဘကြီး"

မြတ်စွာဘုရား … ။

မအေက စွန့်ပစ်သွားခြင်းကိုခံရတဲ့ ကလေးပါလား။

သနားစရာကောင်းလိုက်တာ။

မျက်ရည်လေးတွေ တပေါက်ပေါက်စီးကျကာ ရှိုက်သံတစ်ဝက်ရောယှက်နေသော အသံလေးနဲ့ပြောနေတဲ့ ကောင်လေးကို ကြည့်ပြီး ဦးဘရွှေ ရင်ထဲ စာနာသနားစိတ်များ တဖွားဖွားဖြစ်ပေါ်နေရသည်။

"ဘကြီးရယ် … ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေကို ကျွန်တော်သွားရှာချင်လို့ပါ ... ကျေးဇူးပြုပြီး ဘယ်လိုသွားရမယ်ဆိုတာလေးပဲ လမ်းညွှန်ပေးပါနော် ... ”

အမုန်းမိုး ...

တောင်းတောင်းပန်ပန်လေးနှင့် ပြောမိသည်။

“ဟုတ်ပါပြီ ... ရန်ကုန်ရောက်အောင်သွားဖို့ လမ်းညွှန်ပေးတယ်ပဲထား ... ဟိုရောက်ရင် မင်းဘယ်လိုဆက်ရှာမလဲ ကောင်လေး ... မင်းမှာ မင်းအမေရဲ့လိပ်စာ ရှိလို့လားကွ”

လိပ်စာတဲ့။

အမေရှိနေနိုင်မယ့် နေရာပေါ့။

မသိ။

တိတိကျကျ ဘာတစ်ခုမှ အမုန်းမိုးမသိပါ။ အဖေက သူ့အမျိုးတွေရှိတဲ့ ရန်ကုန်ကိုပဲသွားမှာပေါ့ ဆိုတဲ့စကားတစ်ခုတည်းနဲ့တင် ရန်ကုန်မြို့ကြီးကိုရောက်အောင်သွားဖို့ အိမ်ကနေ အပြီးတိုင်ထွက်လာခဲ့ခြင်းပဲ ဖြစ်သည်။

“ကောင်လေး ... ငါမေးနေတယ်လေ၊ မင်းအမေရှိနေနိုင်တဲ့နေရာကို သိသလားလို့ ... ”

“ဟင့်အင်း ... ”

အမုန်းမိုး ခေါင်းခါပြတော့ မေးခွန်းထုတ်တဲ့ ဘကြီးမျက်မှောင်ကြီးကုတ်တက်ကာ တအံ့တဩ ဖြစ်နေသည်။





“ဘာလိပ်စာမှမရှိဘဲ မင်းအမေကို ဘယ်လိုရှာမှာလဲ”

“ကျွန်တော့်အမေရဲ့ ညာဘက်မေးအောက်နားမှာ ဒဏ်ရာတစ်ခုရှိတယ် ... အဖေနဲ့ရန်ဖြစ်ပြီး ထိခိုက်မိသွားတာလေ၊ ဆေးခန်းမှာ သုံးချက်လောက်ချုပ်ရလို့ ဒဏ်ရာဖြစ်နေတာ၊ ကျွန်တော်အမေ့ကိုမြင်ရင် မှတ်မိပါတယ်”

“ပြဿနာပဲ ... ဒါမှ တကယ့်မဟာပြဿနာပဲကွာ”

ဦးဘရွှေတစ်ယောက်

အသံလေးထွက်ကာပင် ငြီးငြူလိုက်မိတော့သည်။

သူတို့စကားပြောနေစဉ် လိုင်းကားတစ်စီးထိုးရပ်လာ၏။ နဘေးမှာရှိသော လင်မယားနှစ်ယောက် ကားပေါ်တက်သွားကြသည်။ ဦးဘရွှေကတော့ ထိုင်နေလျက်သားရှိ၏။ ထိုကားက ဦးဘရွှေ စီးမည့်ကားမဟုတ်ဘူးလေ။ ဒီတော့ ... အေးဆေးဆက်ပြီး စောင့်ရဦးပေမပေါ့။

အရေးထဲ ...

ကောင်လေးတစ်ယောက်က လာငြီနေသေးသည်။

ဘာကြောင့်မှန်းမသိ။

ဦးဘရွှေ ထိုကောင်လေးကို ကင်းကင်းရှင်းရှင်းနေအောင် မခွဲထွက်ရဲ။

ကောင်လေးက ...



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေစွန့်ပစ်ခြင်းခံရတဲ့ ကောင်လေးလေ။

ဦးဘရွှေကိုယ်နဲ့မဆိုင်သလို နေလို့ရပေမယ့် မရုန်းထွက်ရက်ဘဲ ရှိနေရသည်။

"ဘကြီး ... "

"ပြော ... "

"ဘကြီးကရော ဘယ်ကိုသွားမလို့လဲဟင် ... "

"ငါက ရန်ကုန်ကိုသွားမှာ ... "

"ရန်ကုန် ... "

ရန်ကုန်ဆိုတဲ့အသံလေးကို ကြားလိုက်ရသည်ဆိုလျှင်ပဲ အမုန်းမိုး ရင်ထဲဝမ်းသာလုံးလေးပင် ဆို့တက်သွားရပါသည်။

အမုန်းမိုးလည်း ရန်ကုန်ကိုသွားချင်နေတဲ့သူပဲလေ။

"ဟော့ ... ကောင်လေး ... ရန်ကုန်ကိုသွားမှာဆိုပြီး ခေါ်ခိုင်းဖို့တော့ မစဉ်းစားနဲ့နော်၊ မင်းလမ်းမင်းသွားဖို့ပဲ ပြင်ထား ... ငါ့ကိုတော့ ပြဿနာမရှာပါနဲ့ကွာ ... ငါရွာကိုပြန်လာတာ ငါ့ညီမဆုံးလို့ ခဏခွင့်တောင်းပြီးလာတာ၊ စိတ်ညစ်နေရတဲ့အထဲ မင်းကိုပါခေါ်ခိုင်းထဲထည့် မစဉ်းစားပါရစေနဲ့ ကောင်လေး ... "

"ဘကြီးရယ် ... ကျွန်တော်က ဘကြီးထင်သလို ပြဿနာ ကောင်လေး မဟုတ်ပါဘူးဗျာ၊ အမေ ကျွန်တော့်ကိုထားခဲ့လို့ အမေ ပျောက်လိုက်ရှာချင်နေတဲ့ သားတစ်ယောက်ပါ၊ ကျွန်တော့်မှာ ဆွေ





မျိုးတွေဆိုတာလဲ ဘယ်ဆီနေမှန်းတောင် မသိပါဘူး ဘကြီးရယ်၊ ကျွန်တော့်မှာ အားကိုးခင်တွယ်စရာဆိုလို့ အမေပဲရှိတာပါ၊ အခု တော့ ... ကျွန်တော် မှီခိုနေရတဲ့ အမေက ဘာအကြောင်းပြချက်မှ မပေးဘဲ ထားပြီးထွက်သွားတာလေ၊ ကျွန်တော် အမေ့ကို လိုက်ရှာ မှဖြစ်မယ်၊ အမေနဲ့တွေ့မှဖြစ်မယ်ဘကြီး ... "

"ဟော့ ... ဒါကမင်းအပိုင်းလေ၊ မင်းဘာသာ ဘာပဲလုပ်လုပ် ငါနဲ့မဆိုင်ဘူး၊ အခုဟာက ရန်ကုန်ရောက်ပြီး မင်းဘယ်ကိုသွားမှာ လဲ ... အိမ်လိပ်စာလဲ မင်းဆီမှာ အတိအကျ မရှိဘူးလေ ... တော် ကြာနေ ငါ့ဆီသောင်ထင်ရင်ခက်ပြီ၊ ငါ့အလုပ်ရှင်က သူများတွေလို မဟုတ်ဘူးကွ ... တအားဂဂျီဂဂျောင်ကျတာ၊ မဖြစ်ပါဘူးကွာ၊ လုံးဝ မဖြစ်ဘူး ... "

"ဘကြီးရယ် ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ အနူး အညွတ်ကိုတောင်းပန်ပါတယ်၊ ကျွန်တော် ရန်ကုန်ကို မရောက် ရောက်အောင်သွားမှကိုဖြစ်မယ် ဘကြီး ... အဲဒါ ကျွန်တော့်ဘဝရဲ့ နောက်ဆုံးအခွင့်အရေးပဲ ... အမေရှိနေတာ သိလျက်နဲ့ ကျွန်တော် မရှာနိုင်ခဲ့ရင် အမေနဲ့ကျွန်တော် ဒီထက်ပိုပြီးဝေးကွာရတော့မှာ ဘကြီးရဲ့ ... ဒါကြောင့် ကျွန်တော့်ကိုခေါ်သွားပေးပါဗျာနော် ... ဘကြီး ... "

"ဟော့ ... ကောင်လေး၊ မင်းကရန်ကုန်မြို့ကို မရောက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ကွ၊ နေရပ်လိပ်စာလည်း ဘာမှမသိဘဲနဲ့ လူတစ်ယောက်ကို ရှာဖို့ဆိုတာ လုံးဝမလွယ်ဘူးကွ၊ မင်းရွာကိုပြန်နေပြီး ဘုန်းကြီးကျောင်းတစ်ခုခုမှာ ခိုကပ်နေတာက မင်းအတွက်ပိုအဆင်ပြေလိမ့်မယ်"

"ဟင့်အင်း ... ကျွန်တော် ရွာမပြန်ဘူး"

"ကျွတ် ... "

ဦးဘရွှေတစ်ယောက် တစ်ချက် စုပ်သပ်လိုက်မိသည်။

အာရုံစားစရာတွေနဲ့ချည်း သူတွေ့နေရတာကို။ ကောင်လေးကိုကြည့်ရတာ ရန်ကုန်ကို မရောက်ရောက်အောင်သွားမယ့်ပုံ။

သူသွားတာကို နောက်ယောင်ခံပြီး ဒီကောင်လေးလိုက်တော့မယ်ဆိုတာ ဦးဘရွှေ ရိပ်မိသည်။

ခက်တာက ...

ကောင်လေးအသက်အရွယ်က တအားကိုငယ်လွန်းနေသေး၏။ အသက် ရှစ်နှစ်သားအရွယ်လေးနဲ့ ရန်ကုန်မြို့ကြီးထဲသွားလာလို့ ဘယ်ဖြစ်မလဲ။ တော်ကြာနေ အန္တရာယ် ဖြစ်နေဦးမည်။

"ဘကြီး ... "

"ဘာလဲ ... "

"ဒါ ... ဒါလေးက ကျွန်တော့်မှာပါတဲ့ ပိုက်ဆံအကုန်ပါပဲ၊ ကျွန်တော့်ကို ရန်ကုန်ရောက်အောင်ခေါ်သွားပေးပါ ဘကြီးရယ်၊





လမ်းစရိတ်အဖြစ် သုံးပြီး လမ်းပြခေါ်သွားပေးပါဗျာ ... ရန်ကုန်ကိုရောက်တယ်ဆိုရင်ပဲ ရပါပြီ၊ ကျွန်တော့်ကြောင့် ဘကြီးစိတ်မရှုပ်စေရပါဘူးဗျာ၊ ဘကြီးနောက်ကို ကျွန်တော်လုံးဝ မလိုက်ပါဘူး၊ ကျွန်တော် နေခဲ့မှာပါ ... အမေ့ကို ကျွန်တော်ရှာချင်လို့ပါ၊ အမေမရှိဘဲ ကျွန်တော်တစ်ယောက်တည်း ဘဝမှာအသက်ရှင်နေလို့ ဘာမှမထူးဘူးလေ ... အမေ့ကိုမတွေ့တွေ့အောင် ကျွန်တော် လိုက်ရှာမှာ၊ ဘကြီး ကူညီပါနော် ... ကျွန်တော် တောင်းပန်ပါတယ်ဘကြီးရယ် ... "

အမုန်းမိုးလေး တစ်ယောက် ... ။

အမည်လဲမသိ၊ တစ်ခါမျှလည်း သိဖူး၊ ခင်ဖူးခြင်းမရှိသောရန်ကုန်သွားမည့် လူကြီးရှေ့တွင် ဒူးလေးထောက်၊ ခေါင်းလေးငုံ့ကာပင် တောင်းပန်နေမိတော့သည်။

ထိုလူကြီးက လူဆိုးလား၊ လူကောင်းလားဆိုတာလဲ သူမသိပါ။ ဝေခွဲစဉ်းစားတတ်တဲ့ အရိပ်အကဲ ခတ်တတ်တဲ့ အသိစိတ်လည်း မရှိသေး။ အမိက ရန်ကုန်ရောက်ဖို့ တစ်ခုတည်းသာ သူ့ခေါင်းထဲရှိသည်။

ဒီလူကြီးက ရန်ကုန်ကို့ သွားမှာလေ။

အရေးကြီးတာ ...

ရန်ကုန်ကို ရောက်ဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေ ...

အမေ့ကို မတွေ့တွေ့အောင် လိုက်ရှာမယ်။

ဒါ ...

အမုန်းမိုးရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်သည်။

ကျန်တာတွေ ဘာတစ်ခုမှ သူ့ခေါင်းထဲ ရှိမနေပါချေ။

အခန်း ( ၃ )

"ဦးဘရွှေ ... ဒါကဘာယ်လိုဖြစ်တာလဲ၊ အလုပ်ထွက်တော့မယ်ဆိုတာ ဘာစကားလဲ ... ဦးဘရွှေ"

"ဟို ... ဟိုလေ ဒီလိုပါဆရာ ... ကျွန်တော် အခုလိုပြောရတာ ဆရာတို့ကို အားနာလို့ပါ၊ ဒီအလုပ်အပေါ် ကျွန်တော် သံယောဇဉ်တာကယ်ရှိပါတယ်ဆရာ၊ ဒါပေမယ့် ... ကျွန်တော်က အရင်တုန်းကလို လူလွတ်တစ်ယောက်တည်း မဟုတ်တော့ဘူးလေ ... ကျွန်တော့်ညီမဆုံးသွားတော့ ကလေးတစ်ယောက်ကျန်ခဲ့တယ်၊ အဲဒါကျွန်တော်ပဲ စောင့်ရှောက်ရတော့မှာဆိုတော့ ... ကျွန်တော်နဲ့တစ်ပါတည်းခေါ်လာခဲ့ရပြီ၊ အဲဒါကြောင့် ... ဆရာတို့ဆီက ခွင့်ပြုချက်မရဘဲ လုပ်ခဲ့တာဆိုတော့ ... "

"ဒီကောင်လေးက ... "

"ကျွန်တော့်တူလေးပါဆရာ ... ဆုံးသွားတဲ့ ညီမငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကလေး‌ေ၊ အမေ မရှိတော့ ရွာမှာတစ်ယောက်တည်း ထားခဲ့ရမှာ မဖြစ်တော့လို့ခေါ်လာခဲ့ရတာပါ ဆရာ ... "

ဦးဘရွှေစကားကြောင့် အလုပ်ရှင်သူဌေးကြီးရဲ့ မျက်ဝန်းအကြည့်တွေက အမုန်းမိုးထံရောက်ရှိလာ၏။ အလိုမရှိ၊ မနှစ်မြို့တဲ့ မျက်ဝန်းအကြည့်တွေပါ။

"အို ... မဖြစ်ဘူး ... လုံးဝမဖြစ်ဘူး ... ဦးဘရွှေတို့ကတော့ တကယ့်ကို ရှုပ်ရှုပ်ယှက်ယှက် လုပ်ချလာတော့တာပဲ၊ ခွင့်ပြန်မယ်ဆိုပြီးသွားတာ၊ ပြန်လာတော့ လွတ်လွတ်လပ်လပ်လာခဲ့ပေါ့၊ ခုတော့ ... ကလေးတို့လို့တွဲလောင်းနဲ့ ပြီးတော့ ... ခေါ်လာတာကလည်း ယောကျ်ားလေး၊ သမီးနဲ့ မတိမ်းမယိမ်းအရွယ်လေး၊ ဒါကို ခြံထဲမှာခေါ်ထားရမှာ ဘယ်လိုမှကိုမဖြစ်ပါဘူး ... မဖြစ်ဘူး ... မဖြစ်ဘူး ... "

ဘကြီးအလုပ်ရှင်ရဲ့ ဇနီးဖြစ်ဟန်ရှိသူကလည်း ဘကြီးရွှေကို အပြစ်တင်စကားလည်းပြောရင်း အမုန်းမိုးကိုလည်းကြည့်ရင်း ခေါင်းတစ်ခါခါနှင့်ပင် ငြင်းနေတော့သည်။

အမုန်းမိုးကို ဘယ်သူကမှ လက်ခံမထားချင်ကြဘူးလေ။

ဒါကြောင့် ...

ခါးခါးသီးသီးကို ငြင်းဆန်နေကြတာပေါ့။

"ဦးဘရွှေ ... "





"ဗျာ ... ဆရာ"

"ဒီကောင်လေးကို ရွာမှာ စောင့်ရှောက်ခိုင်းလို့ မရဘူးလား၊ ဆွေမျိုးနီးစပ်တစ်အိမ်အိမ်ကို ပိုက်ဆံပေးပြီး နေခိုင်းရင်ရော၊ ဦးဘရွှေ ... အဲဒီစရိတ်ကို ကျွန်တော်ပဲ ပိုပေးပါ့မယ် အဆင်မပြေနိုင်ဘူးလား"

ဦးဘရွှေ ခေါင်းကိုလေးတွဲ့စွာပင် ခါယမ်းလိုက်မိပါသည်။

သူဌေးကြီးနေမင်းအုပ်ရဲ့ ခြံဝန်းကြီးထဲမှာ ခြံစောင့်တာဝန်ရော၊ ကားမောင်းတဲ့ ဒရိုင်ဘာအလုပ်ကိုရော လုပ်ကိုင်ရသည်။ အရက်သေစာ အသောက်အစားကင်းပြီး အလုပ်တာဝန်ကျေပွန်လွန်းတဲ့ ဦးဘရွှေကို သူဌေးကြီး ဦးနေမင်းအုပ်က သဘောကျသည်။ သူ့ရဲ့မိသားစုတွေကို စိတ်ချယုံကြည်ရလောက်အောင် စောင့်ရှောက်ခဲ့တာ ဆယ်နှစ်ကျော်ကျော်လောက်ပင် ရှိနေပြီ။

ဦးဘရွှေနဲ့ပတ်သက်ပြီး ဘာပြဿနာ၊ ဘာအရှုပ်အရှင်းမှ မရှိ။ သူဌေးကြီး ဦးနေမင်းအုပ် ခေါင်းအေးရလောက်တဲ့ အလုပ်သမားကောင်းတစ်ဦးပင် ဖြစ်သည်။

ဒါကြောင့်လဲ ... ။

သူက အလုပ်ထွက်တော့မယ်ဆိုလိုက်တာနှင့် ဦးနေမင်းအုပ် တအံ့တသြနှင့်တွေ့ဆုံစကားပြောနေခြင်းပဲ ဖြစ်သည်။ ဦးဘရွှေကို အလုပ်ကနေ မထွက်စေချင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘရွှေမှာလည်း ကိုယ့်အခက်အခဲနှင့်ကိုယ်။

အမုန်းမိုးဆိုတဲ့ ကောင်လေးကို ရန်ကုန်မြို့ကိုရောက်အောင် ခေါ်လာခဲ့ပြီးပြီ။ အစကတော့ သူ့အကြောင်းနဲ့သူ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ ဆိုပြီး လမ်းခွဲဖို့ စဉ်းစားမိသေးသည်။

သို့သော် …

ရှစ်နှစ်သားဆိုတဲ့အရွယ်သာရှိသေးတဲ့ အားကိုးရာမဲ့ကလေးတစ်ယောက်ကို ပစ်မထားရက်နိုင်သည့်စိတ်နှင့် သူ့ပဲခေါ်လာခဲ့မိတော့၏။

သိပြီးသားပါ။

မြို့ကြီးထဲမှာဆက်ပြီး နေထိုင်ခွင့်တော့ရမည် မဟုတ်ဘူးဆိုတာ ဦးဘရွှေသိပြီးသားပါ။ အမုန်းမိုးကို သူတို့တွေ ဘယ်လိုမှအလိုမရှိနိုင်ဘူးလေ။ ဦးဘရွှေ ရည်မှန်းထားတာက သူဌေးကြီး ဦးနေမင်းအုပ် တစ်ခြားအလုပ်တစ်ခုခုရဖို့ပဲ။

သူဌေးကြီး ဦးနေမင်းအုပ်မှာ လုပ်ငန်းတွေအများကြီးရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွေရော၊ အိမ်အလှဆင်သည့်လုပ်ငန်းတွေရော ပိုင်ဆိုင်ထားတဲ့သူတစ်ယောက်။ ဆိုင်ခွဲတစ်ခုခုမှာ ညစောင့်အဖြစ်ပဲနေရာရရ ဦးဘရွှေ လုပ်ချင်ပါသည်။

အဓိက …

ရန်ကုန်မြို့ကြီးထဲမှာ ဦးဘရွှေနဲ့အမုန်းမိုးဆိုတဲ့ ကောင်လေး





တို့နှစ်ယောက်အတွက် နေထိုင်စရာ နေရာတစ်ခုပဲ။

"ပြောလေ … ဦးဘရွှေ၊ ကျွန်တော်ပြောသလို လုပ်လို့မရနိုင်ဘူးလား၊ ကျွန်တော် ဦးဘရွှေကို လက်မလွှတ်ချင်ဘူးဗျာ၊ ခြံအတွက်ရော အိမ်က မိသားစုတွေလိုအပ်ရင် လိုအပ်သလို ဝယ်နိုင်းစရာရှိရင် ကားနဲ့သွားပြီး ဝယ်ပေးနိုင်တဲ့အတွက်ရော ကျွန်တော် ဦးဘရွှေနဲ့ စိတ်ချလက်ချ ထားနိုင်တယ်လေ၊ ဦးဘရွှေ အလုပ်ထွက်မှာတော့ မလိုလားတာအမှန်ပဲ … တစ်ခုခု စဉ်းစားပေးပါဦးလား ဦးဘရွှေ … "

"ကျွန်တော်ကလည်း အလုပ်မထွက်ချင်ပါဘူး၊ နှစ်တွေအကြာကြီးနေလာတာ သုသုတစ်သက်မက ရှိနေတာပဲဟာ၊ သုသုဆိုရင် ကိုယ့်လက်ပေါ်မှာပဲ ကြီးပြင်းလာလို့ သံယောဇဉ်တောင်ဖြတ်မရပါဘူးဆရာသမားရယ် … အခုလည်း ဆရာသမားဆီကိုရောက်အောင်လာခဲ့တာ၊ ဒီခြံထဲက အလုပ်မရရင် တစ်ခြားနေရာမှာညစောင့်အလုပ်လေးပဲ လုပ်ရလုပ်ရ တောင်းချင်လို့ပါ … ခြံထဲမှာနေလို့ အဆင်မပြေနိုင်ဘူးဆိုတာ ကျွန်တော်နားလည်ပြီးသားပါဆရာသမားရယ် … ကျွန်တော်တို့နှစ်ယောက်အတွက် ကျောတခင်းစာလေးအိပ်စက်ခွင့်ရဖို့ပါပဲ … အဲဒါက အဓိကကျနေလို့ပါ"

ဟူး … ။

ဦးနေမင်းအုပ် သက်ပြင်းမောကြီးကို ဟူးခနဲနေအောင်



www.burmeseclassic.com

www.burmeseclassic.com



မှုတ်ထုတ်လိုက်မိသည်။

ဦးဘရွှေက ...

ခြံစောင့်နေရာမရလည်း သူ့လက်အောက်က တခြားအလုပ်ခွင်တစ်ခုခုမှာလုပ်ဖို့ ခွင့်တောင်းနေသည်။ ဦးဘရွှေအတွက် သူစီစဉ်ပေးလို့ရ၏။ ရိုးသားကြိုးစားတဲ့အလုပ်သမားကောင်း တစ်ယောက်ပဲလေ။ စိတ်ရှည် သည်းခံသည့်အပြင် ခိုင်းသမျှအလုပ်ကိုလည်း တိတိကျကျ လုပ်ဆောင်တတ်တဲ့ ဦးဘရွှေလို လူတစ်ယောက်ကို ဦးနေမင်းအုပ်လည်း အလိုရှိပါသည်။

ခက်တာက ...

ဦးဘရွှေကို ခြံထဲမှာပဲ မိသားစုကိုစောင့်ရှောက်ဖို့ထားချင်တာ။ ဇနီးသည် နှင်းဒါလီနှင့်လည်း အဆင်ပြေသည်။ သမီးလေးသုသုနဲ့လည်း သင့်မြတ်တဲ့အတွက် မိသားစုဝင်တစ်ယောက်လို ရင်းနှီးနေတဲ့ ဦးဘရွှေကို ခြံထဲမှာပဲ နေစေချင်မိ၏။

"စိတ်ညစ်လိုက်တာနော် ... ဦးဘရွှေတို့ကတော့ ရွာကိုခဏခွင့်ပြန်နိုင်းလိုက်တာ စိတ်ရှုပ်စရာ ထုပ်ကြီး သယ်ချလာတော့တာပဲ၊ အဲဒီလိုတွေဖြစ်လာမယ်မှန်းသိရင် ကျွန်မ မပြန်နိုင်းပါဘူး ... "

ဒေါ်နှင်းဒါလီအသံလေးထွက်ကာ ညည်း၏။

"ဒါလီကလည်းကွာ ... အဲဒီလိုမပြောပါနဲ့ ဦးဘရွှေမှာလည်း မတတ်သာတဲ့အဆုံး အခုလိုလုပ်လာခဲ့ရမှာပေါ့၊ မောင်ကတော့





ဦးဘရွှေကို အိမ်မှာပဲအရင်ကလို နေစေချင်တာ၊ တခြားနေရာပေးလည်းရပါတယ်၊ ဒါပေမယ့် ... မင်းတို့တွေနဲ့ နေသားကျနေပြီး သား လူဟောင်းမို့လို့ စဉ်းစားနေရတာ ... "

ဦးနေမင်းအုပ်က ဇနီးသည်နှင့်ဘယ်လိုလုပ်ရင်ထားလျှင် အဆင်ပြေနိုင်မလဲ စဉ်းစားနေကြသည်။

"အဲဒါတော့ ... ဟုတ်တယ်နော်မောင် ... ဦးဘရွှေမရှိတုန်း ခိုင်းမလို့ မောင်လွှတ်ပေးလိုက်တဲ့အလုပ်သမားတွေက လုံးဝကို စိတ်တိုင်းမကျတာသိလား၊ ဟေးလားဝါးလားနဲ့ အိမ်ကအလုပ်သမား ကောင်မလေးတွေကိုလည်း ရိတိတိနဲ့ကြည့်လို့ကိုမရဘူး၊ အလုပ်လဲ ဟုတ်တိပတ်တိ လုပ်တာမဟုတ်ဘူး၊ ညဆိုလည်း ခွက်ပုံးအချသေးတယ်၊ လူကို စကားလာပြောရင် အသက်ကိုမနည်းအောင့်ထားရတယ်၊ နံစော်နေတာပဲ မောင်ရယ် ... "

"ဒါလီတို့အတွက်ပဲ မောင်ကအဓိကထား စဉ်းစားပေးနေတာပါ၊ ဒီလိုလုပ်ကွာ ... ဦးဘရွှေကို ဒီမှာပဲနေခိုင်းလိုက်တော့၊ ကလေးတွေကငယ်ပါသေးတယ် ဒါလီရယ် ... နောက်တော့လည်း တစ်မျိုးစဉ်းစားပြီး အစီအစဉ်ပြောင်းရတာပေါ့၊ ဒါလီတို့အတွက်က ဦးဘရွှေမရှိလို့ မဖြစ်ဘူးမဟုတ်လား၊ ဒီကောင်လေးကလည်း ဦးဘရွှေမစောင့်ရှောက်လို့မှမရတာ ... လက်ခံထားလိုက်တော့ကွာ"

ဦးနေမင်းအုပ်က နောက်ဆုံးတော့ ခိုင်မာပြတ်သားတဲ့ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်ကို ချပေးခဲ့ပါသည်။

ဒေါ်နှင်းဒါလီ စိတ်မကြည်လင်ပေမယ့် ခင်ပွန်းသည် ပြော တာကလည်း မှန်နေတာကြောင့် လက်ခံဖို့ပဲ ဆုံးဖြတ်မိသည်။

"ဦးဘရွှေကတော့နော် တကယ့်ကိုခေါင်းစားစရာလုပ်လာ တယ် ..."

ဦးဘရွှေကို အပြစ်တင်မိ၏။

"စိတ်ချပါ ... ဆရာကတော်ရယ်၊ ကိုယ့်အကြောင်းကိုယ်သိ ပါတယ်၊ ဆရာကတော် စိုးရိမ်သလိုမျိုးတွေ ဖြစ်မလာစေရပါဘူး ဒီကလေးကြီးလာရင် ကျွန်တော်ကိုယ်တိုင်ပဲ သူ့လမ်းသူလျှောက် သွားခိုင်းမှာပါ ... အရွယ်မရောက်သေးတဲ့ ခဏပဲ မှီခိုမှာပါဆရာ ကတော်ရယ် ... ကျွန်တော်လည်း သုသုကိုမမွေးရုံတမယ်ပဲ စော ရှောက်ခဲ့ရတဲ့သူပါ၊ သံယောဇဉ်ရှိပါတယ်ဗျာ ... သုသုလေးကို အမြဲ ဆုံးမှာပဲ ရှိစေချင်ပါတယ် ..."

"အမလေး ... ဦးဘရွှေ၊ အဲဒီစကားကြားရတာ ကျွန်မ တကယ်ပဲ ကျေးဇူးတင်တယ်၊ ရပြီ ... ရပြီ၊ ဦးဘရွှေ အရင်အတိုင် ပဲ ခြံထဲမှာဆက်နေတော့ ကျွန်မ စိတ်ချသွားပြီ ဦးဘရွှေရယ် ... အဟင်း ... ဟင်း ... ဟင်း ..."

ဒေါ်နှင်းဒါလီတစ်ယောက် အခုမှပဲ ပြုံးရယ်နိုင်တော့၏။

ဦးဘရွှေ တမင် ထိုစကားကိုရွေးပြီး ပြောမိတာလေ။ နှင်





ဒါလီရဲ့စိတ်ကိုသိသည်။ အင်မတန်မှ စိုးရိမ်ပူပန်မှုကြီးတဲ့မိန်းကလေး။ ဦးဘရွှေ အပြစ်မတင်ပါဘူး။ တစ်ဦးတည်းသောသမီးလေး သုသု (ခေါ်) သုမြွေမင်းအုပ်ရဲ့ ရှေ့ရေးအတွက် မဟုတ်ပါလား။ ဒါက တော့ မိခင် တစ်ယောက်အနေနဲ့ စဉ်းစားရမှာပဲလေ။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိရအောင် အမုန်းမိုးဆိုတဲ့ ကောင်လေးရဲ့ ဘဝက ခေါင်းထဲထည့်ချင်စရာမှ မရှိတာ။

ဦးဘရွှေတောင် အဲဒီကိစ္စမှာ သဘောမတူဘူး။

အမုန်းမိုးဆိုတဲ့ကောင်လေးက အခြေအမြစ်လဲမရှိ၊ ဘယ်က ဘာလို့ ဘယ်သူ့သားသမီးမှန်းလဲမသိ။ အခုတောင် ဦးဘရွှေ သနား ပြီး လက်ခံထားလို့နေစရာ မှီခိုစရာလေးရသွားတာ။

ကျွေးမွေးစောင့်ရှောက်ဖို့တော့ ဦးဘရွှေ ဆုံးဖြတ်ထားပါ သည်။ ဒါကလည်း ... အရွယ်မရောက်သေး၊ မသွားတတ် မလာ တတ်၊ မလုပ်တတ် မကိုင်တတ်သေးတဲ့အချိန်မို့သာ။

သူဌေး ဦးနေမင်းအုပ်နှင့်သူဌေးကတော် နှင်းဒါလီကိုလည်း ဦးဘရွှေ ကျေးဇူးတင်မိသည်။ ဦးဘရွှေအပေါ် သံယောဇဉ်ရှိကြလို့ လေ။ ဦးဘရွှေမို့သာ အခုလိုလက်ခံတာ။ တစ်ခြား အလုပ်သမား တစ်ယောက်သာဆိုလျှင် ထွက်သွားရတာ ကြာလှပြီ။

"ဦးဘရွှေ ..."

"ဟုတ်ကဲ့ ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ ခရီးကလည်းပန်းလာတာ သွားနားကြဦး အလုပ်ကို နောက်နေ့မှ ဖြည်းဖြည်းချင်း စလုပ်ပေါ့ ... "

"ဟုတ်ကဲ့ ... ဆရာ၊ ကျေးဇူးအရမ်းတင်ပါတယ်ဆရာ ကျွန်တော့်အပေါ်မှာထားတဲ့ ဆရာ့ရဲ့ စေတနာနဲ့ သံယောဇဉ်ကို ဘယ်တော့မှ မေ့မပစ်ပါဘူး၊ အဲဒီအတွက်လည်း ကျွန်တော့်ဘက်က တာဝန်ပြန်ကျေပွန်ရပါစေမယ် ဆရာ ... "

"ကျေးဇူးပါပဲ ... ဦးဘရွှေရယ်"

"ကဲ ... ဆရာ ကျွန်တော်တို့ကိုသွားခွင့်ပြုပါဦး၊ နေရာလေ ချပေးချင်လို့ ... "

"ကောင်းပြီ ... ဦးဘရွှေ ... သွား ... သွား"

ဦးဘရွှေ တစ်ယောက် နေရာကနေထရပ်ကာ အလုပ်ရှ သူဌေးလင်မယား ရှေ့ကနေ ခပ်ရို့ရို့လေး ထွက်လာခဲ့သည် ဦးဘရွှေ အနောက်ကနေ အမုန်းမိုးဆိုတဲ့ကောင်လေးလဲ ကပ်ပြ လိုက်ပါလာ၏။

ဦးဘရွှေတစ်ယောက် ရှေ့ကနေ ဦးဆောင်ပြီး သူတို့နေ အတွက် ပေးထားသောအလုပ်သမား သစ်လုံးအိမ်လေးဆီ ဦးတည် ကာ အမုန်းမိုးဆိုတဲ့ကောင်လေးကို ခေါ်သွားမိသည်။

ယခင်က ထိုသစ်အိမ်လေးမှာ ဦးဘရွှေတစ်ယောက်တည် နေတာလေ။ သစ်လုံးအိမ်လေး ဘေးမှာ ခွေးလှောင်အိမ်ရှိသည်





ညဆိုလျှင် ခြံထဲ ခွေးတွေကို အစောင့်လွှတ်ထားရ၏။ တစ်ခြား အလုပ်သမားတွေက တိုက်ကြီးထဲမှာနေကြသည်။

"ဟေ့ကောင် အမုန်းမိုး ... "

"ဗျာ ... အဘရွှေ ... "

"မင်းကြောင့် ငါဘယ်လောက်စိတ်ညစ်ခဲ့ရသလဲ သိလား၊ ငါတောင်နေစရာမရှိဖြစ်တော့မလို့ သူဌေးက သဘောကောင်းလို့ အဆင်ပြေသွားတာ၊ ဒါကြောင့် ... ငါ မင်းကိုခေါ်မသွားချင်တာပေါ့ အမုန်းမိုးရဲ့ ငါ့မှာလည်း ငါ့အခက်အခဲနဲ့ရှိတာကို၊ ခုတော့ ... အဆင်ပြေသွားပါပြီ၊ မင်းနေခွင့်ရပြီ"

အမုန်းမိုး ဘာမှပြန်မပြောဖြစ်ဘဲ ငြိမ်သက်စွာပင် နားထောင်နေမိသည်။ အဘရွှေကြောင့် သူဌေးက နေထိုင်ခွင့်ပြုခဲ့တာ မဟုတ်ပါလား။

အစကတော့ ...

ရန်ကုန်မြို့ကိုရောက်တာနှင့် အမေ့ကိုတွေ့အောင် ရှာပစ်လိုက်မည်ဆိုပြီး အားခဲထားတာလေ။ အခုတော့ ... သူ့စိတ်ကူးတွေကို စွန့်လွှတ်ခဲ့ရပြီ။ ရန်ကုန်ဘူတာကြီးထဲ ရထားလေးထိုးရပ်လိုက်တယ်ဆိုလျှင်ပဲ စင်္ကြံတစ်လျှောက် နေရာလပ်မရှိအောင် ပြည့်နှက်နေတဲ့လူတွေ။ ပြီးတော့ ... သူတစ်ခါမှ မမြင်ဘူးတဲ့ ကားတွေက ဖြတ်မောင်းနေတာ ကားလမ်းနှစ်ဖက်မှာအပြည့်။ ကားလမ်းပင်



www.burmeseclassic.com

www.burmeseclassic.com



အဘရွှေ အကူအညီနှင့် မနည်းကူးခဲ့ရသည်။

ဒီလောက်ဆို ...

အမုန်းမိုး နားလည်ပြီလေ။

ရန်ကုန်မြို့ထဲ ကျင်လည်ဖို့အများကြီး ကြိုးစားရဦးမယ်ဆိုတာပေါ့။ ဦးဘရွှေကိုတော့ အထူးပဲကျေးဇူးတွေ တင်နေမိသည်။ အမုန်းမိုးကို သူ့တူသားဆိုပြီး ဟန်ဆောင်နိုင်းကာ အလုပ်ရှင်တွေဆီ ခေါ်သွားခဲ့၏။

ခုတော့ ...

အမုန်းမိုးအတွက် နေစရာ၊ စားစရာတော့ အဆင်ပြေသွားပါပြီ။ ဒါတွေဟာ ... ဦးဘရွှေရဲ့ ကျေးဇူးကြောင့်ပဲဖြစ်သည်။ ဦးဘရွှေသာမကယ်လျှင် သူ့ဘဝ လမ်းဘေးအိပ်၊ လမ်းဘေးစား ဖြစ်ရပေလိမ့်မည်။

"အမုန်းမိုး ... "

"ဗျာ ... "

"မင်းနဲ့ငါအတွက် မှီခိုစရာဆိုလို့ သူဌေး ဦးနေမင်းအုပ်ပိုင်တဲ့ ဒီနေမဟာစံအိမ်တော်ကြီးပဲရှိတယ်၊ ဒီနေမဟာခြံကြီးထဲမှာ မှီခိုနေတဲ့ အလုပ်သမားတိုင်း ချမှတ်ထားတဲ့ စည်းကမ်းအတိုင်းနေမှ အရှည်သဖြင့် နေလို့ရတယ်၊ စည်းကမ်းချိုးဖောက်တာနဲ့ ချက်ခြင်း အလုပ်ကနေ ထုတ်ပယ်ခံရတတ်တယ်၊ ဒါကြောင့် ... မထွက်သွား





ချင်ရင် ကောင်းကောင်းမွန်မွန်နေရတာပေါ့ကွာ၊ မင်းနားလည်အောင် ပြောရရင် လိမ်လိမ်မာမာနဲ့ အလုပ်ကိုကြိုးကြိုးစားစားလုပ်ရတာပေါ့ကွာ၊ ဒါပေမယ့် ... မင်းက ကလေးသာသာဆိုတော့ သူတို့နိုင်းဖို့ မစဉ်းစားပါဘူး၊ အဲ ... မနိုင်းလဲ အလိုက်သိသိနဲ့တော့ မင်းလုပ်နိုင်တဲ့အလုပ်ကို ဝိုင်းကူပေါ့ကွာ၊ ဒါမှလည်း ထမင်းကျွေးထားရတဲ့သူက မင်းကို ကြည်ဖြူမှာပေါ့ ဟုတ်ပြီလား အမုန်းမိုး"

"ဟုတ်ကဲ့ ... ဘကြီးရွှေ၊ သားဝိုင်းကူပါ့မယ်"

"အေး ... ငါ မင်းကိုတစ်ခုတော့ သတိပေးထားမယ်၊ အဲဒါ သူဌေးကြီး ဦးနေမင်းအုပ်နဲ့ ဒေါ်နှင်းဒါလီတို့ရဲ့ သမီး သုဇြေမင်းအုပ်ဆိုတဲ့ ကောင်မလေးပဲ ... မင်း အဲဒီကောင်မလေးနဲ့ ဝေးဝေးနေရမယ် အမုန်းမိုး၊ သုသုအနားကို မင်းလုံးဝသွားခွင့်မရှိဘူး၊ သုသုဆိုတာ အိမ်မှာခေါ်တဲ့နာမည်ပဲ အမုန်းမိုး ... သူနဲ့မင်း လုံးဝသွားမပတ်သက်ရဘူး ကြားလား ... "

သုဇြေမင်းအုပ်(ခေါ်) သုသုတဲ့။

အမုန်းမိုး လုံးဝမပတ်သက်ရမယ့်ကောင်မလေး။ သတိထားရှောင်နေရမယ့် ကောင်မလေး ဖြစ်သည်။

ဒါက ...

အဘရွှေရဲ့ အထူးသတိပေးချက်ဖြစ်သည်။

အမုန်းမိုး ခေါင်းလေးပဲညိတ်ကာ ကတိပေးမိ၏။ အမုန်းမိုးသေချာလိုက်နာဖို့လည်း ဆုံးဖြတ်ပြီးသားလေ။ အမုန်းမိုးအတွက်

www.burmeseclassic.com



နေစရာက မရှိမဖြစ် လိုအပ်နေတာမဟုတ်လား။

ဒီနေမဟာစံအိမ်တော်ရှိတဲ့ ခြံဝန်းကျယ်ကြီးထဲမှာ အမ်း အရိပ် လုံခြုံစွာဖြင့် နေထိုင်ခွင့်ကိုသူရခဲ့ပြီ။ ဒါကို ဘယ်လိုအကြောင်း မျိုးနဲ့မှ လက်လွှတ်ဆုံးရှုံးခံလို့ မဖြစ်ပါ။ အမေ့ကို ပြန်တွေ့အောင်ရှာ နိုင်တဲ့ အခွင့်အရေးက ဒီရန်ကုန်မြို့မှာပဲ အများဆုံးရှိနေသည် မဟုတ် လား။

အမိက ...

အမုန်းမိုး အမေနဲ့ပြန်ဆုံတွေ့ရရေးပါပဲ။

မတွေ့တွေ့အောင်ကို ရှာမည်။

"အမုန်းမိုး ... "

"ဗျာ ... "

"ငါပြောတာ ကြားရဲ့လားကောင်လေး ... မင်းဘာတွေ စဉ်းစားနေတာလဲ ... "

"ဟို ... ဟိုလေ ... အမေ့ကို သတိရသွားလို့ပါ ဘကြီးရွှေ ဘကြီးရွှေပြောတာ ကျွန်တော်ကြားပါတယ်၊ သုသုဆိုတဲ့ကောင် မလေးနဲ့ ခပ်ဝေးဝေးနေရမယ်ဆိုတာကိုပေါ့"

"အေး ... ပြီးရော၊ မင်းကြားတယ်ဆိုလည်း ပြီးတာပဲ၊ ငါက စိတ်ပူလို့ ကြိုပြီးသတိပေးနေရတာ၊ ပြီးတော့ ... မင်းသိပ်လည်း မဆော့နဲ့ဦးနော် ကောင်လေး ... ခြံပိုင်ရှင် သူဌေးတွေ မြင်သွား ရင် မင်းနဲ့အတူ ငါပါ နေစရာမရှိ ဖြစ်နေဦးမယ် ကြားလား အမုန်း





မိုး ... "

"ကျွန်တော် မဆော့ပါဘူး ဘကြီးရွှေ ... အရင်ကတည်းက လည်း သူငယ်ချင်းတွေနဲ့ မဆော့ဖြစ်ဘူး၊ အမေက အရမ်းအလုပ် များလို့ ဝိုင်းကူလုပ်ပေးရတာနဲ့ မကစားဖြစ်တော့တာပါ"

အမုန်းမိုးဆိုတဲ့ကောင်လေးရဲ့ စကားကိုကြားလိုက်ရတဲ့ ဦးဘရွှေပင် စိတ်မကောင်းဖြစ်သွားရသည်။ အရွယ်နဲ့မလိုက်အောင် ရှိခဲ့တဲ့ဘဝက ကြမ်းတမ်းလွန်းလှသည် မဟုတ်ပါလား။ အမုန်းမိုး ဆိုတဲ့ ကောင်လေးရဲ့မျက်နှာလေးကိုသာ ငေးစိုက်ကြည့်ပြီး သက် ပြင်းရှည်ကြီးသာ ချလိုက်မိတော့သည်။ နောက်ထပ် တားဆီး ကန့် သတ်သည့် စကားမျိုးတွေလည်း မပြောဖြစ်တော့ချေ။

ခြံအနောက်ဘက် ထောင့်နားတွင် ဆောက်ထားသော သစ် သားပျဉ်ထောင်အိမ်လေးရှေ့တွင် နှစ်ယောက်သား ခြေစုံရပ်မိကြ ၏။

"အမုန်းမိုး ... ဒါငါတို့နှစ်ယောက်နေရမယ့် နေရာပဲ ... "

အမုန်းမိုး ခေါင်းလေးကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ငါ သော့ဖွင့်လိုက်ဦးမယ် ... "

အဘရွှေက ခတ်ထားသော တံခါးသော့ခလောက်ကို ဖွင့်နေ သည်။ အမုန်းမိုး ရှာကနေယူလာသော အဝတ်အစားများထည့်ထား သည့် လွယ်အိတ်လေးကို ရင်ဘတ်မှာပွေ့ပြီး တင်းတင်းဖေးပိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားမိ၏။

ဒါဟာ ...

အမုန်းမိုးဆိုတဲ့ သူ့ရဲ့ဘဝအစပဲလေ။

အခုချိန်ထိတော့ အဆင်ပြေပြေနဲ့ရှိနေသေး၏။ ကံကောင်းတယ်လို့ပဲ ပြောရမလား။ အဘရွှေနဲ့ ဆုံခဲ့ရတာ အမုန်းမိုးအတွက်တော့ နတ်သကြားတွေနှင့် ဆုံခဲ့ရသလိုပဲ ဖြစ်နေသည်။

ဘာမှ သွေးမျိုးမတော်စပ်ဘဲ အမုန်းမိုးကို ကူညီစောင့်ရှောက်ပေးမနေ၏။

အဘရွှေကြောင့်ပဲ အမုန်းမိုး အခုလို အေးအေးဆေးဆေးနေနိုင်တာလေ။

ကျေးဇူးတွေတင်နေမိသည်။

ရင်ထဲကနေ။

ကျေးဇူးတွေ အထပ်ထပ်တင်နေမိပါတော့သည်။

## အခန်း ( ၄ )

"ဟင် ... နင် ... နင်ကဘယ်သူလဲ၊ ဘယ်ကလဲ ... ဘယ်လိုလုပ်ပြီး ငါတို့ခြံထဲကို ရောက်နေရတာလဲ ... "

မေးခွန်းတွေက တစီတတန်းကြီးကို အမုန်းမိုးနှင့်ရွယ်တူကောင်မလေးက တအံ့တဩ မျက်ဝန်းလေးတွေနဲ့ကြည့်ကာ မေးလာပါသည်။

ဒါ ...

ဦးနေမင်းအုပ်နဲ့ ဒေါ်နှင်းဒါလီတို့ရဲ့ တစ်ဦးတည်းသော သမီးလေး သုခြွေမင်းအုပ်ဆိုတာပဲ ဖြစ်ရမည်။

အသားလေးကဖြူစိုကာ ရှင်းသန့်နေပြီး ဝတ်ထားတဲ့ ဂါဝန်လေးနဲ့လိုက်မှလိုက်။ ဖိနပ်ကလေးကလည်း ကြိုးလေးတွေယှက်ကာ သိုင်းထားသော ရှူးဖိနပ်လေးနှင့်ပါ။ အမုန်းမိုးရွာက သူငယ်ချင်းတွေ အိမ်မှာကြည့်ခဲ့ရသော ကာတွန်းကားထဲက မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေးနှင့်တူလွန်းလှသည်။

"ဟဲ့ ... နင်ဘာကြောင်ကြည့်နေတာလဲ ငါမေးတာဖြေလေ ငါတို့ခြံထဲက ပစ္စည်းခိုးချင်လို့ဝင်လာတာ မဟုတ်လား ... နင် သူခိုးလေးမဟုတ်လား ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... ငါ သူခိုးမဟုတ်ဘူး၊ ငါ့နာမည် အမုန်းမိုး ... ငါ အဘရွှေနဲ့လိုက်လာတာ၊ ဒီခြံထဲမှာနေဖို့လိုက်လာတာ၊ သူခိုးမဟုတ်ဘူး"

ဟင် ...

အဘရွှေနဲ့လိုက်လာတာတဲ့။

အဘရွှေပြန်ရောက်လာပြီဆိုတဲ့ သတင်းကို အိမ်အလုပ်သမားတွေဆီကနေ သုသု တစွန်းတစ ကြားခဲ့သည်။ ဒါကြောင့်လဲ ခြံအနောက်ဘက်လေးဆီ သုသုလာခဲ့တာပေါ့။ အဘရွှေကို ခိုင်းစရာလဲရှိသေးသည်။ သုသု စက်ဘီးဘေးနှစ်ဘက်က ဒေါက်တွေကို ဖြုတ်ခိုင်းမလို့ပါ။ သုသု ဒေါက်တွေနှင့်မစီးချင်တော့။ ဒီအတိုင်း နှစ်ဘီးတည်းနှင့်သာ အစီးသင်ချင်သည်။

အခုတော့ ...

အဘရွှေနဲ့မတွေ့ရဘဲ အိမ်လေးထဲမှာရှိနေသည့် အမုန်းမိုးဆိုတဲ့ကောင်လေးနှင့်သာ တွေ့နေရသည်။

သူလိုက်လာတဲ့အကြောင်း သုသုမှမကြားတာ။ ဒီတော့





ည်း တွေ့တွေ့ခြင်း ခြံထဲကို သူခိုးလေးတစ်ယောက်ဝင်နေပြီလို့ င်သွားမိတာပေါ့။ သူ့ပုံစံကလည်း ထင်ချင်စရာပဲလေ။ ညစ်စုတ် တ်အဝတ်အစားတွေ ဝတ်ပြီး လူကလည်း ကုတ်ချောင်းချောင်း ၊ လမ်းမှာ ကော်လိုက်စုကောက်နေတတ်တဲ့ ကောင်လေးတွေ ပေါက်နေသည်။

"အဘရွှေနဲ့လိုက်လာတာ ဟုတ်လား ... "

"ဟုတ်တယ် ... "

"နင့်နာမည်က ဘယ်သူ ... "

"အမုန်းမိုး ... "

"ဟွန်း ... နာမည်ကြီးကလည်း ဘယ်လိုကြီးလဲမသိဘူး၊ ည့်ထားတာ ညံ့လိုက်တာ"

"နင် ဘာပြောလိုက်တယ် ... "

အမုန်း လေသံက မာဆတ်ဆတ်။

သူ့နာမည်ကို နှာခေါင်းလေးရှုံ့ပြီး ဝေဖန်ခံလိုက်ရတာ ဟုတ်လား။ ဒီနာမည်ကို အမေပေးခဲ့တာပါ။ အမုန်းမိုး မွေးတုန်း မိုးတွေ သဲသဲမဲမဲ ရွာတာ ခေါင်ကမိုးမလုံလို့ ရေတွေအိမ်ပေါ်ရွဲ နှင့် လုပ်ရကိုင်ရတာ အခက်တွေ့လို့ အမြင်ကတ်ပြီး သူ့ကို ထို နာမည်ပေးခဲ့တာ။

အဲဒီအချိန်က ...



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေရွာတာကို အမေ တော်တော်မုန်းမိသည်ဟု ပြော သည်။ သို့ပေမယ့် ... သားလေးမွေးတယ်ဆိုတဲ့ အသံကြားတော့ အဲဒီအမုန်းတွေ ဘယ်လိုလွင့်သွားမှန်းမသိအောင်ကို ပျော်သွားတာ ပဲဟု အမေက ပြောဖူး၏။

ခုတော့ ...

အမုန်းမိုးကို အသက်မက ချစ်တဲ့အမေ ပေးခဲ့တဲ့ နာမည် လေးကိုမှ ကောင်မလေးက လာဝေဖန်နေတာလေ။ အမုန်းမိုး ဒေါသမဖြစ်ဘဲ နေပါ့မလား။

"ငါဘာပြောလိုက်တာလဲ ... နင်မကြားဘူးလား၊ နင့်နာမည် က မကောင်းဘူးလို့ ပြောတာလေ ... "

"ဟာ ... နင်နော်၊ နင် ... အဲဒါ ငါ့အမေပေးထားတဲ့နာမည် ဘာလို့မကောင်းရမှာလဲ၊ နင်ကဘာတွေသိလို့ အခုလိုပြောရတာလဲ ဘာလို့ဝေဖန်ရတာလဲ"

အမုန်းမိုးအသံက ဒေါသတကြီး ရူးခနဲ တက်သွား၏။

"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း ... နင်က ငါ့ကိုအော် ပြောရဲတယ်၊ ငါတို့ခြံထဲမှာလည်း အလကားလာနေသေးတယ်၊ ငါ့ ကိုလဲ လေသံမာမာနဲ့ပြောသေးတယ်၊ သွားတိုင်မယ် ... မာမီ့ သွားတိုင်မယ် ... အခုချက်ခြင်း နင့်ကိုမထားဘဲ မောင်းထုတ် သွားပြောမယ် ... "





သုသုက ဒေါနှင့်မောနှင့်ပြောကာ ထွက်သွားဖို့ ခြေလှမ်း တွေကို ပြင်သည်။

ဒီတော့မှ ...

အမုန်းမိုး တစ်ယောက် အဘရွှေမှာထားတာကို သတိရသွား မိ၏။ ဘယ်သူ ဘာပဲနိုင်းနိုင်း မငြီးမငြူ လုပ်ပေးရမယ်တဲ့။ ဘယ်သူ ဘာပဲပြောပြော စိတ်ရှည်ရှည်ထားပြီး သည်းခံရမယ်တဲ့လေ။

အမုန်းမိုးတို့နှစ်ယောက်မှာ ခိုကပ်နေစရာဆိုလို့ နေမဟာ ခြံဝန်းကြီးပဲရှိတာဟု အဘရွှေ သေချာမှာထားသည်။

အခုတော့ ...

အမုန်းမိုးရဲ့ ခေါင်းငုံ့မခံတတ်သော စိတ်ကြောင့် ခြံကြီး သခင်တွေရဲ့ တစ်ဦးတည်းသော သမီးလေး သုသုနှင့်ပြဿနာတွေ တက်ရပြီ။

သုသုကလည်း ခေသူမဟုတ်။

မိဘတွေက အလိုလိုက်ထားသဖြင့် ဗိုလ်ကျချင်နေသည်။ လေသံလေးမာတာကိုပင် ဆတ်ဆတ်ထိမခံပုံစံလေး ဖြစ်နေ၏။ သူ့ မာမီနှင့်သွားတိုင်ဖို့ နေရာလေးကနေ ချာခနဲ လှည့်ပြေးသွားသည်။

မဖြစ်ဘူး။

သုသု ...

ဒီအကြောင်းကို သူ့မာမီနဲ့သွားတိုင်လို့ မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းမိုး အဆူခံ၊ အရိုက်ခံရတာ အကြောင်းမဟုတ်။ သူနဲ့ အတူ အဘရွှေကိုပါ ခြံထဲကနေ နှင်ထုတ်နေမှ အခက်ဖြစ်ရတော့မည်။

"သုသု ... "

ခေါ်သံကြောင့် သုသုရဲ့ လှမ်းလက်စ ခြေလှမ်းတွေကို ရပ်လိုက်မိသည်။ အံ့ဩရိပ်လေးများ ယှက်သန်းနေသော မျက်နှာလေးနှင့်နောက်ပြန်လှည့်ကြည့်ကာ ...

"နင် ငါ့နာမည်ကို သိနေတယ် ... "

"ဟို ... ဟိုလေ ... အဘရွှေပြောထားတာပါ ... "

"ဒါဆို ... ငါဘယ်သူလဲဆိုတာ နင်သိပြီးသားပေါ့ ဟုတ်လား"

"နင် ... နင်က ဒီခြံပိုင်ရှင်သူဌေးကြီး ဦးနေမင်းအုပ်ရဲ့ တစ်ဦးတည်းသော သမီးလေးဆိုတာ ငါသိပါတယ်"

"ဒါနဲ့များတောင် နင်က ငါ့ကို လေသံမာမာနဲ့စကားပြောရဲတယ်ပေါ့ ... ဟုတ်လား အမုန်းမိုး"

သုသုအမေးကြောင့် အမုန်းမိုး ခေါင်းလေးငုံ့ကျသွားရသည်။

"ငါ ... ငါမှားသွားပါတယ် သုသု ... နင့်ကိုတောင်းပန်ပါတယ်၊ နောက် အဲဒီလို ဘယ်တော့မှ မပြောတော့ပါဘူးဟာ ... နင့်အမေကို သွားမတိုင်ပါနဲ့နော် ... ငါတောင်းပန်ပါတယ် သုသု





ယ် ... "

လေသံလေးက တိုးလျလျ။

"ဟား ... ဟား ... ဟား"

သူဌေးမင်းအုပ် (ခေါ်) သုသုတစ်ယောက် ရုတ်ခြည်းပြောင်းလဲသွားတဲ့ ပုံစံလေးကိုကြည့်ပြီး သဘောတွေအကျကြီးကာ တဟားဟား အော်ရယ်လိုက်မိပါတော့သည်။

"သုသု ... ငါတကယ်တောင်းပန်ပါတယ်"

"ဘာလဲ ... နင်ကြောက်နေပြီလား၊ ဒီခြံထဲကနေ မောင်းထုတ်ခံရမှာ ကြောက်နေတာလား"

"ဟုတ်တယ် ... သုသု၊ ငါနဲ့အဘရွှေမှာ နေစရာဆိုလို့ ဒီခြံထဲမှာပဲရှိတာ၊ တစ်ခြားနေရာလဲ သွားစရာမရှိဘူးလေ၊ နင့်မာမီကို သွားတိုင်လိုက်ရင် အဘရွှေလည်း အလုပ်ကနေ ထုတ်ခံရမှာ၊ ငါ့ကြောင့် အဘရွှေကို ဒုက္ခမရောက်စေချင်ဘူး"

"ခက်တာပဲ ... အမုန်းမိုး၊ ငါကတိုင်ရမှာကို ကျေနပ်နိုင်မှာလား၊ ဟောဒီ နေမဟာခြံကြီးနဲ့ စံအိမ်ကြီးထဲမှာ နေတဲ့အလုပ်သမားတိုင်း သုသုစိတ်တိုင်းကျ လုပ်ဆောင်ပေးကြရတာ၊ လေသံမာမာပြောဖို့နေနေသာသာ မော့တောင်မကြည့်ရဲကြဘူးလေ၊ ဒါကို နင်က စိတ်တွေ ဒေါသဖြစ်အောင် နှိုးဆွလိုက်တာ အမုန်းမိုးရဲ့၊ ပြီးတော့ ဆိုတာဘာလဲ၊ ငါ့ခြံထဲက အလုပ်သမား၊ ငါတို့ကျွေးထားတဲ့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စားနေရတဲ့သူ၊ ငါဘာပဲပြောပြော နင်ငုံ့ခံရမှာ အမုန်းမိုး ... နင့်မှာ ပြန်ပြောပိုင်ခွင့်မရှိဘူး။ အေး ... နင်ဒီခြံထဲကနေ ထွက်သွား နိုင်တယ်ဆိုရင်တော့ နင့်သဘောအတိုင်းပဲပေါ့ဟာ"

သူဌေးသမီးလေးဆိုတဲ့အသိနဲ့ သုသုပုံစံလေးက အထက်စီး နင်းနိုင်လှသည်။ မိဘတွေက နားထဲရိုက်သွင်းထားလို့လားမသိ သုသု အယူအဆနဲ့စကားလုံးတွေက လူကြီးလေးတစ်ယောက် ဖြစ်နေ၏။

"အင်းပါ ... ငါသိပါပြီ သုသုရယ်၊ အဲဒါကြောင့်လဲ ငါ့အမှာ အတွက် နင့်ကိုတောင်းပန်နေတာပေါ့။ နင်ဒေါသဖြစ်ရင်ပြေအောင် ငါ့ကို တစ်ခုခုလုပ်လိုက်ပါဟာ၊ သွားတော့မတိုင်ပါနဲ့နော် ... သုသု ငါ နင့်ကိုတောင်းပန်ပါတယ်ဟာ ... "

အမုန်းမိုးတစ်ယောက် ... ။

သုသုရှေ့ ဒူးလေးထောက်ချကာ ခေါင်းလေးပါငုံ့ချပြီး အသံ တိုးလျှလျှလေးနှင့် တောင်းပန်လိုက်မိပါတော့သည်။

သုသု ...

အမုန်းမိုးရဲ့ နဖူးပြင်လေးဆီ ဝဲကျနေတဲ့ ဆံနွယ်တို့နှံ့နှံ့လေး ကို မရမက လက်လေးနဲ့ဆုပ်ကိုင်ကာ ဆွဲပြီး မျက်နှာကိုမော့စေ လိုက်သည်။





"ဒီမှာ ... အမုန်းမိုး"

"ပြော ... ပြောပါ သုသု"

"နောက်တစ်ခါ ငါ့ကို လေသံမာမာနဲ့ပြောလို့ကတော့ လုံးဝ ကို ခွင့်မလွှတ်ဘူးနော်၊ ဒါက ပထမဆုံးအကြိမ် နင့်ကို လွှတ်ပေး လိုက်တာ ... ငါ့ကိုစိတ်ဆိုးအောင်လုပ်မိရင် အထုပ်ပိုက်ပြီး ရွာပြန် ပြီသာ မှတ်ထား ... "

"အေးပါ ... ငါမပြောတော့ပါဘူး"

အမုန်းကို ကတိတွေပေးမိသည်။

အဘရွှေအတွက်ပါ။

ပြီးတော့ ...

အမုန်းမိုး သိပ်ချစ်တဲ့မေမေ။

မေမေ့ကို ပြန်တွေ့ရအောင်ရှာဖွေနိုင်သည့် အခွင့်အရေးက ရန်ကုန်မြို့ကြီးထဲမှာ နေတာက ပို၍အဆင်ပြေသည်လေ။ ရွာကိုပြန် သွားလို့ လုံးဝမဖြစ်ပါ။ အဖေ့ကို မျက်နှာချင်းမဆိုင်ချင်။ သူ့အိတ်ကပ် ထဲက ပိုက်ဆံတွေနှိုက်ပြီး ထွက်ပြေးသွားတဲ့ အမုန်းမိုးကို အဖေ စိတ်ဆိုးနေမှာ သေချာသည်။

ပြီးတော့ ...

အိမ်မှာ အဖေရှိနေပါဦးမလား။

အဖေက လျှောက်သွားနေတတ်တဲ့သူတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆိုတာကို အကြောင်းပြပြီး အိမ်ပြန်မလာဘဲ နှစ်လ၊ သုံး
လောက် ပျောက်နေတတ်တဲ့ သူဖြစ်သည်။ ရွာကိုပြန်ရင်လဲ အိမ်
အမုန်းမိုးတစ်ယောက်တည်း နေရမှာပဲလေ။

ဘယ်သူက ထမင်းဟင်းချက်ကျွေးမှာလဲ။

အစားအစာအတွက် သူများအိမ်မှာ အလုပ်လုပ်ကူပြီး ခိုက
စားရမယ့်အတူတူ နေမဟာခြံကြီးထဲမှာပဲ သူ့စိတ်
အလျှော့ပေး ပြီး နေတော့မည်။

ဒီမှာက ...

နေစရာ အမိုးအရိပ်က လုံခြုံသည့်အပြင် အစားအသော
ကလည်း အချိန်ပုံမှန်စားရသည်။ အဘရှေကလည်း အမုန်းမိုး
ညှာတာသည်။ အလုပ်ကိုသူပဲလုပ်၏။ အမုန်းမိုးကို သိပ်မခိုင်းချေ
ဒီအခြေအနေလေးကို အမုန်းမိုး ကျောမခိုင်းနိုင်ပါဘူး။

"အမုန်းမိုး ... "

"ဟင် ... "

"နင် ငါ့ကိုကြောက်လား ... "

"အင်း ... "

"ခေါင်းမညိတ်နဲ့ ပါးစပ်ကနေဖြေ ... "

"ကြောက် ... ကြောက်ပါတယ်သုသု"

"နောက်တစ်ခါ ... သုသုဆိုတဲ့ ငါက ဒါဆိုရင် နင်ကဒါ





ဖြစ်ရမယ်နော်"

"အင်းပါ ... သုသု"

"ငါခိုင်းတာမှန်သမျှ အမှားမရှိအောင် နင်လုပ်ရမယ် ... "

"အေးပါ ... ငါလုပ်ပါ့မယ်"

"နင့်စကားကို မှတ်ထားနော် ... အမုန်းမိုး"

"အေးပါ ... "

"ပြီးရော ... ဒါဆိုရင် ငါမတိုင်တော့ဘူး၊ သွားတော့မယ်"

သုသု ... ။

ဆုပ်ကိုင်ထားတဲ့ အမုန်းမိုးဆံပင်ကို ဆတ်ခနဲ တွန်းပြီး
လွှတ်လိုက်၏။

အရှိန်ကြောင့် အမုန်းမိုး နောက်လန်ကာ ဖင်ထိုင်လျက်
ကျသွားတာတွေ့ရသည်။

သို့ပေမယ့် ... ။

မျက်နှာထားလေးတင်းကာ ထိုနေရာလေးကနေ ထွက်ခဲ့
လိုက်မိတော့သည်။

အမုန်းမိုး ...

နင့်ကို ငါအမြင်ကတ်တယ်သိလား။

အလုပ်သမားတွေထဲမှာ ငါ့ကိုပြန်ခံပြောဖူးတဲ့ နင့်လိုငါ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမုန်းတယ်။

ကြည့်နေ ...

သုသုဆိုတဲ့ငါ့အကြောင်း နင်ကောင်းကောင်းသိစေရမယ်။

## အခန်း ( ၅ )

အညိုးကြီးသော သုသုကြောင့် အမုန်းမိုးတစ်ယောက် အသက်ရှုမဝလောက်အောင်ပင် ဟောဟဲဆိုက်နေရပြီ။ သူမ စက်ဘီး စီးတဲ့နောက်ကနေ အပြေးလိုက်ခိုင်းနေတာလေ။ သူမရဲ့ အကြောင်းပြချက်က စက်ဘီးလဲကျရင်ပဲဖြစ်ဖြစ် ချက်ခြင်းသူမကို ကူညီနိုင်အောင်တဲ့လေ။

မအေဖြစ်သူ ဒေါ်နှင်းဒါလီက ထိန်းပေးနိုင်မယ့် လောက် လောက်လားလား အိမ်ထဲက အလုပ်သမားကောင်မလေးကို စောင့်ကြည့်စေချင်သည်။ သုသု နားဝင်အောင် ချော့မော့ပြောပေ မယ့် သုသုက လုံးဝလက်မခံဘဲ အမုန်းမိုးကိုပဲ ရွေးချယ်ခဲ့၏။

ဒေါ်နှင်းဒါလီက သိပ်ပြီး မနှစ်သက်။

အမုန်းမိုးဆိုတဲ့ကောင်လေးနဲ့ လုံးဝမပတ်သက်တာကိုပဲ လိုချင်တာလေ။ သမီးဖြစ်သူက ခေါင်းလေးတစ်ခါခါနဲ့ငြင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေလက်ဆောင့်ကာ စိတ်ကောက်ဆန္ဒပြနေတာဆိုတော့ ဘယ်လိုမှ တင်းမခံနိုင်တော့ဘဲ သုသု စိတ်တိုင်းကျပဲ လုပ်စေတော့၏။

အစကတော့ ...

သုသု သဘောထားကိုသိပ်မသိ။ နောက်တော့မှ သမီးဖြစ်သူက အမုန်းမိုးဆိုတဲ့ကောင်လေးကို တမင်သက်သက် ညှင်းနေတာကိုသိကာ စိတ်ထဲမှာတော့ နည်းနည်းသက်သာသလို ခံစားလိုက်ရသည်။ ဒီကောင်လေးကို သမီးလေး ခင်မင်မှာကိုတွေးကြောက်နေခဲ့ရတာလေ။ ခုတော့ ... စိတ်နည်းနည်းတော့ အေးနေရပြီ။

"ဟဲ့ ... အမုန်းမိုး နင်ခြေထောက်က ပြေးတာနှေးလှချည်လား ငါ့စက်ဘီးကိုမှီအောင် ပြေးလိုက်ပါဆိုတာကို မမှီနိုင်ဘူး။ ယောက်ျားဖြစ်ပြီး ပျော့ညံ့လိုက်တာဟယ် ... "

သုသုစကားကြောင့် မောရသည့်အထဲ ရင်ဝထဲ ဆို့တက်သလို ခံစားရသည်။

တော်တော် အပြောကောင်းတဲ့သုသု။

သူမကတော့ စက်ဘီးလေးနင်းပြီး ငြိမ့်ငြိမ့်လေး ပတ်စီးနေတယ်။ တစ်ဖက်သားကိုတော့ ခြေလျင် တမင်ပြေးလိုက်ခိုင်းနေတယ်။ ဒါကို မိခင်ဖြစ်သူ ဒေါ်နှင်းဒါလီကလည်း လုံးဝမတားဆီး။ သုသု တမင်ညစ်ပြီး အမုန်းမိုးကို မဟုတ်တာခိုင်းစေနေခြင်းကို သိ





နေပါလျက် သမီးဖြစ်သူ စိတ်ချမ်းသာနေတာ၊ ပြုံးရွှင်နေတာလေးကိုသာကြည့်ပြီး ကျေနပ်နေသည်။

"ငါ ... ငါ ... လိုက် ... လိုက် ... ဟောဟဲ ... ရှူး ... ရှဲ ဟော ... ဟောဟဲ ... "

အပြေးတစ်ပိုင်းနဲ့ပြောချင်တဲ့စကားပင် လေသံမဆက်ချင်တော့။

"အပိုတွေပြောမနေနဲ့ ... မြန်မြန်လိုက်ခဲ့ ... "

စက်ဘီးလေးကို အရှိန်နည်းနည်းထပ်မြှင့်ကာ နင်းလိုက်တယ်ဆိုလျှင်ပဲ အမုန်းမိုး မျက်ဖြူလန်မတတ်ပင် ဖြစ်သွားတာကို မြင်လိုက်ရသည်။ သုသု နှုတ်ခမ်းလေးတွေ ဝိုပြင်စွာပင် ပြုံးလိုက်မိ၏။

အမုန်းမိုး ...

နင်က သုသုကို မခံချင်အောင် ရန်စလိုက်တာကိုး။

နင်ထင်လား ...

သုသုဟာ အလွယ်တကူနဲ့ အပြစ်ကိုခွင့်လွှတ်တတ်တဲ့သူလို့ နင်က ထင်နေတာလား။

နင်သိထားဖို့က ...

သုသုမျက်လုံးထဲမှာ အဲဒီအလုပ်သမားက အမြင်ကတ်စရာ ဖြစ်သွားပြီဆိုရင်တော့ မလွယ်ဘူးပဲ အမုန်းမိုးရဲ့။ သူဘာပဲဖြစ်ဖြစ်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနေနေ အကောင်းကိုမမြင်နိုင်တော့တာ ငါ့အကျင့်ပဲလေ။

ခုတော့ ...

နင်သိသွားပြီ မဟုတ်လား အမုန်းမိုး။

ငြင်းလေ ...

ငါမလုပ်နိုင်တော့ပါဘူးလို့ ငြင်းလေ။

ဟင်း ... ဟင်း ...

နင်မငြင်းပယ်ရဲဘူး မဟုတ်လား။ ငါဘာခိုင်းခိုင်း လုပ်ပါ့မယ်လို့ပေးခဲ့တဲ့ ကတိအတိုင်း နင်လုပ်နေရတာလေ။ ငါကတော်တော့လို့ မပြောမချင်း နင်လုပ်ရမယ်အမုန်းမိုး။ နင် ငါ့ကိုသဘောတူထားတဲ့အတိုင်းနေရမှာ။ ငါ့စိတ်နဲ့နင့်ကိုယ် နေရမယ်အမုန်းမိုး။ အဲဒါမှနေမဟာခြိကြီးထဲမှာ နင်နေခွင့်ရမှာ။

"ဟယ် ... "

"ဝုန်း ... "

"အမေ့ ... "

အတွေးတွေနဲ့ လွှန်သွားတဲ့ သုသုတစ်ယောက် အရှေ့က ပန်းစိုက်ထားသည့် ဘောင်ကလေးကိုမမြင်ဘဲ တိုက်မိကာ စက်ဘီးရော လူပါ လဲကျသွားတော့သည်။

"သု ... သု ... "

အမုန်းမိုး အပြေးတစ်ပိုင်းပင် စက်ဘီးလေးနဲ့အတူ လဲကျ





သွားတဲ့ သုသုအနားရောက်သွား၏။ ဆင်ဝင်အောက်တွင် ရပ်ကြည့်နေသော လူကြီးတွေလဲ အပြေးတစ်ပိုင်း လာနေကြတာ တွေ့ရသည်။

"သု ... ဟောဟဲ ... သု ... "

"အဟင့် ... ဟင့်"

သုသုတစ်ယောက် သူ့ကိုမြင်မှပင် အသံကြီးထွက်ကာ အော်ငိုတော့သည်။

"နင် ... နင် ... ဘယ်နား နာသွားလဲ"

"သွား ... မလာနဲ့ ... ငါ့အနားမလာနဲ့၊ ငါ့အသားကိုလဲ မထိနဲ့၊ အဲဒါ ... နင့်ကြောင့်ဖြစ်တာ၊ ဟီး ... ဟီး ... ဟီး"

ဟိုက် ...

အမုန်းမိုးတစ်ယောက် သုသုရဲ့စွတ်စွဲချက်လေးကို ကြားပြီးနေရာလေးမှာပင် ဖင်ထိုင်လျက် လဲကျသွားရသည်။

သူ့ကြောင့်တဲ့လေ။

မဆိုင်တာမှ လုံးဝကိုမဆိုင်တာပါ။

သုသုရှိနေတဲ့နေရာနဲ့ အမုန်းမိုးပြေးနေတဲ့နေရာက တော်တော်ကြီးကို အလှမ်းကွာဝေးလွန်းနေတာပါ။ ဒါနဲ့များတောင် သူလုပ်တာဟု သုသုက အပြစ်ပုံချနေသည်။

"ငါ ... ငါ ... နင့်ကို ဘာလုပ်မိလို့လဲသုသု"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အကြောင်း စဉ်းစားမိလို့ ငါအုတ်ဘောင်ကို သတိမထား မိဘဲ ဝင်တိုက်မိတာပေါ့ဟဲ့ ... အစုတ်ပလုတ်ရဲ့ ... အီးဟီးဟီး။ နာတယ် ... ဒူးခေါင်းကနာတယ်"

ထိုစဉ် ...

လူကြီးတွေ ရောက်လာကြသည်။

"ဟယ် ... သုသု ... သမီးလေး ဘာဖြစ်သွားလဲ ... မာမီ့ သမီးလေး ... "

"မာမီ ... အဟင့် ... ဟင့်"

သုသုတစ်ယောက် မာမီရင်ခွင်ထဲ မျက်နှာအပ်ကာ ငိုလိုက်မိသည်။

"သမီး ... ပြစမ်း ဘယ်နေရာထိသွားလဲဆိုတာ"

"ဒီနေရာ ... ဒီနေရာ ... ဟောဒီနေရာ"

သုသုလက်ညှိုးထိုးပြသမျှ နေရာတွေကို အန်တီ ဒေါ်နှင်းဒါလီက ဂရုတစိုက်ကြည့်သလို အဘရွှေရော၊ အိမ်အလုပ်သမား ကောင်မလေးတွေပါ ဝိုင်းပြီး ကြည့်ကြသည်။

"ဒူးခေါင်းက နည်းနည်းပွန်းပြီး သွေးစို့သွားတာပါ ... တစ်ခြား ကြီးကြီးမားမားတော့ မထိပါဘူး"

အဘရွှေက ဒဏ်ရာကိုကြည့်ပြီးပြောသည်။

"တော်ပါသေးရဲ့ ဦးဘရွှေရယ် ... ကျွန်မဖြင့် သမီး လဲကျ





သွားတာမြင်ရတော့ မျက်လုံးထဲကို ပြာခနဲဖြစ်သွားတာပဲ ပွေ့ခဲ့ပေး ဦးဘရွှေရယ် ... ဆေးထည့်ပေးရအောင် ခေါ်လာခဲ့ပေးပါ"

ဒေါ်နှင်းဒါလီစကားကြောင့် ဦးဘရွှေ တစ်ယောက် သုသုကို ချီလိုက်သည်။ တိုက်အိမ်ကြီးဆီသို့ အားလုံးရဲ့ခြေလှမ်းတွေ ဦး ည်လိုက်ကြ၏။

"မာမီ ... "

"ပြော ... သမီး"

"သမီး အခုလိုဖြစ်ရတာ အမုန်းမိုးကြောင့်သိလား ... အဲဒီ မုန်းမိုးကြောင့်ဖြစ်ရတာ ... အဟင့် ... ဟင့်"

"အေးပါကွယ် ... အေးပါ၊ အဲဒီကောင်လေးကိုတော့ မေမေ ကြက်မွှေးတံမြက်စည်းနဲ့ကို ရိုက်ဦးမယ်"

သုသုစိတ်ပြေအောင် ဟန်ဆောင်ပြီး ဒေါ်နှင်းဒါလီက ပြော က်ခြင်းဖြစ်သည်။

ဒါကို ...

ဦးဘရွှေရော အလုပ်သမားကောင်မလေးတွေပါ ရိပ်မိတာမို့ အားလုံးက ပြုံးလိုက်ကြသည်။ မပြုံးနိုင်၊ မပျော်နိုင်သူက အမုန်းမိုး ပဲ။ သူလည်း ဘာမှအပြစ်မလုပ်မိပါဘဲ သက်သက် အရိုက်ခံရဦး ည်ဆိုသည့် အသံကြားလိုက်ရတာနှင့် တစ်ကိုယ်လုံး တစ်ဆတ်ဆတ် န် တုန်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးနှင်းဒါလီ ... ကြီးကြီးနှင်းဒါလီ"

"ဟော့..."

"ဟိုလေ ... ကျွန်တော် ... ကျွန်တော် သုသုကို ဘာမှမလု ပါဘူးဗျာ ... သူက စက်ဘီးနောက်ကပြေးလိုက်နိုင်းလို့ မမီသေးဘူ သူ့ဘာသာ အုတ်ခုံနဲ့ဝင်တိုက်ပြီး လဲကျသွားတာပါ။ ကျွန်တော် ဘာမှမလုပ်ပါဘူး ကြီးကြီးနှင်းဒါလီရယ် ... တကယ်ပြောတာပါဗျာ ကျိန်ဆိုလဲ ကျိန်ပြပါ့မယ် ..."

"ဟေ ... အေး ... ဟုတ်လား ..."

အမုန်းမိုးဆိုတဲ့ကောင်လေးက မိမိကိုရိုက်မှာကြောက်ပြီ ဖြေရှင်းပြနေသည်။ ကလေးဆိုတော့လည်း အခက်သားပဲ။ မိမိ ဟန်ဆောင်ပြောတာကို အဟုတ်ပဲထင်မှတ်နေသည်။ သမီးလေ သုသု ရှေ့မှာမို့ အမုန်းမိုးဆိုတဲ့ကောင်လေးကို ဒေါ်နှင်းဒါ တစ်ယောက် ဘယ်လိုရှင်းပြရမလဲ မသိတော့ချေ။

"အလကား ... မာမီ၊ အမုန်းမိုးညာနေတာ ... လိမ်ပြော တာ၊ သူ့ကြောင့်အခုလိုဖြစ်ရတာ၊ သူ့စကားကို လုံးဝမယုံနဲ့မာ သုသုပြောတာပဲယုံ ..."

"အေးပါ သမီးရယ် ... မာမီ သမီးစကားပဲယုံပါတယ်"

"မဟုတ်ဘူး ကြီးကြီးနှင်းဒါလီ၊ ကျွန်တော်နဲ့အဝေးကြီး ဖြစ်တာပါဗျာ ... သူလဲကျသွားလို့စိတ်ပူပြီး ကျွန်တော်ပြေးကြည့်





တာ၊ အဲဒါနဲ့ပဲ သူ့ကိုလုပ်တယ်ဆိုပြီးဖြစ်ရော ..."

"ပြဿနာပဲ ... ဦးဘရွှေရေ ... ဒီနှစ်ယောက်ကြား ကျွန်မ တော့ ဘာပြောရမှန်းတောင်မသိတော့ဘူး"

ဒေါ်နှင်းဒါလီ အသံလေးထွက်ကာပင် ညည်းလိုက်မိသည်။

"ကျွန်တော် တကယ်ပြောတာပါ ကြီးကြီးနှင်းဒါလီ"

"ဟိတ်ကောင် ... အမုန်းမိုး၊ မင်းပါးစပ် မပိတ်သေးဘူးလား၊ မင်းကို ငါဘာပြောထားလဲ အမုန်းမိုး၊ သုသုကိုသည်းခံရမယ်လို့ သေ ချာမှာထားတယ်မဟုတ်လား ... သုသုစိတ်ကျေနပ်အောင် မင်းနေ ထိုင်ပြောဆိုရမယ် ... သုသုက မင်းမှားတယ်ဆိုရင်လဲ ခေါင်းညိတ် သာ ဝန်ခံဟေ့ကောင် ... စကားကျောတွေရှည်မနေနဲ့၊ မင်းဒီခြံက နေတစ်ခြားသွားနေစရာရှိလို့လား အမုန်းမိုး ... ဒီမှာနေချင်ရင် ဒီခြံ ရှင်တွေ စိတ်ချမ်းသာအောင်ထားရမယ်၊ အခုက ... သုသုလေး စိတ်ချမ်းသာဖို့ပဲ၊ မင်းဘာမှ ဆက်မပြောနဲ့တော့ ..."

အဘရွှေက အသံမာမာနှင့်ဟောက်၏။

ဒီတော့မှ ...

အမုန်းမိုးပါးစပ်လေးပိတ်ကာ တိတ်ဆိတ်သွားတော့သည်။ သုသုလည်း ဘာသံမှမထွက်တော့။ တိုက်အိမ်ကြီးထဲ အားလုံးဝင် လိုက်သည်ဆိုလျှင်ပဲ အဘရွှေနဲ့ကြီးကြီးနှင်းဒါလီက ဧည့်ခန်းကြီးက ဆက်တီခုံကြီးတွေရှိတဲ့ဆီ ဦးတည်သွားပြီး၊ အလုပ်သမား မခင်က



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းဆီ ဒဏ်ရာဆေးဖို့ ရေပူ ရေအေးသွားစပ်သလို၊ မထားထားကလည်း ဆေးသေတ္တာဗူးကို ပြေးယူသည်။

ကိုယ်စီအလုပ်ရှုပ်နေချိန်မှာ အမုန်းမိုးကတော့ ဆိုဖာဆက်တီကြီးတွေနဲ့ ခပ်လှမ်းလှမ်းလေးမှာ တစ်ယောက်တည်း မတ်တပ်ကလေးရပ်လို့။

ဘယ်အချိန်များ အရိုက်ခံရမလဲဆိုပြီး အသင့်ကလေး စောင့်ဆိုင်းနေမိသည်။

အဘရွှေပြောတာလဲ အမှန်ပါပဲ။

နေမဟာစံအိမ်တော်ကြီးရဲ့ အရှင်သခင်က ဦးနေမင်းအုပ်ဆိုပေမယ့် အာဏာ၊ ပါဝါအရှိဆုံးက တစ်ဦးတည်းသောသမီးဖြစ်သူ သုန္ဒြေမင်းအုပ် ခေါ် သုသုပဲ ဖြစ်သည်။

သုသု ဒါဆိုဒါပဲ။

သုသုပြောသမျှ ဦးနေမင်းအုပ်ရော ဒေါ်နှင်းဒါလီကပါ အကြိုက်ဆောင်လိုက်လုပ်ပေးကြရသည်။ သုသုမျက်နှာလေး ပြုံးရွှင်နေမှပဲ အလိုမကျ စိတ်ကောက်နေပြီဆိုလျှင် လင်မယားနှစ်ယောက်စလုံး ပျာယာခတ်အောင်ပင် ချော့မော့နေရပြီ။

အဲဒီလောက် ... အရေးကြီးတဲ့သူကိုမှ အမုန်းမိုးက ပြဿနာသွားရှာမိတာပါ။

"မာမီ ... "





"ပြော ... သမီး"

"ဆေးထည့်ပြီးပြီမဟုတ်လား ... အမုန်းမိုးကို ရိုက်တော့လေ"

"အဲ ... "

သမီးဖြစ်သူရဲ့စကားလေးကြောင့် ဒေါ်နှင်းဒါလီပင် အကြပ်ရိုက်သွားရသည်။

ထိုပြဿနာကို ကြားဝင်ဖြေရှင်းတာက ဦးဘရွှေ။

ဒေါ်နှင်းဒါလီရဲ့ မျက်နှာကြောင့် အမုန်းမိုးကို အပြစ်မရှိပါဘဲ ရိုက်ချင်ဘူးဆိုတာသိ၍ ထိုအခက်အခဲကို ဖြေရှင်းပေးလိုက်တာလေ။ သုသုက အမုန်းမိုး အရိုက်ခံရတာကိုပဲ မြင်ချင်နေတာ မဟုတ်သား။ သုသု စိတ်ကျေနပ်အောင်လို့ ရိုက်ပြမှကို ဖြစ်တော့မည်။

"ထားထား ... "

"ရှင် ... အဘရွှေ"

"ဘယ်မလဲ ကြက်မွေးတံမြက်စည်း တုတ်တံ ... "

"ဟို ... ဒီ ... ဒီမှာ အဘရွှေ ... "

ဆိုဖာခုံတွေ သုတ်သော ကြက်မွေးတုတ်အား သွားယူပြီး အဘရွှေလက်ထဲသို့ ထားထား ထည့်ပေးလိုက်သည်။

"သုသု ... ဒီမှာကြည့်၊ ဒီကောင့်ကို အဘရွှေ ကိုယ်တိုင်ရိုက်ပြီး ဆုံးမပြမယ် ... "



www.burmeseclassic.com

www.burmeseclassic.com

"ရှမ်း ... ရှမ်း ... "

"အမလေးဗျ ... "

"ရှမ်း ... "

"အ ... "

"ရှမ်း ... ရှမ်း"

အဘရွှေရဲ့ ပြောင်မြောက်တဲ့လက်သံကြောင့် အမုန်းမိုးရဲ့ တင်ပါးလေးပင် ကော့တက်သွားရသည်။

နာလွန်းသဖြင့် တင်ပါးကိုလက်ဖနောင့်လေးနှင့် ပွတ်မိ၏။ ငိုတော့မငိုချင်ပါ။ အံကိုတင်းတင်းကြိတ်ပြီး အောင့်ခံမိသည်။ သူ မလုပ်ဘဲ အပြစ်ပေးခံရတာ မဟုတ်လား။ ရင်ထဲမှာတော့ ကျင်စက်နဲ့အတို့ခံရသလို နာကျင်စူးရှနေရသည်။

သူ့ကိုရိုက်တော့မှ သုသုဆီက ရယ်သံလေးထွက်လာ၏။ ဒီတော့မှ လူကြီးတွေအားလုံး သက်ပြင်းမောကို ကိုယ်စီချနိုင်ကြတော့သည်။

အခန်း ( ၆ )

"အမုန်းမိုး ... "

"ဗျာ ... အဘရွှေ ... "

"မင်းကိုရိုက်လို့ အဘရွှေကို စိတ်ဆိုးသွားပြီလား"

"မဆိုးပါဘူး ... အဘရွှေ"

"အေးကွာ ... မင်းလည်းတော်တော်လေးကို ကံဆိုးရှာတာပဲ၊ သုသု အရင်က အဲဒီလိုမျိုးမဟုတ်ပါဘူး၊ အလိုလိုက်လွန်းလို့ ကလေးဆိုး ဆိုးနွဲ့တာပဲရှိတယ် ... အခုတော့ ... မင်းကို သူက သဲသဲမဲမဲကို မုန်းတီးနေတာကွ ... မင်း အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန်နေနေရတာကိုပဲ သူကမကြည့်ချင်တာလေ၊ ဒီမှာက သုသုက ဗိုလ်ပဲ၊ မင်းတော့ ရှေ့လျှောက်ဒုက္ခတွေပဲ ဆက်တိုက်ကြုံရတော့မယ် အမုန်းမိုး ... ဒီကောင်မလေး ဘာကြောင့် အဲဒီလောက်တောင်ပဲ ပြောင်းလဲသွားသလည်းတော့ မသိတော့ပါဘူးကွာ"


www.burmeseclassic.com

www.burmeseclassic.com



အမုန်းမိုးအတွက် စိတ်မကောင်းဖြစ်နေဟန်ဖြင့် အဘရွှေက ညည်းပါသည်။ သုသုရှေ့မှာ ရိုက်ခဲ့ရခြင်းအတွက်လည်း အမုန်းမိုးကို နားလည်အောင် ရှင်းပြကာ အဘရွှေ တောင်းပန်သည်။

အမုန်းမိုး နားလည်တာပေါ့။

အဘရွှေ သူ့ကိုရိုက်တာရင်ထဲကပါလို့ မဟုတ်ဘူးဆိုတာ။ သုသုရှေ့မှာ သူမလေး စိတ်ကျေနပ်သွားအောင်ပဲ ရိုက်ပြခဲ့ခြင်းဖြစ်သည်။

"အမုန်းမိုး ..."

"ဗျာ ..."

"မင်း ... သုသုနဲ့ပြဿနာ ဖြစ်ထားသေးလား"

အဘရွှေရဲ့အမေးကို သူခေါင်းလေးညိတ်ကာပင် ဝန်ခံမိသည်။ အဘရွှေကိုတော့ အမုန်းမိုး ဘာတစ်ခုမှ လျှို့ဝှက်မထားချင်ဘူးလေ။ ဒါကြောင့်လဲ သုသုနဲ့စတင်ဆုံတွေ့ခဲ့ရချိန်က အဖြစ်အပျက်တွေကို ပြောပြမိသည်။ သူပြောပြတာကို နားထောင်ပြီး အဘရွှေ ခေါင်းကို ဖြည်းညင်းစွာညိတ်ပြီး ...

"မင်းက မီးခဲကိုမှသွားကိုင်မိတာကိုး၊ မင်းလက်ပူမှာပေါ့ကွာ၊ သုသုနဲ့မှ ပြဿနာဖြစ်ရတယ်လို့၊ ဒီကောင်မလေးက စိတ်တစ်မျိုးကွ ... သူကြည့်လို့ရတဲ့သူဆိုရင် သူ့အပေါ်မကောင်းတာလုပ်လဲ စိတ်မဆိုးဘဲ ငြိမ်ခံနေတာပဲ ... အဲ ... သူမကြည့်ဘူးဆိုရင်တော့ အဲဒီလူ





ကောင်းကောင်းကို မနေရတော့ဘူးမှတ်၊ သူက ပညာပေးတဲ့နေရာမှာတော့ အရွယ်လေးနဲ့မလိုက်အောင်ကိုတော်တာကွ ... မင်းတော့ ဒုက္ခရောက်ပြီပဲ အမုန်းမိုးရေ ... ဘယ်တတ်နိုင်မလဲကွာ၊ ငါတို့မှာလဲ မှီခိုစရာဆိုလို့ ဒီနေမဟာခြံကြီးပဲရှိတာဆိုတော့ သုသုရဲ့ဒဏ်ကိုတော့ ခံလိုက်ဦးပေါ့ကွာ ... "

အမုန်းမိုး ဘာမှပြန်မပြောဘဲ ခေါင်းလေးသာငုံ့ပြီး နေမိသည်။

"အမုန်းမိုး ..."

"ဗျာ ... အဘရွှေ"

"မင်းရွာမှာ ကျောင်းနေခဲ့ဖူးတယ်နော် ... "

"ဟုတ်ကဲ့ ... ကျွန်တော် အခုတတိယတန်းတက်နေတာလေ"

အဲ ...

ပြောပြီးမှ အမုန်းမိုး သတိရသွားသည်။ အဘရွှေ သူ့ကိုဘယ်ကျောင်းမှာတက်သလဲဆိုပြီး ရွာကိုပြန်ပို့နေမှ အမုန်းမိုးအတွက် ခက်ရတော့မည်။

"အမုန်းမိုး ..."

"ဗျာ ..."

"မနေ့က စကားစပ်မိလို့ မင်းအကြောင်းကို သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းအုပ်နဲ့ပြောဖြစ်ကြတယ်၊ နေထိုင်ရေးနဲ့စားသောက်ရေးက တော့ အဆင်ပြေပါတယ် ... အဓိက မင်းရဲ့ပညာရေးပေါ့ကွာ"

"ဗျာ ... ပညာရေး ဟုတ်လား အဘရွှေ ... "

"အေး ... ဟုတ်တယ် ... မင်းကို နောက်နှစ်ကျရင် ကျောင်း ပြန်ထားပေးမယ်လို့ သူဌေးကြီး ဦးနေမင်းအုပ်ကတော့ ပြောနေ တာပဲ ... ငါလဲ မင်းကိုကျောင်းထားချင်နေတာနဲ့တော့ အတော်ပဲ ဖြစ်သွားတာပေါ့ကွာ၊ ငါမပြောခင် သူ့ဘက်က လမ်းကြောင်းဖွင့်ပေး လိုက်တော့ အဆင်ပြေသွားတာပေါ့ ... "

"ဟာ ... ဒါ ... ဒါဆို ကျွန်တော် ကျောင်းနေရမှာပေါ့နော် အဘရွှေ ... စာသင်ခွင့်ရမှာပေါ့ ... "

"အေး ... "

"ဟာ ... ဝမ်းသာလိုက်တာဗျာ ... ဝမ်းသာလိုက်တာ"

အမုန်းမိုး ...

အရိုက်ခံထားရသော အနာရှိန်လေးကိုပင် မေ့ပျောက်ကာ နေရာလေးမှာတင် ခုန်ပေါက်နေမိတော့သည်။

အမုန်းမိုး ရွာကနေ အမေ့ကိုရှာချင်စိတ်နဲ့သာ ထွက်လာ တာလေ။ ကျောင်းတစ်ဝက် တစ်ပျက်နှင့် ပညာရေးက ရပ်သွား သည်။ စာကိုတော့ အမုန်းမိုး သင်ချင်၏။ အမေက အမုန်းမိုးကို ပညာတတ် တစ်ယောက် ဖြစ်စေချင်တာလေ။ အမေနဲ့အဖေက





ပညာတစ်ပိုင်း တစ်စနဲ့ စိတ်လေလွင့်ခဲ့လို့ ပညာတတ်ဖြစ်မလာပေ။

အမေက သူပညာမတတ်လို့ အလုပ်ကို ပင်ပင်ပန်းပန်း ခန္ဓာ ကိုယ်အင်အား အသုံးပြုကာ လုပ်ကိုင်ရသည်။ ဝမ်းစာရေးအတွက် မောမောပန်းပန်းရှာဖွေရသည်ဆိုကာ သားဖြစ်သူကို သူ့လိုဘဝမျိုး ရှောင်ကန်ရအောင် ပညာရေးကို အလေးထားကာ သင်စေသည်။

ကျောင်းစရိတ်ကို အလုံအလောက်ထောက်ပံ့၏။ ကျောင်း တက်နေတဲ့ အမုန်းမိုး လုံးဝမျက်နှာမငယ်စေရပါ။ သူတကာရဲ့ ခိုင်း စေတ်ဖြစ်တဲ့ မိခင်က အမုန်းမိုးကိုတော့ ဖူးဖူးမှုတ်ကာ ပေါ်ကျေ့ အလေးထားပြီး အေးဆေးပညာသင်စေ၏။

ရွာကနေ ထွက်လာတော့ အမေဖြစ်စေချင်တဲ့ ပညာတတ် တစ်ယောက် မဖြစ်နိုင်တော့ဘူးဆိုကာ တွေးမိပြီး စိတ်မကောင်း ဖြစ်ကာ မျက်ရည်များပင် ကျခဲ့ရသည်။

ခုတော့ ...

အမုန်းမိုးရဲ့ အိပ်မက်တွေ ပြန်ရှင်သန်လာခဲ့ပြီ။

ဦးနေမင်းအုပ်က ကျောင်းပြန်ထားပေးမယ်တဲ့လေ။

"အမုန်းမိုး ... "

"ဗျာ ... "

"ကျောင်းနေခွင့်ရတော့မယ်ဆိုပြီး မင်းပျော်နေပြီ မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တာပေါ့ အဘရွှေရဲ့ ... "

"အေး ... မင်းသိပ်လည်း အပျော်မလွန်နေနဲ့ဦး၊ တော်ကြာ နေ သုသုက မင်းကျောင်းအရမ်းတက်ချင်တာ သိသွားရင် သူ့အဖေ ကို ကျောင်းမထားဖို့ ဗွတ်အတင်းပူဆာနေဦးမယ် ... "

အဲ ...

အဘရွှေစကားကြောင့် ခုန်ပေါက်နေသော ခြေထောက် ကလေးတွေ ရပ်သွား၏။

အဘရွှေ ပြောသလိုလဲ ဖြစ်နိုင်တာပဲလေ။

သုသုက အမုန်းမိုးနဲ့ ပတ်သက်ရင်ကို စိတ်ကောင်းမမွေးနိုင် တာ။ အမုန်းမိုးကို ကျောင်းထားမယ့်ကိစ္စ သုသုလည်းသိနိုင်သည်။

ဘုရား ... ဘုရား ... ။

အဘရွှေ ပြောသလို မဖြစ်ပါစေနဲ့။

သုသု မကန့်ကွက်ပါစေနဲ့ဘုရား။

အမုန်းမိုးတစ်ယောက် ရင်ထဲကနေ ကြောက်ရွံ့စွာပင် ဆုတွေ အကြိမ်ကြိမ် တောင်းနေမိသည်။

"အမုန်းမိုး ... "

"ဗျာ ... "

"မင်းကျောင်း တကယ်နေချင်လား ... "

"နေ ... နေချင်တာပေါ့အဘရွှေရယ် ... ကျွန်တော် ပညာ





တတ်တဲ့ရတစ်ယောက် ဖြစ်ချင်တယ်"

"အေး ... မင်းကျောင်းနေချင်ရင် အဘရွှေ ပြောစကားကို သေချာလိုက်နာရမယ် ... ကြားလား အမုန်းမိုး"

"ဟုတ် ... ဟုတ်ကဲ့ အဘရွှေ၊ အဘရွှေစကားကို ကျွန်တော် သေချာလိုက်နာပါ့မယ်ဗျာ ... "

"အမုန်းမိုး ... "

"ဗျာ ... "

"သုသုက မင်းကိုကြည့်မရလောက်အောင်မုန်းနေတာကွ၊ ခင်းကောင်းစားတာမျိုး သူမြင်တွေ့ချင်မှာမဟုတ်ဘူး၊ သုသုက ဆည်း ကလေးသာသာရှိသေးတာဆိုတော့ ပြောပြလည်း ဘာမှကို နားလည်မှာမဟုတ်ဘူးလေ ... သူ့အတွေး၊ သူ့ဆန္ဒအတိုင်းပဲ ရှင်သန် ချင်မှာ၊ ခက်တာကလည်း ဦးနေမင်းအုပ်ကိုယ်တိုင်ကိုက သမီးကို ချစ်လွန်းပြီး အလိုလိုက်နေတာကြောင့်ပဲ၊ သုသုဆန္ဒအတိုင်းဖြစ် အောင်လုပ်ပေးတာကြီးက ဆိုးတာ"

အဘရွှေရဲ့စကားလေးတွေကို နားထောင်နေတဲ့ အမုန်းမိုး တစ်ယောက် စောစောက ပျော်ရွှင်နေသည့် စိတ်ကလေးပင် ဘယ် ရောက်သွားမှန်းမသိအောင်ကို ပျောက်ကွယ်သွားရသည်။

အဘရွှေ ပြောတဲ့စကားထဲမှာ သူဌေးကြီး ဦးနေမင်းအုပ်က သုသုပြောတဲ့အတိုင်းပဲ လိုက်လုပ်ပေးတာတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ...

အမုန်းမိုး ကျောင်းနေရမယ့် အရေးက မျှော်မှန်းလို့ရ[illegible] မလား။ သူသုက ကန့်ကွက်လျှင် ခက်ပြီ။

"အမုန်းမိုး ... "

"ဗျာ ... "

"ဘာလဲ ... မင်းစိတ်ဓာတ် အရှုံးကျသွားပြီလား၊ စိတ်[illegible] ပါနဲ့ကွ ... အဘရွှေ သုသုကို အဆင်ပြေအောင် ပြောပေးပါ့မယ်"

"ဟုတ်ကဲ့ ... "

"မင်း အဘရွှေကို ယုံတယ်မို့လား ... "

"ယုံ ... ယုံပါတယ် အဘရွှေ ... "

ခေါင်းလေးကို ညင်သာစွာ ညိတ်သည်။

"ကဲ ... အမုန်းမိုး၊ မင်းရေမချိုးရသေးဘူး မဟုတ်လား၊ သွား[illegible] သွား ... ရေမိုးချိုးပြီးနားတော့ ... "

"ဟုတ်ကဲ့ ... "

အမုန်းမိုး သွက်လက်စွာပင် ထိုင်ရာမှထကာ ရေမိုးချိုး[illegible] ပြင်သည်။

ဦးဘရွှေ တစ်ယောက်မှာတော့ ...

အနားကနေ ထွက်သွားတဲ့ အမုန်းမိုးဆိုတဲ့ကောင်လေးရဲ့ နောက်ကျောလေးကိုသာ ငေးရင်း သက်ပြင်းတွေ အလီလီချကာ





[illegible]နေရစ်ခဲ့တော့၏။

ဘယ်ဘဝက ရေစက်ပါလဲ။

အမုန်းမိုးဆိုတဲ့ ကောင်ကလေးနှင့် မထင်မှတ်ဘဲ ဦးဘရွှေ [illegible]ခဲ့ရသည်။ ကောင်လေးကို သံယောဇဉ်တွေ တွယ်ငြိနေမိ၏။ ပစ် [illegible]ထားရက်စွာပင် စောင့်ရှောက်ဖို့ စိတ်ပိုင်းဖြတ်မိသည်။

အခု ...

ဦးဘရွှေ ခေါင်းထဲ အတွေးရှိနေတာ ကောင်လေးရဲ့ ပညာ [illegible]ရေးပဲ။

ဦးနေမင်းအုပ်နဲ့တော့ တိုင်ပင်ဆွေးနွေးပြီးပြီ။

ကျောင်းထားခွင့်လည်း တောင်းပြီးပြီလေ။

ဦးနေမင်းအုပ်က ကုန်ကျစရိတ်အားလုံး သူတာဝန်ယူတယ် [illegible]။

ခက်တာက ...

သုသု။

ဒီကောင်မလေးကိုတော့ ပညာသားပါပါနှင့် ရင်ဆိုင်မှုကို [illegible]သည်။

ဘယ်လိုလုပ်ရမလဲ။

ဦးဘရွှေတစ်ယောက် အတွေးတွေနှင့်သာ လုံးထွေးပြီး ငြိမ် [illegible]သက်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

အဘရွှေတစ်ယောက် သုသုကို ဘယ်လိုစကားမျိုးတွေနဲ့ စည်းရုံးလိုက်သလဲတော့မသိ။

ဒီနှစ်ကျောင်းပြန်ဖွင့်လျှင် အမုန်းမိုး ကျောင်းနေရမည်တဲ့လေ။

ပျော်လိုက်တာ။

အမုန်းမိုးအတွက်တော့ ဝမ်းသာပီတိဖြစ်စရာသတင်းစကားလေးပဲဖြစ်သည်။ ဦးနေမင်းအုပ် ဝယ်ပေးထားတဲ့ ကျောပိုးအိတ်နဲ့ ကျောင်းဝတ်စုံတွေ ပြီးတော့ မိုးတွင်းစီးကြိုးသိုင်းဖိနပ်အကောင်းစားလေး၊ မိုးကာအင်္ကျီလှလှလေး၊ စာအုပ်တွေနဲ့ စာရေးကိရိယာက စုံလင်လှသည်။

အမုန်းမိုးပင် တစ်ခါမှမြင်ဖူးခြင်းမရှိတဲ့ ပစ္စည်းအသစ်အဆန်းတွေရယ်ပါ။ ဒါတွေကို တစ်နေ့တည်း၊ တစ်ရက်တည်းမှာပဲ အဘရွှေ





ယ်ထည့်ပေးလိုက်၏။

အားလုံးက အမုန်းမိုးတစ်ယောက်တည်း အတွက်ပဲတဲ့လေ။

"အမုန်းမိုး ... "

"ဗျာ ... အဘရွှေ ... "

"မင်းကျောင်းတက်ရတော့မယ်ဆိုပြီး အရမ်းပျော်နေလား"

"ပျော်တာပေါ့အဘရဲ့ ... အရမ်းပျော်တယ်၊ ဟား ... ဟား ... ဟား ... "

"အေးကွာ ... ပျော် ... ပျော် ... အခုနေတုန်း အားရအောင် ...ာ ပျော်ထားတော့ ... "

အဘရွှေရဲ့စကားကြောင့် ရယ်မြူးရိပ်တွေနဲ့ ယှက်သန်းနေ...့ အမုန်းမိုးရဲ့မျက်နှာလေးက ရုတ်ခြည်း တည်ငြိမ်သွားရသည်။

"ဘယ်လို ... အဘရွှေ၊ စောစောက အဘရွှေ ဘာပြော...ိုက်တာလဲ ... "

"မင်းကို အခုအားပါးတရ ပျော်ထားလို့ပြောတာ၊ နောက်ဆို ...တ်ရည်နဲ့မျက်ခွက် ငိုရတော့မှာလေ ... ဒါကြောင့် အခုပျော်ထား...း အမုန်းမိုးရေ ... "

"အဘရွှေ ... ကျွန်တော် ... ကျွန်တော် တကယ်ရော ...ကျောင်းတက်ရပါ့မလားဟင် ... သူဌေးကြီးက တကယ်ကျောင်း ...ားပေးပါ့မလား ... "



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ထားပေးမှာပေါ့ကွ၊ မင်းကျောင်းတက်ကိုတက်
မှာ၊ အဲဒါကြောင့်လဲ မင်းကို ဒီပစ္စည်းတွေ ဝယ်ပေးထားတာပေ့
အမုန်းမိုးရဲ့ ... "

"ဟူး ... အမလေး ... ခုမှပဲ အသက်ရှူချောင်တော့တယ်
အဘရွှေ စကားကြီးကြောင့် ကျောင်းနေခွင့်မရတော့လောက်ဘူး
ထင်နေတာလေ၊ လန့်သွားတာပဲဗျာ ... အဘရွှေ တော်တော်
နောက်တယ်"

"မလန့်နဲ့ ဟေ့ကောင် ... ငါ မင်းကိုစနောက်နေတာမဟုတ်
ဘူး၊ မင်းကျောင်းနေခွင့်ရတာတော့အမှန်ပဲ၊ သူဌေးကြီး ဦးနေမင်း
အုပ်က ထားပေးမှာ၊ မင်းရဲ့ပညာသင်စရိတ်အားလုံး သူတာဝန်ယူ
တယ်၊ မင်းက ငါ့တူလို့ပြောထားတာကိုး၊ ဒီတော့ ... ဆုံးသွားတဲ့
ငါ့ညီမရဲ့သားဆိုပြီး မိဘတွေမရှိတော့လို့ မင်းကိုစောင့်ရှောက်ကူညီ
တဲ့သဘောနဲ့ ထားပေးတာ၊ ငါ့မျက်နှာကြောင့် မင်းကျောင်းနေခွင့်
ရတာပေါ့ကွာ၊ အဲ ... ဒါပေမယ့် ... မင်းနေရမယ့်ကျောင်းက သုသု
တက်နေတဲ့ကျောင်းပဲ အမုန်းမိုး"

"ဗျာ ... "

အမုန်းမိုး မျက်လုံးကြီးတွေ ပြူးသွားရပြီ။

ပါးစပ်ကြီး အဟောင်းသားနဲ့ဖြစ်သွားရပြီ။

သုသုဆိုတဲ့အသံက သူ့နားစည်ထဲ ချိန်ကိုက်ဗုံးအလုံးတစ်ရာ





ောက် တစ်ပြိုင်ထဲ ပေါက်ကွဲသံပမာ ကြားလိုက်ရတာမဟုတ် ား။

"ဘာလဲ ... မင်းသွေးပျက်သွားပြီလား"

"ကျွန် ... ကျွန်တော်က သုသုနေတဲ့ ကျောင်းမှာတက်ရ ... ဟုတ်လား အဘရွှေ ... "

"ဟုတ်ပ့ါဗျာ ... "

အမုန်းဆီက ဘာအသံမှ မထွက်နိုင်တော့။

သုသုဆိုတဲ့ကောင်မလေးက အဲဒီလောက်တောင်ပင် အစွမ်း က်လှပါသည်။ သူမကိုအောင်မိတာလေးနဲ့ပြန်ပြီး ပေးဆပ်ရတာက မုန်းမိုး သေလုမျောပါပဲ။

အခုလည်း ... ။

သူမလေးနဲ့ စာသင်ကျောင်းတစ်ကျောင်းတည်းမှာ အမုန်း း တက်ရပေဦးမည်။

"အမုန်းမိုး ... "

"ဗျာ ... "

"ငြိမ်လှချည်လားကွ ... ဘာလဲ ... သုသုနဲ့အတူတူတက်ရ တော့မယ်ဆိုပြီး မင်းက ကြောက်နေတာလား ... "

"ဟို ... ဟို ... ကျွန်တော့်ကို တစ်ခြားကျောင်းမှာအပ်ပေး အဘရွှေ သူဌေးကြီးဦးနေမင်းအုပ်ကို ပြောပေးပါလားဟင်



www.burmeseclassic.com

www.burmeseclassic.com



အဘရွှေ ပြောရင် ရနိုင်ပါတယ် … ရပ်ကွက်ထဲက ကျောင်းလေး ဖြစ်ဖြစ်ပေါ့ … ”

“မဖြစ်ဘူး … အမုန်းမိုး … ”

ဟင် … ။

အဘရွှေက ခေါင်းလေးကို ဘယ်ညာခါယမ်းပြီး ငြင်းဆန် သည်။

အမုန်းမိုးရဲ့မျက်နှာနုနုလေး ရှုံ့မဲ့မဲ့လေးဖြစ်သွားရ၏။

“ငါကိုယ်တိုင်ပဲ အဲဒီကျောင်းမှာထားဖို့ ပြောခဲ့တာလေ ဒါကို … ငါဘယ်လိုမှ ပြန်မပြင်နိုင်ဘူး အမုန်းမိုး”

“ဗျာ … ဘယ် … ဘယ်လို အဘရွှေ၊ သူသုရဲ့ကျောင်းမှာ ထားဖို့ အဘရွှေက တောင်းဆိုခဲ့တာ … ဟုတ်လား”

“အေး … ဟုတ်တယ်”

“ဟာဗျာ … အဘရွှေကလည်း သူသုက ကျွန်တော့်ကို လောက်အမြင်ကတ် မုန်းတီးနေတာ သိရဲ့သားနဲ့”

“ဟ … အဲဒါကြောင့်လည်း အခုလိုလုပ်ခဲ့ရတာပေါ့ကွ၊ မင်း က သူသုကိုလွယ်တယ်များမှတ်နေလား၊ မင်းကိုကျောင်းထား ကိစ္စကို သူသုက လုံးဝကန့်ကွက်တာဟောကောင် … လူကြီးတွေ ဘယ်လိုမှကို ဖျောင်းဖျလို့မရဘူး၊ ငါဘယ်လောက် အသနားခံ မော့ပြောပြော လက်မခံဘူးလေ၊ ဦးနေမင်းအုပ်လဲ ဘာမှ





တတ်နိုင်ဘူးဖြစ်နေတာ … အဲဒီလိုအခြေအနေမျိုးရောက်နေလို့ အမုန်းမိုးကို သူသုရဲ့ကျောင်းမှာထားရင် သူသုခိုင်းစရာရှိတာခိုင်း လို့ရတာပေါ့လို့ ပြောလိုက်တာ သူသုက အသံလေးတိတ်ပြီး စဉ်း စားသွားတာကွ၊ ပြီးတော့မှ သူဘာတွေစဉ်းစားမိသွားသလဲတော့ မသိဘူး၊ မင်းကို ကျောင်းထားခွင့်ပေးခဲ့တယ်လေ … ငါ သူသုကို ငယ်ငယ်လေးတည်းက ထိန်းလာလို့အကြောင်းသိနေပါတယ်ကွာ၊ မင်းကို အနိုင်ကပ်နှိပ်စက်လို့ရအောင် ကျောင်းထားခိုင်းတာ”

အမလေး … ။

အဘရွှေပြောတာနှင့်ပင် အမုန်းမိုးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထသွားရသည်။

အနိုင်ကပ်နှိပ်စက်ချင်လို့တဲ့လေ။

“အမုန်းမိုး … ”

“ဗျာ … အဘရွှေ”

“မင်းယောကျ်ား မဟုတ်ဘူးလား”

“ဗျာ … ”

“ယောကျ်ားဆိုတာ ဘယ်လောက်ပဲ အခက်အခဲတွေရှိရှိ သတ္တိရှိရှိ ရင်ဆိုင်ရတယ်ကွ … ကိုယ်လိုချင်တဲ့ပန်းတိုင်ဆီ မရောက် ရောက်အောင်သွားရတယ်၊ မင်းပဲ ပညာတတ်တစ်ယောက်ဖြစ်ချင် လှချည်ရဲ့ဆို … အခု မင်းဖြစ်ခွင့်ရတော့မယ်လေ၊ အရေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းဘွဲ့ရတစ်ယောက်ဖြစ်ဖို့ပဲဟာ ... တစ်ခြားအရာတွေကိုတော့ စိတ်ရှည်သည်းခံရမှာပေါ့ကွာ ... တစ်ခုခုကို လိုချင်ရင်တစ်ခုခုတော့ မင်းပြန်ပေးဆပ်ရမှာပဲ၊ ဒါ ... သဘာဝပဲ အမုန်းမိုး၊ ဘယ်အရာမှ အလကားမရဘူးကွ ... နားလည်လား"

အဘရွှေရဲ့ ဆုံးမစကားက သူ့နားစည်ထဲမှတစ်ဆင့် ရင်ဘတ်ထဲထိ ဆင်းလာ၏။ ကြောက်စိတ်တွေနဲ့ လှုပ်ရှားမနေတော့ပါ။ တဖြည်းဖြည်း တည်ငြိမ်လာသည်။ အမုန်းမိုး နားလည်လိုက်ပါပြီ။

ဒီလောက်ဆိုရင် ...

အဘရွှေ ဘာကိုဆိုလိုချင်သလဲဆိုတာ အမုန်းမိုး ကောင်းကောင်းကြီး သဘောပေါက်သွားပြီ။ အမိကကိုသာ ရွေးချယ်ဖို့ အဘရွှေက လမ်းညွှန်ပြနေတာလေ။

"အမုန်းမိုး ... "

"ဗျာ ... "

"ဘယ့်နှယ့်လဲ၊ ကျောင်းတက်ချင်သလား၊ သုသုရန်ရှာမှာ အနိုင်ကျင့်ဗိုလ်ကျတဲ့ဒဏ် ခံရမှာစိုးလို့ ပညာမဲ့ဘဝအရောက်ခံမလား"

"ကျွန်တော် ... ကျောင်းတက်မှာပါ အဘရွှေ"

"ဒါမှပေါ့ကွ ... မင်းယောကျ်ားတစ်ယောက်ဖြစ်နေပြီး





ဘာတွေစိုးရိမ်ကြောင့်ကြနေတာလဲ၊ ရွာကနေတောင် တစ်ခါမှ ရောက်ဘူးတဲ့ မြို့ကို အရဲစွန့်တက်လာသေးတာပဲဟာကို၊ ဘာ အန္တရာယ်တွေ၊ ဒုက္ခရောက်မှာတွေ တွေးကြောက်နေသေးတာလဲ"

"ကျွန်တော် မှားသွားပါတယ် အဘရွှေ ... "

"အေး ... ပြီးရော ... မင်း ... မှာတဲ့အချက်ကို မင်းကိုယ်တိုင်သိသွားရင် ပြီးတာပဲအမုန်းမိုး ... ငါ့ကို ကတိပေးထားတယ်နော် မင်းကြောင့် အဘရွှေမျက်နှာမပျက်ရစေပါဘူးလို့၊ အခု ... ငါ့ကြောင့် မင်းကျောင်းနေခွင့်ရပြီ၊ မင်းဘက်က ငါ့ကိုတစ်ခုခုပြန်ပေးဆပ်နိုင်ဖို့ ကြိုးစား ... "

"ဟုတ်ကဲ့ ... အဘရွှေ ... "

အမုန်းမိုး ခေါင်းညိတ်တော့ အဘရွှေက ကြည်လင်စွာပင် ပြုံးပါသည်။

အမုန်းမိုးလည်း အဘရွှေနဲ့အတူ ရောယောင်ကာ ပြုံးမိ၏။

သို့သော် ...

ထိုအပြုံးလေးထဲမှာတော့ စိုးရိမ်ပူပန်ရိပ်တွေက ကင်းရှင်းလို့ မနေပါချေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ပြောင်းလဲလာခဲ့ပြီ။

အမုန်းမိုး တက်ချင်နေသော ကျောင်းလဲ တက်ခွင့်ရပါပြီ။

အသစ်စက်စက် ကျောပိုးအိတ်လေးထဲ စာရေးကိရိယာအစုံ အလင်ကို သေချာဂရုစိုက် စီစစ်ကာ ထည့်နေမိ၏။

"ဟ ... ကျောင်းသားကြီး ပြင်ဆင်လို့ပြီးနေပြီလားကွ"

"ပြီးပြီ အဘရွှေ ... ကျောင်းအင်္ကျီလဲဖို့ပဲ ကျန်တော့တာ"

အိပ်ခန်းလေးထဲကနေ အိပ်မှုန်စုံမွှားနဲ့ ထွက်လာတဲ့ အဘရွှေတစ်ယောက် သူ့ကိုမြင်တော့ အံ့ဩသွား၏။ မျက်နှာမှာ သနပ်ခါးက အဖွေးသားနဲ့လေ။

"နေစမ်းပါဦး ... မင်းရဲ့ဒီသနပ်ခါးက ဘယ်ကရတာလဲ"

"အဟဲ ... ကျွန်တော် မနက်စောစောရေမိုးချိုးပြီး မထား ထားဆီမှာ သွားသွေးလိမ်းထားတာ"





"ဟာ ... မင်းက ယောက်ျားကြီးဖြစ်ပြီး သနပ်ခါးပါးကွက် ကြားနဲ့ မရှက်ဘူးလား၊ ကျောင်းမှာမင်းကို ဝိုင်းစနောက်ကြလိမ့် မယ်"

"ရွာမှာကျောင်းတက်ရင် အမေက နေ့တိုင်းသနပ်ခါးလိမ်း ဆေးနေကျလေ အဘရွှေရဲ့ ... ကျောင်းသွားတော့မယ်ဆို မလိမ်းဘဲ နေတတ်အောင်ဖြစ်နေပြီ"

"အေးကွာ ... မင်းအကျင့်ပါနေတယ်ဆိုလဲ မတားတော့ဘူး ဘဲ ... ငါ မျက်နှာသစ်အဝတ်အစားလဲလိုက်ဦးမယ်"

"အဘရွှေ ... "

"ဟော ... "

"ကျွန်တော် ... အဘရွှေအတွက် မနက်စာသွားယူထားပေး ပြီးပြီနော် ... "

"ဟော ... ဟုတ်လား"

"ပြီးတော့ ... ကားကိုလည်း ရေဆေးထားပြီးပြီ"

"ဟော ... "

"အဟဲ ... ခေါင်မိုးကိုမမီလို့ ကုလားထိုင်ချပြီးတော့ကို သေ ချာသုတ်ထားတာဗျ ... "

"မင်း ... မင်း ... ဘယ်အချိန်ကတည်းက အိပ်ယာထတာ လဲ အမုန်းမိုး ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါးနာရီကတည်းက နိုးနေတာ အဘရွှေ၊ အိပ်လို့မပျော် တော့တာနဲ့ပဲ ထပြီးအလုပ်တွေ လုပ်နေတာ ... ဘုရားကိုရေ ဖယောင်းတိုင်၊ အမွှေးတိုင်ပါကပ်ပြီး ရှိခိုးပြီးပြီ သိလား ... အဘ အဆင်သင့်ဘုရားရှိခိုးရုံပဲ ... "

သွားလေးတွေပေါ်အောင်ရယ်ပြီး ပြောနေတဲ့ အမုန်းမိုး တဲ့ ကောင်လေးကိုကြည့်ပြီး ဦးဘရွှေတစ်ယောက် သက်ပြင်း ကလေးကိုသာ ကြိတ်ရှိုက်လိုက်မိသည်။

တကယ့်ကိုပဲ လိမ္မာရေးခြားရှိတဲ့ကလေးပါ။ ရုပ်ရည်လေး လည်း ဦးဘရွှေ စတွေ့ချိန်အခါကလို ညစ်စုတ်စုတ်လေး မဟုတ် တော့။ အသားအရည် ခပ်လတ်လတ်နှင့်စိုသန့်နေသည်။ မျက်ခုံး ထူ နှာတံချွန်ချွန်လေးနဲ့ တည်ကြည်လေးနက်မှုရှိတဲ့ ကောင်လေး ပုံစံက အသက်ရွယ်ရောက်လာလျှင်လဲ လူချောလူခန့်ကလေးတ ယောက် ဖြစ်လာမှာမလွဲချေ။

ဒါနဲ့များတောင် ဒီကလေးကို သူ့မိဘတွေက ဘာလို့စွန့် ထားခဲ့ရက်ကြပါလိမ့်။

စဉ်းစားလို့ပင် မရတော့ချေ။

"အဘရွှေ ... "

"ဟေ ... ဪ ... အင်း ... ဘာလဲ အမုန်းမိုး"

"မဟုတ်ပါဘူး ... ကျွန်တော့်ကိုကြည့်နေလို့ ဘာခိုင်းချင်လ





မေးမလို့ပါ"

"ဟာ ... မခိုင်းပါဘူး၊ မင်းကခိုင်းစရာမလိုအောင် လုပ်ထား ပြီးပြီပဲဟာ၊ နေ ... နေ ... မင်းလွယ်အိတ်ပြင်ဆင်တာပြီးရင်ပဲ အဝတ်အစားလဲထားတော့ ... "

"ဟုတ်ကဲ့ ... "

ဦးဘရွှေတစ်ယောက် အမုန်းမိုးလေးရှေ့ကနေ ဖြတ်ကာ အိမ်လေးပေါ်ကနေဆင်းပြီး အိမ်ရှေ့မှ အုတ်ကန်လေးဆီသွားကာ မျက်နှာသစ်လိုက်သည်။

ဒီနေ့ ...

ကျောင်းစဖွင့်တဲ့နေ့လေ။

ကလေးတွေကို ကားမောင်းပြီး ဦးဘရွှေ လိုက်ပို့ရမည်။

ဦးဘရွှေ ...

အမုန်းမိုး ဆေးကျောထားတဲ့ ကားလေးဆီကြည့်လိုက်မိ သည်။ တကယ့်ကို သေသေချာချာဆေးထားတာပဲ။ ကလေးတစ် ယောက်လုပ်ထားသည်ဟုပင် မထင်ရချေ။ ပြောင်လက်တောက်ပ နေ၏။

မဆိုးဘူး။

အမုန်းမိုးဆိုတဲ့ကောင်လေးမှာ စည်းစနစ်ကျတဲ့ အကျင့် စရိုက်လေးရှိသည်။ ကလေးဆိုပြီး ပစ်စလက်ခတ်မနေတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပစ္စည်းလေးတွေထားတာကအစ နေရာတကျ။ ကိုင်တာတွယ်တာလည်း ရှိသေသည်။ ကပ်စေးကလည်း နဲသလားမမေးနဲ့။ မုန့်ဝယ်လာပေးလျှင်လည်း ကလေးပီပီ အကုန်လုံးစားပစ်သည် မျှချေ။ နောက်တစ်ခါစားရန်အတွက် ခွဲချန်ထားတတ်သည်။ မုန့်ဖိုးဘယ်သူ့ပေးပေး စုဗူးထဲ ထည့်၏။

အမုန်းမိုး ကျောင်းတက်ရမယ်ဆိုတော့ အိမ်ကအလုပ်သမားကောင်မလေးတွေက သနားပြီး ဝိုင်းမုန့်ဖိုးပေးကြသည်။ သူတို့ရတဲ့လစာထဲက ပေးကြတာဆိုပေမယ့် တစ်ယောက်နှစ်ထောင်စီတော့ပေးကြ၏။ ထားထားရော၊ မခင်ရောပေးတာပါ။ ဦးဘရွှေကတော့မုန့်ဖိုးတစ်နေ့ ငါးရာပေးဖို့ ဆုံးဖြတ်ထားသည်။

ဦးဘရွှေတစ်ယောက် ...

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အိမ်လေးပေါ် ပြန်တက်ခဲ့လိုက်၏။

ပြီးနောက် ...

မျက်နှာသုတ်ပဝါပိုင်းနှင့်သုတ်ကာ အဝတ်အစားလဲပြီးဘုရားကန်တော့လိုက်သည်။ ပြီးမှ မနက်စာကို စားလိုက်၏။

ထိုအချိန်တွင် အမုန်းမိုးကကျောင်းသွားဖို့ အဆင်သင့်ပြင်ဆင်ပြီးနေတာ တွေ့ရသည်။ စားသောက်ပြီးနောက် ကားသော့ကိုယူကာ သွားဖို့လုပ်သည်။





"အမုန်းမိုး ... သွားကြစို့"

"ဟုတ်ကဲ့ ... အဘရွှေ ... "

အမုန်းမိုးတစ်ယောက် အဘရွှေအချက်ပြလိုက်သည်ဆိုလျှင် စားပွဲပေါ်မှ ကျောပိုးလွယ်အိတ်ကို ကောက်လွယ်လိုက်သည်။

ပြီးမှ အဘရွှေ အနောက်ကနေလိုက်ကာ အိမ်လေးပေါ်မှ ဆင်းလိုက်လာခဲ့လိုက်၏။

ကားလေးရဲ့အနီးကိုရောက်တော့ ...

"အမုန်းမိုး ... မင်းရှေ့ခန်းမှာထိုင်၊ သုသုနဲ့ဒေါ်နှင်းဒါလီက အနောက်ခန်းမှာ ထိုင်ကြမှာ ... "

"ဟုတ်ကဲ့ ... အဘရွှေ"

အဘရွှေက ကားမောင်းမည့်ခုံတွင် ဝင်ထိုင်လိုက်တာမို့ အမုန်းမိုးလည်း အဘရွှေနဘေးခုံလေးတွင် ဝင်ထိုင်နေလိုက်သည်။

သိပ်မကြာပါ။

ကျောင်းဝတ်စုံလေးနဲ့ သုသု တိုက်ကြီးထဲကနေ ထွက်လာသည်။ သူမကလေးရဲ့နောက်မှာတော့ မထားထားက သုသုကျောင်းလွယ်အိတ်လွယ်လို့။ လက်မှာလဲ ထမင်းဗူးထည့်ထားတဲ့ခြင်းကလေး ကိုင်ထားသေးသည်။

မထားထားက ကားပေါ်လိုက်တင်ပေးပုံပါပဲ။

အမုန်းမိုးတစ်ယောက် သုသုဆီရောက်နေတဲ့ သူ့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ချက်ခြင်းပဲလွှဲကာ အရှေ့ဘက်ဆီသို့သာ ပြောင်းထားလိုက်မိသည်။

ဘာကြောင့်မှန်းမသိ ရင်ထဲမှာစိုးရိမ်စိတ်က ပြည့်တက်လာရသည်။ သုသုကိုမြင်လိုက်ရသည်ဆိုလျှင်ပဲ လွတ်လပ်ပေါ့ပါးနေ သူ့စိတ်တွေက ဘယ်ဆီကို လွင့်ပျောက်သွားမှန်းပင် မသိတော့ချေ

ကားလေးအနီးကို ရောက်လာတဲ့ သုသုတစ်ယောက် ကား ပေါ်အခန့်သားကလေးထိုင်နေတဲ့ အမုန်းမိုးကို တွေ့လိုက်ရသည်

အံ့သြစိတ်နှင့်အတူ ဒေါသတွေက ဝုန်းခနဲ ပေါက်ကွဲသွား၏။

ခြေလှမ်းတွေက ကားအနီးသို့ သွက်လက်စွာပင် ချဉ်းကပ်သွားသည်။

"ဒါ ... ဒါ ... ဘာလုပ်တာလဲ ... နင်က ငါ့ကားထဲမှာ ဘာကြောင့်ထိုင်နေရတာလဲ ... အမုန်းမိုး"

"ဟို ... ဟို ... ကျောင်း ... ကျောင်းသွားဖို့လေ သုသု"

"ဘာ ... ဘာပြောတယ် အမုန်းမိုး ... "

အမုန်းမိုးအဖြေကြောင့် သုန္ဒြေမင်းအုပ် (ခေါ်) သုသုတစ်ယောက် မျက်မှောင်ကြီးတွေပင် ကျုံ့တက်သွားရသည်။

ကျောင်းသွားမလို့တဲ့လေ။

ဒီကားက သူကျောင်းတက်ရင်စီးဖို့ ထားတယ်များမှတ်နေ





တားမသိဘူး။ တောသားက ကြီးကျယ်နေလိုက်တာ။ သူ့ရွာမှာ ကျောင်းတက်တုန်းကရော အခုလိုတက်ရလို့လား။ သရေဖိနပ်စီး ခြေကျင်လျှောက်ရတာကိုများ ကားနောက်ခန်းထဲ မိန့်မိန့်ကြီး ထိုင်နေတာများ အမြင်ကတ်စရာ။

"သုသု ... "

ခေါ်သံက အဘရှေ့ဆီက။

"ဘာဖြစ်လို့လဲဟင် ... သမီး၊ အမုန်းမိုးက သမီးနဲ့တစ်ကျောင်းတည်းလေ၊ ဒါကြောင့် အဘရှေ့ ခေါ်လာတာ ... "

"ဟင့်အင်း ... တစ်ကျောင်းတည်းလဲ ဒီကားနဲ့မစီးရဘူး၊ ... သုသုကျောင်းတက်ဖို့အတွက် သီးသန့်ဝယ်ပေးထားတဲ့ကား သုသုခွင့်ပြုချက်မရဘဲ ဘယ်သူမှတက်စီးတာ မကြိုက်ဘူး၊ ဆင်းလိုက်ပါ အဘရှေ့ ... သူ့ကို အခုချက်ခြင်း ဆင်းခိုင်းလိုက်ပါ၊ ဆင်းကားနဲ့ပဲ သွားခိုင်းလိုက် ... "

အမုန်းမိုးကို ကားပေါ်ကနေ ဆင်းခိုင်းနေမိသည်။

ဘာကြောင့်မှန်းမသိ၊ အဲဒီအမုန်းမိုးဆိုတဲ့သူကို သုသု အရမ်းမုန်းတာပဲ။ ဘယ်ဘဝ ရေစက်ကြောင့်မှန်းမသိ ကြည့်လို့ကိုမရတာ။ သူနဲ့တစ်ကျောင်းတည်း၊ ကျောင်းနေရတာကို သုသု မနှစ်သက်ပေမယ့် လက်တိုလက်တောင်းခိုင်းချင်သလိုခိုင်းလို့ရအောင်ပေါ့ဆို အဘရှေ့ရဲ့စကားကြောင့် ကျောင်းနေခွင့်ကို ပေးခဲ့မိခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အမုန်းမိုး ကောင်းကောင်းနေရတာကို သုသု လုံးဝမမြ
ချင်တာပါ။

"သုသုရယ် ... လိုင်းကားနဲ့သွားနိုင်းလို့ ဘယ်ဖြစ်ပါ့မ
ကွယ်၊ သူမှ ရန်ကုန်မြို့ကြီးထဲမှာ လျှောက်မသွားဘူးသေးတ
မသွားတတ်ဘူးလေ သုသုရဲ့ ... ဒီတစ်ရက်တည်း စီးပါစေကွယ်
နော် သုသုလေး ... "

"ဟင့်အင်း ... မရဘူး၊ သုသုကားနဲ့မလိုက်စေနဲ့"

သုမြွေမင်းအုပ် ခေါင်းလေးကို တအားခါယမ်းလိုက်မိသည်

"သမီး ဘာတွေဖြစ်နေတာလဲ"

ဒေါ်နှင်းဒါလီ ကားလေးအနီးရောက်လာပြီး ကားပေ
မတက်သေးတဲ့ သမီးကို မေးမိသည်။

"ဘာဖြစ်ရမှာလဲ မာမီရဲ့ ... ဟိုမှာလေ ... တောသားန
က ကျောင်းကိုလိုက်ဖို့ဆိုပြီး မတန်မရာ သုသုစီးတဲ့ကားပေါ် အ
သားထိုင်နေတာ၊ အလိုက်မသိတဲ့ တောသား၊ ဘယ်သူက သူ့
လိုက်စီးဖို့ ခွင့်ပြုလို့လဲ၊ ဒါကြောင့် ... သုသု အာညောင်းခံပြီး ဆ
နိုင်းနေတာပေါ့ ... "

"သမီးကလည်းကွယ် တစ်ကျောင်းတည်းပဲ တက်ရတဲ့ဟ
ကို လိုက်ပါစေကွယ် ... "





"အို ... မလိုက်ရပါဘူး၊ မာမီနော် ... သုသုဆန္ဒကိုဆန့်ကျင်
နေတာလား၊ ဘာလဲ ... မာမီက အမုန်းမိုးဘက်ကပါတာလား"

"အမလေး ... မဟုတ်ပါဘူးကွယ်၊ မာမီ့ကို အထင်မလွဲ
လိုက်ပါနဲ့၊ မာမီက သမီးလေးဘက်ကပဲ လိုက်မှာပေါ့ ... သူများ
ဘက်ကလိုက်ပါ့မလား"

ကျောင်းသွားကာနီး စိတ်ကောက်မှာစိုးသဖြင့် ဒေါ်နှင်းဒါလီ
ချက်ချင်းပဲ ပြန်ချော့မိသည်။

"ဒါဆို ... သုသုဆင်းခိုင်းတဲ့အတိုင်း သူ့ကိုကားပေါ်က ဆင်း
ခိုင်းလိုက်လေ ... "

"ဩော် ... အေး ... အေး ... ဟဲ့ကောင်လေး ဘာအူတူတူ
ထိုင်နေတာလဲ၊ ဆင်းလေ ... ကားပေါ်က ချက်ခြင်းဆင်း ... "

"ဗျာ ... ဩော် ... ဟုတ် ... ဟုတ်ကဲ့ခင်ဗျ ... "

ဒေါ်နှင်းဒါလီရဲ့ လေသံဆတ်ဆတ်ကြောင့် ... အမုန်းမိုး
ကြောက်လန့်တကြားပင် ကားလေးပေါ်ကနေ ဆင်းမိသည်။

အမုန်းမိုး ဆင်းတော့ အဘရွှေပါ လိုက်ဆင်းရတော့၏။

"ကဲ ... ဦးဘရွှေရေ၊ ပြဿနာကတော့ အေးမှာမဟုတ်ဘူး
ကားကိုကျွန်မပဲ မောင်းသွားတော့မယ်၊ ဦးဘရွှေ ကောင်လေးကို
ကျောင်းလိုက်ပို့ပေးလိုက်တော့ ... နောင်လဲ သူစီးကျင့်ရသွား
မအောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး အဘရွှေပဲလိုက်ပို့လိုက်ပါ့မယ်၊ ကားသော့က အထဲမှာ နှင်းဒါလီ …"

"ဟုတ်ကဲ့ … ရတယ်ဦးအဘရွှေ၊ သြော် … ဦးဘရွှေ ကျောင်းကားတစ်ချက် စုံစမ်းကြည့်ပါလား"

ဒေါ်နှင်းဒါလီက အကြံပြုတော့ ဦးဘရွှေ ခေါင်းညိတ်ပြခဲ့သည်။ သုသုလေးက မျက်နှာစူပုတ်ပုတ်နဲ့ ကြည့်လို့။

"ဘာကျောင်းကားလဲ … သူ့ကို လိုင်းကားပဲစီးခိုင်း"

သုသုစကားလေးကြောင့် လူကြီးတွေအားလုံး သက်ပြင်းမောသာ ရှိုက်နိုင်တော့သည်။

"အေးပါကွယ် … အဘရွှေ လိုင်းကားနဲ့ပဲ အမုန်းမိုးကို ကျောင်းတက်ခိုင်းပါ့မယ် … ကဲ … သုသုလေး ကျေနပ်ပြီလား"

"ကျေနပ်တယ် … အရမ်းကျေနပ်တယ် … ဟင်း ဟင်း"

ဒီတော့မှ …

သုသုမျက်နှာလေး ပြုံးရယ်နိုင်တော့သည်။

အမုန်းမိုးဆိုတဲ့ တောသားကို အဆင်ပြေပြေနဲ့ရှိနေတာကို သူမဘယ်လိုမှကို မကြည့်နိုင်ပါ။

မုန်းမိသည်။

နာမည်နဲ့လိုက်အောင်ကိုပဲ မုန်းတီးနေမိသည်။

"အမုန်းမိုး"





ခေါ်သံက မာဆတ်ဆတ် … ။

"ပြောလေ … သုသု"

"နင်နောက်ဆိုရင် ကျောင်းကိုစောစောသွားနှင့်ရမယ်၊ နင့်ကို ကျောင်းနေခွင့်ပေးထားတာ ငါကျောင်းမှာလိုအပ်ရင် ခိုင်းစေဖို့ရအောင်ပဲ အမုန်းမိုး … ငါမလာခင် နင်ရောက်နေရမယ်၊ ပြီးရင် ငါ့လွယ်အိတ်နဲ့ ဆွဲခြင်းကို ကျောင်းခန်းထဲအထိ လိုက်သယ်ပေးရမယ် … အဲဒါ နင် … နေ့စဉ်လုပ်ရမယ့်တာဝန်ပဲ ကြားလား အမုန်းမိုး …"

"အင်းပါ … ငါကြားပါတယ်"

"အဲဒါဆိုပြီးရော … ငါကျောင်းသွားတော့မယ်၊ ဒီနေ့တော့ နင့်ကိုခွင့်ပြုလိုက်မယ်၊ နောက်နေ့စောစောရောက်အောင်သွားပြီး ငါ့အလာကို ကြိုစောင့်နေ … အမုန်းမိုး"

အမုန်းမိုး ခေါင်းလေးညိတ်ပြလိုက်တာကို မြင်လိုက်ရသည်ဆိုလျှင်ပဲ သုမြေမြင်းအုပ်ရဲ့ မျက်နှာလေးပေါ်မှာ ကျေနပ်ပီတိလေးတွေနဲ့ ပြည့်သွားရတော့၏။

အမုန်းမိုး …

နင်သိမလား။

နင့်ကို အဲဒီလိုအနိုင်ကျင့်နေရတာကိုပဲ ငါကပျော်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမကားလေးပေါ် တက်လိုက်တယ်ဆိုလျှင်ပဲ မာမီကပါကားထဲဝင်ထိုင်၏။

မထားထားက လွယ်အိတ်နဲ့ဆွဲခြင်းကို ကားအနောက်ခန်းထဲထည့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ကားလေးက ခြံကြီးထဲကနေဝေါခနဲနေအောင် မောင်းထွက်သွားတော့၏။

"ကဲ ... အမုန်းမိုး၊ မင်းကြောင့် ငါပါအဆစ်ပါပြီး လိုင်းကားတိုးစီးရတော့မယ်"

အဘရွှေစကားကြောင့် အမုန်းမိုး မျက်နှာလေးငယ်ကာခေါင်းလေးစိုက်ကျသွားရသည်။

"ကဲပါကွာ ... ထားလိုက်တော့၊ လာ ... ကျောင်းသွားရအောင်"

"ဟုတ်ကဲ့ ... အဘရွှေ ... "

၄ အမုန်းမိုးတစ်ယောက် ရှေ့ကနေ ထွက်ခွာသွားတဲ့ အဘရွှေရဲ့ ခြေလှမ်းကျဲကြီးတွေကို မီအောင်ခပ်သုတ်သုတ်လေး လိုက်သွားမိတော့သည်။

အခန်း ( ၉ )

မနက်စောစောအိပ်ယာမှထပြီး လိုင်းကားစီးကာ ကျောင်းသို့ အလျှင်ရောက်အောင် အမုန်းမိုးသွားရသည်။

ပြီးနောက် ...

သုသုအလာကို စောင့်မျှော်ရ၏။

သုသုက ကျောင်းတက်ကာနီးလောက်မှ ရောက်လာတတ်သောကြောင့် ကျောင်းပေါက်ဝတွင် အကြာကြီး စောင့်နေရသည်။

သုသုကားလေးလာပြီဆိုလျှင် ကားတံခါးပြေးဖွင့်ပေးရသည်။ ကျောင်းလွယ်အိတ်နဲ့ ထမင်းဗူးနဲ့ ရေဗူးထည့်ထားသောဆွဲ ခြင်းကို အမုန်းမိုး သယ်ပေးရသည်။ သုသုအခန်းကို အလျှင်သွားပြီး သုသုထိုင်တဲ့ စားပွဲအံဆွဲထဲ စနစ်တကျထားပေးပြီးတော့မှ အမုန်းမိုးရဲ့အခန်းကို သွားရ၏။

ဒါဟာ ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်ကတည်းက အမုန်းမိုး ထမ်းဆောင်ရသော မနက်ပိုင်းတာဝန်ပဲ ဖြစ်သည်။

မုန့်စားဆင်းချိန်ရောက်လျှင် သူစားဖို့ထက် သုသုဆီအလျှင် ပြေးရ၏။ သုသုက အပြင်အစားအသောက်တွေကိုတော့ မစားတတ်ပါ။ အိမ်ကနေ ထည့်ပေးသော ထမင်းဟင်းနှင့်မုန့်ကိုသာ စားတတ်သည်။

သုသုစားဖို့ ပြင်ဆင်ပေးလျှင်ပဲရ၏။

သို့သော် ...

သုသုရဲ့အားကိုးနှင့် သုသုရဲ့သူငယ်ချင်းမိန်းကလေးတွေက အမုန်းမိုးကို ဝိုင်းပြီးအနိုင်ကျင့်ချင်ကြ၊ ဗိုလ်ကျချင်ကြ၏။ သူတို့စားချင်တာကို မုန့်စားတန်းမှာတိုးပြီး အမုန်းမိုးက ဝယ်ပေးရသည်။

မဝယ်ပေးလျှင်လည်း မရဘူးလေ။

သုသုက ခိုင်းတာကိုး။

သုသုပြောနေကျလက်သုံးစကားက 'နင်က ငါ့အတွက်ခိုင်းဖို့ ကျောင်းထားပေးထားတာ'တဲ့လေ။ ငါ့ရဲ့အလုပ်သမားကို ငါဘာပဲ ခိုင်းခိုင်းရတယ်တဲ့။ သူငယ်ချင်းတွေအတွက် မုန့်စားတန်းကို သွားဝယ်ခိုင်းတတ်သည်။

အမုန်းမိုး သွားဝယ်ပေးလိုက်တာပါပဲ။

သုသုစိတ်ကျေနပ်သွားဖို့က အဓိကပဲ မဟုတ်လား။ သူမ





ဘာပဲခိုင်းခိုင်း အမှားအယွင်းမရှိအောင်ဘဲ လုပ်ပေးလိုက်သည်။

အဲဒီအတွက် ...

ပြန်ရတဲ့အကျိုးအမြတ်က အမုန်းမိုးဆိုတဲ့ သူ့အတွက်တော့ ကြီးကျယ်မြင့်မြတ်လှပါသည်။

စာသင်ကြားခွင့်ရတာလေ။

အများနဲ့တန်းတူ ကျောင်းတက်ခွင့်ရနေသည်။ ဘာမှမပူပင်ရပါ။ အမိုးအရိပ် လုံလုံခြုံခြုံနဲ့နေရသည်။ စားစရာ အဆင်သင့်ရသည်။ ကျောင်းသွားဖို့ လမ်းစရိတ်အပြင် မုန့်စားဖို့ပါ ပိုရသည်။

ကဲ ...

ဘာလိုအပ်သေးသလဲ။

အဘရွှေကတော့ အားပေးပါသည်။

ကြိုးစားတဲ့။

တစ်ခုခုကို ပေးဆပ်ရင် တစ်ခုခုတော့ရအောင် ပြန်ယူရမယ်တဲ့လေ။ သုသုကို အနှံ့အတာခံနေရပေမယ့် အန်ကယ်ဦးနေမင်းအုပ်က ငွေညာစွာ ပြန်ကြည့်တာပဲ မဟုတ်ပါလား။ အမုန်းမိုး ကျေနပ်ပါသည်။ ကျေးဇူးဆိုတာ ရှာကြံတင်ရတယ်တဲ့လေ။ ပြန်မဆပ်နိုင်ပေမယ့် မေ့မပစ်ရဘူးတဲ့။ အန်ကယ်ဦးနေမင်းအုပ်ကြောင့်သာ အမုန်းမိုး လမ်းဘေးကလေး မဖြစ်ရတာပါ။ အဲဒီအချက်ကိုတော့ အမုန်းမိုးရဲ့ခေါင်းထဲစွဲနေအောင် မှတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတော့ ...

သုသု အနိုင်ကျင့်လွန်းသည်ဟု ကလေးအတွေး တွေးမိ၏

ခုတော့ ...

အမုန်းမိုး မတွေးတော့ပါ။

ဒီတော့မှလည်း အမုန်းမိုးနေရတာ ပျော်စရာကောင်းလာ သည်။ စိတ်ရှုပ်မှုတွေ ဘယ်လောက်ပဲရှိရှိ စိတ်ဆင်းရဲမနေမိတော့ သုသု ဘယ်လောက်ဆိုးဆိုး အမုန်းမိုးသည်းခံမိသည်။ ကျောင်းစ ကိုပဲ အထူးကြိုးစားမိ၏။ ဒါဟာ အမုန်းမိုးရဲ့ အနာဂတ်အတွက် လေ။

"ဟဲ့ ... အမုန်းမိုး"

"ဟင် ... ဩော် ... သုသု ဘာလဲဟင် ... ဘာကိစ္စရှိလို့လဲ"

အမုန်းမိုးရဲ့ စာသင်ခန်းလေးထဲအထိ သူငယ်ချင်းနေဝန်းနီနဲ့ ရောက်လာတဲ့သုသုကို တအံ့တဩဖြစ်နေမိသည်။

"နင့်ကိုမေးစရာရှိလို့"

"မေးလေ ... သုသု"

"မုန့်စားဆင်းချိန် ငါ့အခန်းကို နင်လာတော့ ပိုက်ဆံ ကောက်ရသေးလား အမုန်းမိုး ... "

ဟင် ...

ပိုက်ဆံတဲ့။





ဘာပိုက်ဆံလဲ။

အမုန်းမိုး မကောက်ရပါ။

"ဟင့်အင်း ... ငါ မကောက်ရဘူး"

"နေဝန်းနီက ပိုက်ဆံနင့်ကို ထုတ်ပေးပြီး အိတ်ကိုစားပွဲပေါ် မှာပဲတင်ထားတာတဲ့၊ ငါတို့အနားမှာလဲ သူစိမ်းဆိုလို့ နင်ပဲရှိတာ အမုန်းမိုး၊ နေဝန်းထွက်ကျပြီး ပျောက်တာမဟုတ်ရင် နင်နှိုက်တာပဲ ဖြစ်မယ်"

သုသုရဲ့ စွတ်စွဲချက်က ပြင်းထန်လွန်းလှသည်။

"ဟာ ... ဘုရားပေးပေး၊ ကျမ်းပေးပေးပါဟာ ... ငါမယူပါ ဘူး၊ သူပေးတဲ့ တစ်ထောင်တန်နဲ့ မုန့်စားတန်းကို သွားပြီးဝယ်ပေး ခဲ့တာ၊ ပိုတဲ့ပိုက်ဆံလဲ ငါသေချာပြန်ပေးခဲ့တာလေ ... ဟုတ်တယ် နော် နေဝန်းနီ"

အမုန်းမိုး သေချာရှင်းပြနေမိသည်။

ကျောင်းစာသင်ခန်းကြီးထဲမှာ မဟုတ်လား။ အတန်းထဲမှာ မို့ အမုန်းမိုး ရှက်မိသည်။

"အင်း ... ဟုတ်ပါတယ်၊ အမုန်းမိုး ပြန်ပေးတယ်၊ ကဲပါ သုသုရယ် ... ထားလိုက်ပါတော့၊ ငါပိုက်ဆံခွဲထုတ်ရင်း အောက်ကို ပြုတ်ကျသွားတာလည်း ဖြစ်နိုင်တာပဲ အမုန်းမိုး မကောက်ရဘူးဆို ရင် သူများသူစိမ်းတစ်ယောက်ယောက် ကောက်ရသွားတာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ ... နေပါစေတော့ဟာ ... ”

“အို ... ဘာလို့နေရမှာလဲ နေဝန်းနီရဲ့၊ ပိုက်ဆံက ငါးထောင် တန်ကြီးဟာကို၊ ငါတော့ အမုန်းမိုးမကောက်ရဘူးဆိုတာ မယုံဘူး သူ့လွယ်အိတ်ထဲ ရှာရမယ် ... ”

“ထားလိုက်ပါ သုသုရာ ... ”

နေဝန်းနီက အမုန်းမိုးကိုကြည့်ပြီး အားနာနေမိသည်။

ဘာပဲပြောပြော ... ။

မိမိရဲ့ နမော်နမဲ့နိုင်ခြင်းကြောင့်ပဲ ပိုက်ဆံကျပျောက်တာ လေ။ ပိုက်ဆံပျောက်သွားတဲ့ကိစ္စမှာ နေဝန်းနီထက် သုသုကပိုစိတ် ဝင်စားနေ၏။ အမုန်းမိုး ယူသွားတာပဲဖြစ်မယ်ဟုပဲ တစ်ထစ်ချ စွတ် စွဲနေတော့သည်။ ဖြေဖြေဖျောက်ဖျောက် ပြောတာလည်း လက်မခံ ချေ။ နေဝန်းနီအတွက် ပိုက်ဆံလေး ငါးထောင်က သိပ်မှအရေး မကြီးတာ။ သုသုလောက်မချမ်းသာပေမယ့် ပိုက်ဆံရှိအသိုင်းအဝိုင်း ထဲကပဲလေ။ နေဝန်းနီရဲ့အဖေက သင်္ဘောကပ္ပတိန်တစ်ယောက် ဖြစ်သည်။ နေဝန်းနီက သုသုလိုပဲ တစ်ဦးတည်းသောသမီး ဖြစ်၏။

သုသုခေါ်လွန်းလို့သာ အမုန်းမိုးရဲ့စာသင်ခန်းထဲလိုက်လာ ခဲ့ရတာပါ။ နေဝန်းနီ လုံးဝမသွားချင်ဆုံးက အမုန်းမိုးဆီပဲဖြစ်သည်။ ခိုင်းလဲခိုင်းသေး၊ အစွတ်စွဲလဲ ခံရသေးဆိုပြီး နေဝန်းနီအပေါ်မှာ အမြင်တစ်မျိုးရှိသွားမှာစိုးသည်။





ပြီးတော့ ...

အမုန်းမိုးကိုလဲ နေဝန်းနီ ယုံကြည်နေမိ၏။

“နေဝန်း ... ”

“ပြော ... ”

“နင့်အတွက် ပိုက်ဆံငါးထောင်ကျပျောက်တာ အထူး အဆန်းမဟုတ်ပေမယ့် ... သူနဲ့ပတ်သက်ရင်တော့ ဒါဟာအကျင့် စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းမှုပဲလေ၊ သူက ငါတို့အမိုးအရိပ်မှာ မှီခို နေတာဆိုတော့ ဒါကိုအလေးအနက်ထားပြီး သုသုစစ်ဆေးရမှာပဲ၊ သူတကယ်ပဲ ယူထားတယ်ဆိုရင်တော့ လူကြီးတွေနဲ့တိုင်ရတော့ မယ် နေဝန်းနီ ... ငါတို့ခြံထဲမှာ သူခိုးတစ်ယောက်ကို ဘယ်လို အကြောင်းမျိုးနဲ့မှ ဆက်ထားလို့မဖြစ်နိုင်လို့ပါ”

သုသုစကားကြောင့် နေဝန်းနီ ဘာမှဆက်မပြောနိုင်တော့ ဘဲ ပါးစပ်လေး စေ့ပိတ်သွားသည်။

“ကဲ ... အမုန်းမိုး နင့်ကျောပိုးအိတ် ငါ့ကိုပေး”

သုသုက သွေးအေးအေးနဲ့ပဲ လှမ်းတောင်းသည်။ မုန့်စား ဆင်းချိန်ဆိုပေမယ့် ပြန်တက်ချိန်နီးကပ်လာပြီမို့ စာသင်ခန်းထဲ ကျောင်းသားကျောင်းသူ အတော်ကလေးပင် ပြန်ရောက်နေပြီဖြစ် သည်။ ငွေကြေးကိစ္စမို့ စိတ်ဝင်တစား ရှိနေကြ၏။ သုသု၊ နေဝန်းနီ နဲ့အမုန်းမိုးတို့ သုံးယောက်ထံ မျက်ဝန်းအကြည့်ပေါင်းစုံက စုပြုံကျ



www.burmeseclassic.com

www.burmeseclassic.com



စွာပင် ကျရောက်လျှက်ရှိသည်။

"ဟဲ့ … ငါပြောနေတာ ကြားလား အမုန်းမိုး"

"သုသု … ငါတကယ်ပြောတာပါဟာ၊ တကယ့်ကို ဘာဝိုင် ဆံမှကောက်မရတာပါ နင်မယုံရင် ငါကျိန်ပြပါ့မယ် သုသုရယ်၊ ငါ မညာပါဘူးဟာ"

အမုန်းမိုးတစ်ယောက် ကျောပိုးအိတ်လေးကိုရင်မှာ တင်းတင်းလေးပိုက်ပြီး အသနားခံသလို လေသံမျိုးနှင့်ပြောမိသည် ရက်စိတ်တွေကလည်း တစ်ကိုယ်လုံးကို မွှန်ထူလို့။

"အပိုတွေလျှောက်ပြောမနေစမ်းနဲ့ အမုန်းမိုး၊ ငါကပေး ရင် အခုပဲပေး … နေဝန်းနီရှေ့မှာပဲ ငါရှာပြမှဖြစ်မယ်၊ နင်က ငါ့ ပတ်သက်နေတဲ့သူဆိုတော့ ငါကိုယ်တိုင်ပဲ တာဝန်ယူရမှာပေါ့ လေ နင့်ကျောပိုးအိတ် … "

"ဟို … ဟိုလေ … သုသု … ဟိုဟာ"

"ဟာ … ပေးစမ်းပါဆိုနေ … "

ပြောပြောဆိုဆို အမုန်းမိုး လက်ထဲကနေ သုသုက ဆတ် နေအောင်ပင် ဆွဲလုသွား၏။

အမုန်းမိုး ဘာမှမတတ်နိုင်ဘဲ သုသုလုပ်သမျှသာ ငြိမ်ခံနေ သည်။ ခေါင်းလေးကတော့ အောက်သို့စိုက်ချထားမိ၏။ ရှက် ပါ။ တစ်တန်းလုံးက စိတ်ဝင်တစား စိုက်ကြည့်နေတာမဟုတ်လား





ဘယ်တုန်းကမှ အားမနာတတ်ခဲ့တဲ့ သုသုကတော့ လွယ် အိတ်တစ်ခုလုံးက ဇစ်တွေအကုန်ဖွင့်ပြီး နှိုက်ရှာနေသည်။ စားပွဲ ပေါ် စာအုပ်တွေအကုန်ဆွဲထုတ်ပြီး တစ်အုပ်ပြီးတစ်အုပ် လှန်လှော ရှာဖွေနေ၏။ သမိုင်းစာအုပ်လေးကိုဆွဲယူကာ စာရွက်တွေ ဖလပ်၊ ဖလပ် မည်အောင်ပင် ခါအချ။

"ဟင် … "

"ဟယ် … "

ကျောင်းစာသင်ခန်းရဲ့ ကြမ်းပြင်ဆီ လွင့်ခနဲကျသွားတဲ့ ငွေ ရောင်ထျူလေးတစ်ရွက်။ အားလုံးအကြည့်တွေက အံ့သြထူးဆန်းသွား သလို အကြည့်တွေ ဖြစ်သွားသည်။ အထူးသဖြင့် သုနွေ့မင်းအုပ် ခေါ် သုသုရဲ့မျက်ဝန်းတွေက စိမ်းတောက်နေရာမှ ဒေါသသွေး ရောင် ပြောင်းကာ ရဲခနဲ တောက်သွားသည်။

"ကြည့်စမ်း … ငါးထောင်တန်ကြီး၊ နင် … နင် … လိမ်တာ ပဲ အမုန်းမိုး၊ ဒါဘာလဲ … ဒီပိုက်ဆံက ဘာလဲ"

စာအုပ်ကိုစားပွဲပေါ် ဘုတ်ခနဲချပြီး ကျသွားတဲ့ ပိုက်ဆံကို ကောက်ကာ သူ့မျက်နှာရှေ့တည့်တည့်သို့ ထိုးပြပြီး သုသုပြော သည်။

"ပြောလေ … ငါမေးနေတာ နင်မကြားဘူးလား၊ နေဝန်းနီ ပျောက်သွားတဲ့ပိုက်ဆံကို နင်မကောက်ရပါဘူးဆို၊ ဒီငါးထောင်တန်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံက နင့်လွယ်အိတ်ထဲကစာအုပ်ကြားမှာ ရှိနေရတာလဲ၊ သူ့ နင်သူခိုးပဲ အမုန်းမိုး … နေဝန်းနီ အိတ်ထဲက နင်နှိုက်သွားတာ

သုသုရဲ့စွတ်စွဲချက်တွေက အမုန်းမိုးထံ တရစပ်ကျရော လာ၏။ စာသင်ခန်းထဲရှိ အတန်းသူ/သားအားလုံးရဲ့ မယုံကြည်နိ သော အကြည့်တွေက အမုန်းမိုးထံ စုပုံကျရောက်နေခဲ့သည်။

"အမုန်းမိုးကလည်းဟယ် အသုံးစရိတ်လိုတယ်ဆိုလဲ ငါ့ ပြောရောပေါ့"

နေဝန်းနီဆီမှ ဂရုဏာဒေါသော စကားသံထွက်လာ အမုန်းမိုး ခေါင်းလေးကို အဆက်မပြတ် ခါယမ်းပြလိုက်ပြီး …

"မဟုတ်ဘူး … မဟုတ်ဘူး နေဝန်းနီ၊ နင့်ပိုက်ဆံကို ငါလုံး မခိုးဘူး၊ ကောက်လဲမကောက်ရဘူး နေဝန်းနီ၊ အခု နင်တို့တွေ ပိုက်ဆံက ငါ့ပိုက်ဆံပါ၊ ငါတကယ်ပြောတာပါ၊ ငါလုံးဝမယူပါ ဟာ …"

"တော်စမ်း … အမုန်းမိုး၊ နင်ကပဲ ငြင်းနေသေးတယ်၊ စမ်းပါဦး နင့်ပိုက်ဆံလို့ပြောရအောင် နင်က ငါတို့ဆီမှာ လ အလုပ်လုပ်တဲ့သူလား၊ လုပ်မနေစမ်းပါနဲ့ဟာ ခိုးရင်ခိုးတယ် ဝန်ခံလိုက်စမ်းပါ အမုန်းမိုးရဲ့"

သုသုက လုံးဝကို လက်မခံပါချေ။

အကြောင်းသိတွေကို …





အမုန်းမိုးကို အဘရွှေကြောင့်နေခွင့်ပေးထားတာလေ။ သီး ခန့်လစာပေးပြီး ခန့်ထားတဲ့အလုပ်သမားတစ်ယောက်မဟုတ်တဲ့ အမုန်းမိုးဆီမှာ ငွေငါးထောင်တန်တစ်ရွက် ရှိနေတာဆိုတော့။

"မခိုးဘူး … သုသု၊ ငါတကယ်မခိုးဘူး၊ ဒီပိုက်ဆံက ငါ့ပိုက် ဆံ၊ အန်ကယ်ဦးနေမင်းအုပ်က ငါ့အတွက် ကျောင်းတစ်ပတ်စာ ထောင်ပေးပေးနေကျပဲ သုသု …"

"ဘာ … ဘာပြောတယ်၊ ဒက်ဒီက နင့်ကိုကျောင်းမုန့်ဖိုး ထောင်ပေးတယ် ဟုတ်လား အမုန်းမိုး …"

"ဟုတ်တယ် … သုသု၊ နင်မယုံရင် အန်ကယ့်ကိုပြန်မေး ကြည့်၊ ငါ့ကိုမုန့်ဖိုးမနေ့ကပဲပေးထားတာ၊ အရင်တစ်ပတ်က ပိုက်ဆံ န်တာနဲ့သုံးနေလို့ ဒီငါးထောင်တန်က အကြွေမဖျက်ရသေးဘဲ နေတာ ဒီပိုက်ဆံက ငါ့ပိုက်ဆံသုသု …"

အမုန်းမိုးရဲ့စကားလေးကြောင့် သုရွှေမြင်းအုပ် ခေါ် သုသု ဒေါသတွေက ငယ်ထိပ်သို့ တက်ကပ်လာကြသည်။

ဒက်ဒီ …

မုန့်ဖိုးအဖြစ် တစ်ပတ်ငါးထောင်တောင်ပေးနေသတဲ့လေ။ သု အံလေးကိုတင်းနေအောင် စေ့ကြိတ်လိုက်ပြီး အမုန်းမိုးတို့ သင်ခန်းလေးထဲကနေ ချာခနဲနေအောင်ပင် လှည့်ကာ ထွက်ခဲ့ က်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ နေဝန်းနီပါ ကသောကမျော ပြေးလိုက်တာသိနေပေမယ် သူသူရဲ့ခြေလှမ်းတွေက စောင့်ခေါ်ဖို့မစဉ်းစားမိတော့ချေ။

အမုန်းမိုးမှာတော့ ...

အခုမှပဲ သက်ပြင်းမောကိုချနိုင်တော့၏။ အထင်သေးရှုံ့ရှ သော၊ အံ့သြမှင်သက်နေသော အတန်းသူအတန်းသားအားလုံးရဲ့ မျက်ဝန်းအကြည့်တွေလည်း သူ့ဆီမှ ခွာသွားသည်။

စိတ်ကြိုက်ဖွက်ကာ ရှာသွားတဲ့ လွယ်အိတ်ကိုကိုင်ပြီး သူ ကျောင်းစာအုပ်နဲ့ စာရေးကိရိယာတွေ လိုက်ကောက်ကာ ထည့်မိ၏။

"ရော့ ... ယူ ပိုက်ဆံ ..."

စားပွဲပေါ် ကျောခိုင်းအနေအထားကနေပဲ တင်ပေးခဲ့ပြီး ရှေ့ဆက်လျှောက်ကာ ထွက်ခွာသွားတဲ့ ကျောင်းသူတစ်ဦး။

အမုန်းမိုး ဖျပ်ခနဲ သူမကိုမော့ကြည့်လိုက်တော့ နောက်ကျောပိုင်းသာ မြင်တွေ့လိုက်ရသည်။

ဘယ်သူများလဲ။

အမုန်းမိုးရဲ့ ပိုက်ဆံကိုကောက်ပြီး ခုံပေါ်တင်ပေးသွားတဲ့ ကောင်မလေး။ အမုန်းမိုး တားဆီးဖို့ မေ့လျော့နေခဲ့သည်။

သေချာတာက ...





အမုန်းမိုးတို့ စာသင်ခန်းကတော့ မဟုတ်နိုင်ပါ။ အတန်းထဲ နေ ထွက်သွားတာလေ။ ဖြောင့်စင်းနေတဲ့ ကျောလည်သာသာ ဆံပင်လေးကို နွဲ့နွဲ့လေးယမ်းခါကာ ကျောခိုင်းထွက်ခွာသွားတဲ့ လေးကို ငေးမောစွာကြည့်နေမိ၏။ လေတစ်ချက်အဝှေ့တွင် လေးဆွဲထားသော လက်ဝါးကပ်တိုင် နားဆွဲလေးကို ဖျပ်ခနဲ တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"မင်းကတော့ အလကားနေ ပြဿနာမတက်တက်အော...
ရှာနေတော့တာပဲနော် ... ကောင်းတယ်၊ ခုတော့ ... ပေးနေ...
မုန့်ဖိုးလေးတောင် မရတော့ဘူးမဟုတ်လား"

အမုန်းမိုး ဘာမှပြန်မဖြေမိ။

ငြိမ်သက်၍သာ အဘရွှေစကားကို နားထောင်နေမိသည်...

"အမုန်းမိုး ..."

"ဗျာ ..."

"မင်းစိတ်ဓာတ်မကျဘူးလား"

"ဗျာ ..."

"မင်းရဲ့ပင်မလာဘ်လာဘကြီး ပိတ်သွားတာကိုပြောတာ..."

"ဟင့်အင်း ... မကျပါဘူး"

အမုန်းမိုး ခေါင်းခါပြီးငြင်းတော့ အဘရွှေက မယုံသလို မျ...





...နိုးပင့်ကာ သူ့ကိုကြည့်သည်။

"တကယ်ပြောတာ ... အဘရွှေရဲ့၊ ကျွန်တော့်အတွက် မုန့်ဖိုးဆိုတာ သီးသန့်ရှိဖို့ မလိုပါဘူး၊ အိမ်ကနေ ထမင်းချိုင့်ထည့်ပေးလိုက်တာပဲဟာ၊ ဗိုက်ဆာရင်စားဖို့ရှိပြီးသားပဲလေ၊ လမ်းစရိတ်ရှိရင်ရပါပြီ၊ ဒါကိုလည်း အဘရွှေကပေးတာပဲဟာ ... တကူးတကတော့ ...ပန်မနေမိပါဘူး၊ အဘရွှေပဲပြောထားတယ်လေ၊ အဓိကနဲ့သာမညကိုခွဲတတ်ရမယ်ဆိုတာ၊ ကျွန်တော့်အတွက် ကျောင်းနေခွင့်ရနေတာ အဓိကပဲလေ အဘရွှေ ကျန်တာတွေက မလိုပါဘူးဗျာ၊ သူသူက မုန့်ဖိုးမိုးပေးတာကိုပဲ သောင်းကျန်းပြီး ပိတ်ပင်သွားတာ၊ ကျောင်းဆက်ပေးဖို့ မတောင်းဆိုသွားဘူးလေ အဘရွှေရဲ့"

"ဟေ ... အေး ... အေး ... ဟုတ်တယ် မဆိုးဘူး အမုန်းမိုး၊ မင်းအဲဒီလောက် အတွေးအခေါ်ရှိလိမ့်မယ်လို့ မထင်ထားဘူး၊ တော်တယ် ... မင်းတော်တယ် ကောင်လေး၊ မင်းရဲ့အယူအဆတွေက အမှန်ဆုံးပဲ၊ အား ဟား ... မင်းကိုတော့ သဘောကျသွားပြီကွာ"

အဘရွှေ ရယ်တော့ အမုန်းမိုးလည်း လိုက်ရယ်မိပါသည်။

ဘာပဲပြောပြော ...

ပိုက်ဆံခိုးတဲ့ကိစ္စက ပပျောက်သွား၏။

သူသူက မယုံသင်္ကာနဲ့အန်ကယ်ဦးနေမင်းအုပ်ကို မေးတာလေ။ ဟိုကပေးမိပါတယ်ဆိုတော့ ဓာတ်လမ်းကပြတ်သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီရဲ့ ပိုက်ဆံက သူ့ဘာသာပိုက်ဆံဆွဲထုတ်နေရင်း ကပ်ပါလာ အောက်ကျသွားဟန်ရှိသည်။ ပျောက်သွားတာတော့ အမှန်ပဲဖြစ်

သို့ပေမယ့် ...

အမုန်းမိုးအပေါ်မှာတော့ သံသယတွေ မစွန်းထင်နေတော့ ချေ။

ထိုနေ့က ပိုက်ဆံပျောက်တဲ့ကိစ္စက ပြီးသွားတယ်ဆိုပေမယ့် မပြီးပြတ်နိုင်တဲ့ကိစ္စလေးတစ်ခုကတော့ အမုန်းမိုးထံတွင် ကျန် နေခဲ့သည်။

အဲဒါ ...

သူ့ပိုက်ဆံငါးထောင်တန်လေးကို ကောက်ပြီး စားပွဲပေါ် တင်ပေးကာ ထွက်ခွာသွားတဲ့ ကောင်မလေးပါပဲ။

သူ့စိတ်ထဲမှာ ယခုထိတိုင် ရှိနေဆဲပင်။

"အမုန်းမိုး"

"ဗျာ ..."

"သုသုကို မင်းမုန်းနေလား"

"ဟင့်အင်း ..."

"ဘာဖြစ်လို့လဲ မင်းကို သူ့ဒီလောက်အရှက်ရအောင် လု တာ"

"ဒါ ... သူလုပ်သင့်တဲ့အလုပ်ကို လုပ်တာပဲလေ အဘရွှေရဲ့





န်တော်က သူ့အလုပ်သမားပဲဟာ၊ အကျင့်စာရိတ္တနဲ့ဆိုင်တဲ့ ကိစ္စ တော့ အလေးထားသင့်တာပေါ့၊ သုသုဘက်က ကြည့်ရင်အမှန်ပဲ ာ ..."

"မဆိုးဘူး ... ကောင်လေး"

"မင်း ... မှုမှုတတတွေးတတ်လာပြီပဲ၊ မင်းကိုတော့ ငါစိတ် မယ်ထင်ပါတယ်ကွာ"

"ကျွန်တော့်ကြောင့် အဘရွှေ စိတ်မပျက်ရစေဘူးလို့ ကတိ ထားတာပဲလေ ... ကျွန်တော် တည်အောင်နေမှာပါ၊ အဲဒါ ... န်တော် အဘရွှေကို ပြန်ပေးနိုင်တဲ့ တစ်ခုတည်းသော အရာပါပဲ ဘရွှေ ..."

ကောင်လေးရယ်။

ဦးဘရွှေတစ်ယောက် အမုန်းမိုးဆိုတဲ့ ကောင်လေးရဲ့မျက် လေးကိုစိုက်ကြည့်ပြီး ရင်ထဲကသာ တီးတိုးငြီးညူလိုက်မိပါတော့ ည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

ရက်တွေ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးကာ လတွေတ
ပြီးတစ်လ ကူးပြောင်းလို့ နှစ်တွေတစ်နှစ်ပြီးတစ်နှစ် ပြောင်း
ချေပြီ။

ယခုဆိုလျှင် ...

အမုန်းမိုးပင် ဆယ်တန်းစာမေးပွဲကိုဖြေဆိုပြီးခဲ့လေပြီ
သည်။ အချိန်ရာသီတွင် ဘယ်လောက်ပဲ ကူးပြောင်းသွား
အမုန်းမိုးရဲ့အတွေး အာရုံထဲမှာတော့ သူ့ပိုက်ဆံလေးကို ခုံပေါ်
ကောက်တင်ပေးခဲ့တဲ့ ကောင်မလေးတစ်ယောက်ကိုတော့
သတိရနေလျှက်သာ ရှိခဲ့၏။

ဖြောင့်စင်းနေတဲ့ ဆံပင်လေးတွေ ကျောလယ်ပေါ်ဝဲဝဲ
ဖြာကျနေတဲ့ ကောင်မလေးကိုမူ နောက်တစ်နေ့မှစ၍ ပြန်
ပင် မတွေ့ရတော့ချေ။



သူမလေးကို ယနေ့တိုင် အမုန်းမိုး အမှတ်ရနေမိသည်။

အဲဒီအချိန်တုန်းကလည်း ...

သူများတွေကိုမေးကြည့်တော့ ယောင်ဝါးဝါးပဲ အဖြေရခဲ့၏။

သူကနောက်ပိုင်းလေးသာ တွေ့လိုက်တာဆိုတော့ ထို ောင်မလေးကို ရှာဖို့ ပိုခက်သွားတာပေါ့လေ။ မျက်နှာကို လုံးဝ တွေ့လိုက်ရချေ။

နေဝန်းနီရဲ့ ပိုက်ဆံပျောက်တဲ့ကိစ္စနဲ့ စာသင်ခန်းမှာပြဿနာ နေစဉ် သူမကလေးရှိနေတာမို့ အမုန်းမိုးတို့ အခန်းထဲတွင် သူမ းရဲ့ သူငယ်ချင်းမိတ်ဆွေတစ်ယောက်ယောက်တော့ ကျိန်းသေ နေတယ်ဆိုတာ သတိထားမိပြီး ဘယ်သူဖြစ်နိုင်မလဲဆိုတာတော့ န့်မှန်းနိုင်ပါ။

အမုန်းမိုးဆီမှာ သိချင်စိတ်တွေက ပြင်းပြနေခဲ့၏။

သို့ပေမယ့် ...

မေးလဲမမေးရဲပါ။

သုသုက ကျောင်းမှာ ဘယ်သူငယ်ချင်းမိတ်ဆွေမှ မထား ူးဆိုတဲ့ ကန့်သတ်ချက်ကြောင့် ခပ်တည်တည်၊ ခပ်ကင်းကင်းနေ ၏။ အားလုံးကလည်း သုသုနဲ့ပတ်သက်တဲ့ သူဆိုပြီး အမုန်းမိုးကို ပ်ရှောင်ရှောင်ပဲနေကြသည်။

ပိုက်ဆံချမ်းသာပြီး ငွေဂုဏ်မောက်နေတဲ့ သုသုကို ကြည့်မရ



www.burmeseclassic.com

www.burmeseclassic.com



သူကများ၏။ သုသုကို အမြင်ကတ်သည့်အရှိန်နှင့် အမုန်းမိုးကိုလည်း အရောမဝင်ကြချေ။

ဒီတော့ ...

အမုန်းမိုး မေးရမြန်းရ စုံစမ်းရခက်သွားတာပေါ့။

သို့သော် ...

အမုန်းမိုး ကံကောင်းသည်ဟု ဆိုရမည်။

ထိုနေ့က ... စာသင်ခန်းထဲမှ မေဇာသင်းဆိုတဲ့ကျောင်းသ လေးတစ်ယောက်က သူမနဘေးမှာထိုင်နေသော သူငယ်ချင်း မလေးကို စိတ်မချမ်းမြေ့သော လေသံလေးနှင့် အကြောင်းအ တစ်ခုကို ပြောပြနေသံ သူကြားနေရသည်။

အဲဒါ ...

ကျောင်းထွက်သွားတဲ့ မွန်းဆိုတဲ့ကောင်မလေးအကြောင်း ရယ်ပါ။ မေဇာသင်းက ကျောင်းမုန့်စားဆင်းချိန်တွင် အတန်းဖော် တစ်ယောက်နဲ့အတူ ထမင်းလက်ဆုံ အတူတူစားနေရင်းမှ အဲ ကောင်မလေးအကြောင်းကို ပြောခဲ့ခြင်းဖြစ်၏။

(moon) တဲ့။

ဒီကျောင်းသူလေးရဲ့သတင်းက စာသင်ခန်းထဲတွင် ရေပန်း စားခဲ့သည်။ ဘာကြောင့်မွန်းမသိ နှစ်တစ်ဝက်နဲ့ကျောင်းထွက်သွာ တဲ့ ကောင်မလေး။ စာလည်း အရမ်းတော်တယ်ဟု ကြားရ၏။





အဲဒီနေ့တုန်းက ...

မေဇာသင်းပြောပြနေတဲ့အကြောင်းအရာလေးကို တစ်စွန်း တစ်စ နားထောင်မိရာမှ သုသုတို့ စာသင်ခန်းကို အမုန်းမိုး မသွား ဖြစ်လိုက်တော့ချေ။

မုန့်စားဆင်းချိန်တိုင်း မပျက်မကွက်သွားရတဲ့ အမုန်းမိုးတစ် ယောက် နောက်ကျမှရောက်သွားသဖြင့် ကွန်ပါမှူးနဲ့ ပိတ်ပေါက် ခြင်း ခံခဲ့ရ၏။

မွန်းဟာ သူ့ကိုပိုက်ဆံကောက်ပေးသွားတဲ့ ကောင်မလေး ဟုတ်တယ် မဟုတ်ဘူးဆိုတာ မသေချာပေမယ့် သူမလေးရဲ့နာမည် လေးကတော့ သူ့စိတ်အစဉ်ရဲ့ အနက်ရှိုင်းဆုံးအပိုင်းလေးထဲမှာ တော့ စွဲထင်ကာ ကျန်ရှိနေခဲ့သည်။

စာသင်နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားသည့်တိုင် မွန်းဆိုတဲ့ နာမည်ပိုင်ရှင်လေးကိုတော့ အမုန်းမိုး မမေ့နိုင်ခဲ့ပါချေ။

ဘာကြောင့်လဲ ...

မွန်းကို သူဘာကြောင့် စွဲထင်နေရတာလဲ။

ဘယ်သူကမှ အခေါ်အပြော အဆက်အဆံမလုပ်ချင်တဲ့သူ့ကို အရေးတယူနဲ့ လုပ်ပြသွားလို့လား။

ဒါလည်း ဖြစ်နိုင်ပါသည်။

အတန်းထဲကနေ ပိုက်ဆံလေးတင်ပေးပြီး ထွက်ခွာသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမလေးရဲ့ ပုံရိပ်ကပြန်စဉ်းစားမိတိုင်း အနေးပြကွက်တစ်ခုလို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာသည်။ တစ်နေ့မှကို အမုန်းမိုး မမေ့ခဲ့တာပါ။

ယခုဆိုလျှင် ...

အမုန်းမိုးရော သုန္ဒြမင်းအုပ်ပါ ဆယ်တန်းစာမေးပွဲကို ဖြေပြီးပြီ။

စာသင်နှစ်ကုန်ဆုံးလို့ အောင်စာရင်းပင်ထွက်တော့မည်။ အောင်စာရင်းအထွက်ကိုပဲ စောင့်နေခြင်းဖြစ်၏။ အမုန်းမိုးတစ်ချိန်လုံး စဉ်းစားနေမိတာက မွန်းဆိုတဲ့ ကောင်မလေးရော သူတို့လို ကျောင်းဆက်နေပါသေးရဲ့လားဆိုတဲ့ အချက်ကလေးကိုပါပဲ။

သူမဆီမှာ ဘယ်လိုအခက်အခဲတွေရှိနေလို့များ ကျောင်းတစ်ဝက်တစ်ပျက်ကြီးနဲ့ ရပ်နားသွားရပါလိမ့်။

အမုန်းမိုး စဉ်းစားမရပါ။

ဒါမှမဟုတ်။

တစ်နှစ်အောက်ပြီး တစ်ခြားကျောင်းတစ်ခုခုမှာ ပညာဆက်သင်နေသလား။ သူမလေး အဲဒီလိုလဲ လုပ်လျှင်လုပ်နိုင်ပါသည်။

ဒါဆိုလျှင် ...

သူမလေး ကိုးတန်းရောက်လောက်ပြီလေ။





နောက်နှစ်ဆို သူမလေး ဆယ်တန်းရောက်ပြီ။

"အမုန်းမိုး ... "

"ဟဲ့ ... အမုန်းမိုး"

"ဟင် ... ဘာ ... ဘာလဲ သုသု"

ငှက်ဆိုးထိုးသံထက်ပင် နားဝင်မချိုသော အသံတစ်ခုက အတွေးကမ္ဘာထဲ စီးမျောနေတဲ့အမုန်းမိုးကို အလန့်တကြားပင် နိုးထသွားစေပါသည်။

"နေစမ်းပါဦး ... နင်က ဘာတွေများတွေးနေလို့ ငါခေါ်နေတာတောင် မကြားနိုင်ရတာလဲ ... "

" ... "

အမုန်းမိုး ပြန်မဖြေမိပါ။

တစ်ခြားအကြောင်းအရာတစ်ခုခုကို ဆွဲပြလျှင်လည်း အပြစ်ဘင်၊ အဝေဖန်ပဲခံရဦးမည်။ ဒါဟာ သုန္ဒြမင်းအုပ် ခေါ် သုသုရဲ့ ဆုံးစံတစ်ခုပင် ဖြစ်၏။

"ဟဲ့ ... ငါမေးနေတယ်လေ"

"ဘာမှမဟုတ်ပါဘူး ... သုသုရယ်၊ ဒီလိုပဲ ရောက်တတ်ရာရာ စဉ်းစားရင်း နင့်ခေါ်သံမကြားမိတာပါ၊ ပြောလေ ... သုသု နင်ဘာခိုင်းချင်လို့လဲ၊ ငါဘာလုပ်ပေးရမလဲ ... သုသု"

"ဟွန်း ... "



www.burmeseclassic.com

www.burmeseclassic.com



သုသု မကျေမနပ် မျက်စောင်းထိုးပါသည်။

သို့သော် ...

အမုန်းမိုး အပြုံးမပျက်ဘဲ ခံယူမိ၏။ သုသု မျက်စောင်းထိုး ရတာ သူ့အတွက်တော့ ထူးကိုထူးဆန်းမိနေတော့တာပါ။ သုသုသာ နင် မလေးဆိုလျှင် အမုန်းမိုးတစ်ယောက် ပြာဖြစ်နေတာ ကြာလှ ပြီ။

ခုတော့ ... ။

သုသုက လူတစ်ယောက်လေ။

သူ့အတွက် မျက်စောင်းအထိုးခံရလို့ အသားနာကျင်သွား တာလဲမဟုတ်။ အသားပွန်းပဲ့သွားတာလဲ မဟုတ်တော့။ ခေါင်းထဲ သိပ်ပြီးထည့်မနေမိတော့ချေ။

"အမုန်းမိုး ... "

"ပြောလေ ... သုသု"

"ငါ့ကားကို နင်ရေဆေးထားတာဆို ... "

"ဟုတ်တယ်လေ ... ငါဆေးပေးထားတာပဲ၊ ဘာဖြစ်လို့လဲ သုသု ... "

"ဘာဖြစ်ရမှာလဲ ... မပြောင်လို့ပေါ့ ... "

ဟင် ...

မပြောင်လို့တဲ့။





အမုန်းမိုးကိုယ်တိုင် သေချာဆေးကျောပေးထားတာပါ။

"ဘယ်နေရာက မပြောင်တာလဲ"

"အံမာ ... ငါကပဲ နင့်ကိုလိုက်ပြရဦးမှာလား၊ သိချင်ရင် နင့်ဘာသာ သွားကြည့်ပေါ့ဟဲ့ ... "

"အေး ... အေး ... ငါသွားကြည့်ပေးပါ့မယ်"

"ကြည့်မနေနဲ့ နောက်တစ်ခါ ထပ်ဆေးထားလိုက်၊ ငါအပြင် သွားစရာရှိလို့၊ ကားကိုပြောင်လက်နေပါစေနော် အမုန်းမိုး"

"အေးပါ ... ငါပြန်ဆေးပေးထားပါ့မယ်"

"မြန်မြန်လုပ်နော် ... ငါရေမိုးချိုးပြင်ဆင်ပြီးရင် သွားတော့ မှာ၊ နင်အချိန် သိပ်ဆွဲလုပ်မနေနဲ့ဦး ... "

"အေးပါ ... စိတ်ချပါ ... "

"ဒါဆိုလဲ ... ပြီးတာပဲ"

သုသု အနားကနေ လှည့်ထွက်သွားတယ်ဆိုလျှင်ပဲ အမုန်းမိုး ထိုင်ရာမှထကာ ခြံကြီးထဲ ထွက်လာခဲ့လိုက်သည်။ သုသုကားလေး ရပ်ထားတဲ့နေရာကို ရောက်တော့ အမုန်းမိုး သေချာစစ်ဆေးကြည့် လိုက်၏။ ကားက ပြောင်လက်ပြီး သန့်စင်နေသည်။

ဒါကိုများ ဘယ်လိုမျက်လုံးမျိုးနဲ့ကြည့်ပြီး ညစ်ပတ်နေသည် ဟု ပြောသွားပါလိမ့်။

အမုန်းမိုး စိတ်ရှုပ်စွာပင် ခေါင်းလေးကုတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မတတ်နိုင်ဘူးလေ။

ပြန်ပြီး ရေဆေးပေးပါဆိုတော့လည်း ဆေးပေးလိုက်ရုံပဲရှိ တော်ကြာနေ စိတ်တိုင်းမကျလို့ အမုန်းမိုးကို အပြင်းထူသည်ဟုပဲ အားမနာ ပါးမနာ ဝေဖန်ပေဦးတော့မည်။

သုသုက အမုန်းမိုးဆိုလျှင် မျက်မုန်းကိုကျိုးနေတဲ့သူပါ။

ဘာပဲလုပ်ပေး လုပ်ပေး စိတ်တိုင်းကျသည်မရှိ။ ပြောလိုက်လျှင်လည်း ပြစ်ပြစ်ခါခါပဲ။ ကျောင်းတက်လာရသည့်ကာလတစ်လျှောက်လုံးလဲ အေးချမ်းပျော်ရွှင်ခဲ့ရသည့်နေ့ရက်ဟူ၍ တစ်ရက်မှကို ရှိမနေခဲ့ရချေ။

သို့သော် ...

ဒီအမိုးအရိပ်မှာပဲ ခိုလှုံနေခဲ့ရတာဆိုတော့ ထောက်ထားစရာတွေက များပြား၏။ မငြင်းသာနိုင်။ မလွန်ဆန်နိုင်ခဲ့ပါ။ အဆပ်ရခက်ဆုံးက ကျေးဇူးကြွေးဆိုတဲ့ စကားကမှန်သည်ဟုပဲ ပြောရမည်။ ငယ်စဉ်ကတည်းက အမုန်းမိုးအပေါ်မှာတင်ရှိနေတဲ့ ဦးနေမင်းအုပ်ရဲ့ ကျေးဇူးကြွေးတွေကြောင့် ယခုထက်ထိတိုင် နေမဟာခြံဝန်းကြီးထဲမှာပဲ အမုန်းမိုး ဆက်လက်ရှိနေခဲ့ရသည်။

အဘရွှေက အသက်အရွယ်အရ သိပ်မှမလုပ်ကိုင်နိုင်တော့တာ။ ခြံထဲက ပန်းပင်တွေရဲ့တာဝန်ရော၊ သန့်ရှင်းရေးတာဝန်ရော ကားဒရိုင်ဘာတာဝန်ကိုပါ ပူးတွဲယူနေရတဲ့ အဘရွှေကို အမုန်းမိုးကပဲ ကူညီဝိုင်းလုပ်ပေးနေရသည်။ အစကတော့ အရွယ်ကလေးရောက်





သာတဲ့ အမုန်းမိုးကို သမီးဖြစ်သူ သုသုနဲ့စိတ်မချနိုင်ဘဲ တစ်ခြားနေရာကို ရွှေ့တော့မလို့ပါ။ သုသုက စိတ်မပါတာကြောင့် ဆက်ထားခဲ့ကြခြင်းဖြစ်၏။

မနက်မိုးလင်းတာနှင့် အန်ကယ်နေမင်းအုပ်ရဲ့ကားရယ်၊ အန်တီ နှင်းဒါလီရဲ့ကားရယ်၊ သုမြွေမင်းအုပ် ခေါ် သုသုရဲ့ကားရယ်ကို ရေဆေးပြီး ပြောင်လက်နေအောင် သုတ်ပေးရတဲ့အလုပ်ကို လုပ်ရ၏။

အန်ကယ်နဲ့အန်တီက ဘာမှအပြစ်မပြောသလောက်၊ မျက်နှာမြင် ပြေးကန်ချင်ဆိုသလို ဖြစ်နေတဲ့သုသုကတော့ အကြောင်းပြချက်တစ်ခုမဟုတ် တစ်ခုပြပြီးတော့ကို ဟောက်ဟန်းနေတော့သည်။

ခုလဲ ...

သူမကားကို ရေပြန်ဆေးပြီး သုတ်ပေးထားတဲ့လေ။

အမုန်းမိုး ဘာစကားမှထက်ပြီး အထွင့်တက်မနေမိတော့။ သူမခိုင်းသလိုသာ လုပ်ပေးနေမိတော့သည်။

ဒါမှလည်း

အမုန်းမိုး အနေချောင်မှာလေ။

မဟုတ်လို့ကတော့ ... ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၂ )

"သုသု ... မင်းကိုယ့်ဆီကို ဘာဖြစ်လို့လိုက်လာတာလဲ"

သူမကိုမြင်လိုက်တာနှင့် စိတ်ရှုပ်ထွေးသွားသလို လေသံ မျိုးနှင့် မေးလာ၏။

သုသုရင်ထဲ အောင့်ခနဲ မျက်သွားပေမယ့် ထိုခံစားချက်ကို ချက်ခြင်းပဲ ဟန်ဆောင်ပြုံးတွေနဲ့ ဖုံးအုပ်လိုက်သည်။ အစကတည်း က သုသုရဲ့ချစ်သူ ဆောင်းဦးမောင်က စိတ်ဆတ်သည့်အပြင် အပြောအဆိုလည်း ရင့်တတ်တာလေ။ ဒီလိုချစ်သူမျိုးကို ရွေးချယ် ကော့လည်း သုသု ဘာတတ်နိုင်ဦးတော့မလဲ။

"ဘာလို့လိုက်လာရမှာလဲ မောင်ရဲ့ ... သုသု ဖုန်းဆက်တော့ လဲမကိုင်ဘူးလေ ... သုသု စိတ်ပူတာပေါ့၊ ဒါကြောင့် မောင်ဘယ်မှာ ရှိနေနိုင်သလဲဆိုတာ မောင့်သူငယ်ချင်းတွေဆီမှာ မေးမြန်းပြီး လိုက် လာခဲ့တာ၊ ဘာဖြစ်လို့လဲ ... မောင် ... သုသုလိုက်လာကာကို

[illegible]ကြိုက်ဘူးလား"

"မဟုတ်ပါဘူး ... လူကညစ်နေတဲ့အချိန်ဆိုတော့ စိတ်က [illegible]ကြည်တာမဟုတ်ဘူးလေ၊ သုသုအဖော်မဲ့သလို ခံစားရမှာစိုးလို့ [illegible] မောင် မင်းကို အဖော်လုပ်ပေးချင်စိတ်မရှိဘူး သုသု၊ အဲဒါ ... [illegible]င် တကယ်ပြောတာ၊ ဒီလိုအချိန်မျိုးမှာ မင်းလုံးဝမလာသင့် [illegible]"

ဆောင်းဦးမောင်ရဲ့ပုံစံလေးက တကယ့်ကိုညစ်နေတဲ့ပုံစံ [illegible]ပါ။ ဝတ်ထားတဲ့ အဝတ်အစားက ဖရိုဖရဲ၊ ခေါင်းပေါ်က ဆံပင် [illegible] ဘယ်လောက်တောင်များ ဦးနှောက်ခြောက်လို့ လက်နဲ့ထိုးဖွ [illegible]မှန်းမသိ။ ဖွာလန်ကြဲနေသည်။

နှစ်ယောက်တွဲဆိုဖာပေါ် ပက်လက်လှဲနေတဲ့ မောင့်ပုံစံကို [illegible]ပျက်စရာကောင်းလောက်အောင် မြင်တွေ့နေရသည်။

ခက်ပါတယ်။

ရှုပ်ပါသည်။ ပွေပါသည်။ လေပါသည်ဆိုတဲ့ ဆောင်းဦး [illegible]င်ဆိုတဲ့ နာမည်ကြီး လူရှုပ်ကလေးနဲ့မှ ချစ်သူတွေဖြစ်ခဲ့မိ သည်။ [illegible]စားတွေ ထည်လဲတွဲတတ်တာ ဆောင်းဦးမောင်ရဲ့ ရာဇဝင်ပါ။ [illegible]တွေက ငွေကြေးပြည့်စုံချမ်းသာသလို ကိုရီးယား မင်းသားတွေ [illegible]င်ငိုသွားလောက်အောင် ချောမောတောင့်ဖြောင့် ရှင်းသန့်နေတဲ့ [illegible]ဆောင်းဦးမောင်က မြင်လိုက်ရတဲ့ မိန်းကလေးတိုင်း ရင်ခုန်ခဲ့ကြ





www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်နေသည်။ ထိုကောင်မလေးတွေထဲတွင် သုသုလည်း အ
အဝင် ဖြစ်သည်။

သုသုတို့ကျောင်းမှာ ဆောင်းဦးမောင်က နာမည်ကြီး
ဆောင်းဦးမောင် အရေးလုပ်ပြီးစကားပြောခံလိုက်ရတဲ့ ကော
မလေးဆိုလျှင် ကျောင်းသူကလေးတွေရဲ့ အထင်ကြီးအားကျ
မျက်လုံးတွေက စုပုံကျရောက်လာခြင်းခံရသည်။

ဆောင်းဦးမောင်ရဲ့ ချစ်သူရည်းစားအမည်စာရင်းထဲမှာ
မပါဝင်ချင်တဲ့သူ မရှိချေ။

သုသုက အဲဒီလောက်ကြီး ကဲကဲဆတ်နေတဲ့ကောင်မလေး
မဟုတ်ပေမယ့် ဟိတ်ဟန်ကောင်းလွန်းတဲ့ ဆောင်းဦးမောင်
တော့ မျှော်လင့်မိတာ အမှန်ရယ်ပါ။

ဆောင်းဦးမောင်က ဆယ်တန်းကျမှ သုသုတို့ကျောင်း
ပြောင်းလာတဲ့ ကျောင်းသားအသစ်ကလေးပါ။ ကျောင်း
CALDINA ကြီးနဲ့ ဆောင်းဦးမောင်ကို လာပို့ကြိုပေးတတ်၏။ ရု
ရည်ရော၊ ငွေကြေးပါပြည့်စုံတဲ့ ဆောင်းဦးမောင်က ကျောင်း
တော့ တကယ့်ကို စူပါစတားပါပဲ။

သုသုအနားကို ဆောင်းဦးမောင်ကပ်လာတော့ အတိုင်းမ
အောင်ပင် ဝမ်းသာခဲ့ရ၏။ မဆွတ်ခင်က ညွှန်ချင်နေတဲ့သူဆိုတော
လည်း အချိန်တွေ သိပ်ပြီး ဖြုန်းမနေမိဘူးပေါ့လေ။





စာမေးပွဲကြီးဖြေဆိုပြီးလို့ ကျောင်းတွေပိတ်ချိန်တိုင်အောင်
ဆောင်းဦးမောင်နဲ့သုသုတို့ အဆက်အသွယ်မပျက်ခဲ့ကြချေ။

ဆောင်းဦးမောင်က ရည်းစားတစ်ယောက်ကို စိတ်ပါလက်
တာအလွန်ဆုံး တစ်လပဲတဲ့။ သုသုနဲ့ကတော့ အချိန်အကြာရှည်
ဖြစ်နေတာမို့ သူမကိုတော့ အလေးအနက်ထားတယ်ဆိုတဲ့
ဆောင်းဦးမောင်ရဲ့ ပြောစကားကို ယုံကြည်မိ၏။

သို့သော် ...

လွန်ခဲ့သော တစ်ပတ်လောက်မှစ၍ ဆောင်းဦးမောင်ဘက်
အမျိုးတွေပြောင်းလာ၏။ မကြာခဏဆိုသလို အသံလေးကြား
လို့ဆိုပြီး ဖုန်းဆက်တတ်တဲ့ အမူအကျင့်တွေက ပျောက်ရှသွား
သည်။

သုသုဘက်က ဆက်လျှင်လည်း အကြောင်းတစ်ခုခုပြပြီး
ချသွားတတ်၏။ စကားကောင်းကောင်းမွန်မွန် ပြန်မပြော
တော့ချေ။ သူမက တွေ့ချင်တယ်ဟု တောင်းဆိုလျှင် ဆောင်းဦး
မောင်ဘက်ကပဲ ဖျက်တတ်သည်။

သုသု မစိုးရိမ်ဘဲ မနေနိုင်တော့။

သိသိသာသာကြီး ရှောင်နေတဲ့ ဆောင်းဦးမောင်ကို သုသု
ရှာနေမိသည်။ ဆောင်းဦးမောင်ဘက်က အခုလိုမျိုး ဆက်ဆံ
တိုခံနေရတဲ့ သုသုရင်ထဲမှာ ဘယ်လောက်များ ပူပြင်းလော



www.burmeseclassic.com

www.burmeseclassic.com



မြိုက်နေရပါသလဲ။ သူမရဲ့ ခံစားချက်ကို သူမသာလျှင် အသိဆုံး ဖြစ်သည်။

အခုလဲ ...

သုသုမေးလွန်းမကမေးလို့ ဆောင်းဦးမောင်ရဲ့ သူငယ်ချင်း ဆီက သုရှိနေနိုင်တဲ့နေရာလေးကို သိခွင့်ရခဲ့တာပါ။

သုသု သိပ်ပြီးစဉ်းစားမနေနိုင်တော့ဘဲ လိုက်သွားမိသည် သုသုကိုတွေ့တော့ မောင်အံ့သြသွား၏။ မထင်ထားဘူး မဟုတ် လား။ သူဖိတ်ကြားထားတာမဟုတ်တော့ နွေးထွေးစွာပင် မော မကြိုဆိုချေ။

"မောင် ... "

လှဲအိပ်နေရာကနေထထိုင်ရင်း သူမဘက်မျက်နှာလှည့် စောင်းကြည့်၏။

"မောင့်မှာ ဘာစိတ်ညစ်စရာတွေ ရှိနေလဲဟင် ... သုသု ပြောပြလို့ရမလားဟင်"

သုသုစိတ်အရှည်ဆုံးထား၍ လေသံပျော့ပျော့နှင့် မေး သည်။

"မောင် ... "

" ... "

"ပြောပြပါ မောင်ရဲ့ ... သုသု တတ်နိုင်တဲ့ကိစ္စဆိုရင်လည်း





ခဲ့တာပေါ့ ... "

"မောင် ... သိန်းငါးဆယ်လောက် အကြွေးတင်နေတယ်"

"ဟင် ... "

"ဘာလဲ ... လန့်သွားပြီလား"

"မဟုတ်ပါဘူးမောင်ရဲ့ ... ဒီလောက်ငွေတွေ အကြွေးတင် အောင် မောင်ဘာတွေလုပ်ထားလို့လဲ"

"အရင်းပွားမလားဆိုပြီး ဒီကောင်လုပ်တာဟေ့ သုသု"

ဝင်ပြောတာက မောင့်သူငယ်ချင်း သူရဇော်ရယ်ပါ။ မောင် ကိုရောက်နေတယ်ဆိုတဲ့သတင်းကို သုသုဆီလှမ်းပေးခဲ့သူ ဖြစ်၏။

ဒါကြောင့်လဲ ...

သူရဇော်ရဲ့နေအိမ်ကို သုသုရောက်လာခဲ့ခြင်းဖြစ်သည်။

"မောင့်မိဘတွေရော သိလား ... "

မောင်က ခေါင်းခါပြသည်။

"မောင့်ဒက်ဒီက စည်းကမ်းကြီးတယ် သုသု ... တစ်ဦး သောသားပေမယ့် အစွမ်းကုန်အလိုလိုက်ဖို့ လုံးဝမစဉ်းစား ပေးသင့်သလောက်ပေးသုံးတယ်၊ အခုကိစ္စသာ ဒက်ဒီသိရင် ထက် သူကိုယ်တိုင်အရင်ဦးအောင် ထောင်ထဲပို့မှာ၊ ကားအုံ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ မောင်ပေါင်ထားတာလေ ...”

“ပြဿနာပဲ ... မောင်ကတော့ စံပဲဟယ်”

သုသု ရင်မောစွာပင် ညည်းမိ၏။

“အဲဒါကြောင့် ညစ်နေတာပေါ့ သုသုရဲ့”

မောင်က ခေါင်းလေးငိုက်စိုက်ချပြီး ပြော၏။

“သုသုရေ ... ဒီကောင့်ကိုတော့ ကယ်နိုင်ရင်လဲ ကယ် ဦး ... အကြွေးရှင်တွေက တဂွမ်ဂွမ်ဖုန်းဆက်လို့ဆိုပြီး ဖုန်းပိတ် ထားတာ တစ်ပတ်လောက်ရှိနေပြီ၊ ဒါကို ... သူနဲ့အဆက်အသ မရလို့ဆိုပြီး ငါ့ဆီလှမ်းသတိပေးတာလေ၊ လာရွေးချင်ရွေး မရွေး အိမ်ကို အသိသွားပေးမယ်တဲ့၊ ဒီကောင့်ဒက်ဒီက လုံးဝကြွမ်း ဆိုတော့ လေပြီး ဒီမှာလဲနေတာပဲ ကြည့်တော့ ...”

တစ်ပတ်လောက်တဲ့။

ဒါကြောင့် ...

သုသု ဖုန်းဆက်တော့ မောင်ဖုန်းက စက်ပိတ်ပိတ်ထား ကိုး။ စကားပြောလျှင်လည်း စိတ်မပါသလိုကြီးဖြစ်ဖြစ်နေတ မောင့်ကို သူမ အထင်တွေလွဲနေမိသည်။

သုသုအပေါ် စိတ်မဝင်စားတော့လို့ဆိုပြီး ကြေကွဲဝမ်းနည် နေမိ၏။

ခုတော့ ...





မောင်က သုသုထင်သလို မဟုတ်ချေ။

မောင်က အကြွေးရှင်ကြောင့်သာ စိတ်လေလွင့်နေရခြင်းပဲ သည်။ ခုမှပဲ ... သုသုရင်ထဲက အပူလုံးကြီး ပြုတ်ကျကာ ပြီးပျောက် တော့၏။

“မောင် ...”

“ပြော ... သုသု”

“ငွေကြေးကိစ္စနဲ့ ညစ်နေတာဆိုရင်တော့ အေးဆေးသာ နေ တ်တော့မောင် ... အဲဒီငွေကို သုသုပေးမယ် မောင်ပြန်ဆပ်စရာ ဘူးနော် ... ဒက်ဒီက သုသုအတွက် ဘဏ်မှာထည့်ပေးထားတဲ့ သိန်းငွေတွေရှိပါတယ် မောင်ရဲ့ ... သုသုမောင့်အတွက် ထုတ် မှာပေါ့ ...”

“ဟာ ... တကယ် ... တကယ်ပြောတာလား သုသု၊ သိန်း ဆယ်ပေးမယ်ဆိုတာ တကယ်ပြောတာလား”

“တကယ်ပေါ့ မောင်ရဲ့၊ ကားစာအုပ်ကိုပြန်ရွေးဖို့သာ မောင် ကြောင်းပြန်ထားလိုက်တော့ ... မနက်ဖြန် ... သုသုဘဏ်ကနေ တ်ပြီး လာပေးမယ် ...”

“ဟာ ... ဝမ်းသာလိုက်တာကွာ၊ သုသု ... မောင်တကယ် းဇူးတင်တယ်သိလား၊ ဟား ... အခုမှပဲ အသက်ရှူချောင်တော့ သုသုရယ် ... ဟား ... ဟား ... ဟား”



www.burmeseclassic.com

www.burmeseclassic.com



"အို ... မောင်"

မောင်ကပြောရင်းဆိုရင်း သုသုကိုယ်လေးကို ခပ်တင်း လေး ပွေ့ဖက်လိုက်တာမို့ အနီးတွင် ထိုင်နေသော သူရ မျက်နှာပူကာ ရှက်သွေးလေးတွေ ဖြာသွားရသည်။

"ဆောင်းဦးမောင် ... ဆောင်းဦးမောင် ... စော တော့ အခုပဲ ဆွဲကြိုးချသေရင်ကောင်းမလား၊ ရေထဲခုန်ချပြီး သေရင်ကောင်းမလားဆိုပြီးပြောနေတာ ... အခုတော့လည်း တဲ့မျက်နှာကြီးလို ပြုံးဖြီးနေတာပါလားကွ၊ တယ်လဲအပြောင်း ပြန်ပါ့ကွာ ... "

သူရဇော်က သဘောကျစွာပင် ဝင်ပြောသည်။

"ဒါပေါ့ကွ ... မဟာဇနကလို ရေကူးနေရင်း ခြေကုန် ပန်းကျနေတုန်း မဏိမေခလာ နတ်သမီး အကယ်ခံလိုက်ရသလို သွားတာကိုးကွ ... အူမမြူးဘဲ နေမလား သူရဇော်ရ ... "

"ဟေ့ကောင် ... ရာရာစစ ဘုရားအလောင်းတော် ဥပမာ နှိုင်းရတယ်လို့ ... မင်းလိုလောင်းကစားသမားကများ"

"ဘာပဲဖြစ်ဖြစ်ကွာ ... ငါတကယ်ရင်တွေပူနေခဲ့ရ ဟောဒီက ... ချစ်သူလေးကြောင့်သာကွာ ... "

သုသုကိုယ်လေးကို မလွှတ်ဘဲ သူရဇော်နှင့် စကားတွေ ပြောနေတဲ့ ချစ်ရသူဆောင်းဦးမောင်ကြောင့် ရင်ထဲပီတိလှိုင်း





တွေဖြစ်နေမိသည်။

မောင့်ပုံစံက သူရဇော်ပြောလည်း ပြောချင်စရာဖြစ်နေတာ မဟုတ်လား။ သုသုဝင်လာတုန်းက ပုံစံလေးနဲ့တစ်ကယ့်ကို တစ် ခြားစီပါ။ ငွေလေး သိန်းငါးဆယ်လောက်ဆိုတာ သုသုအတွက် တော့ အခက်အခဲကြီးမဟုတ်ပါ။ ဒက်ဒီနဲ့မာမီလည်းမသိနိုင်။ သုသု အတွက် ထည့်ပေးထားတဲ့ငွေက နည်းတာမှမဟုတ်တာ။ ထုတ်သုံး လိုက်လို့ ဘာပြဿနာမှ မဖြစ်နိုင်ပါ။

မောင်က အရမ်းအရေးတကြီး လိုအပ်နေတာလေ။

သုသုမှ မရှင်းပေးလျှင် မောင်ပြဿနာ အကြီးအကျယ်တက် ရတော့မည်။

"ကဲ ... သုသုနဲ့ဆောင်းဦး ... ငါအပြင်ခဏသွားလိုက်ဦး မယ်"

"သွား ... သွား ... မင်းကိုလုံးဝသွားခွင့်ပြုတယ် သူရဇော်"

ဆောင်းဦးမောင်တစ်ယောက် သူငယ်ချင်းဖြစ်သူကို နှင် လိုက်၏။ ဒီကောင်က သူများသမီးရည်းစားရှေ့မှာ မျက်နှာပြောင် ကြီးတိုက်ပြီးထိုင် စကားတွေလာပြောနေတာ မဟုတ်လား။

ဒီမှာ ... အိုကေနေတဲ့ဟာကို အလိုက်ကန်းဆိုးမသိ ဆက် ထိုင်နေသေးသည်။

"အေးပေါ့ကွာ ... ခုတော့ မင်းကငါ့ကိုနှင်ပြီပေါ့၊ စောစော



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သန့်စင်ခန်းတောင်မသွားရဘူး ... သူညည်းညူနေသ
ထိုင်နားထောင်နိုင်းထားပြီးတော့ ... ”

“အဟဲ ... ဒါကတော့ကွာ”

“အလကား စတာပါကွာ ... ကဲ ... ဆောင်းဦး ... ငါအပြ
ခဏသွားလိုက်ဦးမယ် ... ”

“အိုကေ ... သူငယ်ချင်း”

သူရဇော်တစ်ယောက် အနားကနေနှုတ်ဆက်ပြီး ထသွ
သည်။ သူ့ရဇော်တို့ နေတဲ့တိုက်ခန်းလေးထဲမှာ ဆောင်းဦးမောင်
သုသုတို့နှစ်ယောက်တည်းသာ ကျန်ခဲ့၏။

“သုသု ... ”

“မောင် ... ”

“ကျေးဇူးအရမ်းတင်တယ် ... ”

“ဘာကိုလဲ ... ”

“မောင့်ရဲ့ငွေရေးကြေးရေး အခက်အခဲကို ကူညီပေးမယ်
လို့လေ ... ”

“ချစ်သူတွေကြားမှာ ကျေးဇူးတင်စကားက ပြောဖို့လို
လားမောင် ... သုသုကတော့ မောင့်ဆီက ချစ်စကားလေးတွေ
ကြားချင်တာ၊ မောင်စိတ်တွေလေပြီး သုသုကိုပစ်ထားတုန်းက
ဘယ်လောက်တောင် ရင်တွေပူနေခဲ့ရသလဲဆိုတာ သိရဲ့လားဟင်





မောင့်ကြောင့် သုသုမှာ အိပ်မပျော်တဲ့ညတွေတောင် ရှိခဲ့ဖူးတယ်
သိလား ... ”

“သုသုရယ် ... ”

စိတ်မကောင်းဖြစ်သည့် လေသံလေးနှင့် မောင်က ညည်း
သည်။

“နောက်ဆိုရင် ... မောင့်ဆီမှာ ဘယ်လိုအခက်အခဲမျိုးတွေ
ရှိရှိ သုသုကိုတော့ အသိပေးပါမောင်ရယ် ... တစ်ယောက်တည်း
ဖြေရှင်းရတာထက် နှစ်ယောက်တိုင်တိုင်ပင်ပင်နဲ့ ဆုံးဖြတ်တော့
ကောင်းတာပေါ့။ သုသုက မောင့်ရဲ့အနီးဆုံးလူတစ်ယောက်ပဲ ဖြစ်
ချင်တာလေ ... အဲဒီအခွင့်အရေးကိုမောင်ပေးမယ် မဟုတ်လား
မောင်ရယ် ... ”

“ချစ်ရယ် ... မောင်မှားသွားပါတယ်ကွာ၊ နောက်ဆို မောင်
သတိထားပါ့မယ် သုသုရယ် ... ”

မောင့်အသံလေးက တိုးလျသွား၏။

သုသုကျေနပ်ပါသည်။ မောင်ပေးတဲ့ကတိကို တည်လိမ့်မယ်
ဟုလည်း ယုံကြည်မိ၏။

မောင် ...

သုသု အရမ်းချစ်တယ်။

သုသုရင်ထဲက နှလုံးသားမှာ မောင့်ကိုချစ်တဲ့ အချစ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြည့်နှက်နေတယ်မောင်။

ဒါကို ...

မောင်ယုံပေးပါနော်။

အခန်း ( ၁၃ )

"အခုတလော ... သုသုရဲ့ခြေလှမ်းတွေ အရှမ်းပျက်နေတယ် အဲဒါ ... ဘာကြောင့်လဲဆိုတဲ့အဖြေကို မင်းပေးနိုင်မလား အမုန်းမိုး၊ မင်းက သူနဲ့ကျောင်းအတူတူတက်လာတဲ့သူပဲလေ၊ တစ်ခုခုကို တော့ မင်းအသေအချာကိုသိနေမှာပါ ... အန်တီကိုပြောပြပါဦး အမုန်းမိုး ... "

ဒေါ်နှင်းဒါလီက အမုန်းမိုးမျက်နှာကို စေ့စေ့စိုက်ကြည့်ကာ မေးနေခြင်းဖြစ်သည်။ သုသုက အိမ်ကို လုံးဝသူမနဲ့ပတ်သက်တဲ့ အကြောင်းကို မပြောရဘူးဆိုပြီး အမုန်းမိုးကို မှာထားတာလေ။

အမုန်းမိုး ဘာလုပ်ရမလဲ။

သုသုမှာ ချစ်သူရှိနေပြီ။

ဆောင်းဦးမောင်တဲ့။

အမုန်းမိုးတို့ကျောင်းကို ဆယ်တန်းနှစ်မှာ ပြောင်းလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအသစ်ဖြစ်သည်။ ရုပ်ရည်က ချောမောသည့်အပြင် မိဘတွေက ငွေကြေးပြည့်စုံချမ်းသာပုံလည်း ရပါသည်။

ဆောင်းဦးမောင် ဝတ်စားဆင်ယင်တာ သုံးတာစွဲတာ ကြည့်ခြင်းအားဖြင့် တစ်ဦးတည်းသော သားမို့ အလိုလိုက်ခြင်းခံထားရတာ သေချာ၏။

ခက်တာက ...

ဆောင်းဦးမောင်က ရှုပ်သည်။

ကျောင်းသား အသစ်ဆိုပြီး လုံးဝကို ရှိန်မနေတာပါ။ ကျောင်းတက်ပြီး တစ်ပတ်အတွင်း သူငယ်ချင်းတွေ တရုန်းရုန်းနှင့် ဖြစ်နေ၏။ ကောင်မလေးတွေဆိုလည်း အရောတဝင်ကိုနေတာပဲ။ ကျောင်းကရည်းစားရော အပြင်ကရည်းစားပါပေါင်းလျှင် သူ့အသက်ထက်ပင် ကျော်လောက်ပြီ။ ရည်းစားသက်စေ့ထားတဲ့ ဆောင်းဦးမောင်နဲ့မှ သုသုက ချစ်သူတွေဖြစ်နေတာပါ။

"မောင်အမုန်းမိုး ..."

"ဗျာ ..."

"မနေ့က အန်တီ့သူငယ်ချင်း ဘဏ်မန်နေဂျာက ဖုန်းဆက်တယ် ... သုသုပိုက်ဆံ သိန်းငါးဆယ်လာထုတ်သွားတယ်တဲ့"

ဟင် ...

အမုန်းမိုး အံ့သြသွားရသည်။





သိန်းငါးဆယ်ကြီးများတောင် ဘာအရေးကိစ္စကြောင့် ထုတ်သွားရတာလဲ။

"အန်တီ့အတွက်တော့ အဲဒီငွေကြေးလောက်က သိပ်အရေးကြီးပါဘူး၊ အန်တီသိချင်တာ သုသုဘာတွေလုပ်နေသလဲဆိုတာပါ၊ ရင်တွေအရမ်းပူတာပဲ မောင်အမုန်းမိုးရယ် ... အခုတလော အပြင်ကိုချည်း ထွက်ထွက်နေတယ်၊ သူ့ကိုလည်း အန်တီနှင်း မမေးရဲဘူး၊ မယုံသင်္ကာသလို စစ်တယ်ထင်ပြီး စိတ်ဆိုးသွားမှာလည်း စိုးရိမ်တယ်လေ ... ဒါကြောင့် ... မောင်အမုန်းမိုး သိထားတဲ့ အကြောင်းအရာလေးများ ရှိနေမလားလို့ ခေါ်မေးကြည့်တာပါ၊ အဲဒီအတွက် မင်းမှာ ဘာပြဿနာ၊ ဘာအခက်အခဲမှ မရှိစေရပါဘူး၊ အန်တီကတိပေးပါတယ်ကွယ် ... ပြောပြပါနော် ..."

"သုသုမှာ ချစ်သူရှိနေတယ် အန်တီနှင်း ..."

"ဟင် ..."

"ဆောင်းဦးမောင်တဲ့ ... ကျွန်တော်တို့ကျောင်းကပဲ ဆယ်တန်းအတူတူဖြေထားတယ်"

"အို ... ဒါကြောင့် ... သုသု အခုတလော ပြင်ဆင်ပြီးအပြင်ဆို အကြောင်းရှာထွက်နေတာကိုး၊ ရပြီ ... မောင်အမုန်းမိုး၊ ဒီလောက် သိခွင့်ရရင်ပဲ ရပါပြီကွယ်၊ မင်းတို့ကျောင်းကဆိုရင်တော့ အန်တီနှင်းရဲ့ အသိမိတ်ဆွေ ဆရာမဆီကို ဆက်သွယ်ပြီးပဲ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ဆိုတဲ့ ကောင်လေးရဲ့အခြေအနေကို ဆက်စုံစမ်းလိုက်ပါ့မယ်၊ သွား ... သွား ... မင်းလုပ်စရာရှိတာပဲ သွားလုပ်တော့၊ မောင်အမုန်းမိုး ... ”

“ဟုတ်ကဲ့ ... အန်တီနှင်း”

အမုန်းမိုးတစ်ယောက် ဒေါ်နှင်းဒါလီရှေ့ကနေ ထကာ အပြင်ဘက်ခြံထဲဆီသို့ ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှာတော့ ...

သိန်းငါးဆယ်ဆိုတဲ့ ငွေကြေးကိစ္စက ခိုဝင်လာခဲ့၏။

“အမုန်းမိုး ... ”

အဘရွှေက ဗိုလ်ကတော်မျက်နှာပင်လေးတွေကို တိတိရိရိ ညှိကာ ညှပ်နေရင်းမှ လှမ်းခေါ်သည်။

အမုန်းမိုးတစ်ယောက် အဘရွှေဆီ လျှောက်သွားမိ၏။

“မင်းကို နှင်းဒါလီ ဘာတွေခေါ်မေးတာလဲ”

“အန်တီနှင်းဒါလီက သုသုအကြောင်းမေးတာပါ အဘရွှေ”

“သုသု ဘာတွေလျှောက်လုပ်ပြန်ပြီလဲ ... ”

“ပိုက်ဆံသိန်းငါးဆယ် ဘဏ်ကထုတ်သွားလို့တဲ့ အဘရွှေ”

“ဟ ... အဲဒီလောက်တောင် သူကဘာလုပ်ဖို့လဲ၊ အိမ်မှာလည်း ဒီလောက်အပြည့်အစုံထားတဲ့ဟာ ... အရင်တစ်ပတ်ကပဲ ကားအသစ်တစ်စီး ထပ်လဲပေးထားသေးတယ်လေ ... ”





“အဲဒါကြောင့် ... အန်တီနှင်းဒါလီလည်း စိတ်ပူနေတာ”

“ဒီကောင်မလေး ရည်းစားများရှိနေလား ... ”

“ရှိတယ် အဘရွှေ ... ဒါပေမယ့် ... ဆောင်းဦးမောင်က ည်း အရမ်းချမ်းသာတယ် ... ”

“ဟေ ... ဟုတ်လား”

“တစ်ဦးတည်းသောသားလို့ ပြောတာပဲ အဘရွှေ ... ချင်းကို CALDINA ကားအနက်ရောင်ကြီးနဲ့ လာတက်တဲ့တစ် ာက်လေဗျာ ... အဘရွှေတောင် ကောင်လေးက ကိုရီးယား သားလေးနဲ့တူတယ်လို့တောင် ပြောသေးတဲ့ကောင်လေ ... သားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ဆောင်းဦးမောင်ဆိုတဲ့ကောင်ဗျာ”

“ဟေ ... အေး ... အေး ... မှတ်မိပြီ၊ ခပ်ချောချောကောင် း ... ”

“ဒီကောင်ကတော့ သုသုဆီက ငွေကိုမယူလောက်ပါဘူး ရွှေရဲ့ သူဌေးသားပဲဟာ ... ”

“ဟ ... ပြောလို့ရမလားကွ၊ မိဘကပိုက်ဆံရှိတာ သူ့အရည် င်းက ဘာရှာဖွေတတ်လို့လဲ ... ဒီကောင်လေး တောင်းလို့သာ သုလေး ပိုက်ဆံတွေ ဘဏ်ကထုတ်သွားတာပဲနေမှာပေါ့ ... တ်ရင် သုသုက ဘာသုံးစရာလိုလို့လဲ ... ”

“အဘရွှေကလည်းဗျာ ... မသိဘဲနဲ့ သူများကို စွတ်စွတ်ခွ



www.burmeseclassic.com

www.burmeseclassic.com



စွဲ"

"အဟား ... ငါက အလကားနေ မစွတ်စွဲတတ်ပါဘူးကွာ မင်းမယုံရင် စောင့်ကြည့် ... အဲဒီကောင်လေးတောင်းတဲ့ အဖြေ ထွက်ပေါ်လာလိမ့်မယ် ... ငါတို့က သုသုအကြောင်းကို သိပြီးသား ပါကွာ၊ သုသုစိတ်ကို အဖတ်နိုင်ဆုံးက ငါပဲသိလား ... ဒီကောင် မလေးက ငါ့လက်ထဲမှာပဲ ကြီးပြင်းလာတာ၊ ပိုက်ဆံတွေကို မိဘ တွေမသိအောင် ရည်းစားကို နိုးပေးနေတာ ... "

ခက်ပြီ။

ဒါဆိုရင်တော့ သုသုအတွက် ရင်ပူစရာပေါ့။

"အမုန်းမိုး ... "

"ဗျာ ... အဘရွှေ"

"မင်းမှာရော ချစ်ရသူကောင်မလေး မရှိဘူးလား"

ဟင် ... ။

ကောင်မလေးတဲ့။

အမုန်းမိုးမှာ ချစ်သူရှိနေသလားလို့ မေးနေတာလေ။

ဘာကြောင့်မှန်းမသိ။

မွန်းဆိုတဲ့နာမည်လေးကို အာရုံမှာ အမှတ်ရမိသည်။ ကျော လယ်လောက်ရှိ ဆံပင်လေးတွေ ယိမ်းနွဲ့ကာ အတန်းထဲကနေ ထွက်ခွာသွားတဲ့ ကောင်မလေး။





သေချာပါတယ်။

အမုန်းမိုးရဲ့ ပိုက်ဆံလေးကိုကောက်ပေးသွားတာ မွန်းပါပဲ။ သူ့ကို မျက်လုံးထဲမှာ စွဲထင်နေအောင်မှတ်ထားပြီး နောက်တစ်ခါ ပြန်တွေ့ဆုံရနိုးနဲ့ လိုက်ရှာခဲ့တာပဲလေ။ တွေ့မှမတွေ့ရတော့တာ။

ကျောင်းမှာလဲ ...

ကျောင်းထွက်သွားတဲ့ ကျောင်းသူတစ်ယောက်က ရှိနေ တာဆိုတော့ သူလိုက်ရှာလို့ မတွေ့တဲ့ကောင်မလေးဘဲ ဖြစ်ရမည် ဟု တထစ်ချ ယုံကြည်လိုက်မိသည်။

အဲဒါ

မွန်းပဲလေ။

"ဟော့ကောင် ... ငိုင်လှချည်လားကွ၊ မဟုတ်မှလွဲရော မင်း မှာ တိတ်တခိုးချစ်နေတဲ့ ကောင်မလေးတစ်ယောက်ရှိနေပြီ မဟုတ် လား ... "

"ကျွန်တော့်ဘဝမှာ ရည်းစားထားဖို့ထက် အမေ့ကိုပြန်ရှာ တွေ့ဖို့ပဲ ဦးစားပေးနိုင်မှာပါ အဘရွှေရယ် ... အခုဆို ကျွန်တော့် အတွေးထဲမှာ အမေအဆင်ပြေပြေနဲ့ နေနိုင်ရဲ့လားဆိုတာပဲ ရှိနေ တာပါ၊ အမေ့ကို ကျွန်တော် အရမ်းတွေ့ချင်တာပဲ အဘရွှေရယ်"

"အေးကွာ ... ဆောရီးပဲကောင်လေး၊ မင်းရဲ့စိတ်ဓာတ်ကို အဘရွှေ မသိလို့မဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



အဘရွှေ အားနာသွားဟန်နဲ့ ကပျာကယာပဲ တောင်း... ၏။ အမုန်းမိုး စိတ်မဆိုးပါ။ အဘရွှေမေးတဲ့ မေးခွန်းအပေါ်မှာ ... တောင် တခဏလေး ယိမ်းယိုင်သွားမိသေးတာပဲ။ မွှန်းဆိုတဲ့ကော... မလေးကို ပြန်သတိရမိသွားတာလေ။

မွှန်းကို သူ့အချိန်ထိ မမေ့နိုင်သေးပါ။

သူ့အာရုံထဲမှာ အစက အမေတစ်ယောက်တည်းရှိပေမေ... အခုတော့ ... မွှန်းပါ တိုးဝင်နေခဲ့ပြီ။ သူပြန်အတွေ့ချင်ဆုံး န... ယောက်ပါပဲ။

"အဘရွှေ ... "

"ပြော ... အမုန်းမိုး"

"အန်တီနှင်းဒါလီမေးလို့သာ ဆောင်းဦးမောင်နဲ့ကိစ္စကို ... ပြောလိုက်ရတာ၊ ကျွန်တော် မှားများမှားသွားပြီလားမသိဘူး... သုသုက ကျွန်တော့်ကို လုံးဝမပြောရဘူးလို့ နှုတ်ပိတ်ထားတာ... ကျွန်တော်ကလည်း ပြောဖို့တော့ အစီအစဉ်မရှိပါဘူး ... ဒါပေ... ငွေကြေးကိစ္စတွေပါလာလို့ စိတ်ပူပြီး ပြောလိုက်မိတယ်"

"ဟ ... မင်းမမှားဘူးအမုန်းမိုး၊ ဒါပြောပြသင့်တဲ့ကိစ္စပဲ... သုသုဆိုတာ မင်းအလုပ်ရှင်ရဲ့သမီးလေး ... သူတို့ကျွေးတဲ့ ထမင်း... မင်းစားနေရတာ၊ သူတို့ပေးထားတဲ့ အမိုးအရိပ်အောက်မှာ မင်း... ခေါင်းအေးအေးနဲ့အိပ်နိုင်တာ ... ဒါဟာ ... မင်းရဲ့ကျေးဇူးရှင်တွေ...





အမုန်းမိုး ... ကျေးဇူးရှင်ရဲ့သမီးကိုလည်း မင်းက ပြန်စောင့်ရှောက်ရမှာ၊ ဒုက္ခနွံထဲ မကျသွားအောင် မင်းမှာစောင့်ရှောက်ရမယ့်တာဝန်ရှိတယ် အမုန်းမိုး ... အခုကိစ္စက သုသုအနာဂတ်နဲ့ဆိုင်တယ် သုသုတစ်ဘဝလုံးနဲ့ ပတ်သက်တယ်လေ၊ မင်းဖွင့်ပြောရမှာပေါ့"

"ဒါပေမယ့် ... သုသုက"

"ဘာလဲ ... မင်းကိုမုန်းတီးနာကျင်သွားမှာစိုးလို့လား အမုန်းမိုး ... "

"ဟုတ်တယ် ... အဘရွှေ"

"ဟား ... ဟား ... ဟား မင်းကတော့ကွာ၊ အံ့ပါရဲ့ အထူးအဆန်းမဟုတ်တာတွေကို အထူးအဆန်းလုပ်ပြီး ပြောနေပြန်ပြီ၊ သုသု အမုန်းကို မခံချင်ရအောင် သုသုက ဘယ်တုန်းကများ မင်းကို ချစ်ချစ်ခင်ခင် နေခဲ့ဖူးလို့လဲကွ၊ ဟိုက မင်းကိုကြည့်မရတာ နေမဟာခြံကြီးထဲကို မင်းစရောက်လာတဲ့နေ့ကစပြီး အခုချိန်ထိပဲဟာ ... မင်းအတွက် ရိုးနေပါပြီကွာ ... "

အဘရွှေ ပြောတာလဲ မှန်နေတာမို့ အမုန်းမိုး ဘာမှတော့ ဆက်မပြောမိတော့ပါ။

"ကဲပါကွာ ... ခေါင်းထဲကနေ ထုတ်ပစ်လိုက်စမ်းပါ၊ နှင်းဒါလီက အဲဒီလောက် ခေတ်မမီတဲ့ မိခင်တစ်ယောက် မဟုတ်ပါဘူး၊ သုသုကိစ္စကို ပညာသားပါပါနဲ့ ကိုင်တွယ်မှာပါ၊ မင်းဘာမှစိုးပူ



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ အမုန်းမိုး ... ”

“ဟုတ်ကဲ့ ... အဘရွှေ”

“ကဲ ... မင်းကို ဆရာနေမင်းအုပ် ခေါ်ထားတယ် မဟုတ်လား၊ သွားစရာရှိတာသွားလိုက်ဦး ... အဲဒါက အရေးကြီးတဲ့ကိ မင်းနဲ့ပတ်သက်တာကိုပဲ ခေါင်းထဲထည့်ပြီး တာဝန်ကျေအောင် လုပ် ... ”

“ဟုတ်ကဲ့ ... အဘရွှေ၊ ကျွန်တော် အခုပဲသွားတော့မှာ အဝတ်အစားလေး လဲရုံပါပဲ ... ”

“ဒါဆိုလဲ ... လုပ်တော့လေ အမုန်းမိုး ... ”

“ဟုတ်ကဲ့ ... ”

အဘရွှေတစ်ယောက် သူ့အလုပ်ကိုသူဆက်လုပ်နေသည် အမုန်းမိုးလည်း အဘရွှေ အနားကနေ ထွက်လာခဲ့လိုက်၏။

သူဌေးကြီး ဦးနေမင်းအုပ်က ဖုန်းဆက်ပြီး သူ့ကုမ္ပဏီကိုလာခဲ့ဖို့မှာသည်။ ဘာကြောင့်မှန်းမသိပေမယ့် ... အမုန်းမိုးသွားတွေ့ သာ ပြင်ဆင်လိုက်မိ၏။

အမုန်းမိုးတို့နေဖို့ ပေးထားတဲ့အလုပ်သမားသစ်အိမ်လေး သွားပြီး အဝတ်အစားတစ်စုံ လဲလိုက်သည်။

ပြီးနောက် ...

အိမ်လေးဆီကနေ ထွက်လာပြီး အဘရွှေကို လက်ပြနှုတ်





ဆက်ကာ အိမ်အတွက်သုံးဖို့ အသင့်ထားပေးထားသည့် ဇလွန်းကားလေးနှင့် ခြံကျယ်ကြီးထဲကနေ မောင်းထွက်လာခဲ့လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တို့ရဲ့ ဆက်နွှယ်နေမှုကို အစအဆုံးသိနေသူလည်း ဖြစ်သည်။

မာမီ့ကို ဒီကောင်ဘာတွေ မဟုတ်မဟတ် အတို့အဆောင် လုပ်သွားသေးလဲ။ သုသု နည်းနည်းတော့ စိတ်ပူမိပါသည်။ အမုန်းမိုး ကြားမှာ ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်နှစ်လိုခြင်း တစ်စုံ တစ်ရာမှ မရှိခဲ့ချေ။ သူမအပေါ် အမြင်မကြည်တဲ့စိတ်နဲ့ ဆောင်းဦး မောင်အပေါ် အညှိုးဖွဲ့ကာ မကောင်းကြောင်းတွေပဲ ပြောသွားမှာ စိုးရိမ်နေမိသည်။

ဆောင်းဦးမောင်ကို မာမီအထင်မသေးစေချင်။

"အမုန်းမိုးကို ဆွဲမထည့်နဲ့သမီး ... အခုကိစ္စက အမုန်းမိုးကို ဆက်တို့ခေါ်မေးမှ သိနိုင်တဲ့ကိစ္စမှမဟုတ်တာ၊ မာမီကလည်း အယ်ရာကကြီးလာတာပဲလေ ... သမီးရဲ့အမူအရာတွေကို အကဲခတ် ပြီး ချစ်သူရှိနေပြီလားလို့မေးလိုက်တာ ... အခုတော့ ... မာမီခန့် မှန်းတာကမှန်သွားပြီ၊ သုသုကိုယ်တိုင်က ဝန်ခံနေပြီလေ၊ ပြောစမ်း ပါဦး ... သမီးရဲ့ ဘယ်ကကောင်လေးများလဲ သူ့မိဘတွေကရော ဘယ်သူတွေလဲသမီး ... "

ကြည့်စမ်း ...

သုသု စိတ်အလောတကြီးဖြစ်သွားတာက ဝန်ခံတဲ့အနေ အထားကို ရောက်သွားတာပါလား။

"သုသု ... မာမီ့ကို ပြောပြလေ"



## အခန်း ( ၁၄ )

"သမီးမှာ ချစ်သူရှိလားလို့ ဘာကြောင့် ထူးထူးဆန်းဆန်း လာမေးနေတာလဲမာမီ ... မာမီ ဘာတွေသိထားလို့လဲ၊ ဟိုတော သား အမုန်းမိုးက မာမီ့ကို ဘာတွေအတို့အဆောင်လုပ်ထားလို့လဲ"

သုသုရဲ့မေးခွန်းတွေက တသီတတန်း။

ရုတ်တရက် ...

မာမီဆီက ထွက်ပေါ်လာတဲ့မေးခွန်းကြောင့် သုသုစိတ်မငြိမ် မလဲလေးဖြစ်သွားရသည်။ သုသုမှာ ချစ်သူရှိနေပြီလားဆိုတဲ့ မေး ခွန်းကို ပြန်အဖြေပေးဖို့ထက် ရန်ထောင်ဖို့ပဲ စဉ်းစားမိ၏။

ပြီးတော့လဲ ...

သူမ ခေါင်းထဲမှာ ချက်ခြင်းအတွေးပေါ်လာတာက အမုန်း မိုးရဲ့ စနက်ပဲဖြစ်လိမ့်မယ်ဆိုတာပဲလေ။ အမုန်းမိုးနဲ့က စာသင်နှစ် တစ်နှစ်တည်းအပြင် ကျောင်းကလည်းတူနေတာမို့ သူမနဲ့ဆောင်းဦး

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုလေ ... ဦးဝင်းထွန်းဦးနဲ့ဒေါ်စန္ဒာမောင်ပါ မာ

"ကောင်လေးမိဘတွေက ဘာလုပ်ငန်းတွေ လုပ်လဲ သုသု

"ဆောင်းဦးမောင်ပြောတာတော့ သူ့ဒက်ဒီက အိမ်ဆော ပစ္စည်းရောင်းတာတဲ့ ... သူ့အမေကတော့ မင်္ဂလာဈေးထဲမှာ အထည်အလိပ်တွေ ဖြန့်ချိရေးဆိုင်ရှိတယ်လို့ ပြောတယ် ..."

"မဆိုးပါဘူး ... သူ့မိဘတွေက လုပ်ငန်းကိုယ်စီနဲ့ပဲ၊ အ ညီအစ်ကို မောင်နှမကရော သုသု ..."

"ဆောင်းဦးမောင်က တစ်ဦးတည်းသောသားပဲ မာမီ"

မာမီ ဘာမှဆက်မမေးဘဲ ခေတ္တမျှ ငြိမ်သက်သွားသည်။ ဒီ စဉ်းစားနေတာကတော့ သုသုအတွက် နေရခက်လှ အကြောင်းအရာတွေကို မာမီသိပြီးပြီပဲလေ။ မာမ့်ဆီက ဝေဖန်သုံး သပ်ချက်လေးတစ်ခုခုတော့ ထွက်လာသင့်တာပေါ့။

ခုတော့ ...

မာမီက တိတ်ဆိတ်ငြိမ်သက်လို့။

"မာမီ ..."

"ပြောလေ ... သုသု"

"မာမီသိချင်တာတွေအားလုံးကို သုသုပြောပြပြီးပြီလေ၊ အဲ မာမီရဲ့သဘောက ..."

"မာမီစဉ်းစားနေတာ ... သုသု ..."





"ရှင် ... ဘာကိုလဲ မာမီ၊ မာမီ ဘာကိုစဉ်းစားနေတာလဲ"

"ဆောင်းဦးမောင်ရဲ့မိဘတွေက အခြေအမြစ်ခိုင်ခိုင်ခံ့ခံ့ရှိနေ တဲ့သူတွေလေ ... သူတို့လုပ်ငန်းနဲ့ ခေါင်းမော့နေနိုင်ကြတဲ့သူတွေပါ။ ဒါ့ပြင်များတောင် မာမ့်သမီး သုသုက ဘဏ်ကနေ သိန်းငါးဆယ်ကြီး များတောင် ဘာအသုံးစရိတ်များရှိနေလို့ အလောတကြီးထုတ်သုံး လိုက်ရတာလဲဆိုတဲ့ အဖြေကို စဉ်းစားမရ ဖြစ်နေတာ"

"ရှင် ..."

မာမ့်စကားကြောင့် သုသု မျက်လုံးလေးတွေပင် ပြူးကျယ် ပြူးစက်သွားရပြီ။ ပါးစပ်ကလေးအဟောင်းသားနဲ့ ဖြစ်သွားရသည်။ ဘဏ်စာရင်းထဲကနေ သူမသိန်းငါးဆယ်ထုတ်သွားတာကို မာမီက အတိအကျသိနေ၏။ ဘယ်သူပြောလိုက်တာလဲ။ ဘယ်ကနေ ဘယ် လို လုပ်ပြီး ဒီကိစ္စကို မာမီက သိနေတာလဲ။ သုသုစိတ်တွေပင် အလှုပ်ရှားကြီး လှုပ်ရှားလာရသည်။

"သုသု ..."

"ရှင် ... မာမီ"

"မာမ့်ကို သမီးပြောစရာ စကားမရှိဘူးလား"

"ဟို ... ဟို ... ဒါ ... ဒါက ... ဟိုလေ"

"ဆောင်းဦးမောင်ကို ထုတ်ပေးလိုက်တာလားသုသု"

မဟုတ်ဘူး မာမီဟု သုသု မငြင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မာမီက အချက်ကျကျ ထောက်ပြပြီးတော့ကို မေးနေတာ
ဆိုတော့ တစ်ခြားအကြောင်းပြချက်ရှာဖို့ ပိုပြီးတော့တောင် ခဲ
သွားတာပေါ့လေ။

ပြီးတော့ ...

မာမီက ခပ်ညံ့ညံ့အမျိုးသမီးတစ်ယောက် မဟုတ်ပေ။ အိ
ထဲမှာနေတဲ့သူဆိုပြီး အထင်သေး လျော့တွက်လို့မရတဲ့ ထက်ထ
မြက်မြက် လူရည်လည်အမျိုးသမီးမျိုးဖြစ်သည်။

"သုသု ... "

"ရှင် ... မာမီ"

"ဆောင်းဦးမောင်က ဘာအတွက်ကြောင့် ငွေလိုအပ်ရတာ
လဲ"

ခက်ပြီ။

မာမီ့အမေးကို ဖြေဖို့ခက်ချေပြီ။

လောင်းကစားလုပ်တာ ရှုံးသွားလို့အကြွေးဆပ်ပေးရတာ
ပြောလျှင် ဆောင်းဦးမောင်နဲ့သုသုတို့ ချစ်သူနှစ်ဦး၏ အနာဂတ်
ဝေးရပြီပဲလေ။ မာမီနဲ့ဒက်ဒီအကြောင်းကို သုသုသိသည်။ လူတ
ယောက်ကို ငွေကြေးဂုဏ်ဓနထက် အကျင့်စာရိတ္တကိုပဲ ဦးစားပေ
ပြီး ကြည့်တတ်တဲ့သူတွေ။ လူတစ်ယောက်ကို စိတ်ဓာတ်ရေးရာမှ
ပဲ အဓိကထားဆုံးဖြတ်တတ်တာမို့ လူငယ်တစ်ယောက်ဖြစ်တဲ့





ဆောင်းဦးမောင်ရဲ့အမှားအယွင်းကို နားလည်မှုပေးနိုင်ပါ့မလား။

"သုသု ... ပြောလေ ... "

"မာမီကလည်း ဒီလောက်ပိုက်ဆံလေးနဲ့ပတ်သက်ပြီး
အားတွေအများကြီးပြောနေသေးတယ် ... သမီးတို့အတွက် ဒီငွေ
ဘာမှမဟုတ်တဲ့ဟာ ... "

ဘုရားရေ ...

သုသု ဘယ်လိုပြောလိုက်ပါလိမ့်။

အလေးအနက်မရှိ ပေါ့ပျက်ပျက်နိုင်လှတဲ့ သမီးစကား
ကြောင့် ဒေါ်နှင်းဒါလီပင် စိတ်ပျက်သွားရသည်။

ငွေကြေးကို နှမျောလွန်းလို့ အခုလိုစကားမျိုးတွေပြောနေ
ယ်ဟုများ သမီးလေး သုသု ထင်မှတ်နေသလား။ အမုန်းမိုးဆီ
နေ ဆောင်းဦးမောင်ဆိုတဲ့ ကောင်လေးရဲ့နာမည်ကိုကြားရတဲ့
အစပြီး ကောင်လေးရဲ့အခြေအနေကို လူလွှတ်ပြီးတမင်စုံစမ်း
ခဲ့သည်။

မိဘတွေကတော့ အနေအထားမဆိုးပါဘူး။

ဆိုးတာက ...

ဆောင်းဦးမောင်ဆိုတဲ့ ကောင်လေးရဲ့ အကျင့်စရိုက်။

ရည်းစားတွေ ထည်လဲတွဲတတ်တယ်တဲ့။ မိဘပိုက်ဆံနဲ့ ဘာ
လုပ်အကိုင်မှမလုပ်ဘဲ သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ အပေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတတ်တဲ့ ကောင်လေးတစ်ယောက်တဲ့လေ။

ဝါသနာအပါဆုံး အလုပ်ကတော့ လောင်းကစားဆိုပဲ။

သုသုငွေထုတ်သွားတာလည်း လောင်းကစားကြွေး
ပေးရတာဟုလည်း ဒေါ်နှင်းဒါလီ သိရှိထားပြီးသား ဖြစ်ပါသည်

ဒါကြောင့်လဲ ...

သမီးဖြစ်သူနဲ့ မျက်နှာချင်းဆိုင်စကားပြောဖို့ ဆုံးဖြတ်လို
တာပေါ့။

သဘောမတူနိုင်ပါ။

ဒီလိုကောင်ဆိုးမျိုးလေးနဲ့ ရှေ့မဆက်စေလိုပါ။

ဒါဟာ ...

ဒေါ်နှင်းဒါလီရဲ့ ဆန္ဒပဲဖြစ်သည်။

"မာမီက ဒီငွေကြောင့်လို့ သုသုဘာကြောင့် ထင်ရတာ
သမီး ထုတ်သွားတာ သိန်းငါးဆယ်မကလို့ သိန်းငါးရာပဲဖြစ်
မာမီ့ခေါင်းထဲမှာမရှိဘူး ... မာမီတို့ ချမ်းသာသမျှ ပိုင်ဆိုင်သ
သမီးလေးသုသုအတွက်ချည်းပဲလေ၊ ဒါကို သမီးသုံးလို့ မာ
ခံစားနေရဦးမှာလား ... အခုဟာက အကျိုးအကြောင်း နိုင်ခိုင်
မာရှိသင့်တာ ... ဘာအတွက်ကြောင့်ဆိုတဲ့ အကြောင်းပြချက်
လိုချင်တာလေသုသု၊ သမီးရဲ့ အနာဂတ်အတွက် မာမီတို့သိ
သင့်တယ်လို့ ထင်တယ် ..."





"မာမီ ..."

"ပြော ... သုသု"

"မာမီသိထားပြီးသား မဟုတ်လား"

"ဘာရယ် ..."

"ဟန်ဆောင်မနေပါနဲ့မာမီ ... မာမီဟာ ခပ်ညံ့ညံ့မိခင်တစ်
ယောက်မဟုတ်ဘူးဆိုတာ သုသုသိပြီးသားပါ၊ နောက်ထပ် ဘာတွေ
ချင်သေးလို့ ထပ်မေးနေရတာလဲမာမီ ... ဆောင်းဦးမောင်
ကြောင်းကို သုသုသိတာထက် မာမီကပိုပြီးတောင် သိနေဦးမှာ

သုသုပြောရင်း ခေါင်းလေးငိုက်စိုက်ကျသွားရ၏။

"ဟင်း ... ဟင်း ... ဒါပေါ့သုသုရယ်၊ မာမီက မအေပဲဟာ
ယ့်သမီး ဘာတွေလုပ်နေသလဲဆိုတာ သိပ်သိတာပေါ့၊ ဒါကြောင့်
... မမှားသင့်တာ မမှားရအောင် တားဆီးရမယ်ဆိုတဲ့ တာဝန်
တိုင်း သမီးနဲ့မျက်နှာချင်းဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့ ... ဆောင်း
မောင်က သမီးကို သိပ်ချစ်တာပဲလို့ ထင်နေသလားသုသု"

"ရှင် ..."

"ရှုပ်တယ်၊ ပွေတယ်၊ လေတယ်၊ အပျော်အပါးမက်တယ်၊
လောင်းကစားဝါသနာပါတယ်၊ ထားလိုက်တော့ ... အဲဒါတွေအား
ဆောင်းဦးမောင်ဆိုတဲ့ ကောင်လေးဆီမှာရှိနေတဲ့ အရည်အချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲထားလိုက်ပါတော့၊ ကိုယ့်သားသမီးကို အလေးအနက်ထား
ချစ်မြတ်နိုးတယ်ဆိုရင် အောင့်အီးသည်းခံပြီး မိဘတွေက စဉ်း
ပေးချင်စဉ်းစားပေးဦးမယ် ... အခုတော့ ... သမီးရဲ့ချစ်သူက သ
ကိုမှ မချစ်တာ ... ”

“ရှင် ... ဘယ် ... ဘယ်လို”

“တုံးလိုက်တာ သုသုရယ် ... အရမ်းအတာပဲ၊ မာမီ့သ
သုသုလောက် ရိုးစင်းတာမရှိတော့ဘူးသိလား ... ဆောင်းဦးအော
က ပိုက်ဆံချမ်းသာလို့ သမီးကို တွယ်ကပ်နေတာ ... သူတကယ်
ချစ်နေတာက သပ်သပ်တစ်ယောက်ပဲသုသု ... ”

အို ...

မာမီ့စကားက သုသုနားစည်ထဲ မိုးကြိုးအစင်းတစ်ထော
လောက် တစ်ပြိုင်တည်း ပြိုဆင်းလာသလိုပါ။

“နောက်ဆုတ်လိုက်ပါ သုသု ... အလကားနေ ကိုယ့်
အသုံးချနေတာသိသိကြီးနဲ့ ရှေ့ဆက်တိုးဖို့ မစဉ်းစားစမ်းနဲ့သုသု၊ အဲ
ပဲ မာမီပြောမယ် ... ”

ဒါဟာ ...

မာမီရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ပေါ့လေ။

သုသု ...

ဘာမှ ဆက်မပြောနိုင်။





အနားကနေ မာမီထွက်ခွာသွားတာကို ငေးကြောင်ကြည့်မိ
နေခဲ့ပါ။

သုမနားထဲမှာတော့ မာမီ့စကားသံတွေက အထပ်ထပ်။

မောင်က ...

သုသုကို တကယ်ချစ်တာ မဟုတ်ဘူးတဲ့လေ။

မောင်ချစ်တာက သပ်သပ်တစ်ယောက်တဲ့။

ဒါ ...

ဘယ်လိုဖြစ်နိုင်မှာလဲ။

မောင် ...

သုသုကို တကယ်ချစ်တာပါ။

မောင့်စကားကို သုသုယုံတယ်။

မာမီ ...

သတင်းအမှားတွေရခဲ့တာပဲ ဖြစ်မှာပါ။

မောင်ရယ် ...

သုသု ရင်တွေပူလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"ဘာကိစ္စရှိလို့လဲဟင် ... "

ကားရှေ့မှပိတ်ကာတားလိုက်တဲ့ ကောင်မလေးတ ယောက်ကြောင့် မရပ်ပေးချင်ပေမယ့် မရဘဲ ရပ်လိုက်ရသည်။

ဒါကြောင့်လည်း အမုန်းမိုးတစ်ယောက် ...

ကားမှန်တံခါးကို တစ်ဝက်လောက်ချလိုက်ပြီး သူ့ကား လှမ်းတားတဲ့ အမျိုးသမီးကို မေးလိုက်မိခြင်းပဲဖြစ်၏။

သို့သော် ...

သူ့အမေးကို လုံးဝမဖြေဘဲ ကားနောက်ဘက်တံခါးကို ဖွင့်ကာ ဆတ်ခနဲဝင်ထိုင်သည်။ ကောင်မလေးရဲ့လုပ်ရပ်ကြော အမုန်းမိုး မျက်လုံးပြူးပိုင်းသွားရ၏။

"ဟာ ... ဟေ့ ... မင်း ... မင်းဘာလုပ်တာလဲ ကားပေ ဘာဖြစ်လို့တက်တာလဲ"



"မောင်းပါ ... ကားကိုမြန်မြန်မောင်း ... ဦးလေးကြီး"

"ဘာကွ ... "

"ကားကိုမြန်မြန်မောင်းပါလို့ဆိုနေ ... "

သူမက အလျှင်စလိုပင် ကားကိုမောင်းခိုင်းနေသည်။

"ဟေ့ ... ငါ့ကားက တက္ကစီမဟုတ်ဘူး"

"မောင်းပါဆိုရှင် တော်တော်စကားရှည်တာပဲ၊ ဟော ... ဟိုမှာ သူတို့လိုက်လာနေကြပြီ ... ရှင်နောင်တမရချင်ရင် မြန်မြန် မောင်းတော့ ... မဟုတ်ရင် သူတို့လက်ချက်နဲ့ ရှင့်ကားလေး ဘာစ်စိ ဖြစ်သွားလိမ့်မယ် လူကြီး ... စကားရှည်မနေနဲ့တော့"

ဟင် ...

ကားအနောက် ခပ်လှမ်းလှမ်းမှာလူအုပ်ကြီးက တုတ်တွေ၊ ဓားတိနီခဲတွေနဲ့ကိုင်ပြီး ပြေးလာနေကြတာပါလား။

အမုန်းမိုး စဉ်းစားတွေဝေနေဖို့ အချိန်မရှိတော့။

သူမလေးပြောသလိုပဲ ကားလေးကို နေရာကနေ ဝေါခနဲ မောင်းထွက်ခဲ့လိုက်သည်။ ဖြစ်သမျှ နောက်မှကြည့်ရှင်းတော့ပဲ။ ကားကိုတော့ တစ်စက်ကလေးမှ ထိခိုက်မခံနိုင်ပါ။ ဒီကားက အမုန်းမိုးရဲ့ကားမှ မဟုတ်တာ။ သူ့ဌေးကြီး ဦးနေမင်းအုပ်ရဲ့ကား လေ။ ကုမ္ပဏီကိစ္စနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ တစ်ခြားခိုင်းစရာရှိလျှင် ဖြစ်ဖြစ် အမုန်းမိုးကို သူ့ဆီလာဖို့ ဖုန်းဆက်လှမ်းခေါ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုလဲ ...

သူဌေးကြီး ဦးနေမင်းအုပ်ဆီသွားပြီး အိမ်ကိုပြန်လာတာ
လမ်းမှာကားတားတဲ့ ကောင်မလေးတစ်ယောက်နဲ့တိုးပြီး ဘ
သွားလို့ ဘာလုပ်ရမှန်းမသိအောင် စိတ်တွေရှုပ်ထွေးသွားရ၏

ဖွတ်တရွတ် မောင်းနိုင်းနေတဲ့ ကောင်မလေးရဲ့ စ
အတိုင်း သူလိုက်လုပ်နေမိသည်။ ကားကို တော်တော်လေးမော
ပြီး လမ်းဘေးသို့ ချရပ်လိုက်၏။

ကားက တုန့်ခနဲ ရပ်သွားတော့ ကားနောက်ခန်း
ကောင်မလေး ခေါင်းလေး ဆတ်ခနဲထောင်သွားတာ မှန်ထဲက
ဆင့် မြင်လိုက်ရသည်။

"ကဲ ... အမိ၊ ကားပေါ်ကဆင်းတော့၊ ဟိုလူတွေနဲ့လ
မင်းဝေးသွားပါပြီ၊ ကိုယ့်ကားပေါ်ကနေ ဆင်းတော့ ... "

အမုန်းမိုး အားမနာတမ်းပင် ကားပေါ်ကနေဆင်းနိုင်
သည်။ ဘာတွေ ရှုပ်ရှုပ်ယှက်ယှက်လုပ်လာတဲ့ ကောင်မ
မှန်းမသိ။ အနောက်ကနေ ပြေးလိုက်လာတဲ့လူတွေက ငါးယော
လောက်ရှိသည်။ မတတ်သာလွန်းလို့သာ ကားကိုမောင်းထွက်
တာ။ သူမကိုကယ်တင်ချင်လွန်းလို့တော့ မဟုတ်ချေ။ ပြဿ
တက်လျှင် အန်ကယ်နေမင်းအုပ်ထက် အန်တီဒေါ်နှင်းဒါလီက ပြ
တင်ဝေဖန်တော့မှာ။





သူများတွေက အမှားလုပ်လို့ဘာမှမဖြစ်။ အမုန်းမိုးသာ
အမှားလုပ်မိလျှင် အိမ်ပေါ်ကနေပါ ဆင်းရနိုင်သည်။ မဖြစ်ဘူး။
ဒီးဝကို ပြဿနာဖြစ်လို့ မရဘူးလေ။

"ဟေ့ ... ကိုယ်ပြောနေတာ ကြားလား"

"ကြားပါတယ် ... "

"ကြားရင် ဆင်းတော့လေ ... "

"ဘယ်လိုဖြစ်လို့ အဲဒီလောက်တောင် နှင်နေရတာလဲ၊ ဆင်း
ပါ ... ဆင်းပေးမှာပါ၊ ဒီမှာကားခပေးမလို့ ထုတ်နေလို့"

"မလိုဘူး ... ပေးစရာမလိုဘူး၊ ငါ့ကားက အငှားကားမှ
ဟုတ်တာ ... မင်းဘာသာ ဆက်သွားစရာရှိတာသွား ကောင်
လေး"

လေသံခပ်မာမာနဲ့ပဲ အမုန်းမိုးပြောမိသည်။ သူ့စကားသံ
ဆုံး ကားတံခါးတွန်းဖွင့်လိုက်သံကို ကြားလိုက်ရ၏။ သူ လှည့်
ဆင်းကြည့်တော့ ကောင်မလေး ကားပေါ်ကနေ ဆင်းတာတွေ့ရ
သည်။ ကားတံခါးကဖွင့်လျက်သားနဲ့ ကောင်မလေးက သူ့ရှေ့ခန်း
ားမှန်တံခါးနား လာရပ်သည်။

"ရော့ ... ငွေတစ်ထောင်၊ ဒီလောက်ခရီးကို တစ်ထောင်ပေး
ပဲ ရှင်တန်ပါတယ်နော် ... ပြီးတော့ ... ရှင်လူကို အတင်းမောင်း
ရာမလိုပါဘူး၊ ရှင်ကဆက်ပြီး စီးပါဆိုရင်တောင် ကျွန်မက ဆင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ သိပ်ပြီး မရင့်စမ်းပါနဲ့ ... မွန်းတို့က ကိုယ်ကသာသူမျ
ကျောရင်ကျောမှာ သူများဆက်ဆံတာတော့ လုံးဝမခံဘူး"

ပိုက်ဆံတစ်ထောင်တန်တစ်ရွက်ကို သူ့ဆီပေးခဲ့ပြီး
နောက်ခန်းတံခါးချပ်လေးကိုလည်း ဒိုင်းခနဲ ပြန်ပိတ်ပေးသွာ
ကောင်မလေး။

မွန်းတဲ့။

ဟုတ်ပါရဲ့လား ...

သူမလေး အဲဒီလို တကယ်ပဲပြောသွားတာ နားနဲ့ဆက်
ကြားလိုက်ရသလိုပင်။ နားကြားမလွဲတာတော့ အသေအ
သူမကိုယ်သူမ မွန်းဆိုတဲ့ နာမည်လေးကိုထည့်အသုံးပြုသွား

ဒါဆို ...

သူမလေးက မွန်းပေါ့။

သူလိုက်ရှာနေတဲ့ မွန်းဆိုတဲ့ကောင်မလေးများလား

သေချာတာက မသေချာတာထက် လူကတော့ ကား
ကနေ ကပျာကယာ ဆင်းလိုက်မိသည့်အဖြစ်က အံ့ဩစရာ
မည်လေးဟာ သူနဲ့ရင်းနှီးကျွမ်းဝင်နေခဲ့တာ နှစ်ပေါင်း ငါးနှ
ကျော်ပြီလေ။ ယနေ့ထက်တိုင် အသိအာရုံတွေထဲမှာ စွဲစွဲမြဲမြ
ဆဲ၂င်။ သူအရမ်းတွေ့ချင်နေခဲ့တဲ့ ကောင်မလေးက ဒီကောင်မ
များဖြစ်နေမလား။ သူကြည့်လိုက်တော့ ကောင်မလေးက တ





းတွေဖြတ်လာတာကို လှမ်းတားနေ၏။ အမုန်းမိုးဘက်သို့ စိုးစိ
င် လှည့်စောင်းမကြည့်တော့ချေ။

အမုန်းမိုး သိပ်ပြီး မတွေဝေနိုင်။

သူမလေးဆီ သွက်လက်တဲ့ခြေလှမ်းတွေနဲ့ လျှောက်သွားမိ
ည်။

"ဒီမှာ ... ဒီမှာ"

သူ့ခေါ်သံကြောင့် သူမကားတွေ လှမ်းတားနေရာမှ လှည့်
င်းကြည့်၏။ မျက်နှာလေးက မှုန်ကုတ်ကုတ်လေးဖြစ်နေသည်။

"ဘာလဲ ..."

"ဟို ... ဟိုလေ ... မင်းကားငှားရခက်နေရင် ကိုယ့်ကားပဲ
ို့လာပြောတာ"

"ဘာ"

အမလေး ...

အော်ထည့်လိုက်တာများ ကျောချမ်းစရာ။

အမုန်းမိုးပင် သူမရဲ့ ရုတ်တရက် အော်သံကြောင့် ဆတ်ခနဲ
င် ခန္ဓာကိုယ်လေး တုန်သွားရ၏။

"ကိုယ့်ကားပဲ ပြန်စီးဖို့ပြောတာပါ။ ဟိုလေ ... ကားခ မပေး
င်လည်းမပေးနဲ့ပေါ့ ... အလကား လိုက်ပို့ပေးပါ့မယ်"

"မလိုပါဘူး ... ရန်ကုန်မြို့ကြီးမှာ အငှားကားတွေက ပေါမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပဲ၊ ကိုယ့်ကိုဒီလောက်နှင်ချတဲ့ကားကိုမှ မျက်နှာပြောင်တိုက်ပြီး စီးရမှာလား၊ မစီးဘူး ... လုံးဝ မစီးဘူး၊ အလကားလိုက်ပို့လဲ မစီးဘူး၊ နားလည်လား ... "

"ဟို ... ဟိုလေ ... စောစောက စိုးရိမ်လွန်ပြီးပြောမိတာပါ မင်းစိတ်မဆိုးပါနဲ့ ... ဒီကားက ကိုယ့်ရဲ့သူဌေးကားဆိုတော့ ပြဿနာဖြစ်မှာစိုးတတ်ပူပြီး ဖြစ်သွားတာပါ ... မ ... ဟို ... "

"မွန်းပါ ... "

"ဩော် ... အင်း ... မွန်း ... "

သူ အပြေလည်ဆုံးဖြစ်အောင် လေသံအေးအေးနဲ့ ရှင်းပြ သည်။ ဘာကြောင့် အခုလို လုပ်မိသလဲဆိုတာတော့ အမုန်းမိုးကိုယ်တိုင်လည်း နားမလည်နိုင်တော့ပါ။

မွန်းဆိုတဲ့ နာမည်လေးကြားလိုက်ရသည့်နောက်ပိုင်း သူ့ စိတ်တွေက ထိန်းချုပ်မရအောင် လှုပ်ရှားကာနေရတော့သည်။

မွန်းရယ် ...

မင်းဟာ အဲဒီလောက်တောင် ကိုယ့်စိတ်အာရုံတွေကို ထိန်းချုပ်ထားနိုင်ခဲ့တာပါ။ ကိုယ်သတိမထားမိနိုင်ခင်မှာဘဲ ကိုယ့်အပေါ်မှာ မွန်းဆိုတဲ့ ကောင်မလေးက လွှမ်းမိုးချုပ်ကိုင်ထားတာပါကွာ

"မွန်း ... "

"ဘာလဲ ... "





"မွန်းဆိုတာ နာမည်အရင်းပဲလား ... "

"အရင်းပေါ့ရှင် ... ဘာဖြစ်လို့လဲ"

"ဟို ... ဟို ... ဘာမှမဖြစ်ပါဘူး၊ နာမည်လေးက တစ်လုံးတည်းဖြစ်နေပြီး ထူးခြားနေလို့ပါ၊ အရင်နာမည်တစ်မျိုး အသက်ကြီးလာမှ စိတ်ကူးပေါက်ပြီး အသစ်ပြောင်းမှည့်တာမျိုးလားဟင် ... "

"အမလေး ... ဘာမှပြောင်းထားတာ မဟုတ်ပါဘူး၊ မွေးကတည်းက မှည့်ထားတဲ့နာမည်ပဲ ... အရင်ကလဲမွန်း၊ အခုလဲမွန်းပဲ"

ဟာ ...

မွန်းရဲ့စကားလေးကြောင့် အမုန်းမိုး ထခုန်မိတတ်ပင် ဝမ်းသာသွားရသည်။ ဒီလောက်ဆိုလျှင် သေချာသလောက် ရှိပါသည်။ ဒါတော့ ... သူနဲ့လည်း မတိမ်းမယိမ်း အရွယ်ပဲဆိုတော့ သူတစ်ချိန်လုံး တွေ့ချင်နေခဲ့သည့် မွန်းဆိုတာ ဒီကောင်မလေးပဲ ဖြစ်နိုင်ပါသည်။

"ထားပါတော့ ... မွန်း၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကားနဲ့ပဲလိုက်ခဲ့ပါ၊ မင်းသွားချင်တဲ့နေရာကို တိတိကျကျပို့ပေးပါ့မယ်၊ ဒါဟာ ... စောစောက မင်းအပေါ်မောက်မားမိသလိုမျိုး ဆက်ဆံခဲ့တဲ့အတွက်ပေါ့ မွန်း ... "



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ရှင့်ကြည့်ရတာ အပြောင်းအလဲက မြန်လိုက် တာ၊ ယုံရောယုံရဲ့မလား၊ တစ်ခုခုတော့ ထူးဆန်းနေသလိုပဲနော် ရှင်ပြောပြနိုင်မလား၊ မဟုတ်ရင်တော့ ရှင့်ကားကို မွန်းလိုက်စီး မဟုတ်ဘူးနော်"

လက်ခံပါသည်။

မွန်းဘက်က အံ့ဩမယ်ဆိုလည်း အံ့ဩစရာပဲဖြစ်သွားတာ မဟုတ်လား။ မွန်းဆိုတဲ့နာမည်လေးကိုကြားလိုက်တော့မှပဲ အမှုန်း မိုး စိတ်တွေ ပြေလျော့လျှော့ကျကုန်တာကိုး။

"မွန်း ... "

"ပြော ... "

"မင်းငါးတန်းနှစ်တုန်းက ဘယ်ကျောင်းတက်ခဲ့လဲ"

"အမလေး ... ကျောင်းကတော့ မပြောနဲ့ ငါးတန်းတစ်နှစ် တည်း သုံးကျောင်းလောက် ပြောင်းခဲ့ရတာ ... "

"မင်း ... လသာကျောင်းမှာတက်ဖူးတယ် မဟုတ်လား"

"အင်း ... "

"ဒါဆို ... ရပြီ မွန်း ... အဲဒီကျောင်းမှာတုန်းက ပိုက်ဆံခိုး တယ်ဆိုပြီး စာသင်ခန်းထဲထိ ကောင်မလေးနှစ်ယောက်လိုက်လာ ပြီး ပိုက်ဆံအရှာခံရတဲ့ တစ်ယောက်လေ မင်းမှတ်မိလား"

"အို ... မှတ်မိတာပေါ့၊ သုခမြွေမင်းအုပ်ဆိုတာ ကျောင်းမှ





မည်ကြီးပဲဥစ္စာ ... ဒါဆို ... ရှင်က ... "

"အမုန်းမိုးလေ ... "

"ဟယ် ... ဒါဆို ... ရှင်က ... သုခမြွေမင်းအုပ် နိုင်းခိုင်းနေ ခဲ့တစ်ယောက် ... "

မွန်းပြောနေရင်းမှ အားနာသွားကာ စကားကို တစ်ဝက် တစ်ပျက်မှာပဲ ရပ်လိုက်သည်။

အမုန်းမိုး ခေါင်းပဲညိတ်ပြကာ ဝန်ခံလိုက်ပါသည်။ မွန်းပြော တာလည်း မမှားတာမို့ စိတ်မဆိုး ဖြစ်ခဲ့ပါချေ။

"ကဲ ... ဒါဆို ကိုယ့်ကားကို မင်းလိုက်စီးလို့ရပြီပေါ့နော် မွန်း"

"အင်း ... "

"အိုကေ ... "

မွန်းက လိုက်မည်ဆို၍ အမုန်းမိုးမှာ အတောမသတ်နိုင် အောင်ပင် ဝမ်းမြောက်သွားရပါသည်။

ကြည့်စမ်း ...

မွန်း ...

မင်းဟာ တကယ်ပဲ ကိုယ့်ရဲ့မွန်းဖြစ်နေတာကိုး ...

တော်ပါသေးရဲ့ကွာ။

ကိုယ်တို့နှစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရလို့ပေါ့ကျူး



www.burmeseclassic.com

www.burmeseclassic.com



ဈေးတင်တယ် လောကကြီးရယ်။ မွန်းနဲ့ ပြန်ဆုံပေးခဲ့တဲ့အတွက် အရမ်းကိုပဲ ကျေးဇူးတင်တယ်ဗျာ။

နှစ်ယောက်သား အပြုံးလေးတွေကိုယ်စီနဲ့ ကားလေးပေါ် ပြန်တက်ကာ နေရာလေးကနေ မောင်းထွက်လာခဲ့လိုက်တော့ သည်။

## အခန်း ( ၁၆ )

" ဒါနဲ့ ... မွန်းက ဘယ်အထပ်မှာနေတာလဲ"

ကျောက်မြောင်းရပ်ကွက်ထဲ ကားလေးမောင်းပြီး မွန်း ဆက်ညွှန်းထိုးပြတဲ့ တိုက်အထပ်ကြီးရှေ့တွင် ကားလေးကို ထိုးရပ် လိုက်သည်။

ကျေးဇူးတင်စကားပြောပြီး ကားပေါ်ကနေ ဆင်းဟန်ပြင်နေ တဲ့ မွန်းကို အမုန်းမိုးမေးမိသည်။

"လေးလွှာမှာလေ ... "

"သြော် ... "

"ဘာလဲ ... လာလည်ဖို့ အစီအစဉ်ရှိလို့လား အမုန်းမိုး"

"အင်း ... ဟိုလေ ... လမ်းကြုံရင်ပေါ့"

"အဟင်း ... တမင်တကာ မကြုံကြုံအောင် ဖန်တီးပြီး လာ ဦးမလို့ပေါ့လေ ... အမုန်းမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မွန်းကလဲ"

အမုန်းမိုး ရှက်သွားတာကိုမြင်တော့ မွန်းမျက်ခုံးလေးတွေ ပင့်တက်သွားရ၏။ တကယ်ပဲ ရှိုးစင်းတာလား။ ဒါမှမဟုတ် ရှိုးသား ချင်ဟန်ပဲ ဆောင်လိုက်တာလား။ ဘာပဲပြောပြော အမုန်းမိုးဆိုတဲ့ သူနဲ့ပြန်ဆုံရတာကိုတော့ မွန်းကျေနပ်မိတာတော့ အမှန်ပါ။

ငါးတန်းနှစ်ကတည်းက သူ့ပိုက်ဆံလေး ခုံပေါ်ကောက်တင် ပေးသွားတဲ့မွန်းကို ခင်မင်သွားခဲ့တာတဲ့။ ကျေးဇူးတင်စကားပြော ဖို့ သူလိုက်ရှာတော့ မွန်းက ကျောင်းထွက်သွားပြီတဲ့လေ။ အဲ့ အချိန်ကတည်းကစပြီး သူ့အာရုံထဲမှာ မွန်းကတိုးဝင်နေခဲ့သည်တဲ့ လေ။ အထူးအဆန်းပါပဲ။

ကော်ဖီဆိုင်မှာ နှစ်ယောက်အတူတူထိုင်ဖြစ်ခဲ့သည်။ ရှေး ဟောင်းနှောင်းဖြစ်တွေ ပြန်ပြောမိကြ၏။ မွန်းမျက်လုံးထဲမှာ ပြန် မြင်ယောင်မိတာက ရုပ်လက်ရှည်ဖြူနဲ့ ကျောင်းစိမ်းပုဆိုးလေးဝတ် ပြီး သူ့ခိုးစွတ်စွဲနေတာကို ခေါင်းငုံ့ခံနေရတဲ့ ခပ်တုံးတုံးယောက်ျား ကလေးတစ်ယောက်ကိုပါ။

တကယ်ဆို ...

ကိုယ်မှမယူတာ။ သတ္တိရှိရှိရင်ဆိုင်တုန့်ပြန်လိုက်ပေါ့။ အတန်းထဲ ကျူးကျူးကျော်ကျော်ဝင်လာပြီး ကိုယ့်လွယ်အိတ်ကို စစ်ဆေးနေတာကို ငြိမ်ခံနေတဲ့ အမုန်းမိုးကိုကြည့်ပြီး နဘေးကနေ





အသည်းတွေ ယားနေမိသည်။

အစကတော့ ...

မွန်းတစ်ယောက် အမုန်းမိုးနဲ့ပတ်သက်တဲ့အကြောင်းအရာ တွေ ဘာတစ်ခုမှမသိပါ။ မွန်းစိတ်လည်း မဝင်စားနိုင်ဘူးလေ။ မွန်း မှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲ။ ဒါ်ကြောင့် မွန်းရဲ့စိတ်တွေ ရှုပ် ထွေးခဲ့ရသည်။ ကိုယ့်အပူနဲ့ကိုယ်မို့ တစ်ခြားဘာအကြောင်းမှ ခေါင်း ထဲမထည့်နိုင်ပါ။

သူငယ်ချင်းဖြစ်သူ မေဇာသင်းပြောပြမှပဲ အမုန်းမိုး အကြောင်းကို သိခဲ့ရ၏။ သူ့မွေးမင်းအုပ်တို့အိမ်မှာ နေစရာ၊ စားစရာ ရှိလို့ ခိုကပ်နေရတာတဲ့လေ။ သူ့မွေးမင်းအုပ်ဖခင် သူ့ဌေးကြီး နေမင်းအုပ်က သူ့မွေးမင်းအုပ် လက်တိုလက်တောင်းခိုင်းစေလို့ရ အောင်ဆိုပြီး အမုန်းမိုးကို ကျောင်းနေခိုင်းထားတာဟုပြောသည်။

ကိုယ့်ထက်အခြေအနေဆိုးတဲ့ အမုန်းမိုးကို ထိုအချိန်က တည်းကပင် မှတ်မှတ်ထင်ထင်ရှိခဲ့၏။

သို့သော် ...

မွန်းစိတ်ထဲမှာတော့ သူက နေရာမရခဲ့ပါ။ ခပ်လွယ်လွယ်ပဲ ပျောက်ပျက်သွားခဲ့သည်။ အရေးကြီးတဲ့အကြောင်းအရာတွေနဲ့ အတိုက်အခံလုပ်၊ အမုန်းပွားစရာတွေ ရှာဖွေနေရတာနှင့်ပင် အချိန် တိုင်းမှာပဲ စိတ်ဆင်းရဲစရာတွေက သူ့မထံမှာ ပြည့်နှက်နေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လေ။

ဒက်ဒီ …

မာမီဆုံးလို့မှတစ်လပဲပြည့်ရုံရှိသေးတယ် နောက်အမျိုးသမီး
တစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာခဲ့သည်။ မာမီ့အမေ ဖွားဖွား
က သောင်းကျန်း၏။ ဒက်ဒီနဲ့အကြီးအကျယ်စကားများသည်။ မွန်း
ကို မိထွေးလက်ထဲမှာ မထားနိုင်ဘူးဆိုပြီး ဖွားဖွားက သူ့နယ်
ခေါ်သွား၏။ နယ်ကျောင်းကို မွန်းပြောင်းတက်ခဲ့ရသည်။

မာမီဆုံးလို့ ဝမ်းနည်းရတာတစ်မျိုး၊ ဒက်ဒီကို လက်လွှတ်ဆုံး
ရှုံးလိုက်ရလို့ နာကျည်းဒေါသဖြစ်ရတာတစ်မျိုးနှင့် မွန်းစိတ်တွေ
ပုံမှန်မရှိချင်တော့ချေ။ ခက်ထန်ကြမ်းတမ်းချင်လာခဲ့သည်။ အဖွား
လိုက်သွားရတဲ့ မွန်းကံဆိုးတယ်ပြောရမလား။ အားကိုးရတဲ့အဖွား
က ရုတ်တရက်ကြီး ဦးနှောက်သွေးကြောပြတ်ကာ ဆုံးသွားပြန်
သည်။ ထိုအချိန်က မွန်းရဲ့အသက်က ဆယ်နှစ်ပဲရှိသေးတာလေ
အဒေါ်အငယ်က မာမီလဲမရှိ၊ ဖွားဖွားကလည်း မရှိတော့ဘူး
ဆိုတော့ လက်ရှိနေတဲ့အိမ်ကို အပိုင်စီးချင်လာ၏။

မွန်းကို မကျွေးမမွေးနိုင်ဘူးဆိုပြီး ဒက်ဒီဆီဖုန်းလှမ်းဆက်
ကာ ပြန်တာဝန်ယူခိုင်းသည်။ ဒက်ဒီ လာခေါ်၏။ ခေါ်ချင်လွန်းလို့
မဟုတ်တော့ မျက်နှာက မရွှင်ပြချင်။ မာမီ့အပေါ်မှာ ဟောက်ဟန်း
အနိုင်ယူတတ်တဲ့ ဒက်ဒီက နောက်ထပ်ယူတဲ့မိန်းမလက်ထဲမှာ





တော့ ပြားပြားကိုဝပ်လို့။

နောက်မိထွေးက ဒက်ဒီထက် ဆယ်နှစ်လောက်ငယ်တာ
လေ။ အနိုင်ယူ ဗိုလ်ကျဆိုးနွဲ့နေတာပေါ့။ မာမီ့ဝဋ်တွေ ဒက်ဒီ
အကြီးအကျယ်လည်နေပြီ။ ဒက်ဒီမှာ ဩဇာအာဏာမရှိတော့ ဒက်
ဒီ အားကိုးပြီး ကပ်နေရတဲ့ မွန်းလည်း မျက်နှာငယ်ရတာပေါ့လေ။

"မွန်း … "

" … "

"မွန်း … "

" … "

"ဟင် … ဪ … အင်း … အမုန်းမိုး"

အရှင်လတ်လတ်နဲ့ အတိတ်ကိုပြန်ရောက်သွားတဲ့ မွန်းတစ်
ယောက်ခေါ်သံကြောင့် အသိလေးတွေ ပြန်ဝင်လာရသည်။

"ဘာတွေ ဒီလောက်တောင်ပဲ အကြာကြီး စဉ်းစားနေရတာ
လဲဟင် … ကိုယ်မင်းဆီလာလည်တာ အခက်အခဲရှိနေလို့လားမွန်း၊
မင်းမိဘတွေ မနှစ်သက်တတ်ဘူးဆိုရင်လဲ ကိုယ့်ကိုပွင့်ပွင့်လင်းလင်း
ပဲပြောနော် … အားနာစရာမလိုဘူး မွန်း၊ ကိုယ့်ကြောင့်နဲ့ မင်းစိတ်
တွေ မရှုပ်ထွေးသွားပါနဲ့၊ ကိုယ်နားလည်ပေးနိုင်ပါတယ်မွန်း"

"ဟင့်အင်း … မဟုတ်ပါဘူး အမုန်းမိုး … ရှင်အလည်လာလို့
ပေါ်တယ်၊ ဒီတိုက်ခန်းမှာ ကျွန်မတို့သူငယ်ချင်း မိန်းကလေးသုံး



www.burmeseclassic.com

www.burmeseclassic.com

ယောက် စုငှားပြီးနေတာပါ၊ မိဘတွေနဲ့ကျွန်မ မနေပါဘူး၊ ဒါပေ ရှင်လာမယ်ဆိုရင်တော့ ကျွန်မဆီဖုန်းကြိုဆက်လေ ... ဖုန်းနံပါ ရေးပေးထားမယ်၊ ကျွန်မက အိမ်မှာရှိတတ်တာ နည်းလို့သတိပေ တာပါ"

"ဩော် ... အင်း ... "

အမုန်းမိုး ခေါင်းပဲညိတ်ပြမိသည်။

မွန်းက မိဘတွေနဲ့မနေဘဲ သူငယ်ချင်းတွေနဲ့ တိုက်ခန်း ငှားနေတာတဲ့။ ဘာကြောင့်လဲ ... မွန်းဆီမှာရော ဘယ်လိုအခ အခဲဒုက္ခမျိုးတွေ ရှိနေပါသလဲ။ အမုန်းမိုးနဲ့စတွေ့ချိန်ကလည်း မွ အသက်လုကာ ပြေးလာတာတွေ့ရသည်။ သူမ ဘာအမှားအယွ တွေများ ပြုလုပ်လာခဲ့သလဲ။ ယောကျ်ားရင့်မာကြီးတွေ ငါးယော လောက်က တုတ်တွေ၊ ခဲတွေကိုင်ပြီး သူမနောက်ကို ပြေးလိုက လာတာဆိုတော့ ... ။

"ရော့ ... အမုန်းမိုး၊ ဒါ ... မွန်းနဲ့ဖုန်းနံပါတ် ... "

"ကျေးဇူးပဲ ... မွန်း"

"ကဲ ... မွန်းသွားပြီနော်"

"အင်း ... "

ကားပေါ်ကနေ မွန်းကဆင်းသွားပြီး လှေကားထစ်တွေ အတိုင်း တိုက်အထပ်မြင့်ကြီးပေါ် တက်သွားသည်။





မွန်းကို အိမ်အရောက်ပြန်လိုက်ပို့ပေးပြီး အမုန်းမိုး အိမ်ကိုပဲ ...န်းပြန်လာခဲ့လိုက်သည်။

အိမ်ရောက်ရင်တော့ အချိန်နောက်ကျနေတာနဲ့ ပတ်သက် ...ြီး ဖြေရှင်းရဖို့သေချာ၏။ ဒီအတွက်လည်း အကောင်းဆုံး ...ကြောင်းပြချက်တစ်ခုကို စဉ်းစားပြီးသားပါ။ အမုန်းမိုးအပေါ် ...ဘယ်သူမှ မယုံသင်္ကာဖြစ်မှာ မဟုတ်ပေ။ စိတ်အေးအေးနဲ့ပဲ ကား ...ကို အန္တရာယ်ကင်းအောင် မောင်းမိသည်။

နေမဟာခြံကြီးရဲ့ တံခါးဝရှေ့မှာရပ်ပြီး ကားဟွန်းတီးလိုက် ...ည်ဆိုလျှင်ပဲ အဘရွှေက တံခါးလာဖွင့်ပေး၏။

ကားမီးရောင်ကြောင့် အဘရွှေရဲ့ စိုးရိမ်ပူပန်နေသော မျက် ...ကို အမုန်းမိုးတွေ့လိုက်ရပါသည်။ အမုန်းမိုး အသက်ကိုမှန်မှန် ...ှူသွင်းကာ စိတ်ကိုအတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းထားလိုက်မိ ...၏။ တစ်ခါမျှ လိမ်ညာပြောဖူးခြင်းမရှိတော့ အမှားအယွင်းဖြစ်မှာ ...တော့ စိုးရိမ်မိပါရဲ့။

"အမုန်းမိုး ... "

"ဗျာ ... အဘရွှေ"

"နောက်ကျလိုက်တာကွာ ... ဆရာနေမင်းအုပ်တောင် အိမ် ...ြန်ရောက်နေပြီ ... မင်းကိုပြန်လွှတ်လိုက်တာ ကြာပြီဆို၊ ဘယ်တွေ ...င်နေလို့ ကြာနေရတာလဲ အမုန်းမိုး ... မင်းပြန်ရောက်မလာသေး



www.burmeseclassic.com

www.burmeseclassic.com



လို့ အားလုံးစိတ်ပူနေကြတယ်ကွ"

"ဟို ... ကားကမောင်းနေရင်းကနေ ထိုးရပ်သွားလို့ အ
ရွှေ ... အဲဒါ ... ဆီပိတ်နေသလားဆိုပြီး ဝပ်ရှော့ဝင်ပြတာ ..."

"အဲဒါများကွာ ... ဖုန်းလေးဘာလေးတော့ဆက်ပြီး အိမ်
အကြောင်းမကြားဘူး၊ ခုတော့ ... စိတ်ပူစရာတွေ ဖြစ်နေတာ
လမ်းမှာအန္တရာယ်များဖြစ်နေသလားဆိုပြီး စိုးရိမ်နေကြတယ်"

"မဖြစ်ပါဘူး ... အဘရွှေ ... ကားဝပ်ရှော့ဝင်နေလို့
စောင့်နေရင်းနဲ့ကြာသွားတာပါ၊ အစကတော့ ဖုန်းဆက်ဦးမလို့
သိပ်လဲမကြာလောက်ဘူး၊ ကားက သိပ်လဲကြီးကြီးကျယ်ကျယ်
တာမဟုတ်တော့ မဆက်တော့တာပါ"

"အေးကွာ ... ဘာပဲဖြစ်ဖြစ်ပေါ့၊ အိမ်တော့ဖုန်းဆက်
တယ်၊ ကဲပါ ... ထားလိုက်တော့၊ ငါက အဲဒီလောက်ဖြေရှင်း
မလိုပါဘူး၊ လိုအပ်နေတဲ့သူတွေကတော့ မင်းကိုတိုက်ကြီးထဲ
စောင့်ကြိုနေလေရဲ့ ... မင်းသွားဝင်တွေ့ပြီး သေသေချာချာရှင်း
လိုက်ဦး ... အမုန်းမိုး"

"ဟုတ်ကဲ့ ... အဘရွှေ၊ ကားသိမ်းပြီးတာနဲ့ သွားတွေ့လိုက်
ပါ့မယ် ..."

"အေး ... အေး ... အမုန်းမိုး ..."

ခြံဝတွင် တံခါးလာဖွင့်ပေးသော အဘရွှေနှင့်စကားတွေပြော





ပြီး နောက်မှာတော့ ခြံကျယ်ကြီးထဲ မောင်းဝင်လာခဲ့သည်။

ပြီးနောက် ...

ကားကို ဂိုထောင်ထဲထည့်လိုက်ပြီး သွက်လက်တဲ့ခြေလှမ်း
နှင့် အမုန်းမိုး စံအိမ်တော်ကြီးဆီ သွားလိုက်မိသည်။

တိုက်အိမ်ကြီးထဲကို အမုန်းမိုးဝင်ပြီး ဧည့်ခန်းဘက်ဆီ ကြည့်
တော့ သူဌေးကြီး ဦးနေမင်းအုပ်ရော ဒေါ်နှင်းဒါလီပါ ရှိနေကြ
သည်။

"ဘယ်လိုဖြစ်တာလဲကွ ... နောက်ကျလှချည်လား အမုန်း
"

သူဌေးကြီး ဦးနေမင်းအုပ်က သူ့ကိုမြင်တာနဲ့ လှမ်းမေး
တော့၏။

"ဟုတ်ကဲ့ ... အန်ကယ်နေမင်းအုပ် ... ကားကလမ်းမှာ
မောင်းနေရင်းနဲ့ တုန့်တုန့်နေတာနဲ့ ဂျီးပိတ်သလားဆိုပြီး ဝပ်ရှော့
ပြနေလို့ ကြာသွားတာပါ ..."

လေသံအေးအေးလေးနဲ့ပဲ အမုန်းမိုးပြောမိသည်။ ထင်သည့်
အတိုင်းပါပဲ အမုန်းမိုးအပေါ် ဘယ်သူကမှ သံသယစိတ် မရှိကြချေ။

"မင်းကလည်းအိမ်ကို နည်းနည်းတော့ ဖုန်းဆက်ပြောဦးမှ
... ဒီမှာအားလုံးက စိတ်ပူနေကြတာ၊ လမ်းမှာ အန္တရာယ်များ
နေလားဆိုပြီး မင်းအန်ကယ်ဆို ကုမ္ပဏီကနေ ပြန်လာတာ



www.burmeseclassic.com

www.burmeseclassic.com



အနားတောင်မယူနိုင်ဘူး။ မင်းကို ထိုင်စောင့်နေတာပဲကြည့် ...

အန်တီ ဒေါ်နှင်းဒါလီရဲ့စကားကြောင့် အမုန်းမိုး ... စူးခနဲ အောင့်မျက်သွားရပါသည်။ သူမလာသေးလို့ စိတ်ပူပြီး ... မျှော်နေတာတဲ့လေ။ အန်ကယ် ဦးနေမင်းအုပ်က သူ့အ... တော့ သံယောဇဉ်ရှိတာ သူအသိပဲ ဖြစ်ပါသည်။

ငယ်ငယ်လေးကတည်းက အဘရွှေမျက်နှာကြောင့် ... ရောက်ပညာသင်ပေးခဲ့တယ်ဆိုပေမယ့် အတူတူ တစ်ခြံတည်း... နေကြတာမို့ သူ့ကိုလည်း သံယောဇဉ်ရှိပါသည်။

သူ့ရဲ့ရိုးသားမှု၊ ကြိုးစားမှု၊ တာဝန်သိတတ်မှုတွေကြော... အမုန်းမိုးတစ်ယောက် နေရာရခဲ့သည်ဟုပဲ ပြောရမလား။ သူ့... ကြီး ဦးနေမင်းအုပ်နှင့် သူ့ဇနီးကတော့ ဒေါ်နှင်းဒါလီကပါ စိမ်း... မနေတော့ချေ။ တူသားတစ်ယောက်လို ရင်းရင်းနှီးနှီး ဆက်ဆံ... ကြသည်။ အခုလဲ ... လူကြီးတွေအားလုံးက သူ့အန္တရာယ်တ... များ စိုးရိမ်နေကြသည်။

သူကတော့ ...

လူကြီးတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး ... အတူ ဆိုင်ထိုင်ခဲ့မိသည်။ အိမ်အပြန်လိုက်ပို့ပေးမိ၏။ အား... သည်။ ကိုယ့်လုပ်ရပ်အပေါ်မှာလည်း စိတ်မလုံမလဲဖြစ်ရ၏။ ... ကနေ လှိုက်လှိုက်လှဲလှဲကိုပဲ တောင်းပန်မိသည်။





“ကျွန်တော် မှားသွားပါတယ် ... အန်တီနှင်းဒါလီ၊ အဲဒီ ...အတွက် ကျွန်တော် တောင်းပန်ပါတယ် ... လူကြီးတွေကို စိတ်ပူ ...စေမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်ဗျာ ... ကျွန်တော့် ...ခွင့်လွှတ်ပါ ... ”

အနူးအညွတ်ပဲ တောင်းပန်နေတဲ့ အမုန်းမိုးကိုကြည့်ပြီး ...ကယ်ဦးနေမင်းအုပ်ရော၊ အန်တီဒေါ်နှင်းဒါလီပါ မျက်လုံးပြူး ...တွေနှင့် ကြောင်ငေးကာ ကြည့်နေကြ၏။ သူတို့ဘက်က ကြည့် ...တော့ အဲဒီလောက်ကြီး တောင်းပန်ရလောက်တဲ့ အမှားလို့ ...င်ဘူးပေါ့။ အမုန်းမိုးမှာသာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။

“အေးပါကွာ ... ထားလိုက်ပါတော့၊ မင်းလဲ ပင်ပန်းလာရော ...သွားနားတော့ အမုန်းမိုး ... ”

“ဟုတ်ကဲ့ ... အန်ကယ် ... ”

အမုန်းမိုးတစ်ယောက် ခပ်ရှို့ရှို့လေး ပြန်ထွက်လာတော့ ...တီဒေါ်နှင်းဒါလီတစ်ယောက် တအံ့တဩ ကြောင်ငေးပြီး သူ့ကို ...ကြည့်ကာ ကျန်ရစ်ခဲ့သည်။

ခြံလေးထဲရောက်တော့ ... ဘယ်အချိန်ကတည်းက ကြို ...င့်နေမှန်း မသိတဲ့ သုဓွေမင်းအုပ် ခေါ် သုသုနဲ့တိုးသည်။

“အမုန်းမိုး ... ”

“သုသု ... ”



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာဖြစ်လို့နောက်ကျနေတာလဲ ... ငါကိုတော့ အဘိ
မာမီတို့လို နင်ဘတ်လို့မရဘူးနော် ... အံတိုနေပြီသိလား။ ဒီကား
မနက်တုန်းကလေးတင်မှ ငါကိုယ်တိုင်ဝပ်ရှော့မှာ စစ်ထားတာ
ဘာဆီမှ ပိတ်စရာအကြောင်းမရှိဘူး အမုန်းမိုး ... "

ဟင် ...

သုသုစကားကြောင့် အမုန်းမိုး မျက်လုံးပင်ပြူးဝိုင်းသွား
ပြီ။ မနက်က သုသုအိမ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ အိမ်အရှေ့
မထားထားနဲ့သွားဝယ်တာလေ။ သူမက ကားဝပ်ရှော့ ဝင်ပြခဲ့တာ
ကိုး။

မိပြီ။

သူခိုး လူမိခံရတဲ့အဖြစ်မျိုးပဲ။

"အမုန်းမိုး ... ပြောလေ"

"ဟို ... ဟိုလေ"

"နေဦး ... ကောင်မလေးတစ်ယောက်ယောက်နဲ့တွေ့
ချိန်း တာ မဟုတ်ပါဘူးနော် ... အမုန်းမိုး"

"ငါ ... မွန်းနဲ့ပြန်တွေ့ပြီး ဆိုင်ထိုင်ဖြစ်သွားတာသုသု"

"ဘာ ... မွန်း ... ဟုတ်လား အမုန်းမိုး"

"အင်း ... "

"ဘယ်ကမွန်းလဲ ... နင်နဲ့သူ ဘယ်တုန်းကစပြီး ပတ်သတ်





ကြတာလဲ၊ ငါတောင်သတိမထားမိလိုက်ဘူး၊ နင်တော်တော်လေး
ဆိုးသောတာပဲ အမုန်းမိုးရဲ့"

သုသုလေသံက ဒေါသသံတွေ ရောယှက်သွားတာ သူမ
ကိုယ်သူမ သတိထားမိသည်။ စိတ်တွေက အလိုမကျချင်သလိုလို၊
ဆောက်ကွဲချင်နေသလိုလိုကြီးပဲ။ အမုန်းမိုးဆီကနေ မွန်းဆိုတဲ့နာမည်
လေးကြားလိုက်တာနဲ့ သုသုစိတ်တွေထဲမှာ ရှုပ်ထွေးသလိုပင်
ခံစားလိုက်ရပါသည်။

"နင်သိချင်သိမှာပါ ... သုသု၊ မွန်းက ငါတို့ကျောင်းကပဲလေ၊
ဒီတုန်းနှစ်မှာ သူ ... တို့ကျောင်းကထွက်သွားတာ"

သုသု ခေါင်းလေး ခါယမ်းပြ၏။

အမုန်းမိုးက မွန်းကို သူစတင်သိခဲ့တဲ့နေ့က အကြောင်းလေး
ကို ပြန်ပြောပြသည်။ ပိုက်ဆံကောက်သွားပေးတဲ့ကောင်မလေးတဲ့။
ချိုသြစရာကောင်းလိုက်တာ။ ဘာမှမထူးခြားတဲ့ လုပ်ရပ်လေးကို
ထင်ပြီး သူ့အာရုံတွေထဲမှာ မွန်းကရှိနေတာတဲ့လေ။

အမုန်းမိုးကိုကြည့်ရတာ မွန်းနဲ့ပြန်ဆုံတွေ့ခဲ့ရလို့ ဝမ်းသာ
ပျော်ရွှင်နေတဲ့ပုံပါပဲ။ ဘလက်(ခ်)တက္ကစီဆိုပြီး မှားတားစီးရာမှ
ပြန်ဆုံကြရတာတဲ့လေ။ အမုန်းမိုးက ဝမ်းသာအားရ ပြောပြနေလို့
သာ နားထောင်နေရတာ စိတ်ကမပါလှချေ။

"အမုန်းမိုး ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"နင် ... ဓာတ်လမ်းတွေ ရှုပ်မယ်တော့ မကြံနဲ့နော်၊ ပြောသလို ... ရိုးရိုးသားသားတွေ့တာပဲဖြစ်ပါစေ၊ နင့်ခြေလှမ်းတွေ ဒီထက်ပျက်မယ်ဆိုရင်တော့ ဒက်ဒီနဲ့မာမီ့ကို အသိပေးရမှာပဲ၊ တ သိုလ်ဆက်ထားတာကို ငါတားဆီးရလိမ့်မယ်အမုန်းမိုး ... စ စိတ်မဝင်စားဘဲ နင့်ကိုပညာရေးထောက်ပံ့ရလောက်အောင် ငါ က စိတ်မနှံ့တဲ့သူတွေ မဟုတ်ဘူးသိလား"

သုသု ...

အမုန်းမိုးအကြောက်ဆုံးအချက်ကို ဆုပ်ကိုင်ပြီး ခြိမ်းခြောက် လိုက်မိသည်။

"ငါ ... မရှုပ်ပါဘူးသုသု၊ အခုလဲ တိုက်ဆိုင်သွားလို့သ လိုက်ပို့ပေးမိတာပါ ... "

ဟွန်း ...

သုသု မျက်စောင်းလေးက ဒိုင်းခနဲ အမုန်းမိုးဆီရောက်သွား ရ၏။ ဘာမှဆက်မပြောတော့ဘဲ အမုန်းမိုးအနားကနေ ပြန်လှည့် ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှာတော့ မကျေမနပ်မှုတွေနဲ့ လေးလေးလံလံရှ ပါ။

ခန်း ( ၁၇ )

မောင့်ဆီက ဖုန်းလာသဖြင့် သုသုကိုင်လိုက်တော့ သူ့ဆီ ာခဲ့ဖို့ လှမ်းခေါ်နေသည်။ သုသု အခုတလော အပြင်ထွက်ခြင်းကို မီက ကန့်သတ်တားဆီးထား၏။ ဆောင်းဦးမောင်ဆိုတဲ့ ချစ်သူ ို အဆက်ဖြတ်ဖို့ မာမီက သေချာမှာထားသည်။ ဘယ်တုန်းကမှ မီးဖြစ်သူအပေါ်မှာ တားဆီးကန့်သတ်မှုတွေ မပြုလုပ်တတ်တဲ့ မီက ဆောင်းဦးမောင်နဲ့ပတ်သက်ပြီး ပိတ်ပင်တားဆီးခြင်းတွေ လာ၏။

မာမီက သူမကို အပျော်ချစ်တာဟု ပြောသည်။

ဆောင်းဦးမောင်ချစ်နေတဲ့ ကောင်မလေးက သတ်သတ် စ်ယောက်တဲ့လေ။ နာမည်ကိုတော့ မာမီ မသိဘူးတဲ့။ ဒါပေမဲ့ မီပြောတာက အမှန်တရားပဲတဲ့လေ။ နောင်မှ သုသုနောင်တရ သိမ့်မယ်တဲ့။ မာမီသမီးအပေါ်မှာ ဘယ်တုန်းကမှ လိမ်ညာမပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဆိုတာ သမီးအသိဆုံးပဲတဲ့လေ။

ခက်နေသည်။

မာမီ့စကားကိုလဲ ယုံချင်ချင်။

ချစ်သူကိုလည်းချစ်မြတ်နိုးရနှင့် သုသုမှာ အခက်တွေ့ရ၏။ မောင်က ရည်းစားတွေ ထည့်လဲတဲ့တတ်တာတော့ အမှန်ဖြစ်၏။ အပျော်အပါးမက်တာလည်း သုသုသိသည်။ လောင်းကစားမှာလည်း ဝါသနာကထုံတဲ့ မောင့်ကို သုသုတစ်ယောက်တည်းသာ ဒဏ်ခံပြီး ချစ်တဲ့သူရှိသည်။

ကိုသူရဇော်ကဆို သုသုအချစ်ကို အံ့ဩလွန်းလို့တဲ့။

မောင်က ...

သူ့ကိုလာတွေ့ဖို့ ဖုန်းလှမ်းဆက်နေသည်။

သုသု ဘာကိုအကြောင်းပြပြီး ထွက်ရမလဲ။ မာမီက သုသု သွားမယ်ဆိုတာနဲ့ သူမလည်း အဖော်လိုက်မယ်ဆိုတာချည်းပဲ လု နေသည်။ အိမ်နောက်ဖေး မီးဖိုချောင်သုံးပစ္စည်းတွေ လိုအပ်လို့ ဈေးသွားတာတောင် အိမ်အကူ မထားထားကို ခြင်းဆွဲအဖြစ် ရအောင် ထည့်လွှတ်လိုက်သေးသည်။

စိတ်ညစ်တယ်။

အရမ်းစိတ်ညစ်တာပဲ။

မောင်က ဖုန်းကို တဂွမ်ဂွမ်ဆက်ပြီးတော့ကို ခေါ်နေတော့





လေ။ ဘာအရေးကြီးကိစ္စ ရှိနေပြန်ပြီလည်း မသိပါ။ ဆယ်မိနစ် ကို တစ်ခါခေါ်နေတာ။

သုသု စိတ်ရှုတ်ထွေးစွာ ထိုင်နေစဉ် ဖုန်းလေးက တီးလုံးသံ ထွက်ကာ မြည်လာပြန်သည်။

"ဟဲလို ..."

"သုသု ..."

မောင်ပါပဲ။

ဖုန်းနံပါတ်အသစ်မို့ ကိုင်လိုက်တာ ချစ်သူဆောင်းဦးမောင် က ဆက်သွယ်တဲ့ဖုန်းပဲ ဖြစ်နေပြန်သည်။

"ပြောလေ ... မောင်"

"ဘာပြောရမှာလဲ သုသုရဲ့ ... မောင့်ကိုလာတွေ့ပါဦးလို့ ပြောထားတဲ့ဟာ ... နှစ်နာရီလောက်တောင်ကြာနေပြီ သုသုက ယ်ရောက်နေလို့ မောင့်ဆီရောက်မလာနိုင်သေးတာလဲ"

"သုသု ... အိမ်မှာပဲ ရှိသေးတာမောင်ရဲ့ ..."

"ဟာကွာ ... ဘာလုပ်နေတာလဲကွာ၊ အလှပြင်နေတာဆို င်လည်း မြန်မြန်သာ အဆုံးသတ်လိုက်ပြီး ထွက်ခဲ့တော့သုသု ... မောင်အရမ်း တွေ့ချင်နေပြီ ..."

"ဟို ... ဟိုလေ ... မောင် ... သုသု ထွက်လာလို့မရ မောင်ရဲ့၊ မာမီက သုသုခြေလှမ်းတွေ အခုတလော ပျက်နေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတိထားစောင့်ကြည့်နေတယ် ... အဲဒါ ... ”

“ဘာလဲ ... မောင်နဲ့ရည်းစားဖြစ်နေတာ သိသွားလို့လား သုသု၊ မင်းရဲ့မာမီ သိနေတာလား”

“ ... ”

“ဘာလဲ ... မင်းမာမီက သဘောမတူနိုင်ဘူးဆိုတဲ့ သဘော လား၊ မောင့်လိုကောင်နဲ့ သဘောမတူနိုင်ဘူးဆိုပြီး ကန့်သတ်ထား တာလားသုသု ... ”

“ဟို ... မ ... မဟုတ်ပါဘူး ... ဒါပေမဲ့ ... ”

“မညာစမ်းပါနဲ့သုသုရယ် ... မောင့်ကို အားနာပြီး မင်း လျှောက်လိမ်ဖို့ မကြိုးစားစမ်းပါနဲ့၊ ဒီလောက်တော့ ... မောင်ထဲ ခေါင်းရှိတဲ့ကောင်ပါကွာ ... တွေးတတ်ပါသေးတယ် ... တောက်”

ပြဿနာပဲ ...

တစ်ဖက်က မောင်တစ်ယောက် ဒေါသတွေ ပေါက်ကွဲနေ၏။ သုသု ဘယ်လိုဖြောင့်ဖြ ချော့မော့ရမှန်းလည်း မသိတော့ချေ

“သုသု ... ”

“ပြော ... မောင်”

“မောင်တို့နှစ်ယောက်အကြောင်း မင်းရဲ့မာမီကို ဘယ်သူ သွားထောင်တာလဲ ... ကေန္တ ... မင်းတို့အိမ်မှာ ကပ်နေတဲ့ ကျွန် စုတ် အမုန်းမိုးဆိုတဲ့ကောင်ပဲ ဖြစ်ရမယ် ... ဒီကောင်ပဲ မောင်တို့





ချစ်သူတွေဖြစ်နေတာကို သိတာလေ ... ”

အို ...

မောင့်စကားလုံးတွေက ကြမ်းရှလွန်းလှ၏။

အမုန်းမိုး အတို့အထောင်လုပ်တာပဲဟု မောင်ကစွတ်စွဲနေ သည်။ သုသုတုန်းကလည်း အမုန်းမိုးလို့ပဲ ထင်မိတာလေ။ တကယ် သဲ ... အမုန်းမိုးဆီက ဆောင်းဦးမောင်ဆိုတဲ့ နာမည်ကို မာမီသိခဲ့ တာပါ။

အမုန်းမိုးကိုယ်တိုင် ဝန်ခံခဲ့သည်။ မာမီက ငွေကြေးကိစ္စကို စိတ်ပူပြီး မေးလွန်းလို့ သုသုရဲ့ချစ်သူ နာမည်ကိုပြောပြလိုက်မိသည် ဟု ပြော၏။ ထိုအချိန်ကဆို သုသုမှာဒေါသထွက်လွန်းလို့ အခန်းထဲ မှာ ရှိသမျှ အလှပြင်ပစ္စည်းတွေဆွဲပြီး သူ့ကိုပစ်ပေါက်ခဲ့ဖူး၏။ ရေမွှေး ပုလင်းအရှိန်ကြောင့် အမုန်းမိုးရဲ့ ခေါင်းပင် ပေါက်ပြဲသွားပါသည်။

သို့သော် ...

အမုန်းမိုး ငြိမ်၍သာ ခံခဲ့သည်။

အမုန်းမိုး ပြန်ပြောတဲ့စကားလုံးက နည်းနည်းလေးပါပဲ။

အဲဒါ ...

သုသုက သူ့ရဲ့ကျေးဇူးရှင်ပါတဲ့လေ။ သုသုခွင့်ပြုခဲ့လို့သာ အခု လို သူပညာသင်ခွင့်ရရှိခဲ့တာပါတဲ့။ ဒက်ဒီက ဘယ်လောက်ပဲ သူ့ကို ကျောင်းထားပေးချင်ချင် သုသုကန့်ကွက်ရင် ဆယ်တန်းစာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုပြီးသည်အထိပင် ရောက်ခဲ့မှာမဟုတ်ဘူးတဲ့လေ။

စိတ်ဆိုးပါတဲ့။

ကြိုက်သလောက် ဒေါသဖြစ်ပါတဲ့။

သူကတော့ …

ကျေးဇူးရှင်ဒုက္ခမရောက်အောင် ကာကွယ်စောင့်ရှောက်မှာပဲတဲ့လေ။

အမုန်းမိုးက …

ပြတ်ပြတ်သားသားကိုပဲ ပြောသွားခဲ့တာပါ။

"သုသု … "

"ဩော် … အင်း … ပြောလေ မောင် … "

"ဘာတွေစဉ်းစားနေတာလဲ … မောင်ပြောတာ မှန်တယ်မို့လားသုသု … ဟိုကောင့်လက်ချက်ပဲ မဟုတ်လား … "

"ဟင့်အင်း … မဟုတ်ဘူးမောင်၊ အမုန်းမိုးကြောင့်မဟုတ်ဘူး၊ သုသုမှာ ချစ်သူရှိနေပြီလားလို့ မေးလို့ သုသုပြောပြလိုက်တာဒါပေမဲ့ … မာမီက ဘဏ်က သိန်းငါးဆယ်ထုတ်လိုက်တဲ့ကိစ္စကိုသိနေတယ်မောင် … သုသုမှာလည်း တခြားအကြောင်းပြစရာမရှိတာဆိုတော့ … "

"ဘာလဲ … မင်းမာမီက ဒီအရေးမပါတဲ့ငွေလေးကြောင့်တို့ချစ်သူနှစ်ယောက်ကို ခွဲချင်တာလား၊ ဒါဆိုလည်း ရတယ်လေ





…ခုချက်ခြင်း မင်းမာမီဆီကို သိန်းငါးဆယ်ပြန်လာပေးမယ် … …တ်ပြီလား"

"ဟို … မောင် … အဲ … အဲဒီလိုတော့မလုပ်ပါနဲ့၊ သုသု …ပြီးအနေရခက်သွားမှာပေါ့ … မာမီက ပိုက်ဆံကိစ္စက အဲဒီလောက် …ဟုတ်ပါဘူး၊ ကျောင်းပညာကိုပဲ ဆုံးခန်းတိုင်အောင်သင်ပြီးမှ …ခြားအကြောင်းအရာတွေကို စိတ်ဝင်စားစေချင်တာပါ"

သုသု …

အပြေလည်ဆုံးဖြစ်မည့်စကားကိုသာ ရွေးချယ်ပြောလိုက်မိ…ည်။ မောင်က လူငယ်မို့ စိတ်တ တက်ကြွချင်နေ၏။ ထစ်ခနဲဆို …ါသက ပေါက်ကွဲလွယ်တဲ့မောင်ပါ။ သူငယ်ချင်း အပေါင်းအသင်း …းတဲ့မောင်က အုပ်စုလိုက် ကြမ်းရမ်းဖို့လည်း ဝန်လေးတတ်သူ …ဟုတ်ချေ။

"သုသု … "

"ပြော … "

"မောင်အရေးတကြီးငွေလိုနေလို့ … သုသု၊ မောင့်ကို ဆယ့်…းသိန်းလောက် ခဏချေးပါလားဟင်၊ မောင် … ဒီနေ့ ဆက်ဆက် …းမယ်လို့ ချိန်းထားပြီးသားဖြစ်နေလို့ပါ … ဘော်ဒါတစ်ယောက် …ိုတော့ အကူအညီလှမ်းတောင်းထားပြီးသားပါ … သုသု သူက …စ်ပတ်လောက်စောင့်ပါဦးဆိုလို့ အခက်တွေ့နေတာ၊ သုသု…



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပါတယ် ... မောင့်အပေါ် အကြွေးပေါင်းမှတ်ထားပါ… မောင်တကယ် ပြန်ဆပ်မှာပါ ... ”

လုပ်ပြန်ပြီ။

ဆယ့်ငါးသိန်းလောက်တဲ့။

နောက်ဆုံးတော့ မိုးတစ်လုံး လေတစ်လုံးနဲ့ပြောတဲ့ သူ… ပိုက်ဆံပင် ထပ်ချေးနေပြန်သည်။ မောင့်ကို သုသု ဘယ်လိုမှ… မလည်နိုင်တော့ပါ။ သုံးတာထက် ဖြုန်းတာကများ၏။ သုသုကို… ငွေတွင်းရှိနေတယ်လို့ မောင်ထင်မှတ်နေသလား မသိပါဘူး… တောင်းကောင်းကောင်းနဲ့ကို စွတ်တောင်းနေတော့တာပဲလေ…

“သုသု ... ”

“ဟင် ... ”

“မောင်ပြောတာ ကြားလားဟင် သုသု ... ”

“ကြား ... ကြားပါတယ်၊ ဟို ... ဟိုလေ ... ပိုက်ဆံ… မများလွန်းဘူးလားမောင် ... ဆယ့်ငါးသိန်းကြီးများတောင်… တော့”

“ဒီပိုက်ဆံက တစ်ပတ်လောက်ဆိုရင် မောင်ပြန်ပေးမှာ… သုသု ... အရင်ပိုက်ဆံသာနည်းနည်းစောင့်ပေးရမှာ၊ လုပ်ပါကွာ… လောလောဆယ် အရမ်းကိုလိုနေလို့ပါ ... သုသု ... မင်းပဲဖြစ်… ပေးနိုင်မှာမို့ပါ၊ ဒါကြောင့် ... မောင်ဖုန်းဆက်နေရတာပေါ့ သုသု”





မောင်က သူမကိုတွေ့ချင်တာ ငွေလိုလို့ပေါ့လေ ... မောင့်…အပေါ် သံသယမဝင်စဘူး ဝင်ချင်လာသည်။ သုသုကို ငွေ…ကြောင့်မောင်က ချဉ်းကပ်နေတာလား။ ကျန်တဲ့အချိန်တွေမှာ…ကောင်းရဲ့လားလို့တောင် ဖုန်းလေးဆက်ပြီး မေးဖော်မရတဲ့…င်က ငွေကြေးကိစ္စအခက်အခဲရှိလာလျှင်တော့ တစ်နေ့ကို…ကြိမ်ပေါင်းမနည်း ဖုန်းခေါ်သည်။

“သုသု ... ဘယ်လိုလဲ မောင့်ကိုကူညီမယ်မဟုတ်လား”

မောင်က အတင်းအကျပ်ကို တောင်းဆိုနေတာပါ။

မာမီ သိရင် ဘာပြောဦးမလဲ။

အဆင်ပြေချောမွေ့တဲ့စကားမျိုး မဖြစ်နိုင်တာတော့ သေ…ပါသည်။ မောင့်ကို အထင်သေး နှာခေါင်းရှုံ့ဦးမှာပဲ။ ဝေဖန်ကဲ့ရဲ့…နိုင်မှာပါပဲ။ မာမီက မောင့်ကို လုံးဝကြည့်မရတဲ့သူလေ။ …င်းကစားသမား အပွေအရှုပ်ကောင်လေးဆိုပြီး သုသုကိုပင်…အဆက်အသွယ် ဖြတ်ခိုင်းနေသည်။

တစ်ဆယ့်ငါးသိန်းတဲ့။

ငွေက သုသုလက်ထဲမှာမရှိ။ ဘဏ်မှာတော့ရှိသည်။ ထုတ်…လျှင်တော့ရ၏။ ခက်နေတာက အပြင်ထွက်လို့မရတာဘဲ။ ဘာ…ကြောင့်မှန်းမသိ မောင့်ကို ထုတ်ပေးချင်နေမိသည်။

မောင်အရမ်းကိုပဲ ခက်ခဲလွန်းလို့ သူမဆီ တောင်းတာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com


မှာပါဆိုတဲ့ သနားစိတ်နဲ့ လိုနေတဲ့ငွေကို ထုတ်ပေးချင်မိ၏။

"သုသု ..."

"ပြောလေ ... မောင် ..."

"ပိုက်ဆံထုတ်ပေးမယ် မဟုတ်လားဟင် ..."

"ပေးချင်ပါတယ် မောင် ... မောင်အရမ်းခက်ခဲနေတာ တော့ သုသုပေးမှဖြစ်မှာပေါ့၊ ခက်တာက ... ဘဏ်ကနေ ဘယ် ထုတ်ရမလဲ ..."

"ချက်လက်မှတ်ရှိတယ် မဟုတ်လားသုသု ... ချက်လ မှတ်မှာရေးပြီး မင်းလက်မှတ်ထိုးပေးလိုက်လေ ... မောင် သွား ထုတ်မယ်"

"သြော် ... အင်း ... ဒါလဲရတာပဲနော်၊ သုသု အဲဒီလို ပေးလိုက်မယ် ..."

"သုသု ..."

"ပြော ... မောင် ..."

"အရမ်းချစ်တယ် ..."

အို ...

ရင်တွေ အခုန်မြန်သွားရပြန်ပြီ။

"မောင် ... တကယ်ပြောတာ သုသု"

"ယုံပါတယ် ..."



လေသံက ခပ်ပျော့ပျော့။

မောင်လိမ်ညာဟန်ဆောင်နေတာ သိသိကြီးနဲ့ သုသုခေါင်း ငြိမ်ခံနေမိသည်။ မောင်နဲ့ကျမှ သူမစိတ်တွေက ဘာကြောင့် ဒီလောက်ထိတောင် ပျော့ညံ့သွားကြပါလိမ့်။

သုသုကိုယ်တိုင်ပင် မစဉ်းစားတတ်တော့ချေ။

"သုသု ..."

"ရှင် ..."

"ချက်လက်မှတ်ကို အဆင်သင့်လုပ်ထားလိုက်နော် ... မောင် အခုပဲထွက်လာပြီး နောက်ဆယ့်ငါးမိနစ်အတွင်း ခြံရှေ့ကို ရောက်မယ်သုသု ... အဆင်သင့်လုပ်ထားဦး ..."

"အင်းပါ ... မောင် ... စိတ်ချပါ"

"ဒါပဲနော် ... သုသု"

"အင်း ..."

မောင်က ဖုန်းလေးပြန်ချသွား၏။

သုသုလည်း ဖုန်းလေးကို စာရေးစားပွဲပေါ် တင်ထားလိုက်သည်။ အံဆွဲလေးကို ဖွင့်လိုက်တော့ သူမရဲ့ ချက်စာအုပ်လေးက သူမကို မျက်စပစ်ကာ လှောင်ပြောင်နေသယောင်ယောင်။

ဆယ့်ငါးသိန်းတဲ့။

သုသုသိပ်ပြီး မတွေဝေနိုင်။


www.burmeseclassic.com

www.burmeseclassic.com

မောင် တောင်းဆိုထားတဲ့ ငွေကြေးပမာဏအတိုင်း လက်မှတ်မှာ သေချာတိကျအောင် ရေးပြီး လက်မှတ်လေးတွေသာ ထိုးနေလိုက်မိပါတော့သည်။

## အခန်း ( ၁၈ )

"အမုန်းမိုး ... မင်းသူငယ်ချင်းဆိုလား ခြံဝမှာရောက်နေတယ်၊ မွန်းတဲ့ ... "

"ဗျာ ... မွန်း ... ဟုတ်လား အဘရွှေ"

"အေး ... ဟုတ်တယ် ... "

အဘရွှေထံမှ သတင်းလာပို့တဲ့စကားကြောင့် အမုန်းမိုးမျက်လုံးလေးတွေပင် ပြူးဝိုင်းသွားသည်အထိ အံ့အားသင့်သွားရပါသည်။

ခြံရှေ့မှာ မွန်းရောက်နေတယ်တဲ့လေ။

ဘာရယ်မဟုတ်ပါဘဲ။

အမုန်းမိုးတစ်ယောက် အပျော်ကလေးတွေ စီးမျောသွားရ၏။ မွန်းနဲ့ပြန်ဆုံတွေ့လိုက်ရပြီးနောက်ပိုင်း သူမကလေးကို သတိတွေရနေမိသည်။ နောက်တစ်ကြိမ်မက အကြိမ်ပေါင်းများစွာ တွေ့


www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်တွေက သူ့ရင်ထဲမှာ တဖွားဖွားဖြစ်ပေါ်နေခဲ့၏။ သို့သော် အခြေအနေအရပ်ရပ်ကို အမုန်းမိုး သတိထားရပါသည်။

ပြီးတော့ ...

မွန်းရဲ့ဂုဏ်သိက္ခာ ... ။

မိန်းကလေးသူငယ်ချင်းသုံးယောက်အတူတူ ငှားနေတဲ့ တိုက်ခန်းဆီ အလည်အပတ်သွားရမှာ မသင့်တော်သဖြင့် အမုန်းမိုးရဲ့စိတ်တွေကို ထိန်းချုပ်လိုက်ရ၏။

ခုတော့ ...

မွန်းက သူ့ထံကိုရောက်လာပြီတဲ့လေ။ တွေ့ချင်ဇောတွေနဲ့ လျှောက်သွားတဲ့ အမုန်းမိုးရဲ့ခြေလှမ်းတွေက မပြေးရုံတမယ်ပါပဲ။

ခြံဝရောက်တော့ မွန်းရဲ့အပြုံးနုနုလေးတွေနဲ့ မျက်နှာလေးကို တွေ့လိုက်ရသည်။ ဟိုးအရင်က ပခုံးထက်မှာဖြာကျနေတာက ဆံပင်ဖြောင့်ဖြောင့်လေး။ ခုတော့ ... လှိုင်းကြီးကြီးနဲ့အကောက်ကလေးတွေ။

မျက်နှာကို သေချာမမြင်ခဲ့ရတဲ့အတွက် မွန်းငယ်ငယ်က ထက်ပိုလှလာသလားဆိုတာ မသိပါ။ အခု သူတွေ့နေရသော မွန်းသည် ရောင်စုံမိတ်ကပ် ကာလာများနှင့် အလှကြီးလှနေခဲ့ပါသည်။

ကိုယ်ကျပ်လည်ဝိုက် စပို့ရှပ်လေးကို ဂျင်းဘောင်းဘီ အောက်ရှူးအကျပ်ကလေးနဲ့ တွဲဖက်ဝတ်ဆင်ထားတဲ့မွန်းက အမုန်း မိုးမျက်လုံးထဲမှာတော့ သိပ်လှတဲ့





ဘော်မိမယ်လေးတစ်ပါးလိုပါ။

"မွန်း ... "

ခြံတံခါးကိုဖွင့်လိုက်ပြီး ခေါ်မိသည်။

"အံ့ဩသွားလား ... အမုန်းမိုး"

"အင်း ... အံ့လည်းဩတယ်၊ ဒါပေမယ့် ... အရမ်းဝမ်းသာတယ်၊ မွန်းကို အရမ်းတွေ့ချင်နေတာ ဆိုတော့လေ ... "

"လာလည်မယ်ပြောပြီး ပေါ်မလာလို့ ... ဖုန်းလဲမဆက်ဘူး။ ဒါနဲ့ သူငယ်ချင်းမေဇာသင်းဆီသွားပြီး အိမ်လိပ်စာသွားမေးခဲ့တာ။ သိပ်တော့မခက်ပါဘူး၊ သုန္ဒြေမင်းအုပ်တို့နေတဲ့ခြံရဲ့ လိပ်စာက ကျောင်းသူတိုင်းသိနေတာဆိုတော့ အလွယ်တကူပဲ ရခဲ့တယ်လေ"

"လာလေ ... မွန်း ... ခြံထဲဝင်"

"ဖြစ်ပါ့မလား၊ မွန်းကြောင့် အမုန်းမိုး ပြဿနာဖြစ်နေပါဦးမယ် ... အပြင်ခဏသွားလို့မရဘူးလား အမုန်းမိုး"

"ဧည့်သည်အလည်လာတာလောက်တော့ ပြဿနာမဖြစ်နိုင်ပါဘူးမွန်းရယ် ... တို့အလုပ်ရှင်သူဌေးလင်မယားက နားလည်မှုရှိပါတယ်"

"ဒါပေမယ့် ... သုန္ဒြေမင်းအုပ်ကတော့ စိတ်သိပ်ကြည်မှာမဟုတ်ဘူးနော် ... သူက ငယ်ငယ်လေးတည်းက မနာလိုဝန်တိုစိတ်သိပ်ကြီးတယ်၊ သူနဲ့တော့ မွန်းမပတ်သက်ဖူးပါဘူး၊ စိတ်ချင်း သိပ်မကြိုက်လို့ ခပ်ကင်းကင်းနေတာလေ ... အပြောင်းလဲအရမ်း



www.burmeseclassic.com

www.burmeseclassic.com



မြန်တဲ့ သုမြွေမင်းအုပ်ရဲ့စိတ်နဲ့ မွန်းကအဆင်ပြေမှာမဟုတ်... အမုန်းမိုးရဲ့ ... အခုတောင် ... သူနဲ့ပတ်သက်ဆက်နွယ်နေလို့... ဆုတ်ချင်နေတာ၊ အမုန်းမိုးကို အရမ်းခင်လို့သာ စွန့်စားလာခဲ့... သိလား"

"ကျေးဇူးပါပဲ မွန်းရယ် ... အခုလိုရောက်လာပေးတဲ့အ... အရမ်းကိုပဲ ကျေးဇူးတင်ပါတယ်ကွာ ... ကဲပါ ... အထဲကိုဝ... ကိုယ့်ဘဝအခြေအနေကတော့ မွန်းသိထားတဲ့အတိုင်းပဲနော် ... ကိုယ်က တိုက်ကြီးရဲ့ဘေးက ပျဉ်ထောင်အိမ်လေးမှာနေတာ၊ ကို... နဲ့အဘရွှေနဲ့ပေါ့မွန်း ... လာ ... အဘရွှေနဲ့လဲ မိတ်ဆက်ပေးမ...

"အဘရွှေ ... ဟုတ်လား"

"ဟုတ်တယ် ... မွန်း၊ ကိုယ့်ရဲ့ဘကြီးပေါ့၊ လက်ရှိမှာလ... ဆွေမျိုးရင်းချာဆိုလို့ အဘရွှေတစ်ယောက်တည်းရှိတာလေ၊ မွန်း... မိတ်ဆက်ပေးရမယ်၊ ကားကိုမောင်းဝင်ခဲ့လိုက် မွန်း ..."

အမုန်းမိုးတစ်ယောက် မွန်းကိုဖိတ်ခေါ်မိသည်။ မွန်းနဲ့အ... ရွှေကိုလည်း မိတ်ဆက်ပေးထားချင်လို့ပါ။ မွန်းရဲ့ကားလေး... အမုန်းမိုးကို ကျော်လွန်ပြီး ခြံကြီးထဲမောင်းဝင်သွားသည်။ အနော... ကနေခြံတံခါး သေချာပိတ်ပြီးမှ ကားနောက်လမ်းလျှောက်လိုက်... မိ၏။ ကားသံကြားလို့ ထွက်လာတာလားတော့မသိ။ အန်တီနှင်း... တိုက်ပေါက်ဝတွင် ဆုံ၏။





"အန်တီနှင်း ... ဟို ... ဘာလိုချင်လို့လဲဟင်၊ ဘာခိုင်းချင်လို့လဲ ..."

အမုန်းမိုး ကပျာကယာပင် မေးလိုက်၏။

"ဩော် ... မဟုတ်ပါဘူး၊ ဟိုလေ ... အန်တီ နှင်းဆီပန်းလေးနည်းနည်းခူးချင်လို့၊ ခြံထဲ ဆင်းလာတာကွဲ့ ... ဒါနဲ့ ... သူလေးက ..."

အန်တီနှင်းနဲ့စကားပြောနေစဉ် ကားပေါ်ကနေဆင်းပြီး သူ့ဆီလျှောက်လာနေတဲ့ မွန်းကိုမေးမိ၏။

"ကျွန်တော့်သူငယ်ချင်း မွန်းပါ အန်တီနှင်း ... ကျွန်တော့်ဆီ အလည်လာတာပါ အန်တီနှင်း ..."

အမုန်းမိုး မိတ်ဆက်ပေးလိုက်မိသည်။

"ဩော် ... အေး ... အေးကွယ်၊ ဒါနဲ့ သမီးက အမုန်းမိုးနဲ့ တစ်ကျောင်းတည်းတက်တာလား ..."

"ဟို ... အရင်ကတက်ခဲ့တာ အန်တီနှင်း၊ အခုတော့ သမီးက ကျောင်းပြောင်းသွားပါပြီ ..."

"သမီး ... သုမြွေမင်းအုပ်နဲ့ရော သိသလား"

"အဟင်း ... ဟင်း ... သုမြွေမင်းအုပ်ဆိုတာ ကျောင်းမှာ မသိသူဆိုတာ မရှိသလောက်ပါဘဲ အန်တီ ..."

"သုမြွေမင်းအုပ်က အန်တီသမီးလေ ... မွန်း၊ အိမ်မှာတော့ သုသုလို့ပဲခေါ်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သိပါတယ်အန်တီ၊ အမှန်းမိုးက သုဓွေမြင်းအု တို့ခြံထဲမှာကပ်နေရတဲ့သူဆိုတာ အစောကြီးကတည်းက သိပြီးသား ပါ ... "

သွက်သွက်လက်လက်ဖြေတဲ့ မွန်းရဲ့မျက်နှာက ခပ်တည် တည်တင်းတင်း။ အမှန်းမိုးရဲ့ဘဝမှန်ကို သိပါတယ်ဆိုတဲ့သဘော လေ။

"ဪ ... အေး ... အေး ... ကဲ ... သူငယ်ချင်းတွေ တွေ့တုန်း အေးဆေးစကားပြောကြဦး ... အန်တီပန်းသွားခူးလိုက် ဦးမယ် ... အမှန်းမိုး အဘရှေ့ရော ... "

"သစ်ခွရုံတွေဘက်မှာရှိမယ်အန်တီနှင်း ... ကျွန်တော် သွား ခူးပြီးလာပို့ပေးမယ်လေ အန်တီနှင်း ... ခဏလေးပဲ စောင့်ပေးပါ လား"

"ဪ ... အေး ... အေး ... အဲဒ်လိုဆိုတော့ ပိုအဆင်ပြေ တာပေါ့ကွာ၊ အပွင့်ကောင်းကောင်း ခုနစ်ပွင့်လောက်ရရင်ပဲ ရပြီ အမှန်းမိုး ... "

"ဟုတ်ကဲ့ ... အန်တီနှင်း၊ ကျွန်တော် သွားခူးလိုက်ပါ့မယ်"

"ဪ ... အမှန်းမိုး ... "

လှည့်ထွက်မလိုလုပ်ပြီးမှ သတိရပြီး ပြန်လှည့်လိုက်မိသည်။

"ပန်းတွေကို ထားထားကိုပဲ ပေးလိုက်သိလား၊ ရေသေချာ ဆေးပြီး ဘုရားခန်းကို လာပို့လို့ မှာလိုက် အမှန်းမိုး ... "





"ဟုတ်ကဲ့ ... အန်တီနှင်း ... "

အမှန်းမိုးတစ်ယောက် တရိုတသေပဲ ခေါင်းလေးညိတ်ပြ လိုက်သည်။ မှာစရာရှိတာမှာပြီး သွားတဲ့အန်တီနှင်းက တိုက်ထဲပြန် ဝင်သွား၏။

"အမှန်းမိုး ... "

"ပြောလေ ... မွန်း ... "

"သုဓွေမြင်းအုပ်ရဲ့ အမေကလည်း သိပ်တော့ခေသူမဟုတ် ဘူးနော် ... နင့်ဆီမှာ ညှို့သည်ရောက်နေတာ သိသိကြီးနဲ့တောင် အေးနာပါးနာနဲ့ မခိုင်းဘဲမနေဘူး၊ ခိုင်းစရာရှိတာတော့ ဖြစ်အောင် ခိုင်းသွားတာပဲ၊ သုဓွေမြင်းအုပ်လိုပဲ သူဖြစ်ချင်တာကိုပဲ ရှေ့တန်း တင်တတ်တဲ့ အမျိုးသမီးကြီးပဲ ... နည်းနည်းတော့ အတ္တဆန်တယ်"

"ဒါကတော့ ... မွန်းရယ်၊ အမှန်းမိုးဆိုတဲ့ကိုယ်ကလည်း သူတို့ဆီက အလုပ်သမားပဲဟာ၊ ခိုင်းတာတော့ "မဆန်းပါဘူး"

"အို ... ဒါတော့ဒါပေါ့၊ ဒါပေမယ့်လဲ ... "

"ကဲပါ ... ခုံတန်းပြာလေ ... အဲဒီမှာခဏလေးပဲ စောင့်ပေး၊ ကိုယ်ပြန်လာခဲ့မယ် ... နော် ... မွန်း ... "

"အင်းပါ ... "

မွန်း ခေါင်းလေးကိုညင်သာစွာ ညိတ်ပြလိုက်ပြီး ခုံတန်းပြာ လေးဆီသို့ လမ်းလျှောက်သွားချိန်တွင် အမှန်းမိုးကတော့ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ပင်တွေ စိုက်ထားတဲ့နေရာလေးဆီ ထွက်သွားချေပြီ။

ခြံထဲက မြင်ကွင်းလေးကို စူးစူးစမ်းစမ်း စိတ်ဝင်တစား ကြည့်နေကြတဲ့သူတွေကတော့ နေမဟာစံအိမ်ကြီးရဲ့ ပိုင် ဒေါ်နှင်းဒါလီနဲ့သမီးဖြစ်သူ သုရွေ့မင်းအုပ် (ခေါ်) သုသုပဲဖြစ်သ

သားအမိနှစ်ယောက်သား အိပ်ခန်းပြတင်းတံခါးဝေါ တစ်ဆင့် ခြံဝန်းကြီးထဲငုံ့ကြည့်ပြီး စပ်စုနေမိကြသည်။

"သုသု ... အဲဒီကောင်မလေးကို သမီးသိလား၊ သမီး ကျောင်းကပဲလို့ပြောတာပဲ ... မွန်းတဲ့ ..."

"သိပ်တော့မရင်းနှီးပါဘူး၊ ဒါပေမယ့် သူကငါးတန်းနှ ကျောင်းထွက်သွားတဲ့သူဆိုတာတော့သိတယ်၊ တော်တော်အတ တာပဲ ယောကျ်ားလေးတစ်ယောက်ဆီမှာ အလည်လာရတယ် မကြားဖူးပါဘူး ..."

"ကောင်မလေးက ပိုက်ဆံတော့ရှိမယ့်ပုံလေးပေါက်တ သုသု ... ကိုယ်ပိုင်ကားမောင်းပြီးလာတာ၊ အမုန်းမိုးတို့ကတေ အပျိုကြီးနေပြီနဲ့တူတယ် သမီးရေ ... ရုပ်ကလေးကလည်းရှိ ကောင်မလေးတွေကြွေမယ်ဆိုလဲ ကြွေလောက်စရာပါပဲ၊ ယေ တုန်းကတော့ ညစ်စုတ်စုတ်ရုပ်လေးနဲ့ အခုတော့ ကြည့်သန့် တယ်တော့ ... ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်းနဲ့ဆို ကောင်မလေးတွေ ခိုက်ပြီပေါ့"

"မာမီကလည်း ရုပ်ရှိတာနဲ့ ဘာလုပ်စားလို့ရမှာလဲ၊ သူမှ





မှာ ခိုကပ်နေရတဲ့ အလုပ်သမားရဲ့ တူတစ်ယောက်ကို ဘယ်သူ တ်စိမပါလို့ ရွေးချယ်မှာလဲ ... ပြီးတော့ ... အဲဒီမွန်းဆိုတဲ့ င်မလေးက ခပ်ရှုပ်ရှုပ်ထဲကလို့ သတင်းထွက်နေတာ၊ အမုန်း အပျော်ဇာတ်လမ်းရာတာပဲဖြစ်မှာ ... အဲဒီအမုန်းမိုးမို့လို့ ခံတယ် ..."

"အင်းလေ ... ဒါကတော့ ... သူလည်းသွေးနဲ့သားနဲ့လူဆစ် တဲ့သူပဲဟာ ... အမှားအမှန်တော့ ဘယ်လိုလုပ်ပြီးမြင်နိုင်ဦး မွန်းအလည်လာလို့ တော်တော်လေးပျော်နေပုံရတယ် ... ာက ပီတိတွေနဲ့ပြုံးရွှင်လို့ ..."

"အရှုးကောင် ..."

စိတ်ပေါက်ပေါက်နဲ့ သုသုပြောလိုက်ခြင်းကို မေမေက မျက် လေး စောင်းငဲ့ပြီးကြည့်၏။ မာမီ့စကားကြားရတော့ သုသုစိတ် ပို၍ပင်ခက်ထန်သွားရသည်။ အမုန်းမိုးကိုလည်း အမြင်တွေ တ်နေမိ၏။ ရင်ထဲကနေ ကြိတ်ပြီး ဒေါသတွေသာ ထွက်နေရ ည်။

နားထဲမှာ အမုန်းမိုးရဲ့စကားသံလေးကိုကြားယောင်မိဆဲ။ ယ်လေးတည်းက မွန်းကို သူ့စိတ်ထဲမှာ ခင်တွယ်မိသွားတာ ... အမုန်းမိုးရဲ့ စွဲလမ်းစိတ်တွေက သုသုရဲ့ အာရုံတွေကို နှောက်အယှက်ပေးနေတာကတော့ အမှန်ပဲပဲ။

မဆီမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းနဲ့ပတ်သက်တဲ့အကြောင်းလေးတွေ သူငယ်ချင်းတွေ
စုံစမ်းရတာနဲ့။ နေရင်းထိုင်ရင်း ဒီအရူးအပေါကောင်ကြောင့် သူ
မှာ အလုပ်တွေ ရှုပ်နေရတာလေ။

မွန်းအကြောင်းတွေကိုတော့ သုသု သိခွင့်ရခဲ့သည်။ မွန်း
အနီးစပ်ဆုံး ခင်မင်ခဲ့တဲ့သူငယ်ချင်းမလေး မေဇာသင်းဆီက သိ
တာပါ။ မေဇာသင်းတို့နဲ့မွန်းမိုးက ခြံဘေးချင်းကပ်တွေနေကြတာ
မွန်းအဖေက ပိုက်ဆံတော့ ချမ်းသာတယ်တဲ့။ ဒါပေမဲ့ နော
မိန်းမယူထားတာဆိုတော့ မွန်းကနေရတာ သိပ်အဆင်မပြေလှ
ဟုပြောသည်။

မွန်းက ...

သူငယ်ချင်းတွေနဲ့တိုက်ခန်းစုငှားပြီး သီးသန့်နေတာတဲ့

ဖခင်ကိုအရွဲ့တိုက်ပြီး စိတ်ထဲထင်သလိုနေသည်ဟုလည်း
ပြောသံကြားသည်။ မွန်းနဲ့ပတ်သက်နေတဲ့အကြောင်းအရာတွေ
တစ်ခုမှကို နားထောင်လို့မကောင်းတာပါ။ အမုန်းမိုးတော့ မ
မလည်နဲ့ အမိဖမ်းခံရဦးမယ်ဟု သတိပေးနေကြ၏။ ဒါတွေ ...
အမုန်းမိုးဆိုတဲ့ကောင် ဘာမှမသိပါဘူး။ တစ်ဖက်သတ် စွတ်ခံ
နေတာလေ။

"သုသု ... ကြည့်စမ်း ... အမုန်းမိုးဆိုတဲ့ကောင်လေး ပျာယာ
ကိုခတ်နေတာပဲ၊ အဘရွှေနဲ့လည်း ကောင်မလေးကို မိတ်တွေဆက်
ပေးနေတယ်"





"မာမိ ..."

"ဟဲ့ ..."

သုသုအော်သံကြောင့် ဒေါ်နှင်းဒါလီမှာ ခန္ဓာကိုယ်လေး
ဆတ်ခနဲ တုန်ကာပင် လန့်သွားရသည်။

"ဘယ်ဖြစ်လို့ သူများအကြောင်းစိတ်ဝင်စားပြီး ချောင်းနေရ
တာလဲ ... မာမီ မရှက်ဘူးလား၊ ဟိုကတွေ့သွားရင် ဘယ်လိုထင်
လဲ၊ ကိုယ့်ထမင်းကိုယ်စားပြီး သူများပြောတာခံချင်သေးတယ်၊
မာမီတို့ကတော့လေ ... တကယ်စိတ်ညစ်ဖို့ကောင်းတာပဲ"

ပြောပြီး ခြေကလေးဆောင့်ကာ အခန်းထဲကနေ ထွက်သွား
ခဲ့သမီးဖြစ်သူကိုကြည့်ကာ ဒေါ်နှင်းဒါလီတစ်ယောက် ပါးစပ်
အဟောင်းသားကလေး ဖြစ်ကာပင် ကျန်နေရစ်ခဲ့တော့၏။

အခုတလော ...

အိမ်ကပ်နေတဲ့ သမီးရဲ့ထူးခြားမှုကို ဒေါ်နှင်းဒါလီတစ်
ယောက် သတိပြုမိ၏။ ဆောင်းဦးမောင်ဆိုတဲ့ လူရှုပ်လူပွေကလေး
ကို သွားမတွေ့တာ တစ်ပတ်လောက်ရှိနေပြီလေ။ အဆက်အသွယ်
ပြတ်တာတော့မဟုတ်ပါ။ ဟိုတစ်နေ့ကလည်း သုသုရဲ့ချက်လက်
တ်နဲ့ ငွေတစ်ဆယ့်ငါးသိန်း ထပ်လာထုတ်သွားသည်ဟု ဘဏ်မှာ
လုပ်နေတဲ့ ဒေါ်နှင်းဒါလီရဲ့ သူငယ်ချင်းက ဖုန်းဆက်အကြောင်း
ကြားလာ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ...

သုသုက အပြင်လုံးဝမထွက်လို့ ဒီအတိုင်း ဘာမှဆက်မပြော ဘဲ စောင့်ကြည့်၍သာနေလိုက်၏။ သမီးဖြစ်သူကိုကြည့်ရတာ ဆောင်းဦးမောင်အပေါ် စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေပုံရ သည်။ သူမထင်ထားတာထက် အခြေအနေက ဆိုးရွားနေတာကို။

သုသုကိုယ်တိုင် စိတ်ပျက်နေတာတွေ့ရ၍ ဒေါ်နှင်းဒါလီလ ငြိမ်၍သာနေလိုက်သည်။ သို့ပေမယ့် ... လုံးဝတော့ ပစ်မထားပါ ဂရုတစိုက်နဲ့ကို စောင့်ကြည့်ကာနေမိသည်။

ဒေါ်နှင်းဒါလီ သိပါသည်။

သမီးဖြစ်သူ သုသုတစ်ယောက် မိမိကို . စိတ်မကြည်လင် ဘူးဆိုတာကိုပေါ့။ မိမိဘယ်လိုနေနေ သမီးမျက်လုံးထဲမှာတော့ ကန့်လန့်ကို ဖြစ်နေတာလေ။

အပြစ်မမြင်ပါဘူး။

ဒေါ်နှင်းဒါလီမှာ ပြေးကြည့်မှ ဒီသမီးလေးတစ်ယောက် တည်းရှိတာမို့ အသက်ထက် မကပင် ချစ်မိသည်။

ကျောခိုင်းထွက်ခွာသွားတဲ့ သမီးဖြစ်သူရဲ့ နောက်ကျော လေးကိုကြည့်ပြီး သက်ပြင်းငွေ့ငွေ့လေးသာ ကြိတ်ရှိုက်လိုက်မိပါ တော့သည်။

န်း ( ၁၉ )

"မောင် ... မောင်ရေ"

" "

...

ပြန်ထူးသံ မကြားရပါ။

မောင့်ဆီက ဖုန်းလှမ်းဆက်၍ခေါ်သဖြင့် သုသုစိတ်ပူပြီး ောင့်ဆီသွားမိတာပါ။ မနေ့က စားသောက်ဆိုင်မှာထိုင်ရင်း ကြားဝိုင်းက ကောင်လေးတွေနဲ့ပြဿနာ တက်ကြသည်ဟုပြော ည်။ မောင်က ခေါင်းကွဲသွားတယ်တဲ့။

ကြားရတဲ့သတင်းက ရင်အေးစရာ တစ်ချက်ကလေးမှ မရှိ ။ မောင်က သူ့အိမ်ကိုလာခဲ့ဖို့ သုသုကို ဖုန်းဆက်ကာ လှမ်းခေါ် ည်။ မောင်က သူ့မိဘတွေ ခရီးသွားနေလို့ တစ်ယောက်တည်း နေတာတဲ့လေ။ ဒဏ်ရာကြောင့် မထနိုင်လို့ ဘာမှလည်း မစား သောက်ရသေးဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကျပြန်တော့လည်း ...

သုသု မောင့်ကို သနားပြန်သည်။

မောင်တစ်ယောက်တည်းနဲ့ အရမ်းကိုအခက်အခဲဖြစ်နေ
မဟုတ်လား။

သုသု ... ။

မောင့်ကိုသွားတွေ့ဖို့ စိတ်ဆုံးဖြတ်ကာ မာမီတို့အလစ်
ထွက်လာခဲ့မိသည်။

"မောင် ... "

"သုသု ... မောင် ... အပေါ်ထပ်မှာ"

ဟင် ...

မောင့်အသံလေးက အပေါ်ထပ်ကနေ ထွက်လာခြင်း
၏။ သုသုနည်းနည်းတော့ ရှိန်မိသည်။ ပထမဦးဆုံးအကြိမ် မောင်
အိမ်ကိုရောက်ဖူးတာလေ။ မဆိုးပါဘူး။ မောင့်မိဘတွေကလည်း
ငွေကြေးပြည့်စုံနေတဲ့သူတွေပါ။ ကိုယ်ပိုင်လုံးချင်းတိုက်နဲ့နေကြ
မို့ သုသု စိတ်ထဲ ကျေနပ်နေမိ၏။ ဧည့်ခန်းထဲမှာ မိသားစု
ယောက်နဲ့ ဓာတ်ပုံကို ပန်းချီဆွဲကာ ပန်းကနုတ်ဘောင်ကြီးနဲ့
ကာ ချိတ်ဆွဲထား၏။

ပုံထဲတွင် ရှင်းသန့်ကာ ချောမွေ့သော မောင့်မျက်နှာကို
တွေ့ရသည်။ တစ်ဦးတည်းသော သားဖြစ်တဲ့ မောင့်ကိုသူ့အမေ





တ တော်တော်လေးချစ်မယ့်ပုံပါပဲ။ ဧည့်ခန်းအပြည့် ဘယ်
ကြည့်ကြည့် မောင့်ရဲ့ဓာတ်ပုံလေးတွေ ထောင်ထားတာ တွေ့
ည်။

"သုသု ... "

မောင့်ခေါ်သံကြောင့် အသိစိတ်လေးတွေ ပျံ့လွင့်နေရာမှ
ည်းသွားရသည်။ သွက်လက်သော ခြေလှမ်းလေးတွေနဲ့လည်း
ထပ်ဆီသို့ လှေကားထစ်လေးတွေမှတစ်ဆင့် အပြေးတစ်ပိုင်း
သွားမိ၏။

ဒေါက် ... ဒေါက် ...

အပေါ်ထပ်ရောက်တော့ အခန်းတံခါးလေးကို ခေါက်လိုက်
ည်။

ကျွိ ...

ပွင့်သွားတာက တစ်ဖက်ကအခန်း ...

"သုသု ... "

ခေါင်းမှာပတ်တီးအဖွေးသားနဲ့ ချစ်ရသူဆောင်းဦးမောင်ကို
ခချမ်းမြေ့စွာ မြင်လိုက်ရသည်။

"မောင် ... "

"လာလေ ... သုသု"

မောင်က သူ့အခန်းထဲကိုဝင်ဖို့ခေါ်နေတာမို့ သုသုနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိန်သွားမိ၏။ တစ်တိုက်လုံးမှာ သုသုတို့နှစ်ယောက်တည်း ပါလားဆိုတဲ့အသိက အခုမှတိုးဝင်လာတာလေ။ ထွက်လာခဲ့ လို့ ပြောလိုက်တုန်းက စိုးရိမ်ပူပန်စိတ်တွေနဲ့ပဲ တစ်ကိုယ်လုံး နေခဲ့တာဆိုတော့။

"သုသု ... အပေါက်ဝကြီးမှာ ဘာရပ်လုပ်နေတာလဲ ... ဝင်ခဲ့လေ"

"ဩော် ... အင်း ... မောင် ... ဟိုလေ ... ခေါင်း တော်တော်လေး ထိသွားတာလား"

အခန်းထဲဝင်ရင်း မောင့်ကိုမေးမိသည်။

"နှစ်ချက် ချုပ်ထားရတယ် သုသု ... အစကဆိုရင် ခေါင်း ကျိန်းနေတာပဲကွာ၊ အိပ်ရာထဲမှာကို လှဲနေရတယ် ... သူရဇော် လည်း သူ့အခြေအနေနဲ့သူဆိုတော့ မောင့်ဆီကိုမလာနိုင်ဘူး အဲဒီကောင်က ခြေထောက်အရိုးအက်သွားတယ်ဆိုလား မသိ ကျောက်ပတ်တီးကိုင်ထားရတယ်လို့တော့ ပြောတာပဲ ... ပြဿ အစပြီးတဲ့ စည်သူက ပိုပြီးအထိနာသွားတာပေါ့ကွာ ... ဒီကော စလို့ အားလုံးပါသွားရတာ၊ ဟိုဘက်ကကောင်တွေလည်း တော တော်လေးအထိနာသွားကြပါတယ် ... "

"မောင်ရယ် ... ကြားရတဲ့သတင်းက စိတ်ကုန်ဖို့တော ကောင်းလိုက်တာ ... ဘယ်လောက်ကြီးမားတဲ့ ပြဿနာမို့





ဒေါသမထိန်းနိုင်လောက်အောင်တောင် ခိုက်ရန်ကဖြစ်ရတာလဲ၊ အခုတော့ ... နေရင်းထိုင်ရင်း ဒဏ်ရာရပြီ ... "

"မသိပါဘူးကွာ ... ဟိုကောင်စည်သူပေါ့၊ သူ့ကို တစ်ဖက် အဖွဲ့ဝိုင်းကကောင်က မကြည်ကြည့်နဲ့ ကြည့်တယ်ဆိုပြီး သွား ဘက်စားလုပ်တာ၊ ဟိုကအုပ်စုလိုက်ကျွေးတာလေ ... ဒီကောင့် ကို ဝိုင်းချနေလို့ မောင်တို့သွားဝိုင်းကူကြတာ၊ အဲဒါနဲ့ပဲ ရှုပ်ကုန်တာ ပေါ့ကွာ ... "

"မောင်တို့ရန်ဖြစ်တာကလည်း အဓိပ္ပာယ်မဲ့လိုက်တာ၊ သုသု ကတော့ အဲဒါမျိုးတွေသိပ်မုန်းတာပဲ ... ဥပမာ ... ကိုယ့်မိဘ၊ ညီကို မောင်နှမကိုစော်ကားမော်ကားလုပ်လို့ စကားများခိုက်ရန်ဖြစ်တာ မျိုးဆိုရင်တော့ အပြစ်မပြောလိုပါဘူး၊ ဒါက ... ကာကွယ်စောင့် ရှောက်ချင်စိတ်ကြောင့် ဖြစ်ရတဲ့ဒေါသလေ၊ အခုဟာက ... ဘာမှ မဟုတ်တဲ့ ရန်ဖြစ်ကြတယ်၊ ကိုသူရဇော်ဆိုလည်း လမ်းလျှောက် နေနေသာသာ၊ အိပ်ရာထဲကတောင် မထနိုင်ဘူး၊ တကယ့်ကို အကျိုးမဲ့ရန်ဖြစ်ခြင်းပဲ ... "

သုသု တကယ်ပဲဝေဖန်လိုက်မိပါသည်။ မောင့်ကိုလည်း အပြစ်တင်ချင်မိ၏။ ဦးနှောက် အသိဉာဏ်မရှိတဲ့ ကလေးတွေကျနေ တာပဲ။ အယူအဆနဲ့ ဆုံးဖြတ်ချက်က ညံ့လွန်းအားကြီးသည်။ ခပ် ဆဲဆဲပေါ့နေတတ်တဲ့ အမူအကျင့်တွေကို ပြောင်းစေချင်ပါပြီ။ မောင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ရင့်ကျက်တည်ငြိမ်တဲ့ ယောကျ်ားတစ်ယောက်အသွင်နဲ့ပဲ မြင်ချင်၏။

သို့သော် …

သုသု တော်တော်လေး စောင့်ရှဉ်းမည် ထင်ပါသည်

အသုံးထက် အဖြုန်းဘက်ရောက်နေတဲ့ မောင့်အကျင့် ဆိုးတွေကြောင့် သုသုပင် စိတ်ကုန်ချင်လာသည်။ ဘာကြော မသိ။ မောင်နဲ့အမုန်းမိုးကို နှိုင်းယှဉ်ကာ သူမကြည့်မိသည်။ ကို သုသု အားမလိုအားမရ ဖြစ်မိ၏။ မောင့်မှာ ဘာရည်ရွယ် မရှိသလို၊ ဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကလည်း ပျောက် နေသည်။

အချိန်ရှိတိုင်း သူငယ်ချင်းတွေ တရန်းရှန်းနဲ့ပဲ အချိန်ဖြ နေတာလေ။ သောက်မယ်၊ စားမယ်၊ လောင်းမယ် ဒါက သနှာ။ မာမီက မောင့်ကို လုံးဝအာရုံမလာတာပါ။

"သုသု … "

"ဟင် … "

"မောင့်ကိုရန်ဖြစ်လို့ စိတ်ဆိုးနေတာလား … "

"စိတ်ဆိုးတာမဟုတ်ပါဘူး … အမိပ္ပာယ်မရှိ ရန်ဖြစ် ပါ"

"သုသု … "





"ပြောလေ … "

"အခုတလော သုသုမောင့်အပေါ် ဆက်ဆံတာ စိမ်းသွား သလိုပဲ … မောင့်ကိုမင်းချစ်ရောချစ်သေးရဲ့လား သုသု … "

"မစိမ်းပါဘူး … မောင်ထင်လို့ပါ"

"ထင်တာမဟုတ်ဘူးသုသု … မောင်မြင်တာပါ။ လက်တွေ့ ခံစားနေရတာ၊ အခုတလော … သုသုဆီက စိတ်ညစ်တယ်၊ စိတ် ရှုပ်လိုက်တာ၊ အဓိပ္ပာယ်မရှိဘူးဆိုတဲ့ ဝေဖန်ပြစ်တင်စကားသံတွေပဲ ကြားနေရတယ်၊ မောင့်ကိုလာတွေ့ပါဆိုရင်လဲ အကြောင်းပြချက် တ မျိုးစုံနဲ့ ရှောင်နေတယ် … ဘာလဲသုသု … မောင့်ကိုမချစ်တော့ ဘူးလား … "

မောင့်အမေးကြောင့် …

မောင့်မျက်နှာကို စူးစူးစိုက်စိုက်လေးသာ ကြည့်နေမိသည်။ မဟုတ်ပါဘူးလို့ သုသု ဘာကြောင့် ချက်ချင်းခေါင်းမခါ ပြမိပါလိမ့်။

"အရင်ကဆို မောင်နဲ့ပတ်သက်ရင် ဘာတစ်ခုမှကိုအပြစ် မမြင်ခဲ့တဲ့ သုသုဆီက ဝေဖန်ချက်တွေ ထွက်ထွက်လာတာ မောင် တော့ သံသယဖြစ်မိတယ် … "

"သုသုက စေတနာနဲ့ပြောတာပါ … "

"စေတနာထက် မောင့်ကိုအရမ်းချစ်တာပဲ လိုချင်တာ သုသု"



www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးလိုက်တာ။

အဲဒီအချစ်တွေက သုသုတစ်ယောက်တည်းဆီက ရ မောင်တင်းတိမ်နိုင်လို့လား။ မောင်က လောဘတကြီးနဲ့ အများ လိုအပ်နေတတ်တဲ့သူလေ။ အရင်ကတော့ မောင်ရည်းစားတွေ တာ၊ ရှုပ်ပွေတာက အထူးအဆန်းမခံစားရပေမယ့် အခုတော့ အ မြင်တတ်ခဲ့တာ ဝန်ခံရမည်။

"ရှင် ..."

"မင်း ... နောက်တစ်ယောက် အသစ်တွေ့နေပြီလား"

မဆီမဆိုင် မောင့်အမေးစကားအဆုံး အမုန်းမိုးရဲ့မျက်နှာ ဖျတ်ခနဲ အာရုံမှာ မြင်ယောင်လိုက်မိတာ ဘာကြောင့်လဲ။

"မောင်မေးနေတယ်လေ ... သုသု ..."

"ဘာအသစ်တွေ့ရမှာလဲမောင် ... သုသုမှာ ချစ်သူ ဆောင်းဦးမောင်ဆိုတဲ့ ရှင်တစ်ယောက်တည်းရှိတာပါ။ မောင် ကြောင့် သံသယတွေဝင်နေရတာလဲ ... မောင့်ကို သုသု အ လောက်ချစ်သလဲဆိုတာ မောင်မခံစားမိဘူးလား၊ အမုန်းအ ပြောရရင် မောင့်ကို မာမီတို့သဘောမကျဘူး၊ ဒါပေမဲ့ ... သု ကြောင့် သူတို့အတတ်နိုင်ဆုံး စိတ်လျှော့ထားကြတယ် ... လောက်ထိ သုသုက မောင့်ရှေ့မှာ မားမားမတ်မတ်ရပ်ခဲ့တာ ဒါနဲ့များတောင် မောင်ကစွပ်စွဲရက်သေးတယ်နော်၊ သုသုရဲ့အချစ်





လေးစားရင်တောင် မောင်မစော်ကားသင့်ပါဘူးမောင် ..."

ပြောနေရင်း မျက်ရည်တွေက ဝေ့တက်လာ၏။ မောင်က သူမကို မျက်မှောင်ကြီးတွန့်ကျုံ့ပြီး စိတ်အလိုမကျတဲ့ပုံစံနဲ့ စိုက်ကြည့်နေတာလေ။ သုသု ဝမ်းမနည်းဘဲ နေပါ့မလား။

သုသုကိုသာ မောင်စိတ်ထဲရှိတဲ့အတိုင်းပြောဆိုနေတာ။ မောင်ကျတော့ရော သုသုကို အလေးအနက်တန်ဖိုးထားပြီး ချစ်လို့လား။ မောင်ရဲ့ချစ်သူဘဝမှာ အတိုက်အခိုက်တွေ၊ ယှဉ်ပြိုင်မှုတွေ အများကြီးနဲ့သာ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်ချည်းပင်။

"ဆောရီး ... သုသု၊ ဆောရီးပဲကွာ ... မောင်တောင်းပန်တယ်၊ မောင်ကစိုးရိမ်စိတ်တွေ အရမ်းကြီးသွားလို့ပါ ..."

"မောင် ..."

"ပြောလေ ... သုသု ..."

"သုသုကိုတော့ပြောပြီး မောင်ကျတော့ရော"

သုသု အမှတ်မထင် ပြန်မေးတော့ မောင်ဘာပြန်ဖြေရမှန်းမသိအောင် ကြောင်ငေးသွားပါသည်။

"ကဲ ... ဖြေလေ ..."

မောင် ခေါင်းခါပြသည်။ သုသုရင်ထဲ နင့်ခနဲ ဆို့တက်သွားရ၏။

"မောင် ... မဖြေတတ်ဘူးသုသု၊ မဖြေတတ်တာထက် မပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်တာပါ။ ခုချိန်ထိ မောင့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် မောင်မသိ
ဘူးလေ၊ ဒါပေမဲ့ … သုသုစိမ်းကားရင် မောင်မခံစားနိုင်ဘူး
ဒါကြောင့်မို့လို့ စိမ်းကားတဲ့စကားမျိုးတွေ၊ စိမ်းသက်တဲ့အပြု
မျိုးတွေနဲ့ ဘယ်တော့မှ မောင့်ရှေ့မှာမလုပ်မိစေနဲ့သုသု …
မောင်လုံးဝ သတိပေးထားတာနော် … ”

မြတ်စွာဘုရားရေ …

မောင် အဲဒီလောက်ထိတောင် အတ္တကြီးတာပါလား။
အံ့ဩလို့မဆုံးတော့ပါ။ အစကတည်းက မောင့်ရဲ့စိတ်ဓာတ်နဲ့
အကျင့်ကတစ်မျိုးကြီးပဲဆိုတာတော့ သတိထားမိပါရဲ့။ အခုမှ
ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားပြီး နောင်တတွေ ရချင်
သည်။

သို့သော် …

သုသု ရုန်းထွက်မရတော့ပါ။

အချစ်နွံထဲ ကျွံသထက်သာ ဆက်ကျွံနေမိတော့သည်

အခန်း ( ၂၀ )

“ဘာကိစ္စရှိလို့လဲ … မွန်း၊ အမုန်းမိုး ဒက်ဒီခေါ်လို့ ကုမ္ပဏီကိုသွားတယ်၊ အရေးတကြီးကိစ္စရှိရင် ပြောခဲ့လေ … အမုန်းမိုးလာရင် ပြန်ပြောပေးမယ်”

တိုက်ပေါက်ဝကနေရပ်ပြီး ပြောလာတဲ့ သုခြွေမင်းအုပ်ရဲ့ စကားကြောင့် မွန်းရင်ထဲ မခံချင်စိတ်ကလေး ထောင်းခနဲ ထသွားရ၏။ သူမကို ဧည့်ခန်းထဲဝင်ထိုင်ပြီး ဧည့်ခံဖို့နေနေသာသာ ခပ်မြန်မြန်လှည့်ပြန်စေချင်တဲ့ သဘောပဲ မဟုတ်လား။

တကယ်ဆိုရင် …

မွန်းက တစ်ကျောင်းတည်း အတူတက်တဲ့သူပဲလေ။ သုခြွေမင်းအုပ်နဲ့ မခင်ဘူးဆိုရင်တောင် လူမှုရေးအရတော့ တစ်ကျောင်းတည်းသူငယ်ချင်းအား ဖော်ရွေရွေတော့ ဆက်ဆံသင့်တာပေါ့။ ခုတော့ သူမမျက်နှာထားက ခပ်တင်းတင်း။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် … သုန္ဒြေမင်းအုပ်၊ အရေးတကြီးကိစ္စတော့ ပါဘူး၊ ဒီအတိုင်းပဲ … လမ်းကြုံလို့ဝင်လာတာပါ၊ အမုန်းမိုး ပြန်လာ ရင်သာပြောလိုက်ပေါ့၊ မွန်းလာသွားတယ်လို့ … "

"ဒါနဲ့ … မွန်းကိုကြည့်ရတာ အရမ်းကိုအားလပ်နေသလို နော် … လမ်းကြုံတိုင်း အဲဒီလိုပဲ သူငယ်ချင်းအိမ်တွေ ဝင်လည်တ လား၊ ဒီကိုလာတာ နှစ်ခါရှိနေပြီနော် … ဟုတ်တယ်မို့လား"

ကြည့်စမ်း …

သုန္ဒြေမင်းအုပ်ရဲ့စကားက သူမကို မထိတထိ စော် လိုက်တာပဲ။ နင်လာတာ ဘာကြောင့်လဲဆိုတာ ငါသိနေပါတယ် ပြောင်မပြောရုံတစ်မယ်ပါပဲ။ မွန်းမျက်နှာလေး ကွက်ခနဲပျက်သွ ရ၏။ သုန္ဒြေမင်းအုပ်က ပညာသားပါပါနဲ့ ကပ်နှိပ်နေတာကိုး။ မြ ချင်းတော့ မွန်းလည်း ခြေမြင်ပါသည်။

"ဟုတ်တယ် … သုန္ဒြေမင်းအုပ်၊ မွန်းလာလည်တာ နှစ် တိတိရှိပြီ၊ နောက်ဆိုလဲ … ဒီထက်မက လာလည်ဖြစ်ဦးမယ် တယ်၊ ဒါကြောင့် … ခြံပိုင်ရှင်တွေကို အားနာနေမိတာလေ၊ ယူ့ မာမီ ဒေါ်နှင်းဒါလီဆီမှာ ပွင့်ပွင့်လင်းလင်းပြောပြီး ခွင့်တောင်း ရဦးမယ် … အမုန်းမိုးက အလုပ်များတဲ့သူဆိုတော့ အားတဲ့မွန်းက လာတွေ့ဖြစ်နေဦးမှာမို့လေ … "

မွန်းကလည်း ပေါ်တင်ပဲ သူမထပ်လာဦးမည့်အကြောင်း





သတိပေးလိုက်၏။

"အဟင်း … ဟင်း … ဟုတ်လား၊ မာမီ့ဆီ ခွင့်တောင်းရဦး ယ်အဆင့်ထိတောင်ပဲလားမွန်းရဲ့၊ ဒါနဲ့ … ကိုယ်သိသလောက် မွန်းနဲ့အမုန်းမိုးတို့ အဲဒီလောက် မခင်မင် မရင်းနှီးဖူးဘူးထင်တာပဲ၊ အမုန်းမိုးက ငါးတန်းနှစ်မှ တို့ကျောင်းကိုစတက်တာလေ၊ အဲဒီနှစ် ာ မွန်းကျောင်းထွက်သွားတယ်လို့ကြားတယ် … "

"ဟုတ်တယ် … သုန္ဒြေမင်းအုပ်၊ မွန်းကျောင်းထွက်သွားတာ အမှန်ပါပဲ၊ အဲဒီအချိန်တုန်းက အမုန်းမိုးဆိုတဲ့သူ့ကို နာမည်လည်း သိဘူး၊ ခင်မင်ရင်းနှီးမှုလည်းမရှိဘူးလေ၊ ဒါပေမဲ့ … မွန်းမထင် တ်ဘဲ သူ့ကားကို တားစီးမိရာကနေ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံ ဲ့တော့ … မွန်းကသာ စိတ်ထဲဘာမှမရှိတာ၊ အမုန်းမိုးရဲ့စိတ်အာရုံ တွေထဲမှာတော့ မွန်းနဲ့ပတ်သက်တဲ့ ခံစားချက်တွေက တော်တော် လေးရှိနေခဲ့တာ သုန္ဒြေမင်းအုပ်ရဲ့ မွန်းတောင် အရမ်းအံ့ဩသွားရ တယ် … ဒါကြောင့် … မွန်း သူ့ကိုအရမ်းခင်မင်သွားတာလေ၊ မွန်း အတွက် မိတ်ဆွေကောင်းတစ်ယောက်တိုးလာတဲ့ သဘောပဲပေါ့၊ ခင်တယ်တဲ့ … မိတ်ဆွေကောင်းတဲ့ … "

ဟုတ်ပါ့မလားမွန်းရယ် … နားရှိလို့သာ ကြားရတာယုံချင် ရာ တစ်စက်ကလေးမှမရှိဘူး။ ခင်တာထက်ပိုတဲ့ ရင်းနှီးခြင်းတွေ ကို မွန်းဆီမှာ တွေ့နေရတာလေ။ သူသု လူကဲခတ်တော့ ဒီလောက် ည့်ပါဘူး။ သိပ်ပြီး ဟန်ဆောင်ကောင်းပြမနေပါနဲ့ မွန်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ... မွန်းတို့က တို့ကျောင်းက မေဇာသင်းဆိုတဲ့ ကျောင်းသူရဲ့ ဘေးချင်းကပ်အိမ်ကဆို ... "

"ဟုတ်တယ်လေ ... သုမြွေမင်းအုပ်"

"မေဇာသင်းပြောတော့ မွန်းက အဲဒီမှာအတူတူမနေတော့ဘူးပြောလို့ ... မွန်း မိထွေးနဲ့မတည့်ဘူးဆိုလားပဲ ... "

"သုမြွေမင်းအုပ် ... "

မွန်းအသံက အနည်းငယ် မာဆတ်နေ၏။ မျက်နှာအနေအထားကလည်း တည်တင်းတင်းပါ။

"ပြောလေ ... မွန်း ... "

"ဘာတွေများ စိတ်ဝင်စားစရာကောင်းလို့ မွန်းအကြောင်းကို တကူးတက လိုက်စုံစမ်းနေတာလဲ ... "

"မစုံစမ်းဘဲနေလို့မရဘူးလေ မွန်းရယ် ... အမုန်းမိုးဆိုတဲ့ ငတုံးအကြောင့် သုသုမှာ အရေမရ အဖတ်မရ အာရုံစားနေရတာပေါ့။ အိမ်ကိုနောက်ကျမှ ပြန်ရောက်လာတဲ့နေ့ကလေ ... မွန်းနဲ့လမ်းမှာ ဆုံခဲ့တဲ့အကြောင်းကိုပြောပြတော့ သုသုမှာ ခေါင်းကိုစားသွားတာပဲ ... အဲဒါနဲ့ပဲ စုံစမ်းဖြစ်သွားတာပေါ့။ တောသားက အူတူတူ၊ အတတရယ် မဟုတ်မဟုတ် ခြေရှုပ်လို့ ဆွဲစားခံနေရမှာစိုးလို့ မနည်းနောက်ကွယ်ကနေ ထိန်းပေးနေတာ ... "

"ဩော် ... အဟင်း ... ဟင်း ... ဒီလိုလား"

စေတနာရှင်ကြီးလို ပုံစံမျိုးနဲ့လုပ်ပြနေတဲ့ သုမြွေမင်းအုပ်ကို





...ရင်ထဲမှာ ချဉ်တူးသွားရသည်။ မသိလျှင်ပဲ သူမပုံစံက အမုန်းမိုး...အုပ်ထိန်းသူလိုလို၊ တကယ်တော့ ... သုမြွေမင်းအုပ် မနာလိုတွေ...ချင်နေတာလေ။ စောစောကတော့ အမုန်းမိုးနဲ့မွန်းတို့ ခင်မင်...နီးရတဲ့အကြောင်းက ထူးဆန်းနေသလိုလိုနဲ့ လုပ်ပြတဲ့ သုမြွေ...င်းအုပ်က မွန်းနဲ့အမုန်းမိုးတို့ စတွေ့ခဲ့တဲ့နေ့ကတည်းက...အကြောင်းတွေ ကြိုသိနေပြီးသား ဖြစ်နေသည်။ ဒါကိုမသိချင်...ဟောင်ဆောင်ပြီး အူတူတူ လုပ်ပြနေတာ။

"စိတ်မရှိပါနဲ့မွန်းရယ် ... မင်းအကြောင်းတွေ အကုန်သိရ...မယ့် အမုန်းမိုးကိုတော့ သုသုမပြောပြပါဘူး၊ အဲဒါကလည်း...ာမန်မိတ်ဆွေ သူငယ်ချင်းတွေကြားမှာ မလိုအပ်ဘူးလို့ပဲ ထင်...ယ်လေ ... မဟုတ်ဘူးလားမွန်း ... "

ကြည့်စမ်း ...

ဒါ ... တမင်သက်သက် ခြိမ်းခြောက်လိုက်တာ မဟုတ်...ား။

စကားပြော ပါးနပ်လွန်းတဲ့ သုသုကို မွန်းတကယ်ပဲ စိတ်ထဲ...နေချီးကျူးမိပါသည်။ မွန်းအကြောင်းတွေကို သူအကုန်လုံးသိနေ...ယ်လို့ သတိပေးနေတာလေ။

"သုမြွေမင်းအုပ် ... "

"ပြော ... မွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်ခါလောက်စမ်းသပ်ချင်လို့ ... အဲဒါ သုခမြေမင်း အုပ် ကူညီပါလားဟင်"

"ဘာကိုလဲ ... မွန်း၊ သုသုက ဘာကိုကူညီရမှာလဲ"

ရုတ်တရက် ...

မွန်းထံမှ ထူးထူးဆန်းဆန်း အကူအညီတောင်းလိုက်တာ သုသုပင် အံ့သြသွားရသည်။ မွန်းဘာအကြံအစည်တွေ ထုတ်နေပြ ပြီလဲ။ မဇာသင်း ပြောစကားအရဆိုလျှင် မွန်းက ခပ်တုံးတုံး မိန်း ကလေးတစ်ယောက်တော့ မဟုတ်ချေ။ မွန်းကို ဆိုးလွန်းလို့ဆို သူ့ဒက်ဒီက စွန့်ပစ်ထားတယ်တဲ့လေ။ ဒီလိုအခြေအနေမျိုးမှာ တောင် မွန်းပုံစံက လန်းနေတာပဲကြည့်တော့။ အမုန်းမိုးတို့ကတော့ တကယ့် မီးခဲကိုမှ သွားကိုင်မိတာပဲ။

"သုခမြေမင်းအုပ်"

"ဟင် ..."

"အမုန်းမိုးကလေ မွန်းကိုတော်တော်လေးစွဲလမ်းနေတာ သိလား။ မွန်းကတော့ မယုံပါဘူး၊ ယောကျ်ားလေးတွေက ရှေ့ရှေ့ ရင် တကယ်ပဲခင်တာလို့ပြောတာ ... နောက်ကွယ်ကအကြောင်း လေးတစ်ခုခုကြားလိုက်ရင် သူတို့ကြောင်ပြီး ရှောင်ပြေးချင်နေ လေ၊ သုခမြေမင်းအုပ်က မွန်းအကြောင်းကို ခရေစေ့တွင်းကျ ထားတယ်မဟုတ်လား၊ ကျေးဇူးပြုပြီး အဲဒါကို အမုန်းမိုးကို ပြော





ပါလားဟင် ..."

"ဘာ ... ဘယ်လိုမွန်း၊ ယူဘာပြောလိုက်တာလဲ"

"မွန်းရဲ့အကြောင်းတွေကို ပြောလိုက်ပါ သုခမြေမင်းအုပ်၊ ဒါမှ သူ့ စိတ်ရင်းအမှန်ကို သိခွင့်ရမှာမို့လေ၊ မွန်းကိုယ်တိုင်က သုခမြေ မင်းအုပ်ကို ခွင့်ပြုထားတာမို့ အတင်းချတယ်လို့ မထင်တော့ဘူး ..."

သုသုတစ်ယောက် မွန်းရဲ့မျက်နှာကို စူးခနဲ စိုက်ကြည့်လိုက် သည်။ မထေမဲ့မြင် အပြုံးတွေနဲ့ ရှိနေတဲ့မွန်းကြောင့် အံကိုတင်းတင်း ကြိတ်မိ၏။ မွန်းဘက်ကလည်း သူမကို စိမ်ပြန်ခေါ်လိုက်တာပဲ ဟုတ်လား။ သူမဘာကိုမှ အရေးမစိုက်ဘူးဆိုတာကို ပြတာပါ။

"အဟင်း ... ဟင်း၊ ပြောမယ့်သာပြောရတာပါ၊ အမုန်းမိုး ကတော့သူက လူတစ်မျိုးပဲ၊ သုသုဆီက ကြားရင်လည်း သူ့အတွက် တော့ အထူးအဆန်းဖြစ်သွားလိမ့်မယ်တော့ မွန်းမထင်ပါဘူး၊ ဘာ ကြောင့်လဲဆိုတော့ အမုန်းမိုးရဲ့အားနည်းချက်ကိုက အရာတစ်ခုခုကို စွဲလမ်းပြီဆိုရင် ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မဖျောက်ဖျက် နိုင်တာလေ၊ ဒါကြောင့်လဲ ... သူ့အမေကို ခုချိန်ထိ ကြိတ်ရှာနေ တာပေါ့ ..."

"ဘာ ... ဘာရယ် ... မွန်း ... မင်းဘာပြောလိုက်တယ်၊ သူ့အမေ ဟုတ်လား ... မွန်း ... သူ့အမေကို လိုက်ရှာနေတယ်၊ ဒါ ... သေသွားတဲ့ အဘာရွှေရဲ့ညီမက အမုန်းမိုးရဲ့အမေ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့ ... ဟုတ်လားမွန်း"

"ဟင် ... သုခမြွေမင်းအုပ်က အဲဒီအကြောင်းတွေ မသိသေး
ဘူးလား၊ ထူးဆန်းလိုက်တာ ... မွန်းရဲ့အကြောင်းကို ခရေစေ့တွင်း
ကျ စုံစမ်းထားတဲ့ သုခမြွေမင်းအုပ်က အမုန်းမိုးနဲ့ပတ်သက်တဲ့ အ
အကြောင်းကိုမှမသိဘူး၊ ဟင်း ... ဟင်း၊ အံ့ဩစရာကောင်းလို
တာ ... အမုန်းမိုးဆိုတာ သုခမြွေမင်းအုပ်အနားမှာ ရှိနေတဲ့သူပေ
ကဲပါ ... ဘာပဲဖြစ်ဖြစ် မွန်းကိုတော့ ခွင့်ပြုပြီး ... သွားစရာလေး
သေးလို့ ... "

နေဦးလို့ တားမလိုလုပ်ပြီးမှ အရှိန်ကိုပြန်ထိန်းလိုက်မိသူ
သုသုရယ်ပါ။ ဘာကြောင့်များ အကြီးမားဆုံး လျှို့ဝှက်ချက်ကြီးကို
ငါးနှစ်ကျော်အထိ မသိရှိခဲ့ရပါလိမ့်။ မွန်းကနေမှပဲတစ်ဆင့် သိရ
သည်။

အမုန်းမိုးက သူနဲ့ပျောက်ဆုံးနေတဲ့ မိခင်ကိုရှာနေတာ ...

ဒါဆိုရင် ...

အဘရွှေတို့နဲ့ ဘာမှမတော်စပ်ဘူးပေါ့။

အဘရွှေနဲ့တူမဟုတ်ဘူးပေါ့လေ။

အတွေးတွေနဲ့အတူ ရှုပ်ယှက်ခတ်ပြီး ကျန်နေခဲ့သူကတော့
သုသုပဲဖြစ်သည်။ မွန်းကတော့ သူ့ကားလေးပေါ် ကျော့ကျော့လေး
ပြန်တက်ပြီး ခြံထဲကနေ မောင်းထွက်သွားချေပြီ။

## ခန်း ( ၂၁ )

အဘရွှေပြောပြနေတဲ့ အမုန်းမိုးရဲ့အကြောင်းတွေကို နား
ထောင်ပြီးခဲ့ပြီ။ သုသု မေးလိုက်တာနဲ့ အဘရွှေကိုယ်တိုင်လည်း
ဩပြီး မလုံမလဲတွေဖြစ်သွားတာလေ။ အဘရွှေကိုယ်တိုင်လည်း
ထွယ်ထားတာမဟုတ်လား။ ကြုံရာပါဆိုသလို ဖြစ်နေတာမို့ သုသု
ကို အသည်းအသန် တောင်းပန်နေတော့သည်။

"အဘရွှေ တကယ်မထင်ဘူး ... ဒီအကြောင်းတွေ မွန်းဆိုတဲ့
ကောင်မလေးကို အမုန်းမိုး ဖွင့်ပြောပြလိမ့်မယ်လို့ အဘရွှေ မထင်
ဘူးလေ၊ ဒီကောင်လေး တော်တော်မိုက်မဲတာပဲ၊ ကိုယ့်သေတွင်း
ကိုယ်တူးတဲ့ကောင်လေး ... "

အဘရွှေတစ်ယောက် အမုန်းမိုးကိုပဲ ဖိမဲကာ အပြစ်တွေ
တင်နေတော့သည်။

"သုသု ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အဘရွှေ"

"ဒီအကြောင်းတွေ ဆရာနဲ့ဆရာကတော်ရော သိသွားပြီ လားဟင်"

"မသိရင်တောင် ... သုသုမှာပြောရမယ့်ဝတ္တရားရှိတယ် မဟုတ်ဘူးလား အဘရွှေ ... ပြီးတော့ ... အဘရွှေရဲ့လုပ်ရပ်ဲ ဒက်ဒီနဲ့မာမီတို့က အဘရွှေကို အရမ်းယုံကြည်ထားကြတာ၊ တကယ် ဆိုရင် အဘရွှေက အဖြစ်မှန်အတိုင်း ပြောပြသင့်တာပေါ့ ... ခုတော့ အဘရွှေက စည်းဖောက်တယ်"

သုသုရဲ့ စွပ်စွဲမှုကြောင့် အဘရွှေတစ်ယောက် ဘာမှဆ မပြောတော့ဘဲ တိတ်ဆိတ်သွားတော့၏။ သုသုပြောတာတွေအ လုံးကလည်း မှန်နေတာကိုး။

"အမုန်းမိုးဟာ ... အရမ်းကိုပဲ သနားဖို့ကောင်းတဲ့ကလေး သုသု ... ဒီကောင်လေးကို စတွေ့တုန်းက နေမဟာခြံထဲကို လာဖို့ဆိုတဲ့ ရည်ရွယ်ချက်မရှိခဲ့တာ အမှန်ပါပဲ ... ရန်ကုန်ရောက် သူ့ဘာသာ လက်ဖက်ရည်ဆိုင်တစ်ခုမှာ အလုပ်ဝင်လုပ်နိုင်းပြီး သ အမေကိုရှာတော့ဆိုပြီး ထားခဲ့ဖို့ပါပဲ၊ ဒါပေမဲ့ ... ဒီကောင်လေး ပြောပြတဲ့ သူတို့မိသားစုအကြောင်းလေးတွေ သိသိလာရ နောက်ပိုင်း သံယောဇဉ်တွယ်ပြီး တစ်ယောက်တည်း မထားရ တော့တာလေ၊ ကောင်လေးက တကယ့်ကိုဘဝနာတဲ့ ကလေး





ါကြောင့်လဲ ... လိမ္မာရေးခြားရှိတယ်၊ အလုပ်တာဝန်ကိုလည်း ကြိုး စားလုပ်တယ်၊ သုသုတို့အိမ်မှာနေခဲ့တဲ့ သက်တမ်းတစ်လျှောက် အမုန်းမိုးကြောင့် ဘာစိတ်အနှောက်အယှက်မှ ဖြစ်ရတယ်ဆိုတာ မှ မရှိတာ ..."

"အို ... ဘာပဲဖြစ်ဖြစ် ဟန်ဆောင်လိမ်ညာထားတာက တော့ အပြစ်ပဲ ... အဘရွှေ"

သုသုကြည့်ရတာ အလျှော့ပေးလိုခြင်းမရှိပါ။ ဦးဘရွှေတစ် ယောက် ဘာမှကိုဆက်ပြောချင်စိတ်မရှိတော့။ ဒီအကြောင်းအရာ တွေကို ဦးနေမင်းအုပ်တို့သိသွားမှာ ကြောက်လို့တော့မဟုတ်ပါ။ သတ်တလောအခြေအနေမှာ မသိစေချင်သေးတဲ့သဘောပါ။ အမုန်းမိုးရဲ့ ပညာရေးက တစ်ပိုင်းတစ်စကြီးရှိသေးတာလေ။ ဘွဲ့ရ တစ်ယောက်ဖြစ်ချင်နေတဲ့ သူ့ရည်မှန်းချက်ပန်းတိုင်လေးကိုလဲ မပြို သွားစေချင်တာပါ။ ဦးဘရွှေအတွက်ကတော့ ဘာအပန်းကြီးစရာ ရှိလဲ။ ရွာပြန်ပြီး မြို့ဦးကျောင်းက ကျောင်းထိုင်ဆီမှာ ဘုန်းကြီးဝတ် ပြီး ဘဝတစ်သက်တာလုံး ဘုရားတရားရိပ်မှာပဲ ခိုလှုံလို့ရသည်။ အသက်လည်းကြီးနေပြီလေ။

အမုန်းမိုးလေးအတွက်ပါပဲ။

"သုသု ..."

"သုသုကို ဘာမှမပြောနဲ့တော့အဘရွှေ ... မကြာခင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီအိမ်ကိုပြန်လာလိမ့်မယ်၊ အဲဒီအခါကျမှပဲ ဒက်ဒီဆုံးဖြတ်ချ
ကို နားထောင်ကြတော့ ... အမုန်းမိုးလာရင်သာ ခေါ်ပြီးတိုက်ထဲ
အဘရွှေတို့ လာကြပါ ... ”

ပြောပြီးတာနဲ့ သုသု ချာခနဲနေအောင်ပင် လှည့်ထွက်သွား
တော့သည်။

ကျန်နေရစ်ခဲ့တဲ့ ဦးဘရွှေမှာတော့ သက်ပြင်းမောကြီးကို
ကြိတ်ချလို့ရယ်ပါ။ လူငယ်တွေ တယ်ခက်တာပဲ။ ဘယ်သူ့ကိုအပြ
တင်ရမလဲဆိုတာ ဦးဘရွှေလည်း မသိတော့။

တစ်ယောက်တည်း ညစ်ညစ်နဲ့ထိုင်နေ၎န်း အမုန်းမိုး
လိုက်ပို့သော ကားလေးပြန်ဝင်လာတာ တွေ့ရ၏။ တစ်ပတ်
သုံးရက်က မနက်မိုးလင်းတာနဲ့ အိမ်အကူမထားထားနဲ့ ဈေး
ထွက်ရသည်။ ဒါကလည်း ဦးဘရွှေကားမောင်းကတည်းက ထ
ဆောင်ခဲ့ရတဲ့ တာဝန်တစ်ခုပါ။ မိမိက အသက်ကြီးပြီဆိုတော့ အ
ထွက်ရတဲ့အလုပ်ကို အမုန်းမိုးကိုပဲ လွှဲအပ်ထားရသည်။ တာ
တော်တဲ့ကလေးပါ။ ဘယ်သောအခါမှ ညည်းညူတတ်ခြင်းမရှိ
ကောင်လေး။

ခက်တာက ...

မွန်းဆိုတဲ့ကောင်မလေးနဲ့ တွေ့ဆုံပြီးနောက်ပိုင်း စိတ်အ
တွေက ပျံ့လွင့်လာတတ်တာပဲ။ လူငယ်သဘာဝမို့ ဦးဘရွှေလည်





းလည်ပေးလို့ရပါသည်။ ဒီအရွယ်ဆိုတာ စိတ်ကစားတတ်တာ
ပဲ။

သို့ပေမယ့် ...

ကိုယ့်ဘဝအတွက် အနှောက်အယှက်ဖြစ်လောက်အောင်
တော့ မဖန်တီးသင့်ပါ။ မွန်းဆိုတဲ့ကောင်မလေးကိုမှ ဘာကြောင့်
ကိုယ့်အကြောင်းတွေ သွားပြောပြခဲ့ရတာလဲ။ ခုတော့ ... သုသုဆီ
သတင်းတွေက ရောက်သွားပြီလေ။ ရှေ့ဆက် ဘာတွေဖြစ်လာ
ည်လဲ။ သေချာတာကတော့ အကောင်းလုံးဝမရှိနိုင်ဘူးဆိုတာပါပဲ။

“အဘရွှေ ... ”

“လာ ... လာစမ်း ... ငမိုက်ကောင် ... မင်း ... တော်တော်
မိုက်မဲတဲ့ကောင် ... ”

ဟာ ...

အမုန်းမိုးကိုမြင်လိုက်တယ်ဆိုလျှင်ပဲ ဦးဘရွှေတစ်ယောက်
ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲသွားရတော့သည်။

“ဘာတွေဖြစ်နေတာလဲဟင် ... အဘရွှေ၊ ဘာဖြစ်လို့လဲ
ကျွန်တော် ဘာအမှားလုပ်မိလို့လဲ ... ”

“အမှား ... ဟုတ်လား အမုန်းမိုး၊ မင်းဘာအမှားတွေ လုပ်
ခဲ့လဲဆိုတာ မင်းမသိဘူးလားကွ ... ”

“ဗျာ ... ကျွန် ... ကျွန်တော် ... ”



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မွန်းဆိုတဲ့ကောင်မလေးကို ဘာတွေသွားပြော လဲ … အမုန်းမိုး၊ ငါတို့နှစ်ယောက်ပေါင်းပြီး လိမ်ညာဖုံးကွယ်ထ တာတွေအားလုံး သုသုက သိသွားပြီ၊ မင်းရဲ့ကောင်မလေး မွန်း ပြောပြတာတဲ့လေ၊ အခု … ဦးနေမင်းအုပ်ကို ပြောပြတော့မှာ၊ ဘ လိုလုပ်ကြမလဲ … အမုန်းမိုး၊ ဒီခြံကြီးထဲကနေ အလုပ်ပြုတ်ပြီး ပြန်နိုင်းရင် ဘယ်နှယ့်လုပ်ကြမလဲ၊ မင်းရဲ့ပညာရေးကို ဘယ်လို ဆက်မှာလဲ … အမုန်းမိုး … "

အဘရွှေရဲ့စကားအဆုံး အမုန်းမိုးမှာ ပါးစပ်က အဟောင်းသားပင် ဖြစ်သွားရပြီ။ မွန်းက သုသုကိုပြောပြလိုက် တဲ့။ မွန်းကို သူ့ဘဝအမှန်အတိုင်း ပြောပြခဲ့မိပါသည်။ သို့သော် သုသုကို ပြန်ပြောတယ်ဆိုတာတော့ အကြောင်းအရာတစ်ခုခုရှိ မည်။

"အမုန်းမိုး … "

"သိသွားပြီဆိုတော့လည်း ရင်ဆိုင်ရုံပဲပေါ့အဘရွှေ … ဒါ တကယ့်အမှန်တရားပဲဟာ … တစ်နေ့မဟုတ် တစ်နေ့တော့ သူ သိသွားကြမှာပဲဟာ … "

"ဟ … ဒါတော့ဒါပေါ့ကွ၊ ဒါပေမယ့် … အခုဟာက အ မကျသေးဘူးလေ၊ မနက်ဖြန်ဆိုရင် အောင်စာရင်းတွေ ထွက်တော မယ်၊ ကျိန်းသေပေါက် မင်းအောင်မှာပဲ … တက္ကသိုလ်ဆက်တ





ခွင့် မင်းမှာရှိနေပါလျက်နဲ့ ဘာမဟုတ်တဲ့မိန်းကလေးကိစ္စနဲ့ ရည်မှန်းချက်တွေ လဲပြိုရတော့မယ်လေ အမုန်းမိုး … "

အမုန်းမိုး ငြိမ်သက်၍သာ နေလိုက်မိသည်။

"ကဲ … ဖြစ်လာတော့မှ စိတ်ညစ်နေလည်း ဘာထူးမှာလဲ၊ သွားကြစို့ … မင်းနဲ့ငါ့ကို တိုက်ထဲလာခဲ့ဦးလို့ သုသုလာခေါ်ထားတယ် … သွားတွေ့လိုက်ကြစို့ အမုန်းမိုး … "

အဘရွှေရှေ့ကနေ ပြောပြောဆိုဆို ထွက်သွားသည်။ အမုန်းမိုးလည်း မနေသာဘဲ အဘရွှေနောက်ကနေ လိုက်သွားမိ၏။

တိုက်ကြီးထဲကိုဝင်လိုက်တယ်ဆိုလျှင်ပဲ အေးစိမ့်နေတဲ့ အဲယားကွန်း အတွေ့အထိက သူ့တစ်ကိုယ်လုံး ပျံ့နှံ့သွား၏။ သို့ပေမယ့် … ရင်ထဲမှာပူနေတဲ့အပူကတော့ အေးမြ မသွားပါ။

"လာ … ထိုင်ကြပါဦး ဦးဘရွှေ … "

ဦးနေမင်းအုပ်ကတော့ ဖော်ဖော်ရွှေရွှေပါပဲ။ မျက်နှာမှာလည်း ဒေါသအရိပ်အငွေ့တို့ကင်းလျက် … တည်တည်ငြိမ်ငြိမ်ပင် ကြိုဆိုသည်။

ဦးဘရွှေနဲ့အမုန်းမိုးတို့ ဆိုဖာခုံလွတ်များတွင် အသီးသီးဝင်ထိုင်လိုက်ကြသည်။ နှစ်ဦးစလုံး ခေါင်းလေးတွေကလည်း ငုံ့စိုက်ကျလို့။ သူဌေးကြီး ဦးနေမင်းအုပ်ပြောလာမည့် စကားကိုသာ နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ ... ဦးဘရွှေ၊ သုသု ပြောတာတွေ အားလုံးက အမှန်တွေချည်းပဲလား ... "

"ဟုတ်ပါတယ် ... ဆရာသမားရယ်၊ အမှန်ပါပဲ ... အမှန်ကို နဲ့ဦးဘရွှေက ဘာမှသွေးသားတော်စပ်တာကို မရှိတာပါ၊ ဒါပေမဲ့ ဒုက္ခရောက်နေတဲ့ ကလေးတစ်ယောက်ကို ပစ်မထားခဲ့ရက်တာ ကြောင့် မလိမ်စဘူး ဟန်ဆောင်လိမ်ညာခဲ့မိတာပါ ဆရာသမား ရယ်၊ ဦးဘရွှေ မှားခဲ့ပါတယ်ကွာ ... လိမ်ညာခဲ့မိတဲ့ အပြစ်ရှိပါတယ်"

ဦးဘရွှေ ဝန်ခံလိုက်မိသည်။

"ဦးဘရွှေကို ကျွန်တော် နားလည်ပါတယ် ... လူဆိုတာ လည်း အမှားတော့ ဘယ်ကင်းပါ့မလဲလေ ... ဒါပေမဲ့ ကျွန်တော့် ကိုတော့ အမှန်အတိုင်းပြောထားသင့်တာပေါ့ ... ဦးဘရွှေနဲ့ပတ် သက်ရင် ကျွန်တော်က အရာအားလုံးစိတ်ချယုံကြည်ထားတာပါ အကျိုးအကြောင်း ရှင်းပြပြီး နေလို့လည်းရရဲ့သားနဲ့ဗျာ ... ဦးဘရွှေ ကို မိသားစုဝင်တစ်ယောက်လိုကို သဘောထားတာ သိရဲ့သားနဲ့"

"သိပါတယ် ... ဆရာသမားရယ်၊ ဦးဘရွှေသိတာပေါ့ ... ဒါကြောင့်လဲ ... အားနာမိတာပါ ... "

"အခု ... ဘာဆက်လုပ်ကြမလဲ ဦးဘရွှေ ... "

ဦးနေမင်းအုပ် မေးနေပြီ။

"ကျွန်တော် လူတွေကိုဆင်းရဲတာ ချမ်းသာတာကိုကြည့်ပြီး





အလုပ်ခန့်ခဲ့တာ မဟုတ်ဘူး၊ ရိုးသား ကြိုးစားမှုနဲ့အကျင့်စာရိတ္တ ကောင်းတာကို အဓိကထားပြီးပဲ လက်တွဲအလုပ်လုပ်ဖြစ်တာ၊ ကျွန်တော့်ဘက်က လုံးဝယုံကြည်မှုထားတတ်တယ်၊ ကျွန်တော့် ဘက်က အပြည့်အဝထားသလောက် ကျွန်တော့်ရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ရင်တော့ ... ဒါဟာ ကျွန်တော့်ရဲ့စေတနာကို စော် ကားတာပဲလေ ... "

ဦးနေမင်းအုပ်ရဲ့စကားလမ်းကြောင်းက ရှင်းနေပြီ။ သူ့ကို လိမ်ညာထားခြင်းကို လုံးဝခွင့်မလွှတ်နိုင်ဘူးဆိုတာကို သိစေချင် တာ။

"ခွင့်လွှတ်ပါလို့ပဲထပ်ပြီး တောင်းပန်ပါတယ် ဆရာသမား ရယ်"

"မတောင်းပန်ပါနဲ့တော့ ဦးဘရွှေ ... အဓိက ကျွန်တော် ဘာဆက်လုပ်ပေးရမလဲဆိုတာပဲ ပြောပေးပါ ... "

"ကျွန်တော်တို့နှစ်ယောက် ဒီခြံထဲကနေထွက်သွားပေးပါ့ မယ်၊ အဲဒီအတွက်လည်း ဆရာသမားက ဘာမှလုပ်ပေးဖို့မလိုပါဘူး၊ အမုန်းမိုးကို ပညာသင်ပေးတာနဲ့တင် လုံလောက်ပါပြီ ... ဒါပေမဲ့ မနက်ဖြန် တစ်ရက်လောက်တော့ ထပ်နေခွင့်ပဲ ပေးပါနော်၊ အောင် စာရင်းအဖြေလေး ကြည့်ချင်လို့ပါ၊ အဲဒါလေးတစ်ခုပဲ လိုက်လျော ပေးပါနော် ... "



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ဦးဘရွှေ၊ အမုန်းမိုးအတွက် စာနာပြီး ကျွန်တော် ခွင့်ပြုလိုက်ပါမယ် ... ဟော့ဒီမှာ ဦးဘရွှေနဲ့အမုန်းမိုးအတွက်

စာအိတ်နှစ်အိတ်မှာ နာမည်လေးတွေရေးထိုးထားသည် ဒါဟာ ... အလုပ်ကနေ တရားဝင်ထုတ်ပယ်လိုက်တာပါဆိုတဲ့ လိုတဲ့ အမှတ်အသားပဲလေ။ ဆုံးဖြတ်ချက်ချစရာရှိလျှင် သွေးအေး အေးလေးနဲ့ကို ဆုံးဖြတ်လိုက်တာပါပဲလား။

"စိတ်မကောင်းပါဘူး ဦးဘရွှေ ... ကျွန်တော်တို့ လက် ဖြုတ်ကြစို့ ... ကဲ ... ဦးဘရွှေတို့ ပြန်လို့ရပါပြီ ... "

ပြောပြီးပြီးချင်းပဲ။

သူဌေးကြီး ဦးနေမင်းအုပ်က ညှော်ခန်းထဲကနေ ဦးစွာ ထွက်သွားဖို့ ဟန်ပြင်၏။

"ဒက်ဒီ ... "

သုသုအသံကြောင့် ဒက်ဒီက လှည့်ကြည့်သည်။

"အဘရွှေကို အလုပ်ကနေထုတ်မှပဲ ဖြစ်မှာလားဒက်ဒီ"

"ဟုတ်တယ် ... သုသု၊ အခုကိစ္စကို ဒက်ဒီဘယ်လိုမှ လက် မခံနိုင်လို့ပါ၊ ဘာမဟုတ်တဲ့ကိစ္စလေးတစ်ခုဆိုပေမယ့် ဒါဟာ လိမ် ညာမှုပဲလေ ... ဦးဘရွှေနဲ့အမုန်းမိုးကို ဒက်ဒီတစ်ရက်ပဲ ထပ်နေခွင့် ပေးမှာ ... "

အို ...





သုသုပင် ရင်ထဲနင့်သည်းသွားရသည်။

လုံးဝမထင်မှတ်ထားတာလေ။ သုသုပြောပြလိုက်လို့ ဘရွှေနဲ့ အမုန်းမိုးကို ဆူပူကြိမ်းမောင်းရုံလောက်ပဲ အပြစ်ပေးမယ် ထင်ထားတာ။ ခုတော့ အလုပ်ပါ တစ်ခါတည်း ဖြုတ်ပစ်လိုက်သည်။

မာမီလည်း ဘာမှမတတ်နိုင်သလို သုသုလည်း ကူပြောပေး လို့မရတော့ချေ။ ဒက်ဒီက ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချထားပြီး သားမို့လေ။

"အန်ကယ်နေမင်းအုပ် ... "

အမုန်းမိုးရဲ့အသံက ညင်ညင်သာသာ။

မထူးပေမယ့် အသိအမှတ်ပြုသလို အမုန်းမိုးဆီ လှည့်ကြည့် သည်။

"ဒါကို ... ကျွန်တော် လက်မခံပါရစေနဲ့အန်ကယ် ... "

သူ့နာမည်ရေးထိုးထားတဲ့ ပိုက်ဆံအိတ်လေးကို အန်ကယ် ဦးနေမင်းအုပ်ထံသို့ ကမ်းပေးမိသည်။

"ကျွန်တော်က အစကတည်းက အန်ကယ်နေမင်းအုပ် တရားဝင် ခန့်ထားတဲ့အလုပ်သမား မဟုတ်တဲ့အတွက် နစ်နာကြေး ပေးစရာမလိုဘူးလို့ ထင်ပါတယ်အန်ကယ် ... ပြီးတော့ ... ဒီနေရာ လေးကို စရောက်လာတဲ့နေ့ကစပြီး အခုချိန်ထိ ကျွန်တော့်ဘက်က နစ်နာဆုံးရှုံးခဲ့တာ တစ်ခုမှကို မရှိခဲ့ပါဘူး၊ ကျွန်တော် အမိုးအရိပ်



www.burmeseclassic.com

www.burmeseclassic.com



လုံလုံခြုံခြုံနဲ့ နေခွင့်ရတယ်၊ အရသာရှိတဲ့ ထမင်းဟင်းကို စားခဲ့ရတယ် အေးအေးချမ်းချမ်း အပူအပင်ကင်းကင်းနဲ့ ကျောင်းစာသင်ခွင့်ရ တယ်၊ ဒါတွေနဲ့တင် ကျွန်တော့်အတွက် လုံလောက်နေပါပြီ အန်ကယ် ... ဒါကြောင့် အန်ကယ်နစ်နာကြေးကိုပေးစရာမလိုအပ်တော့ပါ၊ ကျွန်တော် လက်မခံပါရစေနဲ့အန်ကယ် ... ”

အမုန်းမိုးရဲ့စကားလေးတွေကို နားထောင်နေတဲ့ အန်ကယ် နေမင်းအုပ်ရဲ့ မျက်နှာက တည်တည်ငြိမ်ငြိမ်ပါပဲ။ မျက်ဝန်းအကြည်တွေကတော့ စူးရှတောက်ပြောင်လျှက်ရှိသည်။

“ကောင်းပြီလေ ... အမုန်းမိုး ... မင်းက လက်မခံဘူးဆိုတော့လည်း ဘာတတ်နိုင်မှာလဲ ... ထားခဲ့လိုက်လေ၊ အမုန်းမိုး မင်းအန်တီနှင်းကို ပြန်ပေးထားခဲ့ ... ဟုတ်ပြီလား”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ အန်ကယ် ... ကျေးဇူးအရမ်းတင်ပါတယ်ဗျာ ... အရမ်းကို ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ... ကျွန်တော့်ကို တစ်ခုလောက်ခွင့်ပြုပါအန်ကယ် ... မနက်ဖြန် အောင်စာရင်းအဖြေသိပြီးတာနဲ့ ဒီနေမဟာခြံကြီးထဲကနေ ထွက်သွားတော့မှာမို့ အလုပ်အရမ်းများနဲ့အန်ကယ့်ကို နောက်တစ်ကြိမ် ထပ်ဆုံတွေ့နိုင်ဖို့ဆိုတာ အရမ်းခက်ခဲပါတယ်၊ ဒါကြောင့် ... အန်ကယ့်ကို အခုလိုတွေ့တုန်း တစ်ခါလောက်ကန်တော့ပါရစေနော် ... ကျွန်တော့်ကို ကန်တော့ခွင့်ပြုပါ အန်ကယ် ... ”





ပြောပြောဆိုဆိုနှင့်ပင် သူဌေးကြီး ဦးနေမင်းအုပ်ရှေ့ ဒူးထောက်ထိုင်ချကာ ရိုရိုသေသေ လက်အုပ်လေးချီလျှက် ဦးသုံးကြိမ်ချကာ အမုန်းမိုးကန်တော့လိုက်ပါသည်။

အမုန်းမိုး ဦးသုံးကြိမ်ချပြီးသည်နှင့် သူဌေးကြီး ဦးနေမင်းအုပ် တိုက်ထဲကနေ ပြန်ထွက်သွားတော့သည်။ သိပ်မကြာပါ အန်ကယ် နေမင်းအုပ်ရဲ့ ကားလေး စက်နှိုးကာ ခြံထဲကနေ မောင်းထွက်သွားသံကို ကြားရသည်။

“စိတ်ဆင်းရဲလိုက်တာ ... ဦးဘရွှေရယ်၊ ဘာတွေဖြစ်ကုန်မှန်းတောင် ကျွန်မဖြင့် မသိတော့ပါဘူးရှင် ... ”

ဒေါ်နှင်းဒါလီတစ်ယောက် စိတ်မကောင်းကြီးစွာပင် ရေရွတ်ကာ သက်ပြင်းမောကို မှုတ်ထုတ်သည်။

သုသုကတော့ ...

နေရာလေးကနေ ... သုတ်ခနဲနေအောင် ပြေးထွက်ကာ အပေါ်ထပ်သို့ တက်သွားသည်။

အဘရွှေကတော့ ...

အန်တီဒေါ်နှင်းဒါလီနဲ့ စကားတွေ ဆက်ပြောနေ၏။

အမုန်းမိုးတိုက်အိမ်ကြီးထဲကနေ ပြန်ထွက်လာခဲ့လိုက်သည်။ ခြံထဲရောက်လာတော့ ခပ်လှမ်းလှမ်း ခြံထောင့်အစပ်မှာရှိနေတဲ့ သစ်သားအိမ်လေးဆီ လှမ်းကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီညတစ်ညတာလွန်လျှင် ဒီအိမ်လေးထဲကနေ သူတို့ထွက်ခွာရပေတော့မည်လေ။ သံယောဇဉ် မကင်းသလိုပင် သစ်သားအိမ်လေးဆီ မက်မက်မောမောလေးသာ ငေးစိုက်ကြည့်နေမိတော့သည်။

## အခန်း ( ၂၂ )

"သမီးအပြစ်ပါ ... အဘရွှေရယ်၊ အဲဒီလောက်ထိ ဒက်ဒီ ခြစ်ပေးလိမ့်မယ်မထင်မိလို့ သုသုသွားပြောမိတာပါ။ ခုတော့ ... သုသုကြောင့် အဘရွှေတို့ အလုပ်ဖြုတ်ခံရပြီ ... အဟင့် ... ဟင့်"

သုသု ငိုမိပါသည်။ အဘရွှေ အသက်ကြီးကာမှ နေစရာမဲ့ ကို ရောက်ရတာမဟုတ်လား။ သုသုကြောင့် အားလုံးစိတ်ဆင်း ရော ကံကြမ္မာဆိုးကြီးနဲ့ ကြုံရတာပါ။ ဒက်ဒီကို ဘယ်လိုပြောဆို ဖျောင်းဖျတာမှ လက်မခံတော့ ပိုဆိုးတာပေါ့။

"သုသု တောင်းပန်ပါတယ်နော် ... သုသုကို ခွင့်လွှတ်ပါ။ သုသု တောင်းပန်ပါတယ် ... အဘရွှေရယ် ... အဟီး ... ဟီးဟီး အဟင့် ... ဟင့် ... ဟီး ... "

"တိတ်ပါကလေးရယ် ... တိတ်ပါ။ စိတ်မကောင်းဖြစ်မနေပါ နဲ့တော့ ... ဘယ်တတ်နိုင်ပါ့မလဲကွယ်၊ အဘရွှေတို့ကလည်း လိမ်



www.burmeseclassic.com

www.burmeseclassic.com



ညာခဲ့မိကြတာကို ... ဘာပဲပြောပြော အဘရွှေတို့လည်း အပြ
မကောင်းပါဘူးကွယ် ... ”

“ဟင့်အင်း ... ဟင့်အင်း ... အဘရွှေ ... သုသုကို စိတ်
အောင်ဆိုပြီး မနှစ်သိမ့်ပါနဲ့ ... အစက တရားခံက သုသုပါ၊ မွန်း
ခဲ့တဲ့စကားတွေကို မခံချင်ဖြစ်ပြီး လုပ်မိလုပ်ရာတွေ လျှောက်လု
လို့ အခုလို စိတ်ဆင်းရဲစရာတွေ ဖြစ်ခဲ့ရတာပါ အဘရွှေရယ်၊ သု
လေ ... အမုန်းမိုးကို အမြင်ကတ်ပါတယ်၊ မွန်းနဲ့ပတ်သက်နေ
အတွက် စိတ်တွေထူပူရှုပ်ထွေးပြီး တားဆီးချင်တဲ့စိတ်တွေပဲ အ
တမ်း ခေါင်းထဲမှာရှိနေလို့ ... ပြောသင့်တဲ့အကြောင်းအရာ ဟု
မဟုတ်ဆိုတာတောင် မဝေခွဲနိုင်တော့ပါဘူး၊ ပြီးတော့ ... ဒက်
ရင် အမုန်းမိုးကိုဟောက်ဟန်းကြိမ်းမောင်းပြီး အေးငြိမ်းသွားမှာ
လို့ တွက်ထားတာ၊ အခုတော့ ... အဘရွှေတို့ အလုပ်ဖြုတ်ခံရ
ခြံထဲကနေ ထွက်သွားရတော့မယ်လေ ... အီဟီး ... ဟီး ... ”

ငိုသံကြီးနဲ့ရှင်းပြပြီး တောင်းပန်နေတဲ့သုသုကို အခန်းဒေ
ထဲကနေ အမုန်းမိုး နားလည်ခွင့်လွှတ်နေမိပါသည်။

“ယုံပါ ... အဘရွှေရယ် ... အမုန်းမိုးကို သမီးအမြင်က
တာပဲရှိတာပါ ... အညိုးတကြီးနဲ့ နာကျည်းမုန်းတီးနေတာမျိုး မ
ပါဘူး အဘရွှေရယ် ... အဟီး ... ဟီး ... ”

“အေးပါကွယ် ... အဘရွှေ ယုံပါတယ် ... ”





“သမီးကြောင့် ခြံထဲကနေ သူနှင်ထုတ်ခံရပြီဆိုပြီး သုသုကို
ကြည်းမုန်းတီးနေတော့မှာပဲ အဘရွှေရယ် ... တကယ်တော့
န်းမိုး ဒုက္ခရောက်ပါစေဆိုတဲ့ ဆန္ဒ သမီးမှာမရှိပါဘူး၊ ဒါကြောင့်
... မွန်းနဲ့ပတ်သက်တဲ့ နောက်ကြောင်းတွေကို သူမသိအောင်
မ်းခဲ့တာပေါ့ ... ”

“အဘရွှေ သိပါတယ် ... သုသုရယ်၊ အမုန်းမိုးအပေါ် သမီး
တနာရှိတယ်ဆိုတာ အဘသိတာပေါ့၊ တကယ်တော့ သုသုက
န်းမိုးကိုစတွေ့တဲ့အချိန်ကတည်းက သံယောဇဉ်ထားခဲ့တယ်
တာ အဘရွှေ နားအလည်ဆုံးပါပဲ သမီးရယ် ... ”

“အို ... ”

သုသု ခေါင်းလေးငုံ့ကျသွားရပြီ။

အဘရွှေ သိနေတယ်တဲ့။

“သမီး သုသု အရမ်းအံ့သြသွားမှာပဲနော် ... သမီးသိထားဖို့
သုသုဆိုတာ အဘရွှေလက်ပေါ်မှာပဲ ထိန်းရင်းနဲ့ကြီးပြင်းခဲ့တဲ့
လေးပါ ... သမီးရဲ့စိတ်ကို အဘရွှေ ဘာကြောင့် မဖတ်တတ်ရ
လဲကွယ် ... အမုန်းမိုးကို ဒီခြံထဲမှာ ယောက်ျားလေးဆိုပြီး မထား
ခိုးလို့ သမီးက လူကြမ်းမင်းသမီးလေးလုပ်ပြီး နေခွင့်ရအောင်
ပ်ဆောင်ပေးခဲ့တာ မဟုတ်လား၊ ဒါမှ ... မောင်နေမင်းအုပ်ရော
ဒါလီပါ စိတ်ချလက်ချနဲ့ နေခွင့်ပေးမှာကိုသိလို့ သမီးအဲဒီလိုငြေ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပြောဆိုခဲ့တယ်ဆိုတာ အဘ... အသိ ဆုံးပါပဲကွယ် ... "

"အဘရွှေရယ် ... အဟင့် ... ဟင့် ... "

အိမ်ခန်းလေးထဲမှာ အိပ်ချင်ယောင်ဆောင်နေတဲ့ အမုန်း... ဘယ်လိုမှ စိတ်အေးအေးနဲ့လှဲမနေနိုင်တော့ပါ။ အဘရွှေနဲ့သုသု... ပြောနေတဲ့စကားသံတွေကိုကြားပြီး ရင်တွေတလှပ်လှပ်ခုန်လွန်း... ခြင်ထောင်လေးထဲမှာ ငုတ်တုတ်ကလေးကို ထထိုင်နေမိတ... လေ။ သူတစ်ချိန်လုံး ထင်ထားခဲ့တာက သုသုဟာ အမုန်းမိုးဆို... သူ့ကိုဘယ်တုန်းကမှ အလိုမရှိခဲ့ဘူး-လို့။

"သုသု နောင်တတွေရနေမိတယ် ... အဘရွှေရယ်၊ မွန်း... မခံချင်လွန်းလို့ အမုန်းမိုး ဆူခံရပါစေဆိုတဲ့ စိတ်နဲ့ ဒက်ဒီကိုပြော... မိတာပါ ... အခုတော့ ... သူ့ဘဝကို နစ်မွန်းသွားအောင်လုပ်မိသ... ဖြစ်ခဲ့ရပြီ၊ သုသုလေ ကိုယ့်ကိုကိုယ် အပြစ်တင်မိလို့ မဆုံးတော့ပါ... အဘရွှေရယ် ... အမုန်းမိုးက ပညာတတ်ဘွဲ့ရတစ်ယောက် အ... ကိုဖြစ်ချင်နေတာ၊ ခုတော့ ... သုသုကြောင့် သူ့ရည်မှန်းချက်နဲ့... ရတော့မယ် ... အဲဒါတွေ တွေးမိတိုင်း သုသုငိုနေမိတော့တာ... အဘရွှေရယ် ... "

ဩော် ...

သုသုရယ် ...





သမီးရဲ့ သံယောဇဉ်က အမုန်းမိုးအပေါ်မှာ အင်အားကြီးမား... ချည်လားကွယ်။

ဒါကို ...

အမုန်းမိုးဆိုတဲ့ကောင်လေးကတော့ ဘယ်တော့မှ သိမှာ ...တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတွေ့ဖူးနေကြ သုသုရဲ့ ...အကျင့်စရိုက်က ခပ်ဆိုးဆိုးတေတေ ကြမ်းကြမ်းတမ်းတမ်းကို။

သူ့အပေါ်မှာ ဆက်ဆံခဲ့သမျှ နူးညံ့ညင်သာမှုတစ်ခုမှ မရှိတာ ...ဆိုတော့ သုသုဆိုတဲ့ သူဌေးမင်းအုပ်က ခပ်ဆိုးဆိုးသူဌေးသမီး ...လေးပဲလို့ အမုန်းမိုးကတော့ ထင်မှတ်နေတော့မှာပဲလေ။

"အဘရွှေ ... "

"ဟင် ... "

"အဘရွှေ ရွာကိုပြန်မှာလားဟင် ... ဒါမှမဟုတ် ... တခြား ...နေရာတစ်ခုခုမှာ အလုပ်ဝင်ချင်လား၊ ဒါဆိုရင်လဲ ... သမီးစီစဉ်လိုက် ...မယ် ... "

"ဟင့်အင်း ... သုသု၊ နေပါစေတော့ ... အခုဆိုရင် အဘရွှေ ...သည်း အသက်ကြီးလာပါပြီ ... တာဝန်ကို ကျေပွန်အောင် ထမ်း ...ဆောင်ဖို့ဆိုတာ ခက်ခဲသွားပြီလေ၊ အဘရွှေ ရွာကိုပြန်ပြီး ရွာက ...ဘုန်းကြီးကျောင်းမှာပဲ ဘုန်းကြီးဝတ်နဲ့ တစ်သက်လုံးနေသွားဖို့ ဆုံး ...ဖြတ်ထားပြီးပြီ ... "

"ဒါ ... ဒါဆိုရင် ... အမုန်းမိုးရော ... သူ ... သူဘာလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လဲ အဘရွှေ ... ”

“သူလဲ အဘနဲ့အတူလိုက်ပြီး သူ့ရွာကိုခဏပြန်ဦးမယ် ပြောတယ်၊ အဘသိပါတယ် ... အမုန်းမိုးက သူ့ရည်ရွယ်ချက်အတိုင်း မဖြစ်မနေ ကြိုးစားလုပ်မယ်ဆိုတာပေါ့ ... ဒီကောင်က ဇွဲရှိတယ် ကြိုးစားတယ်၊ အမုန်းမိုးအတွက်တော့ စိတ်ချရပါတယ် ... ပူမနေ နဲ့ သုသုရယ် ... ”

ဟုတ်ပါသည်။

အမုန်းမိုးရဲ့ စိတ်ဓာတ်ကို သုသုမသိဘဲ နေပါ့မလား။

သို့သော် ...

စိတ်မချနိုင်ဘဲ ပူပန်နေတာက သူမရဲ့အပြစ်တစ်ခု။

“ကဲ ... သုသု၊ သွားတော့နော် ... သမီးကိုမတွေ့လို့ လူကြီးတွေ စိတ်ပူနေကြဦးမယ်၊ သွားတော့ ... သုသု၊ အမုန်းမိုးလည်း စိတ်ညစ်ညစ်နဲ့လှိမ့်ပြီး အိပ်ပျော်နေပြီလေ ... ”

“ဟုတ်ကဲ့ပါ ... အဘရွှေ၊ သမီးပြန်ပါတော့မယ်၊ သမီးမပြ ခင် အဘရွှေကို ဒါလေးနဲ့ ကန်တော့ပါရစေ ... ”

“ဟာ ... မဟုတ်တာ၊ နေပါစေကလေးရယ် ... ဆရာသမား လည်း အဘရွှေကို ပေးထားပါသေးတယ် ... ”

“ဟင့်အင်း ... အဘရွှေ၊ မငြင်းပါနဲ့ ... သမီးကို အဘရွှေ ထိန်းခဲ့ဖူးတဲ့ကျေးဇူးကို သမီးဘက်က တစ်လှည့်ပြန်ပြီးတုန့်ပြန် ရစေ လက်ခံပါနော် ... ပြီးတော့ ... ဒါက ချက်လက်မှတ် အဘရွှေ





ထဲမှာ သမီးလက်မှတ်ထိုးထားတယ်၊ အမုန်းမိုးကို အဘရွှေနားချ ပြီး ပေးပေးပါနော် ... သူ့အနာဂတ်ကို လေလွင့်မပစ်လိုက်ပါနဲ့လို့ ပဲ ပြောပေးပါ။ သမီးပေးရင် သူလက်ခံမှာမဟုတ်ဘူး အဘရွှေ၊ အဘရွှေပဲ ပေးပေးပါနော် ... အဲဒီအထဲမှာ လိုအပ်တဲ့ငွေပမာဏကို အဘထည့်ရေးပြီး ထုတ်သုံးပါလို့ ပြောပေးပါ အဘရွှေ ... ”

သုသုရယ် ...

မင်းကတော့ အမုန်းမိုးနဲ့ပတ်သက်ပြီး အဆင်ပြေအောင် ကြိုးစားပေးနေတယ်။ အမုန်းမိုးကတော့ မင်းကိုလူဆိုးမလေးအဖြစ် ပဲ အမြဲတမ်းမြင်နေမှာလေ။ မင်းကြောင့် အေးဆေးတည်ငြိမ်နေတဲ့ သူ့ဘဝက ရှုပ်ထွေးကုန်ရတာကိုး။ မင်းကို သူကျေးဇူးတင်မှာ မဟုတ်ဘူး သုသုရယ်။

ဦးဘရွှေတစ်ယောက် သက်ပြင်းမောကြီးကိုသာ ကြိတ်ရှိုက် ရတော့သည်။

သုသုက ...

ရိုရိုသေသေလေးထိုင်ကန်တော့ပြီး ထပြန်သွားပြီလေ။

အတွေးပေါင်းမြောက်များစွာနဲ့ ကျန်နေခဲ့သူကတော့ ဦးဘ ရွှေရယ်ပဲ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

**အခန်း ( ၂၅ )**

ဆယ်တန်းအောင်စာရင်းတွေ ထွက်လာပါပြီ။

သုမြွေမင်းအုပ်ဆိုတဲ့ သုသုက တစ်ဘာသာဂုဏ်ထူးနဲ့ အော

ပြီး အမုန်းမိုးကတော့ လေးဘာသာဂုဏ်ထူးနှင့် အောင်မြင်ခဲ့

သုသုတစ်ယောက် အောင်စာရင်းကပ်ထားသည့် စာရွက်လေး

ကြည့်ပြီး မျက်ရည်တွေသာ တပေါက်ပေါက် လိမ့်ဆင်းကျလာ

သည်။

အမုန်းမိုးလည်း သိပြီးလောက်ရောပေါ့။

သူဘယ်လောက်တောင် ရင်နင့်သွားပါမည်လဲ။ သုသု နော

တတွေရနေပါပြီ အမုန်းမိုးရယ်။ တကယ်ဆိုရင် ... အခုချိန်မှာ

အရမ်းကို ဝမ်းသာပျော်ရွှင်နေရမှာပါ။ ဂုဏ်ထူးလေးခုနဲ့အောင်

ခဲ့တဲ့ နင့်ကို ဒက်ဒီက အဆင့်မြင့်မြင့် ကျောင်းမှာအေးအေးချမ်း

နဲ့ ပညာကိုပဲ ဆက်သင်ခိုင်းမှာလေ။

ခုတော့ ...





ငါ့ရဲ့အရေးမပါတဲ့ အကျောမခံချင်တဲ့စိတ်ကြောင့် လှပနေ တဲ့ နင့်အနာဂတ်တွေ ပျက်စီးဆုံးရှုံးခဲ့ရပြီ။

"သုသု ... "

" ... "

လူအုပ်ကြီးထဲကနေ အတင်းပြန်တိုးထွက်လာတဲ့ သုသုကို လှမ်းခေါ်လိုက်သူက ဆောင်းဦးမောင်ရယ်ပါ။

"သုသု ... မင်း ... မင်းငိုနေတာလား၊ ဘာဖြစ်လို့လဲဟင်၊ သုသု စာမေးပွဲအောင်စာရင်းကို မောင်ကြည့်ပြီးပါပြီ ... သုသု ဂုဏ် ထူးတစ်ဘာသာတောင်ပါသေးတယ် ... အဲဒါကို ... ဘာဖြစ်လို့ငို နေတာလဲ ... "

သုသု ခေါင်းလေးပဲ ခါယမ်းပြလိုက်မိသည်။

"သုသု ... "

"သုသုတစ်ယောက်တည်းပဲ နေချင်တယ်မောင် ... သုသု ကို သွားခွင့်ပြုပါ ... "

"မင်းဘာဖြစ်နေတာလဲသုသု ... စာမေးပွဲလည်းအောင်ရဲ့ သားနဲ့ မင်းဘာတွေဖြစ်နေတာလဲ ... "

"မသိဘူးမောင် ... သုသုကိုမမေးပါနဲ့ ... အခုချိန်မှာ သုသု ဘာစကားမှ ပြောနိုင်မှာမဟုတ်ပါဘူး၊ တောင်းပန်ပါတယ်မောင်၊ သုသုတစ်ယောက်တည်းပဲ နေပါရစေ ... သုသုကို သွားခွင့်ပေးပါ"

"ဘာလဲ ... သုသု၊ အမုန်းမိုးဆိုတဲ့ကောင်ကြောင့်လား"

ဟင် ...



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဆီက မထင်မှတ်ဘဲ ထွက်လာတဲ့စကားကြောင့် ငိုစိုက်ကျနေတဲ့ သုသုခေါင်းလေးပင် ထောင်မတ်သွားရပါသည်။

"ဘာလဲ ... သုသု၊ အရမ်းအံ့သြသွားပြီလား၊ ဒါဆို မောင်ဖေးတာမှန်တာပေါ့ ... ဟုတ်လား သုသု ... အမုန်းမိုးဆိုတဲ့ကောင်ကြောင့် မင်းလှိုက်လှိုက်လှဲလှဲကြီး ဝမ်းနည်းပက်လက် ဖြစ်နေတာပေါ့လေ ... "

"အမိပ္ပာယ်မရှိတာ ... "

လေသံအစ်တစ်တစ်နဲ့ ငြင်းလိုက်ပေမယ့် ... စူးရှတဲ့ မျက်ဝန်းတွေနဲ့ စိုက်ကြည့်ပြီး စွပ်စွဲနေတဲ့မောင့်ကိုတော့ ရင်ဆိုင်ပြီး မကြည့်ဝံ့ခဲ့တာအမှန်။

"မောင် ... သတင်းတွေအားလုံးကြားပြီးပြီ သုသု၊ အမုန်းမိုးဆိုတဲ့ကောင် မင်းတို့ခြံထဲကနေ မောင်းထုတ်လို့ ရွာပြန်ကောက်စိုက်ရတော့မယ်ဆိုတဲ့ သတင်းကို မောင်ကြားပြီးပြီ၊ အဲဒီလိုဖြစ်အောင် သုသုပဲ လုပ်ခဲ့တာဆို ... "

"မဟုတ်ဘူး ... လုံးဝမဟုတ်ဘူး၊ အဲဒီလောက်ထိ ဖြစ်သွားအောင် သုသုမရည်ရွယ်ခဲ့တာ အမှန်ပါ ... သူ့ကိုဆူရုံပဲ ဆူမယ်ထင်ခဲ့တာ၊ အခုတော့ ... သူ့အနှင်ချခံရပြီ၊ အဲဒါ ... သုသု ... အဟင့်ဟင့် ... "

ဟာ ...

ဆောင်းဦးမောင်တစ်ယောက် ပြောပြောဆိုဆိုနှင့် အိခနဲငိုချလိုက်တဲ့ သုသုရဲ့လုပ်ရပ်ကြောင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ





အောင်ပင် ဖြစ်သွားရသည်။

သုသုကြောင့် အမုန်းမိုး အလုပ်ကနေ အထုတ်ခံရပြီး ရွာပြန်ရတော့မယ်ဆိုတဲ့ သတင်းကိုရရချင်း ဆောင်းဦးမောင်တစ်ယောက်သဘောတွေ အကျကြီးကျနေခဲ့တာလေ။

ဒီကောင့်ကိုကျောင်းမှာ အတူတူတက်ခဲ့ကတည်းက ကြည့်ရခဲ့တာပါ။ အလုပ်သမားက အလုပ်သမားနေရာမနေချင်။ သုသုနဲ့ တော်သက်ပြီး တစ်ချက်တစ်ချက် သူကဝင်ပါချင်တာကြောင့် ဆောင်းဦးမောင် အမြင်ကတ်မိ၏။ သုသုမျက်နှာကြောင့်သာ မပြောသာဘဲ နေနေတာ။

ခုတော့ ...

ကိုယ့်စရိတ်နဲ့ကိုယ်ရှင်းသွားပြီ။

သုသုတို့ခြံစောင့်ဘကြီးရဲ့တူဆိုပြီး ခြံထဲလိမ်ညာကပ်နေတယ်ဆိုတဲ့အကြောင်းကို သိသွားလို့ နှင်ထုတ်ခံရတာတဲ့။ ပြောမယ့်သာပြောတာ အမုန်းမိုးဆိုတဲ့ကောင်က ဂုဏ်ထူးလေးခုပင်ပါလိုက်သေး၏။ ကျောင်းမှာကြည့်တော့လဲ စာအဲဒီလောက်ရတဲ့ပုံလည်းမဟုတ်ဘဲ တကယ့်အောင်စာရင်းလည်းထွက်ရော ဂုဏ်ထူးကလေးခုတောင် ပါလာသည်။

ကဲ ...

ဒီကောင့်အကြောင်း စဉ်းစားရတာကိုထားလိုက်တော့။ သုသုဆိုတဲ့ ဆောင်းဦးမောင်ရဲ့ချစ်သူက ဘာစကားကိုပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ အမုန်းမိုး အနှင်ထုတ်ခံရအောင် လုပ်ခဲ့တာ သူမရဲ့တကယ့် စိတ်ရင်းအမှန်မဟုတ်ဘူးလို့ ပြောလိုက်တာလား။ ဆောင်းဦးမောင် နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာ အမှန်ပါ။

ပြီးတော့ ...

လှိုက်လှိုက်လှဲလှဲကို ငိုနေတာလေ။

ဘာတွေလဲ ... ။

ဆောင်းဦးမောင်ပင် စဉ်းစားလို့လိုက်မမှီတော့ပေ။ အာရုံ ထဲမှာတော့ တစ်ခုခုကို အသေအချာခံစားနေရသည်။ အဲဒီခံစား ချက်တွေက ဆောင်းဦးမောင်အတွက်တော့ နိမိတ်မကောင်းနိုင် တော့ဘူးဆိုတာပါပဲ။

"သုသု ... မင်းဘာတွေဖြစ်နေတာလဲ၊ စံပဲကွာ ... မင်း ကြေကွဲနေတာ ဟိုကောင်အမုန်းမိုးအတွက်လားသုသု ... အလုပ်က နေ အထုတ်ခံရအောင် ဖန်တီးပြီးမှ မင်းနောင်တတွေ ရနေတာလား ဒါက ဘာဒီဇိုင်းလဲ သုသု ... ရှင်းအောင်ပြောစမ်း ... မောင့်ကိုရှင်း အောင်ပြောစမ်းပါ ... "

ပခုံးတွေကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လှုပ်ယမ်းပြီး မေးလာ တဲ့မောင့်ရဲ့မေးခွန်းတွေကို ပြန်ဖြေနိုင်သည့်အင်အား သုသုထံတွင် ရှိမနေပါချေ။

"ဖြေလေ ... သုသု၊ မောင်မေးနေတာကို ဖြေစမ်းပါ မင်း စိတ်တွေ ဘယ်ကိုယိမ်းယိုင်နေသလည်းဆိုတာ မောင်သိချင်တယ်





သုသု ... "

"ဟင့်အင်း ... "

သုသုခေါင်းလေးကိုပဲ အဆက်မပြတ် ခါယမ်းလိုက်မိ၏။ ဒါကို မောင်ကျေနပ်ဟန်မရှိပါ။ အမြဲတမ်းလိုလို ညို့ရီနေတတ်တဲ့ မောင့်မျက်ဝန်းတွေက အခုတော့ အစိမ်းရောင်တောက်တောက် တွေနဲ့စူးလက်လို့။ သုသု ရင်ဆိုင်မကြည့်ရဲစွာ ခေါင်းလေးလွှဲတော့။

"သုသု ... မောင့်ကိုကြည့်စမ်း၊ မင်းမောင့်မျက်နှာကို တည့် တည့်ကြည့်စမ်းပါ၊ မောင်ကမင်းရဲ့ချစ်သူမဟုတ်ဘူးလား၊ မင်းပြော တော့ ... မင်းအချစ်ကို သံသယမဖြစ်ပါနဲ့ဆို သုသု၊ အချစ်ကိုမလေး စားရင်တောင် မောင်မစော်ကားမိပါစေနဲ့ဆို ... ဒါတွေအားလုံးက မင်းကိုယ်တိုင်ပြောခဲ့တာနော် သုသု ... မောင့်ကိုမင်းပြောခဲ့တာ၊ ဘာလဲ ... သုသု၊ မင်းကစိတ်ပြောင်းသွားတာလား၊ ရင်ခုန်သံတွေ ပြောင်းသွားတာလား ... သုသု၊ မောင့်ကိုပြောခဲ့တာတွေ မှန်သမျှ က ပုံပြင်သက်သက်ပဲလား ပြောစမ်း ... မင်းပြောစမ်းပါ၊ မောင်က ဘာကိုယုံကြည်ရမှာလဲဆိုတာ မင်းရွေးပေးစမ်းပါ သုသုရဲ့ ... "

သုသု ဘာစကားမှပြန်မပြောမိတော့ပါ။ သုသုကိုယ်တိုင်လဲ မစဉ်းစားတတ်အောင်ဘဲ ဖြစ်နေရပါသည်။ အမုန်းမိုးဆိုတဲ့သူနဲ့ပတ် သက်ပြီး သူမဆီမှာ အဲဒီလောက်ပြင်းထန်တဲ့ ခံစားချက်တွေ ကျန် ရှိနေလိမ့်မယ်လို့ တစ်ခါမှကိုမတွေးခဲ့မိတာလေ။ အမုန်းမိုး အိမ်က နေ ထွက်သွားတော့မယ်ဆိုတဲ့အသိ ဝင်လာတော့မှပဲ ခံစားချက် တွေက ဝုန်းခနဲ ပေါက်ကွဲထွက်လာကြတာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် …

ဆောင်းဦးမောင်ဆိုတာ သုသုရဲ့တရားဝင်ချစ်သူပါ။

သူမကိုယ်တိုင်လည်း ဆောင်းဦးမောင်ဆိုတဲ့ ချစ်သူကို ရင်ထဲကနေ အမှန်တကယ်ပဲ ချစ်မြတ်နိုးခဲ့သည်ဟု ထင်မှတ်ခဲ့သည်။ တကယ်တမ်းကျတော့ သုသုထင်ခဲ့မိတာက အမှားတွေပါပဲ။ ဆောင်းဦးမောင်ရဲ့ရုပ်ရည်၊ မိဘနောက်ခံအခြေအနေတွေနဲ့မဆိုးပါ ဘူးဆိုပြီးပဲ စိတ်တွေက ဖြေသိမ့်နိုင်ခဲ့တာပဲဖြစ်သည်။

သုသု အမှန်တကယ် ချစ်နေမိတာက အမုန်းမိုးပါပဲ။ သူ့ကို ဘယ်လိုမှကြည့်မရဘူးလို့ ထင်ထားပါလျှက် သူမရင်ထဲမှာ တည်ရှိ နေခဲ့သည်။

"သုသု …"

"ပြောပါ မောင် … ပြောချင်တဲ့စကားတွေ ဘာတစ်ခု အားနာပါးနာချန်မထားဘဲ သုသုကို ပြောလိုက်ပါ … သုသုခံပါ့မယ် မောင်ရယ် …"

"အဟား … အဟက် … ဟား … ဟား … ဘာလဲ သုသု မင်းက ဝန်ခံတဲ့သဘောလား၊ အမုန်းမိုးဆိုတဲ့ကောင်ကို မင်းချစ်နေ မိပါပြီလို့ဝန်ခံလိုက်တာလား၊ စားတယ်ကွာ … ဟေ့ … သုသု မင်း ရေရေလည်လည်စားတယ်"

မောင်အကြီးအကျယ် ဒေါသတွေပေါက်ကွဲနေသည်။ အရှ လုပ်ခံလိုက်ရသလို အဖြစ်မျိုးနဲ့ကြုံလိုက်ရတာကို။ မောင့်ရဲ့ရာဇဝင် မှာ ဒါမျိုးတစ်ခါမှုကို မရှိခဲ့ဘူးပေ။ သုသုဆိုတဲ့ကောင်မလေးနဲ့ကျ





ခံလိုက်ရသည်။ ခံတော့မခံစားရပါဘူး။ အစကတည်းကလည်း သုသု ဆိုတာ သူ့အာရုံထဲမှာသိပ်မှမရှိတာ။ မောင်ချစ်နေတာက တခြား တစ်ယောက်။

"အိုကေ … သုသု၊ ရပါတယ် … မင်းကခြံစောင့်မာလီနဲ့မှ ညိုက်တန်တာဆိုတော့လည်း ထားခဲ့ရမှာပေါ့ကွာ၊ မင်းသိထားဖို့က မောင်ဆိုတဲ့ကောင်က မင်းလောက်ကိုစာမဖွဲ့ဘူးဆိုတာပဲ သုသု"

ပြောပြီးတာနဲ့ ကားပေါ်တက်ပြီး တံခါးကို ဖုန်းခနဲ အသံ မြည်အောင် ပြန်ပိတ်ကာ အနားကနေ ဆောင့်ကြီးအောင့်ကြီးနဲ့ မောင်းထွက်သွားတဲ့ ဆောင်းဦးမောင်ရဲ့ကားလေ။

သုသု မတားဆီးမိပါ။

အနားကနေ ဆောင်းဦးမောင်ရဲ့ အရိပ်အငွေ့တွေ ကွယ် ပျောက်သွားတာပင် တော်တော်လေး စိတ်အမွန်းအကြပ် ပျောက် သွားသလို ခံစားလိုက်ရပါသည်။

မောင် …

ဆောရီးပဲမောင်ရယ်။

ရင်ထဲကနေတော့ တီးတိုးလေး ရေရွတ်မိနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

"မမထားရီ မဟုတ်လားဟင် ..."

အမုန်းမိုးရဲ့အမေးကြောင့် အိမ်ရှေ့ကျောက်ရေစည်ပိုင်းလေး ရှေ့ အဝတ်ထိုင်လျှော်နေတဲ့ အမျိုးသမီးက မော့ကြည့်သည်။

"ကျွန်တော့်ကို မမှတ်မိဘူးလားဟင် ... မမထားရီ ... ကျွန်တော် အမုန်းမိုးလေ၊ ဘေးခြံက ဒေါ်မိုးမိုးမြင့်ရဲ့သား အမုန်းမိုး လေ ..."

"ဟယ် ... အမုန်းမိုး၊ နင် ... နင်က အမုန်းမိုး ... ဟုတ်လား"

မယုံနိုင်သလို မျက်လုံးပြူးကြီးတွေနဲ့ကြည့်ပြီး ဝမ်းသာအား ရမေးလာတဲ့ မမထားရီရဲ့အသံ။ မမထားရီနဲ့ခြံဘေးချင်းကပ်ရ အမုန်းမိုးတို့ နေခဲ့ကြတာမဟုတ်ပါလား။

"ဟုတ်တယ် ... မမထားရီ၊ ကျွန်တော် အမုန်းမိုးပဲ ..."

"အမလေး ... ကြည့်စမ်းပါဦးဟယ်၊ အမုန်းမိုးကြီးက ရု ကောင်ကြီးထွားပြီး ချောလာလိုက်တာ၊ ကိုရီးယားမင်းသားလေး





အားတောင် ထင်ရတယ် ... ကျုပ်ဖြင့်မှတ်ကို မမှတ်မိတော့ဘူး တာ့ ... ငယ်ငယ်ကရုပ်နဲ့တစ်ခြားစီပဲ ..."

"မမထားရီလည်း ပြောင်းလဲသွားတာပါပဲဗျာ ... အရင်က ခဲ့တစ်ခြားစီဖြစ်နေလို့ မနည်းရုပ်ပြန်ဖမ်းကြည့်နေရတယ်၊ ဝလိုက် ဗျာ လုံးနေတာပဲ ... တော်သေးတာပေါ့ မျက်နှာလေးသိပ် ပြောင်းသွားသေးလို့ ကျွန်တော် မှတ်မိတာ ..."

"အေးလေ ... အရင်ကတော့ အပျိုပုံစံကိုပဲ ပြင်လိုက်ဆင် က်နဲ့ ကျော့မော့နေတာပေါ့၊ အခုတော့ ... ငါက အိမ်ထောင်နဲ့ သဟယ် ... ကလေးကလည်း သုံးယောက်ဆိုတော့ ... ပြင်ဖို့နေ သာသာ မချဉ်မပုတ်သွားအောင်တောင် မနည်းဂရုစိုက်နေရ ယ်၊ မအားလွန်းလို့လေ ... အိမ်အလုပ်တွေနဲ့၊ ယောက်ျားဝေယျာ အလုပ်တွေနဲ့၊ ကလေးသုံးယောက်ရဲ့အလုပ်တွေနဲ့ နားရတယ် ာင်မရှိဘူးဟယ် ..."

"ဒီလောက်ပင်ပန်းတာတောင် အစ်မထားရီက တော်တော် သး ဝနေတယ်နော် ... တကယ်ဆိုရင် ဝိတ်ကျရမှာဗျ ..."

"အေးဟယ် ... ဘယ်လိုဖြစ်ပြီး တွန်းဝနေမှန်းတောင် မသိ ာ့ပါဘူး၊ ဟဲ့ ... လာလေ ... အမုန်းမိုး အိမ်ထဲဝင်ထိုင်ဦး၊ အစ်မ က်ဆေးပြီး လာခဲ့မယ် ..."

"ဟုတ်ကဲ့ ..."

ခေါင်းညိတ်လိုက်ပေမယ့် အမုန်းမိုးအိမ်လေးဆီ မသွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အစ်မထားရီရဲ့ဘေးခြံက အိမ်လေးဆီ လှမ်းကြည့်လိုက်မိသည် ထိုအိမ်ကလေးထဲမှာ သူတို့မိသားစုတွေ တစ်ချိန်တုန်းက နေခဲ့ ကြတာလေ။ အခုတော့ လူသစ်တွေရောက်နေသည်ထင်၏။ အမေ ရောင်းစားသွားတာပဲဖြစ်မည်။

"ဘာလဲ ... အမုန်းမိုး နင်က ဒီအိမ်ကိုသတိရနေသေးတာ လား ... "

"ရတာပေါ့ အစ်မထားရီရယ် ... ကျွန်တော့်ဘဝမှာ အမှ ရစရာဆိုလို့ ဒီခြံနဲ့အိမ်ကလေးပဲရှိတာ၊ အခုတော့ လူသစ်တွေနေတာ တွေ့ရတယ် ... "

"နင့်အမေ ရောင်းလိုက်တာလေ ... "

"ဗျာ ... အမေ ... ဟုတ်လား အစ်မထားရီ ... ကျွန်တော် အမေ ဟုတ်လား ... "

အမေဆိုတဲ့ အသံကိုကြားလိုက်ရတယ်ဆိုလျှင်ပဲ အမုန်း ရင်တွေ တထိတ်ထိတ် ခုန်မြန်နေရပြီ။ စကားသံတွေက ထစ် ငေါ့။

"ဟဲ့ ... နင် ... နင့်အမေကို မတွေ့ရသေးဘူးလား"

"ဟင့်အင်း ... ကျွန်တော် အမေ့ကိုမတွေ့ရသေးဘူး မ ထားရီ ... အမေဘယ်မှာလဲဟင် ... အမေဘယ်မှာလဲ၊ အမေရှိ တဲ့နေရာကို မမထားရီသိလို့လား ... ပြောစမ်းပါဗျာ၊ ကျွန်တော့် ပြောစမ်းပါ ... ကျွန်တော် အမေ့ကိုရန်ကုန်သွားတယ်ဆိုလို့ အခု





ည့်လိုက်ရှာနေတာဗျ ... အခုနောက်ဆုံး ရှာမတွေ့လို့ ရွာက ျွန်တော်တို့နေတဲ့ ဒီအိမ်လေးကို အလွမ်းပြေလာကြည့်တာ မမ ားရီ ... အမေ ဘယ်မှာလဲဟင် ... "

"ဟယ် ... ဖြစ်မှဖြစ်ရလေ အမုန်းမိုးရယ်၊ နင့်အမေက ဘယ် ်ကုန်ကိုမှမသွားပါဘူး၊ နင့်အဖေနဲ့ဒေါသဖြစ်စိတ်ဆိုးပြီး၊ အိမ်ကနေ ဝတ်ထုတ်တွေနဲ့ တစ်ဖက်ရွာက သူ့အသိအိမ်ကို ခဏသွားရှောင် တာ၊ သူ နင့်ကိုလာပြန်ခေါ်တော့ နင်မရှိတော့ဘူးလေ၊ နင် ာက်သွားတယ်ဆိုရင်ပဲ နင့်အမေမှာ လေအရူးတစ်ပိုင်းပါပဲဟယ်၊ င့်အဖေနဲ့လည်း တရားဝင်ကွဲလိုက်တယ်၊ ဒီခြံကိုလည်း ရောင်းပြီး င့်အဖေကို ပိုက်ဆံတစ်ဝက်ခေါ်ပေးသေးတယ်ဟဲ့ ... ဒါပေမဲ့ င့်အဖေက မယူပါဘူး၊ သူထင်ရာမြင်ရာ ပြောလိုက်လို့ နင်အိမ်က ထွက်ပြေးသွားတာဆိုပြီး သူ့ကိုယ်သူလည်း အပြစ်တင်နေတာ ၊ ဒါပေမဲ့ ... နင်လည်းသိတဲ့အတိုင်းပဲ နင့်အဖေက အစက ည်းက အရက်ရဲ့ကျေးကျွန်ဖြစ်နေတာဆိုတော့ အဲဒီအရက်ရဲ့ နှိပ် ်မှုနဲ့ပဲ သေသွားတာပေါ့ဟယ် ... အစ်မမိုးမိုးမြင့်ကတော့ တော် ယ်ဟယ် ... ရတဲ့ပိုက်ဆံနဲ့ လမ်းမတန်းမှာ ထမင်းဆိုင်လေး စဖွင့် ယ် ... အကျိုးပေးတယ်ပြောရမလား၊ အခုဆို လမ်းမတန်းမှာ ်မှာထမင်းဆိုင်ကြီးကိုဟီးလို့ ... နှစ်ထပ်တိုက်ကြီးတောင် ဆောက်ထားတယ် ... ခရီးသွားကားတွေ ရပ်ထားတာ နင့်အမေ ိုင်ပဲလေ ... အမုန်းမိုးရဲ့ နင်မမြင်ဘူးလား၊ အမုန်းမိုး မြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင် ဆိုပြီး နင့်နာမည်နဲ့ဖွင့်ထားတာ ... ”

“ဟာ ... ဒါဆို ... ဟိုကားဂိတ်နားကဆိုင်က ... ”

“အဲဒါ ... နင့်အမေ ဒေါ်မိုးမိုးမြင့်ရဲ့ဆိုင် ... ”

ဟာ ...

အမုန်းမိုး အံ့သြလွန်းလို့ ရှေ့ကိုစကားထပ်မဆက်နိုင်တော့ချေ။ အမေက ဒီရွာနီးနားမှာပဲ တစ်ချိန်လုံးရှိနေခဲ့တယ်ဆိုပါလား။ အမုန်းမိုးကတော့ အမေရန်ကုန်ကို ထွက်သွားတယ်ထင်ပြီး လိုက်ရှာနေတာလေ။ တွေ့ချင်တော့လည်း တိုက်တိုက်ဆိုင်ဆိုင်ပါ။ အမေက ဒီရွာအနီးအနားကနေ ဘယ်ကိုမှထွက်ခွာမသွားဘူးဆိုပါလား။ ဝမ်းသာလိုက်တာ။ အမေ့ကိုပြန်တွေ့ပြီ။ အမုန်းမိုးပြန်အဆုံးချင်းဆုံးလူနဲ့ ပြန်ဆုံတွေ့ရပြီလေ။

အမေ ...

ရင်ထဲကနေ တမ်းတမ်းတတလေး ခေါ်မိသည်။

“မမထားရီ ... ကျွန်တော့်ကိုခွင့်ပြုဦးဗျာ ... နောက်မှ ကျွန်တော်လာလည်တော့မယ် ... အမေ့ဆီကို ကျွန်တော် သွားဦးမယ် ... ”

“ဟဲ့ ... ဟဲ့ ... နေပါဦး၊ နင်ကလည်း စိတ်လောလိုက်တာ ငါလိုက်ပို့မှာပေ့ါဟဲ့ ... ဆိုင်ကယ်နင်မောင်းတတ်လား”

“မမောင်းတတ်ဘူး မမထားရီ ... ”





“ဒါဆို ... ခဏစောင့် ငါအဝတ်အစားလဲလိုက်ဦးမယ် အမုန်းမိုး ... ”

“မမထားရီ ... မြန်မြန်လဲနော် ... ”

“အမလေး ... အခုမှပဲ အဖြစ်တွေသည်းနေလိုက်တာ၊ တွေ့မှာပါဟဲ့ နင့်အမေ ဘယ်မှကိုမသွားပါဘူး ... တကယ်တဲ ... ”

အစ်မထားရီက အပြုံးတွေနဲ့ မျက်စောင်းတစ်ချက်ထိုးပြီး အိမ်ပေါ်တက်သွား၏။ အမုန်းမိုး မျက်ဝန်းအကြည့်တွေက် လမ်းမဘက်ပဲ ရောက်နေရသည်။

“ဟဲ့ ... အမုန်းမိုး ... ”

အိမ်ထဲကနေ အစ်မထားရီ လှမ်းအော်၏။

“ဗျာ ... ”

“နင့်အမေ နင့်ကိုတွေ့ရင် ... အရမ်းဝမ်းသာသွားမှာဟဲ့ သိလား ... သူ နင်ပြန်အလာကို နေ့တိုင်းစောင့်မျှော်နေတာ၊ သူ့ဘဝမှာ တွယ်တာစရာဆိုလို့ နင်ပဲရှိတာကို ... ဒါကြောင့် သူဘယ်ကိုမှပြောင်းရွှေ့မသွားဘဲ ဒီနယ်မှာပဲနေတာ ... တစ်နေ့နေ့တစ်ချိန်ချိန် နင်ပြန်လာရင် သူနဲ့တွေ့အောင်တဲ့လေ ... ”

အမေ ...

အမေရယ်။

ကျေးဇူးတင်ပါတယ်ဗျာ။

အခုလို ကျွန်တော့်ကိုစောင့်မျှော်ပေးတဲ့အတွက် အမုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ် အမေရယ်။

"မမထားရီ ... မြန်မြန်အဝတ်လဲပါဗျာ ... မမထားရီ့ရှေ့လေ ... ကျွန်တော်က အမေ့ကိုပိုပြီးတွေ့ချင်လာလေပဲဗျာ ..."

"အေးပါ ... အေးပါ ... လာပါပြီဟဲ့၊ ငါ့အဝတ်လျှော်ဇလုံထွေ အိမ်ပေါ်တင်ပေးပါဦး ... တံခါးသော့ခတ်သွားမှာ ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

အစ်မထားရီကလည်း ကပျာကယာ အဝတ်အစားလဲ ခေါ်ပြီး အမုန်းမိုးကလည်း စိမ်ထားတဲ့အဝတ်ဇလုံတွေမပြီး အိမ်ထဲထည့် နှင့် ကသုတ်ကယက် အလုပ်တွေ ရှုပ်နေတော့၏။

ပြီးနောက် ...

ဆိုင်ကယ်သော့ကိုယူ၍ အိမ်ရှေ့တွင် ထိုးရပ်ထားတဲ့ ဆိုင်ကယ်ပေါ်တက်ကာ နှစ်ယောက်သား မောင်းထွက်ခဲ့ကြတော့သည်။ လမ်းတစ်လျှောက် ဆိုင်ကယ်မောင်းနေရင်းနဲ့ ပြောလာတာက အမေ့အကြောင်းတွေပါပဲ။

ရွာပြင်ရောက်တော့ ကတ္တရာလမ်းမကြီးအတိုင်း ဆိုင်ကယ်လေးက မြွားတစ်စင်းလို လေဟုန်ကိုခွင်း၍ ပြေးထွက်နေခဲ့သည်။

"ဟိုးရှေ့ကဆိုင်ပဲ ... အမုန်းမိုး"

သူလှမ်းကြည့်တော့ အမေပိုင်ဆိုင်တဲ့ ထမင်းဆိုင်ကြီးက ထည်ထည်ဝါဝါ ... ဆိုင်ရှေ့မှာလည်း ခရီးသွားယာဉ်ကြီးတွေ ထိုးရပ် ထားသေးသည်။ ဆိုင်ရှေ့ကို ဆိုင်ကယ်လေးချိုးကွေ့ပြီး ရပ်လိုက်





သည်နှင့်အမုန်းမိုး ရင်တွေ တထိတ်ထိတ် အခုန်မြန်နေရပြီ။

"လာ ... အမုန်းမိုး၊ နင့်ကိုတွေ့ရင် နင့်အမေတော့ အရမ်းကို အံ့သြသွားမှာဟဲ့ သိလား ..."

အစ်မထားရီက ရှေ့ဆုံးကနေ ဦးဆောင်ပြီး ဆိုင်ထဲဝင်သွားသည်။ အမုန်းမိုး နောက်ကနေ လိုက်သွားမိ၏။ အဝတ်အစား အိတ်လေးကိုလည်း လက်ကဆွဲလို့ပေါ့။

"အစ်မမိုးမိုးမြင့်ရေ ... ဒီမှာ ဧည့်သည့်ဘယ်သူပါလာသလဲဆိုတာ ကြည့်ပါဦး ..."

ဝိုက်ဆံကောက်သည့် ကောင်တာဆီ ဦးဆောင်လျှောက်သွားရင် အသံကျယ်ကျယ်နဲ့ အစ်မထားရီက ပြောသည်။

"လာ ... ထားရီ ..."

"အစ်မမိုးမိုးမြင့် ကြည့်ပါဦး သူဘယ်သူလဲဆိုတာ ..."

အစ်မထားရီ လက်ညှိုးညွှန်ရာကို လှမ်းကြည့်၏။

"အမေ ... ကျွန် ... ကျွန်တော် အမုန်းမိုးလေ ..."

"ဟင် ... သား ... သား ... သားလေး ..."

အမေထိုင်ရာကနေ ဝမ်းသာအားရနဲ့ ထရပ်လိုက်တာများ သဲပြိုကျတော့မတတ် ယိုင်ယိုင်လဲလဲ။ အစ်မထားရီက အဖမ်းမြန်လို့သာ။

"သား ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... "

"သား ... သားရယ်၊ အဟင့် ... ဟင့် ... "

အမေ အမုန်းမိုးကိုဖက်ပြီး ကျုံ့ကျုံ့ပါအောင် ငိုချေ အမေ့ကိုယ်လေးကို တင်းနေအောင်ဖက်ပြီး အမေနဲ့အတူ အမုန်း ပါလိုက်ငိုမိ၏။

"သား ... သားလေးရယ် ... ဘယ်တွေလျှောက်သွား တာလဲဟင် ... အမေဖြင့်တစ်ရက်မှကို ရင်မအေးခဲ့ရဘူး ... လူ လေး ... အမေ့ကိုရက်ရက်စက်စက်ထားခဲ့တယ် ... အဟင့် ဟင့် ... ဟင့် ... "

"အမေရယ် ... "

အမုန်းမိုး ပြန်မဖြေရှင်းတော့ပါ။ အမေ့ကို ကျွန်တော် လို ရှာနေတာပါလို့ ပြန်မဖြေမိတော့။ အခုလို ... အမေနဲ့ပြန်ဆုံ တာလေးနဲ့ပဲ အရာအားလုံးက ပြည့်စုံလုံလောက်သွားတာမဟု လား။ ဆိုင်ထဲက စားသောက်နေကြတဲ့ လူတွေရော၊ အလုပ်သ တွေကပါ သားအမိတွေကိုကြည့်ပြီး တအံ့တသြငေးကြောင်ကြ နေကြလျှက်။

"အန်တီမြင့် ... ဝိုင်း(၁၀)က ရှင်းမယ်တဲ့ ... "

အလုပ်သမားကောင်လေးတစ်ယောက်က အသိပေးသ

"မရှင်းနဲ့ ... မရှင်းကြနဲ့ ... ဒီနေ့ စားသောက်နေတဲ့လူ





ဆီက ပိုက်ဆံလုံးဝမယူနဲ့တော့၊ ဒီမှာ ... ဒီနေ့က ကျွန်မဘဝအတွက် အရမ်းကိုမျှော်လင့်ခဲ့ရတဲ့ ကျွန်မရဲ့တစ်ဦးတည်းသော သားလေး ကျွန်မဆီကိုပြန်ရောက်လာတာလေ ... ဒီနေ့လောက် ထူးမြတ်ပြီး တန်ဖိုးရှိတာ မရှိတော့ပါဘူး၊ ဒါကြောင့် ... စားထားတာတွေကို ကျွန်မအလှူလို့ပဲ သတ်မှတ်ပေးကြပါ ... ဘယ်သူမှပိုက်ဆံရှင်းစရာ မလိုပါဘူးရှင် ... "

"ဟေး ... ဖြောင်း ... ဖြောင်း ... "

အမေ့ရဲ့စကားအဆုံး စားနေတဲ့သူတွေအားလုံး ဟေးခနဲ ထအော်ကာ လက်ခုပ်လက်ဝါးတွေတီးပြီး ကောင်းချီးပေးကြတော့ သည်။ အားလုံးရဲ့မျက်နှာလေးတွေမှာလဲ ပီတိပြုံးတွေ ဝေဝေဆာ လို့။

"သုံးဆောင်ကြပါရှင် ... အားပါးတရသာ သုံးဆောင်ကြပါ"

အမေက ဆိုင်ကိုလာစားနေသော ဧည့်သည်တွေကို ပြော ပြီးသည်နှင့် အမုန်းမိုးလက်ကို တင်းတင်းဆုပ်ကိုင်ကာ ... ။

"လာ ... သား ... အမေတို့အပေါ်ထပ်သွားကြရအောင်"

"အစ်မမိုးမိုးမြင့် ... "

"ဘာလဲဟဲ့ ... ထားရီ"

"အစ်မကစားနေတဲ့ ဧည့်သည်ကိုပဲကျွေးတာလား၊ အစ်မ သားကိုလိုက်ပို့ပေးတဲ့ ကျွန်မကိုရော ... "

"အမလေး ... ကျေးဇူးရှင်ရယ် ... ပြောနေစရာလိုလို့လား၊ ညည်းကြိုက်တာကို ဆိုင်က ကောင်လေးတွေဆီ ထည့်ခိုင်းပြီးယူသာ



www.burmeseclassic.com

www.burmeseclassic.com



သွား ... ”

“ဟယ် ... တကယ်”

“တကယ်ပေါ့ ... ထားရီရဲ့ ဒီနေ့ ကျုပ်အစားအသောက်တွေ အားလုံးအလှူလုပ်တာပါဆိုမှပဲ ... ညည်းအိမ်အတွက်လောက် အောင်သာယူသွား ... ”

“အမလေး ... ဝမ်းသာလိုက်တာ၊ ဟဲ့ ... မောင်ထွေး ကြား တယ်နော် ... ငါ့အိမ်အတွက် ကြက်သား၊ ဝက်သား၊ ငါးသလောက် ပေါင်းနဲ့ ဆိတ်ကလီစာဟင်းထည့်လိုက် ... ”

မမထားရီ သဘောတွေအကျကြီးကျနေသည်။ အမေမျက် နှာမှာလဲ အပြုံးတွေဝေဆာလျက်။

အမုန်းမိုးရဲ့ရင်ထဲမှာလည်း အတိုင်းမသိတဲ့ ဝမ်းသာခြင်းတွေ နဲ့အပြည့်အနှက်ပါ။

“လာ ... သား ... သားလေးကို အမေပြစရာရှိတယ်”

အမေက သူ့လက်ကိုဆွဲခေါ်သည်။

အမုန်းမိုး အမေ့နောက်သို့သာ လိုက်သွားမိတော့၏။ အနောက်မှာတော့ စားသောက်နေတဲ့ ဇွန်းသံ ပန်းကန်သံတွေနှင့် ဆူညံလို့ စကားသံတွေကလည်း ကျယ်လောင်လို့ပါ။

အခန်း ( ၂၅ )

“အမုန်းမိုး ... ရှင် ... မွန်း ... မွန်းဆီကိုဖုန်းဆက်တယ်နော် မွန်း ... မွန်းလေ ... ရှင်အလုပ်ထုတ်ခံရပြီး ခြံထဲကနေ ထွက်သွား ပြီဆိုတဲ့သတင်းကိုကြားတော့ စိတ်တောင်မကောင်းဘူး အမုန်း မိုးရယ် ... မွန်းကြောင့် ရှင်အခုလိုဖြစ်ရတာဆိုပြီး ယူကျုံးမရဖြစ်ခဲ့ ရတယ်၊ ရှင်အခု ဘယ်မှာလဲဟင် ... ဘယ်ကနေ ဆက်နေတာလဲ၊ ရှင့်ကိုတွေ့ချင်တယ်၊ ရှင်နဲ့တွေ့ပြီး ဒူးထောက်တောင်းပန်ချင်တယ် အမုန်းမိုးရယ် ... ”

“မွန်း ... ကိုယ် နယ်ကိုပြန်သွားတာ ... ”

“ဟင် ... ဒါ ... ဒါဆို စဉ့်ကူးကနေ နင်ဆက်နေတာပေါ့ ဟုတ်လား အမုန်းမိုး ... ”

“ဟုတ်တယ် ... မွန်း ... ”

“အို ... ဒါဆို ရှင်ဘယ်လိုလုပ်ပြီး အဆင်ပြေမလဲ ရှင် ... ရန်ကုန်ကိုပြန်လာခဲ့ပါ အမုန်းမိုးရယ် ... ရှင့်အတွက် မွန်းအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပေးပါ့မယ်၊ သုသုတို့လောက် မဟုတ်ပေမယ့် မွန်းရဲ့ ဒက်ဒီလည်း လုပ်ငန်းရှင်တစ်ယောက်ပါပဲဟာ ... ရှင့်တစ်ယောက် အတွက် သူ့ကိုအကူအညီတောင်းရင် ရပါတယ် အမုန်းမိုး ... ရှင် ရန်ကုန်ကိုသာ ပြန်လာခဲ့ပါ ... မွန်းကို လုံးဝအားမနာပါနဲ့နော်"

"ရပါတယ် ... မွန်းရယ်၊ အခုလို ကိုယ့်အတွက်စဉ်းစားပေး တဲ့ မွန်းရဲ့စိတ်ရင်းစေတနာကိုလည်း အသိအမှတ်ပြုပါတယ်၊ ကိုယ် ဒီမှာအဆင်ပြေပါတယ်မွန်း ... မွန်းဆီကို ဖုန်းဆက်တာကလည်း မွန်းကိုပြောပြစရာရှိလို့ပါ၊ အခု ... ကိုယ်လေ အမေ့ကိုပြန်ရှာတွေ့ ပြီ မွန်း ... "

"ဘာ ... ဘာရယ် အမုန်းမိုး ... "

"ဟုတ်တယ် ... မွန်း၊ ရန်ကုန်ကို လာခဲ့တဲ့ အဓိကရည်ရွယ် ချက်က အမေ့ကိုရှာချင်လို့လေ၊ ဒါကို မွန်းလည်းသိပါတယ်၊ အခု တော့ ... ရန်ကုန်ကိုသွားတယ်လို့ ထင်ထားတဲ့အမေက စဥ့်ကူးမှာ ပဲရှိနေခဲ့တာဟ ... အမေက ဒီနယ်ကနေ ဘယ်မှကိုထွက်မသွားဘူး လေမွန်း ... "

"ဟယ် ... တကယ် ... တကယ်လား အမုန်းမိုးရယ်၊ ဝမ်း သာလိုက်တာ၊ ရှင် ... ရှင်အရမ်းပျော်နေမှာပဲနော် အမုန်းမိုး ... "

"ဒါပေါ့ဟ ... ပျော်တာပေါ့ ... "

"အမုန်းမိုး ... "

"ပြောလေ ... မွန်း ... "





"မွန်းအကြောင်းတွေ သုသု ဘာမှမပြောဘူးလားဟင်"

"ဘာကိုလဲမွန်း ... သုသုက ဘာကိုပြောရမှာလဲ"

အမုန်းမိုးထံမှ အမေးစကားကြောင့် မွန်းရင်ထဲ လှပ်ခနဲပင် လှုပ်ခါသွားရပါသည်။ အမုန်းမိုးကို မွန်းအကြောင်းတွေပြောမယ်ဆို ပြီး သုသုက ခြိမ်းခြောက်သွားတာမဟုတ်လား။ သူမစိတ်အထင်က ပြောပြီးနေလောက်ပြီလို့လေ။ ခုတော့ ... သုသုက နှုတ်လုံ့စွာပင် နေပြခဲ့သည်။ သုသုကို မွန်း ကျေးဇူးတင်သွားမိသည်။

"မွန်း ... "

"ဟင် ... "

"အမေက ဒီမှာမြန်မာထမင်းဆိုင်ကြီး တည်ထားတယ်လေ ကိုယ်တစ်နေ့နေ့ ဒီကိုရောက်လာရင် တွေ့ရအောင်ဆိုပြီး ဘယ်မှ မသွားဘဲနဲ့ကို နေနေတာတဲ့ဟ ... "

ဟင် ... ။

အမုန်းမိုးရဲ့အမေက မြန်မာထမင်းဆိုင်ကြီး တည်ထားတာ ဆိုပဲ။ ဒါဆိုရင် အမုန်းမိုး အဆင်ပြေနေတာပေါ့၊ အမုန်းမိုး နေစရာ မဲ့ပြီး ဒုက္ခရောက်နေတာ မဟုတ်ဘူးပေါ့လေ။ စီးပွားရေး အဆင်ပြေ နေတာပေါ့။

အမုန်းမိုးရယ် ...

မွန်း ဝမ်းသာပါတယ်ဟာ။ အခုလို ကြားသိရတဲ့အတွက် မွန်း ... ရင်ထဲမှာ အေးချမ်းသွားတာပဲ အမုန်းမိုးရယ်၊ ရှင်တို့သား



www.burmeseclassic.com

www.burmeseclassic.com



အမိရဲ့ ချစ်ခြင်းမေတ္တာကြီးမားတာကို ကြည့်ပြီး အားကျလိုက်တာ အမုန်းမိုးရယ်။

"ရှင် ... ဂုဏ်ထူးလေးဘာသာနဲ့အောင်တယ်ဆို အမုန်းမိုး"

"ဟုတ်တယ် ... မွန်း၊ ကိုယ် မန္တလေး ဆေးတက္ကသိုလ် လျှောက်ဖို့ စဉ်းစားထားတယ်၊ ကိုယ်တို့ရွာဘက်တွေမှာက ဆရာဝန်ရှားတယ်လေ၊ ဆေးမှူးလောက်ပဲရှိတာဆိုတော့ ကိုယ် ဆရာဝန်တစ်ယောက်ပဲ ဖြစ်ချင်တယ် ... တတ်ထားတဲ့ ပညာနဲ့ ရွာကလူတွေကို ဆေးကုပေးချင်တယ်လေ၊ အမေက ငွေမလိုဘူးတဲ့ ရွာအတွက် စေတနာ့ဆရာဝန်တစ်ယောက်ဖြစ်ပေးရင်ပဲ သူကျေနပ် တယ်တဲ့လေ ... မွန်း၊ ဒါကြောင့် ... ဆေးတက္ကသိုလ်တက်ဖို့ပဲ ဆုံးဖြတ်ချက် ချလိုက်ပြီ ... "

"ကောင်းပါတယ် အမုန်းမိုးရယ် ... ရှင်တို့သားအမိရဲ့ စိတ်ကူး အရမ်းကောင်းပါတယ် ... "

"မွန်း ... "

"ဟင် ... "

"ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေကွာ ... ကိုယ်ပြောတာ တွေချည်းပဲ နားထောင်နေတယ်၊ မွန်းမှာရော ပြောစရာအကြောင်း အရာမရှိဘူးလားဟင် မွန်း ... "

အကြောင်းအရာတဲ့။

မွန်းဘာပြောရမှာလဲ အမုန်းမိုး ... ဒက်ဒီအကြောင်းလား





အမေနဲ့တုန်းကတော့ အိမ်ပြန်လာတာနဲ့ ဘယ်ဟာကိုအကြောင်းရှာ ပြီး ရစ်ရမလဲ စဉ်းစားနေတတ်တဲ့ ဒက်ဒီက နောက်မိန်းမရှေ့မှာ ဘာစကားမှမဟရဲလောက်အောင် ကြောက်ရွံ့နေရတယ်ဆိုတဲ့ အကြောင်းလား။

မိထွေးပီပီ သူ့သွေးသားမဟုတ်ဘူးဆိုတဲ့ စိတ်ခံတ်နဲ့ ဘာ ကို အပြစ်ပုံချရမလဲ စဉ်းစားနေတတ်တဲ့ ဒေါ်သဉ္ဇာလီအကြောင်း လား။ အိမ်မှာနေရတာ စိတ်မွန်းကြပ်လွန်းလို့ ထွက်ပေါက်ရှာရင်း လမ်းလွဲသွားရတဲ့ မွန်းရဲ့အကြောင်းလား အမုန်းမိုး။

ဟင့်အင်း ...

မွန်း မပြောပြချင်ဘူး။

မွန်းက ...

မိန်းမကို သိပ်ကြောက်ရလွန်းတဲ့ ဒက်ဒီကိုအရွဲ့တိုက်ဖို့ ကြိုး စားရင်းကနေ လမ်းမှားကိုရောက်သွားဟာလေ။ အခုတော့ ... ကျူးလွန်ပြီးသွားတဲ့ အမှားတွေက ပြန်ပြင်လို့မရတော့။ ဒက်ဒီကို အရှက်ရအောင် သိက္ခာတွေကျအောင် အမျိုးမျိုး မွန်းဖန်တီးခဲ့သည်။ မိန်းမကိုလည်းမနိုင်၊ မွန်းကိုလည်း ပြောမရနဲ့ စိတ်အနှောက်အယှက် တွေဖြစ်နေတဲ့ ဒက်ဒီကိုကြည့်ပြီး မွန်းကျေနပ်နေခဲ့တာ။

အခုတော့ ...

မွန်းရဲ့မကောင်းတဲ့ လုပ်ရပ်တွေက မွန်းဆီပြန်ရောက်လာ သည်။ ဒက်ဒီယ်သူယ်ချင်း ဦးလွင်အနားကိုကပ်ပြီး စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



အောင် သရုပ်ပြခဲ့တာက အရှိန်လွန်သွား၏။ အစကတော့ ဒက်ဒီ မသိပါ။ မွန်းအတွက် တိုက်ခန်းရော၊ ကားပါဝယ်ပေးထားတယ်ဆို တာကို ဦးလွင်ရဲ့ဇနီးနဲ့သမီးကသိပြီး သွားတိုင်ကြတာလေ။

ကြားကြားချင်း ဒက်ဒီတစ်ယောက်မွန်းနေတဲ့ တိုက်ခန်းကို ရောက်လာသည်။ တစ်ခါမျှ လက်မပါစဘူး ရိုက်နှက်ကာ ပြန်လိုက် ဖို့ခေါ်၏။ မွန်းမလိုက်ပါဘူး။ ဒါ ... မွန်းပိုင်ဆိုင်ထားတဲ့တိုက်လေး ပြီးတော့ ... လက်ညှိုးထိုးမေးငေါ့မည့် မိထွေးနဲ့လည်း မျက်နှာချင်း မဆိုင်ချင်။ သူများကဲ့ရဲ့ခံရတာထက် မိထွေးဖြစ်သူရဲ့ ကဲ့ရဲ့ရှုတ်ချ ခံရမှာ သေလောက်အောင် မုန်းသည်။

အမုန်းမိုးရဲ့စတွေ့တဲ့နေ့ကလည်း သူမမှာ ပြဿနာနဲ့ပဲလေ ဦးလွင်နဲ့သွားတွေ့နေတုန်း ဦးလွင်ရဲ့သားနဲ့ အပေါင်းအသင်းတွေ လိုက်ရိုက်လို့ သေလုမျောပါး ထွက်ပြေးခဲ့ရတာ။ ကံကောင်းပြီး အမုန်းမိုးရဲ့ကားနဲ့ဆုံကာ လွတ်သွားသည်။

ဒီအကြောင်းတွေကို သုသုအားလုံးသိ၏။ အမုန်းမိုးကတော့ လုံးဝကိုသိမသွားချေ။ အမုန်းမိုး သိတာက မိဘတွေနဲ့အဆင်မပြေ လို့ သူငယ်ချင်းတွေနဲ့ စုပေါင်းနေတာပဲလို့လေ။

"မွန်း ... "

"မွန်း ... ရှင့်ကိုပြောပြစရာရှိတယ် အမုန်းမိုး ... "

"ပြောလေ မွန်း ... နားထောင်နေတယ် ... "

"သုသုနဲ့ဆောင်းဦးမောင်တို့ လမ်းခွဲလိုက်ကြပြီတဲ့ အမုန်းမိုး"





"ဟင် ... "

"ဟုတ်တယ် ... အမုန်းမိုး သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်ကနေ ရပ်စဲလိုက်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ သုသုက ဆောင်း ဦးမောင်ကို တကယ်မချစ်လို့တဲ့လေ ... ဆောင်းဦးမောင်ကိုယ်တိုင် ပြောနေတာလို့ မွန်းတော့ကြားတယ်၊ သုသုချစ်နေတဲ့သူက သပ် သပ်တစ်ယောက်တဲ့ ... "

"ဟာ ... မဟုတ်တာ၊ သုသုမှာ ဆောင်းဦးမောင်ဆိုတဲ့ ချစ် သူတစ်ယောက်ပဲရှိတာပါ ... ဆောင်းဦးမောင်နဲ့ပဲ တွဲခဲ့တာပါဟာ"

"မဟုတ်ဘူး အမုန်းမိုး ... ဆောင်းဦးမောင်ကိုတွဲခဲ့တာ အပေါ်ယံ ခံစားချက်နဲ့စိတ်ကစားခြင်းသက်သက်ပဲ၊ သူတကယ်ချစ် တာက အမုန်းမိုးဆိုတဲ့ ရှင့်ကိုပဲလေ ... ရင်ထဲကနေ နှစ်နှစ်ကာကာ ချစ်ခဲ့တာ အမုန်းမိုးဆိုတဲ့ လူတစ်ယောက်တည်းပဲတဲ့ ... "

ဟာ ...

အမုန်းမိုး ရင်ထဲ လှပ်ခနဲ တုန်ခါသွားရပြီ။

သုသု တိတ်တဆိတ် ချစ်နေတာက အမုန်းမိုးကိုတဲ့လေ။ အမုန်းမိုး ကိုယ့်နားကိုပင် ကိုယ်မယုံချင်။ ဆောင်းဦးမောင်နဲ့လမ်း ခွဲလိုက်ပြီတဲ့လေ။ အမုန်းမိုးတို့မသွားခင်က အဘရွှေနဲ့သုသုတို့ပြော နေတဲ့ စကားသံတွေကို အိပ်ခန်းလေးထဲကနေ တိတ်တဆိတ်နိုး နားထောင်မိ၏။

သုသုတစ်ယောက် အမုန်းမိုးအပေါ်မှာ အနိုင်ကျင့် မိုလ်ကျ ခဲ့တာတွေအားလုံးက အမုန်းမိုးအတွက်ချည်းပဲတဲ့လေ။ အန်ကယ်

www.burmeseclassic.com



ဦးနေမင်းအုပ်ရော အန်တီနှင်းဒါလီကပါ ယောကျ်ားသားဖြစ်တဲ့ အမုန်းမိုးကို ခြံထဲမှာလက်ခံမထားချင်ကြဘူးတဲ့။ ဘာဖြစ်လို့လဲဆို တော့ ... သုသုနဲ့ငြိစွန်းမှာစိုးလို့တဲ့လေ။ ဒါကိုသိလို့လည်း သုသုက အမုန်းမိုးကို ရန်သူတစ်ယောက်လို ဆက်ဆံပြခဲ့တာဟု အဘရွှေက လည်း ပြောပြသည်။

အဲဒီအချိန်ကတည်းက ...

သုသုဆိုတာ အမုန်းမိုးရင်ထဲက နှလုံးသားလေးထဲမှာ ထင် ထင်ရှားရှားလေးရှိနေခဲ့တာပါ။ အခု ... မွန်းဆီက သုသုရဲ့ အကြောင်းကို ကြားရတော့ သူ့ရင်ခုန်သံတွေကပို၍ပင် ထိန်းမနေ တော့ချေ။

"အမုန်းမိုး ... "

"ဟင် ... ဘာ ... ဘာလဲ မွန်း"

"ရှင်ဘယ်လိုသဘောရလဲဟင် ... အမုန်းမိုး"

"ကိုယ် ဘာပြောရမလဲ မွန်း ... သုသုဘဝနဲ့ ကိုယ့်ဘဝက ဘယ်လိုမှကိုဆက်စပ်လို့ မရပါဘူးဟာ ... "

"ဟင့်အင်း ... မွန်းသိချင်တဲ့အဖြေက အဲဒါမဟုတ်ဘူးလေ အမုန်းမိုး ... သုသုနဲ့ပတ်သက်ပြီး ရှင့်ရင်ထဲက ခံစားချက်အမှန်ကို သိချင်တာ ... "

"ကို ... ကိုယ်လေ ... "

အမုန်းမိုး စကားစကို တစ်ဝက်တစ်ပျက်မှာပဲ ရပ်ပစ်လိုက် မိသည်။ ရှေ့ဆက်ရဲတဲ့ သတ္တိ သူ့မှာမရှိ။ ဆောင်းဦးမောင်ဆိုတဲ့





ရုပ်လူပွဲနဲ့တွဲတုန်းကဆို အမုန်းမိုး ဒေါသတွေထွက်လိုက်တာ ပြောပါနဲ့တော့။ သုသုရဲ့အနာဂတ်ကိုတွေးတွေးပြီး စိတ်မချနိုင် သောက်အောင်ပင်ဖြစ်ခဲ့ရသည်။ ဒါတွေအားလုံးကို အချစ်ကြောင့် ဟု သတ်မှတ်ပါလျှင် ...

"အမုန်းမိုး ... "

"ဟင် ... "

"အခု ... သုသုဘယ်မှာလဲ ရှင်သိချင်လား"

"ဘာ ... ဘယ်လိုမွန်း ... သုသု ... သုသုက ... "

"ဟုတ်တယ် ... အမုန်းမိုး ရှင်ထွက်သွားတဲ့နေ့ကစပြီး သူ့ ကြောင့်ဆိုတဲ့စိတ်နဲ့ မဖြေသိမ့်နိုင်ဘဲရှိခဲ့တာလေ၊ အရမ်းခံစားသွား တယ်ပဲ ပြောရမလား မစားမသောက်ဘဲနဲ့ အခန်းထဲအောင်းနေ တော့တာပဲတဲ့ အမုန်းမိုး ... အခု ... သူဆေးရုံကိုရောက်နေပြီ းပြတ်ပြီး ရှော့ခ်ဖြစ်သွားတာတဲ့လေ ... သူ့ဒက်ဒီနဲ့မာမီလဲ ရှင့်ကို က်စုံစမ်းနေကြတယ်လို့ပြောတယ်ဟ ... သူတို့သမီးလေး နောင် ပြီး ခံစားနေတာကို မကြည့်ရက်လို့တဲ့ဟာ ... ပြန်ခေါ်ကြဖို့ စီအစဉ်တွေ လုပ်နေကြတယ် ... "

မြတ်စွာဘုရား ...

အခြေအနေတွေက အဲဒီလောက်တောင်ပဲ ရှုပ်ထွေးသွား တဲ့လား။ သုသုရယ် ... ဖြစ်မှဖြစ်ရလေကွာ။ မင်း အဲဒီလောက် တောင်ပဲ ထုံအရသလား။ မစားမသောက်ဘဲနေရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ် ပြစ်ဒဏ်ခတ်ရသတဲ့လားကွာ။ မင်းတော်တော် ရှုံးနှမ်းတဲ့ကောင်မလေးပဲ သုသုရယ်။

မွန်းဆက်ပြောနေတဲ့ စကားသံတွေက အမုန်းမိုးနှားထဲ မဝင်တစ်ချက် ဝင်တစ်ချက်။ မျက်ဝန်းထဲမှာ ပြန်မြင်ယောင်မိနေတာက သုသုရဲ့ပုံရိပ်လေးတွေကိုပါ။ သုသုအပေါ်မှာ စိုးရိမ်ပူပန်စိတ်တွေက အထွဋ်အထိပ်သို့ ရောက်သွားရသည်။

မွန်းနဲ့ ဖုန်းထဲမှာ စကားတွေအများကြီးပြောပြီး နှစ်ဦးစလုံး ဖုန်းချလိုက်သည့်တိုင်အောင် သုသုနဲ့ပတ်သက်နေတဲ့အကြောင်းအရာတွေက အထပ်ထပ်ကြားယောင်မိနေဆဲရယ်ပါ။

သုသုရယ်။

အချစ်ရယ် ...

ကိုယ်ဘာလုပ်ရတော့မလဲဟင်။

အလိုက်မသိတတ်လွန်းတဲ့ကိုယ်လေ ... သုသုဆီက အချစ်တွေကိုတောင်ရဖို့ မထိုက်တန်ပါဘူးကွာ။

ကိုယ် ...

သုသု စိတ်ပျက်လောက်အောင်ကိုပဲ ညှိဖျင်းခဲ့ပါတယ်ချစ်ရယ် ...

ကိုယ့်ကို ခွင့်လွှတ်ပါတော့ကွာ။

အခန်း ( ၂၆ )

"သမီးရယ် ... ဒီကြက်စွပ်ပြုတ်ရည်လေးတော့ နည်းနည်းလေးဖြစ်ဖြစ် သောက်လိုက်ပါဦးကွယ် ... နော် ... သုသု ... "

"ဟင့်အင်း ... သမီး မသောက်ချင်ဘူး"

"မသောက်ချင်လဲ သောက်ရမှာပဲလေ ... သမီး အခုလိုပဲ တစ်ချိန်လုံးလုပ်နေတော့မှာလား၊ မာမီကို စိတ်ဆင်းရဲအောင် ဘာဖြစ်လို့လုပ်နေရတာလဲ သုသု၊ မာမီ သမီးကြောင့် နှလုံးရောဂါရတော့မယ်သိလား၊ သမီး ... အခုလို မစားမသောက်ဘဲနေတာကိုကြည့်ပြီး မာမီဘယ်လောက်စိတ်ညစ်နေရသလဲသိလား၊ အခုမှ ဆေးရုံကဆင်းလာတာ၊ ဒီအတိုင်းဆက်နေရင် သမီးသေလိမ့်မယ်၊ သမီးက အသေခံနိုင်ပေမယ့် မာမီကတော့ မာမီ့ရဲ့တစ်ဦးတည်းသော သမီးလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ မာမီမှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာပါ ... သမီးကို မာမီဘာနဲ့မှမလဲနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သမီးက မာမီ့ဘဝ၊ မာမီ့အနာဂတ်၊ မာမီရဲ့အိပ်မက်တစ်ခုပါကွယ် မာမီကို သနားပါဦးသုသုရယ် ... မာမီ့ကိုလဲ ပြန်ငဲ့ညှာပါဦးကွယ် သမီးကို မာမီဘယ်လောက်ချစ်သလဲဆိုတာ သမီးသိရဲ့သားနဲ့ အ... လိုလုပ်နေတာ ရက်စက်လွန်းပါတယ်ကွယ် ... အဟင့် ... ဟင့်

အို ...

မာမီ ငိုလေပြီ။

ဒီလိုကျပြန်တော့လည်း သုသုရင်ထဲမှာ ခံစားရပါသည် မာမီရော ဒက်ဒီပါ သုသုကိုသိပ်ချစ်ကြတာမဟုတ်လား။ သုသုအ... ပြတ်ပြီး မူးလဲကျသွားတုန်းကဆို ဆေးရုံမှာ ပျာယာခတ်နေ... သည်။ သုသု သနားလိုက်တာလေ မပြောပါနဲ့တော့။ ဒီလော... ဆိုးတေပြီး စိတ်ထင်ရာလျှောက်လုပ်နေတတ်တဲ့ သမီးဆိုး... အတွက် ဒက်ဒီရော မာမီပါ ခံစားနေကြရတာလေ။

သို့သော် ...

သုသု စားချင်သောက်ချင်စိတ်မရှိတာ။ အမုန်းမိုးအိမ်က... ထွက်သွားပြီးနောက်ပိုင်းကတည်းက။ သူတစ်ပါးထမင်းအိုး... ရိုက်ခွဲခဲ့မိသလို အဖြစ်မျိုးလုပ်ခဲ့မိတာကို တွေးတွေးမိတိုင်း သုသု ကိုယ်သုသု နောင်တတွေရပြီး မစားဘဲနေခဲ့တာလေ။ တမင်ဒဏ် ခတ်ခဲ့တာပါ။ အမုန်းမိုးအကြောင်း တွေးမိတိုင်း ရင်ထဲက နှလုံး





သားတွေက တဆစ်ဆစ်နာကျင်လာရသည်။ ဘယ်လောက်နှမြော ဖို့ကောင်းလိုက်ပါသလဲ။ ဂုဏ်ထူးလေးဘာသာကြီးများတောင် ပါပြီး ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့တဲ့ အမုန်းမိုးပါ။ ဒီမှာသာ ဆက်ရှိနေလျှင် အမုန်းမိုးရဲ့ပညာရေးလည်း ပူစရာမလိုအပ်ပါ။

ဒက်ဒီက အားလုံးကိုတာဝန်ယူပေးတာဆိုတော့ ပညာရေး ကို ဆုံးခန်းတိုင်အောင် အေးအေးဆေးဆေးနဲ့သင်ယူနိုင်သည်။ အခု တော့ ... သုသုကြောင့် အမုန်းမိုးရဲ့ လှပနေတဲ့ အနာဂတ်တွေ ပြို ပျက်ခဲ့ရပြီ။

တွေးမိတိုင်း သုသုစားလို့လဲမဝင်၊ အိပ်လို့လဲမပျော်တော့ ပါ။ တစ်ဖြည်းဖြည်းနဲ့ ခန္ဓာကိုယ်လေးက ပါးလုပ်လာ၏။ အင်အား တွေချိနဲ့လာရသည်။

အမုန်းမိုးရယ် ...

နင်ကျေနပ်ပါနော်။

ကိုယ့်ကိုယ်ကိုယ် သုသုအပြစ်တွေပေးနေတာကို နင် ကျေနပ်ပေးပါ အမုန်းမိုးရယ်။

"သုသု ... သုသုရေ ... သုသု ... "

ခေါ်သံနဲ့အတူ အခန်းတံခါးလေး ဂုန်းခနဲ ဒိုင်းခနဲ တွန်းဖွင့် ပြီး ဝင်လာတာက အိမ်အကူ မထားထား ... တံခါးရိုက်ခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မာမီရော သုသုပါ လန့်သွားရသည်။

"ဟဲ့ ... ဟဲ့ ... ထားထား ... ဘာဖြစ်လာတာလဲ၊ အထဲ တကြားနဲ့ဟယ် ... လုပ်လိုက်ရင် အရမ်းချည်းပဲ ... "

"အဲ ... ကန်တော့ အန်တီနှင်း ... အန်တီနှင်းရှိနေတာ ဟို ... ဟိုလေ ... ဝမ်း ... ဝမ်းသာစရာပြောမလို့"

"ဘာလဲ ... ထားထား ... ညည်းဟာကလည်းအေ အထဲ တကြားရှိလိုက်တာ ... ငါ့သမီးလေးက နေကောင်းတာမဟုတ်ဘူး ဖြည်းဖြည်းသာသာ လာမှပေါ့အေ ... "

"ဟို ... ဟိုလေ အန်တီနှင်း ... အ ... အမုန်းမိုးလေ အမုန်း မိုး ... ခြံ ... ခြံရှေ့ကိုရောက်နေတယ်၊ သုသုကို တွေ့ချင်လို့တဲ့ အဲဒါ ဝင်ခွင့်တောင်းနေလို့ လာပြောတာ ... "

"ဘာ ... ဘာရယ် ... "

"ရှင် ... "

အိမ်အကူ ထားထားရဲ့စကားကြောင့် ဒေါ်နှင်းဒါလီရော သုသုပါ မျက်လုံးလေးတွေပြူးကျယ်ဝိုင်းစက်သွားကြသည်။ စ၍ သတိလေးပြန်ဝင်တာက မာမီ ဒေါ်နှင်းဒါလီရယ်ပါ။

"ဟဲ့ ... ခြံဝမှာ ဟုတ်လား၊ တံခါးသွားဖွင့်ပေးလိုက်လေ ထားထား ... ခြံတံခါး ခပ်မြန်မြန်သွားဖွင့်ပေးလိုက် ... အမုန်းမိုး





ကို ဝင်လာခဲ့လို့ပြောလိုက် ... ထားထား ... "

"ဟုတ် ... ဟုတ်ကဲ့ ... အန်တီနှင်း ... "

မထားထားက ကသုတ်ကယက်ပင် ပြန်ပြေးသည်။

သုသုရင်တွေ ခုန်လိုက်တာ။

အမုန်းမိုး ပြန်လာတာတဲ့လေ။ ဟုတ်ရောဟုတ်လို့လား။ ခြံဝမှာ ဝင်ခွင့်တောင်းနေတယ်ဆိုပဲ။ မထားထားကတော့ အမုန်း မိုးနဲ့ငယ်စဉ်ကလေးတည်းက နေလာတာမို့ လူတော့မမှားနိုင်ပါ။

"သမီး ... ခဏနေဦးနော် ... မာမီ အောက်ထပ်ကို ဆင်း ကြည့်လိုက်ဦးမယ် ... အမုန်းမိုးဆိုရင်တော့ မာမီကိုယ်တိုင် သွား တွေ့မှကောင်းမှာပေါ့ ... မဟုတ်ရင် သူရှိန်နေမှာလေ ... နော် သုသု"

သုသု ခေါင်းညိတ်မိသလား ခေါင်းခါမိသလားဆိုတာတောင် သတိမထားမိတော့ပါ။ အမုန်းမိုးဆိုတဲ့နာမည်လေး ကြားလိုက်တာ နဲ့ကို သုသုမှာ စိတ်နဲ့ကိုယ်ပင် မကပ်ချင်တော့။

အမုန်းမိုး ဒီခြံထဲမှာ ပြန်နေခွင့်လာတောင်းတာလား။ အရင် လိုပဲ သူပြန်နေမှာလား။ သေချာတာကတော့ မာမီနဲ့ဒက်ဒီ ကန့် ကွက်မှာမဟုတ်ချေ။ ဒက်ဒီကဆို အမုန်းမိုးက အရည်အချင်းရှိတယ် ဆိုပြီး သဘောကျနေတာလေ။ မာမီကဆိုရင်လည်း သူ့ကိုချစ်သား



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ လူတစ်ယောက်မှာ အကျင့်စာရိတ္တ ကောင်းဖို့က အဓိကပဲ ဆိုပြီး အမုန်းမိုးကို အမှတ်အပြည့်ပေးနေ၏။ ပြန်လက်ခံပေးကြမှာ ကျိန်းသေပါသည်။

သိချင်လိုက်တာ။

မာမီတို့ အမုန်းမိုးကိုတွေ့ပြီး ဘာစကားတွေ ပြောနေတယ် ဆိုတာ သုသုသိချင်လိုက်တာ။ အိပ်ယာထက်ကနေ လူးလဲထ သည်။ ခန္ဓာကိုယ်ပေါ်က စောင်လေးကို ဆွဲခွာလိုက်ပြီး ခုတင်ပေါ် ကနေ ဆင်းလိုက်၏။

"အမေ့ ..."

"ဟာ ... သုသု ..."

မတ်တတ်လေးထအရပ် မျက်လုံးထဲ ပြာခနဲ မိုက်ကာ လဲပြို အံ့ဆဲဆဲ တစ်စုံတစ်ယောက်ရဲ့ ဖမ်းယူထိန်းမတ်လိုက်ခြင်းကို ခံလိုက်ရသည်။ မော့ကြည့်လိုက်တော့ အမုန်းမိုးရယ်ပါ။ သန်မာ ဖျပ်လတ်တဲ့သူ့လက်တစ်စုံနဲ့ သေးသွယ်ချိနဲ့နေတဲ့ သူမကိုယ်လေး ကို ပွေ့ဖက်လို့ ထိန်းမတ်ပေးလိုက်တာလေ။

သတိလက်လွတ်တစ်ယောက်နဲ့တစ်ယောက် လူချင်းမခွာမိ ကြချေ။ သုသု မော့ကြည့်တော့ ကြင်နာသော မျက်ဝန်းအစုံနဲ့ စိုးရိမ် တကြီး ငုံ့မိုးကြည့်နေတဲ့ အမုန်းမိုးရဲ့မျက်နှာကို တွေ့လိုက်ရသည်။





"အို ... လွှတ်ပါ ..."

အသိလေးပြန်ဝင်မိလာတဲ့ သုသုကပဲ ရှက်ကိုးရှက်ကန်း ရုန်း မိတော့ ...။

"ဟော့ ... ဘာလို့ရုန်းနေတာလဲ၊ နေကောင်းတာလည်း မဟုတ်ဘဲနဲ့ အလကားနေ အင်အားတွေ ထပ်ကုန်အောင်လို့ ... လာခဲ့ ကိုယ်အိပ်ရာပေါ် ပြန်တင်ပေးမယ် ..."

"အို ..."

ပြောပြောဆိုဆို သူမခန္ဓာကိုယ်လေးကို ဇွေ့ခနဲနေအောင် ပွေ့ချီလိုက်တဲ့ အမုန်းမိုးရဲ့ မြန်ဆန်လွန်းတဲ့လုပ်ရပ်ကြောင့် ငြင်းဆန် တားဆီးဖို့ပင် မေ့လျော့သွားရသည်။

"တော်တော်ပေါ့ါတာပဲ ... မဆိုးဘူး၊ ဒီလောက်ဆို မင်းတစ် ခုခုဖြစ်ရင် ကိုယ်ချီမပြေးလို့ရသေးတယ် သိလားသုသု ... မင်းသာ ရုပ်ရှင်သရုပ်ဆောင် ပွင့်ကိုယ်လုံးဆိုရင်တော့ သေချာတယ် ဘယ် လောက်ပဲချစ်ချစ် အရေးအကြောင်းဖြစ်ရင်တော့ စည်ပိုင်းလိုပဲ ကန် ပြီး လိမ့်ချရမှာပဲ ..."

"အမုန်းမိုးနော် ..."

သုသုကိုယ်လေးကို ... ခုတင်လေးပေါ် ပြန်တင်ပေးရင်း စနောက်နေတဲ့သူ့ကို လှပသော မျက်စောင်းကလေးတစ်ချက် ထိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"အလကားပြောတာပါ ... မွှင်လို ဝဝတုတ်တုတ်ကြီးဖြစ်
လည်း လျှာထွက်ရင်ထွက်သွားပါစေ ... ရအောင် ချိုပ့်မယ် ..."

"တော်တော့လို့ဆိုနေ ... ချော့ကမစနဲ့ဟာ ... "

ဒီတော့မှ ...

သုသုမှာ ရယ်နိုင်တော့သည်။ သုသု ရယ်တာလေးကို ငေး
ကြည့်နေရာမှ ...

"သုသု ... မင်းက အခုလိုရယ်နေတော့လည်း တော်တော်
ကို အပြစ်ကင်းပြီး ချစ်စရာကောင်းတာပဲ ... "

"ဟာ ... "

အမုန်းမိုးစကားကြောင့် သုသု ရှက်သွားရသည်။ ခေါင်းလေး
ငုံ့ကျသွားရ၏။ ညှို့ရီနေတဲ့ အမုန်းမိုးရဲ့မျက်ဝန်းလေးတွေကို ရင်
ဆိုင်ကြည့်ရဲတဲ့ အင်အားသုသုမှာ ရှိမနေခဲ့ဘူးလေ။

"အမုန်းမိုး ... "

"ဟင် ... "

"ရှင် ... ရှင် ... ဒီမှာပြန်လာနေတာလားဟင် ... "

"မဟုတ်ဘူး ... သုသု၊ ကိုယ်ခဏလာလည်တာ၊ မင်းနေ
မကောင်းဘူးဆိုလို့ လာကြည့်တာလေ ... သုသု"





"ရှင် ... ရှင်ပြန်မှာ ဟုတ်လား အမုန်းမိုး၊ ဘယ်ကိုပြန်မှာလဲ
ရှင်အခု ဘယ်မှာနေနေတာလဲဟင် ... အဆင်ရော ပြေရဲ့လား"

"အောင်မလေးဗျာ ... ဖြည်းဖြည်းပဲမေးပါ၊ တော်ကြာနေ
မေးခွန်းတွေမေးရင်း အမောဆို့နေပါဦးမယ် ... "

"သုသု ... သုသုက စိတ်ပူလို့ပါ ... "

"သုသုရယ် ... ကိုယ်နဲ့ပတ်သက်လာတိုင်း မင်းအမြဲတမ်းပဲ
စိုးရိမ်ပူပန်နေတတ်တာချည်းပဲနော် ... ကိုယ်ကတော့ မင်းနဲ့ပတ်
သက်ရင် အဆိုးတွေချည်းပဲ မြင်ခဲ့မိတယ်၊ ကိုယ့်အတွက်နဲ့ မင်းဟန်
ဆောင်ကောင်းပြနေတာကို ကိုယ်လုံးဝမရိပ်မိခဲ့ဘူးကွာ ... အဲဒီ
လောက်ထိတောင် ကိုယ်ကတုံးအခဲ့တာပါ၊ ကိုယ့်ကိုခွင့်လွှတ်ပါ
သုသုရယ် ... ကိုယ် တောင်းပန်ပါတယ်ကွာ ... "

သုသုလက်တွေကို ဆုပ်ကိုင်ပြီး တောင်းပန်နေတဲ့ အမုန်းမိုး
ကိုကြည့်ပြီး သုသုမှာ အံ့သြထူးဆန်းနေရသည်။

"သုသု ... "

"ရှင် ... "

"ကိုယ်တို့နယ်ကို မပြန်ခင် ညလေးကလေ အဘရွှေနဲ့သုသု
ပြောနေတဲ့စကားသံတွေကို ကိုယ်အခန်းလေးထဲကနေ ကြားခဲ့ရ
တယ် ... ရင်ထဲမှာ ခံစားရလွန်းလို့ မင်းကိုတောင် ထွက်မတွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ ဖြစ်ခဲ့ရတယ် သုသုရယ် ... "

အို ...

ဒါဆို သူအားလုံးသိနေတယ်ဆိုတဲ့ သဘောပေါ့။

အမုန်းမိုးရယ် ... ကျေးဇူးတင်ပါတယ်။ အခုလို နားလည်ခွင့်လွှတ်ခဲ့တဲ့အတွက်ပေါ့။ သုသုထင်ထားတာက သုသုကို ခပ်ဆိုးဆိုး ကောင်မလေးဆိုပြီး ရှင်အရမ်းကို နာကျည်းမုန်းတီးနေတော့မှာပဲလို့လေ။ အခုတော့ စိတ်အေးရပါပြီ။ သုသုအပေါ်မှာ ရွာချနေတဲ့ ရှင့်ရဲ့အမုန်းမိုးလေးတွေ တိတ်သွားပြီပေါ့နော်။

"သုသု ... "

"ရှင် ... "

"ချစ်တယ် ... "

"ရှင် ... "

"အရမ်းချစ်တယ်လို့ပြောတာ ... "

"အို ... "

"ကိုယ့်ဘဝ ရှေ့ရေးလေးကိုတွေးပြီး စီမံပေးခဲ့တဲ့အတွက် ကိုယ့်အမေကလည်း သုသုကို ကျေးဇူးတွေ တင်နေတယ် ... "

"ရှင့်အမေ ... ဟုတ်လား ... "

"ဟုတ်တယ် ... သုသု အမေနဲ့ပြန်တွေ့ရပြီလေ၊ ဒါကြောင့်





အချစ်ဝေဒနာနဲ့ အိပ်ယာထဲလဲနေတဲ့ သူ့ချွေးမလေးကို သွားပြီး စောင့်ရှောက်ပေးလိုက်ပါဦးဆိုပြီး ခွင့်ပေးလိုက်လို့လာခဲ့တာ၊ အခုအမေ တောင် သုသု မာမီနဲ့ အောက်ထပ်မှာ ဖုန်းနဲ့မိတ်ဆက်စကားတွေ ပြောနေကြတယ် ... "

"ဟယ် ... တကယ် ... "

"တကယ်ပေါ့ သုသုရဲ့ ... "

"အမုန်းမိုးရယ် ... သုသုကလေ၊ သုသုကြောင့် ထွက်သွားရတာလို့ထင်ပြီး နာကျည်းမုန်းတီးနေတော့မှာပဲလို့ တွေးတွေးမိတိုင်း နောင်တတွေ တသီကြီးကိုရနေမိတော့တာပဲ သိလား"

"သုသုရယ် ... မင်းလေးဘာပဲလုပ်လုပ် ဘယ်လိုပဲပြောဆို ဆက်ဆံခဲ့ပါစေ ဘယ်တုန်းကမှ နာကျည်းတာ၊ မုန်းတီးတာမျိုး မရှိခဲ့တာ ဟိုးငယ်စဉ်ကတည်းကပါကွာ၊ မင်းကို ကိုယ့်ကျေးဇူးရှင်ဆိုပြီးပဲ အမြဲတမ်း မှတ်ယူခဲ့တာပါ သုသုရယ် ... မင်းဟာ ကိုယ့်ရဲ့မသိစိတ်မှာရော သိစိတ်ထဲမှာပါ အမြဲရှိနေခဲ့တဲ့ မိန်းကလေးတစ်ယောက်ဆိုတာယုံပါ သုသုရယ် ... "

အမုန်းမိုးရယ် ...

ယုံပါတယ်။

ရှင်က ဘယ်တုန်းကမှ လိမ်ညာမပြောဆိုတတ်ခဲ့တဲ့သူလေ။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်စကားတွေတိုင်းကို အကြွင်းမဲ့ ယုံပါတယ်ရှင်။

အခန်းလေးထဲမှာတော့ ကြင်နာခြင်း၊ ယုယနွေးထွေးခြင်း ချစ်ခြင်းလေးတွေ ပြည့်နှက်နေတဲ့ လေပြည်လေးတွေက တိုးဝင်တိုက်ခတ်လို့ပါ။

အနာဂတ်မှာ အလှပဆုံး ဝေဆာပွင့်ဖူးတော့မယ့် အချစ်ပန်းပွင့်လေးတွေကို စောင့်မျှော်ရင်း ... ။

ရင်ခုန်သံမရပ်သ၍ အမြဲချစ်တတ်နေမယ့်

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com